www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| * ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| * တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| * အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၂၂၀၂၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၄၅၀၃၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊ဖေဖော်ဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၂၀၀၀ကျပ်


၈၉၅ - ၈၃

ညီမှိုင်း၊ မောင်၊ သန်လျင်
ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်အရိန္ဒမာရွှေလုံလက် /
မောင်ညီမှိုင်း(သန်လျင်)။- ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၂၅၁-စာ ၊ ၁၂.၀စင်တီ × ၁၈.၀စင်တီ။
(၁) ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်အရိန္ဒမာရွှေလုံလက်

# မာတိကာ


| ခန်း | စာမူအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မိုးကြိုးနိမိတ်အာဟော | ၁ |
| ၂။ | တစူးဝါးရာပြည်ကြီးနှင့်သေပြေးရှင်ပြေးဝက်ကြီး | ၂၄ |
| ၃။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်ဆိုင်းဘုတ်တင်ပွဲ | ၄၃ |
| ၄။ | ဂန္ဓာရ(သို့မဟုတ်)နေအေး၏သမီးတော်များ | ၆၄ |
| ၅။ | ဘတိုက်ပုံနှင့်မျက်ရည်မကျပါနဲ့ကိုရင်လေးရယ် | ၇၈ |
| ၆။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလုံလက် | ၁၀၂ |
| ၇။ | ကိုယ့်တရားကိုယ်စီရင်ကြသူများ | ၁၁၈ |
| ၈။ | လက်ငင်းသံသရာမှာ ကံကြမ္မာဒဏ်ခတ်လေရော့သလား | ၁၃၆ |
| ၉။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ကျေးဇူးတင်ပါတယ်ခင်ဗျား | ၁၅၃ |
| ၁၀။ | ထူးဆန်းသောမျက်မမြင်သီချင်းသည် | ၁၇၄ |
| ၁၁။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်ပြောင်းပြန်သချာ | ၁၉၄ |
| ၁၂။ | ဆင်းရဲခြင်းလွတ်ကင်းအောင်လမ်းပြ ဆောင်ပါမည် . . . တဲ့ | ၂၁၁ |
| ၁၃။ | ဆင်ကိုကိုင်ပေါက် ဂေါ်ဇီလာကိုင်ဆောင့်မည့်သူများ | ၂၂၉ |

www.burmeseclassic.com



www.burmeseclassic.com

ကျွန်ုပ်သည် လောကီဂမ္ဘီရဆိုသည့် ပညာရပ်များကို လွန်စွာမှ အယုံအကြည် နည်းခဲ့သူတစ်ဦးဖြစ်၏။ သို့ဖြစ်၍ ဗေဒင်၊ ယတြာ၊ ခေါစာ၊ မိတ်ဆင်၊ မိတ်ရိုက်၊ အတွဲ့ပွန၊ တင်ဘောင်၊ စနည်း၊ ဘဝေါ၊ နက္ခတ်၊ ဟူးရား အစီအရင်စသည်များကို အရှိအသေနည်းခဲ့သည်။ အထင်အမြင် သေးခဲ့၏။

အထူးသဖြင့် အရှုးလိုလို ဘိုးတော်များ၊ အူကြောင်ကြောင် မြေလျှောက်ဝိဇ္ဇာဆိုသူများ၊ ဘိုးမင်းခေါင်ဒိုင်းမျိုး ဆံပင်ရှည်ရှည် ပုဂ္ဂိုလ်များ၊ နှုတ်ခမ်းမွေးကားကား ဝတ်ဖြူစင်ကြယ်နှင့် ''အဘ''ဆိုသူ ပုဂ္ဂိုလ်များကို အထင်ကြီးခြင်းမရှိဘဲ လေးစားခြင်းမရှိဘဲ ကြုံလျှင် ကြုံသလို၊ ကန့်လန့်တိုက်ခဲ့သည်ကများ၏။

သို့ဖြစ်၍. . .

ဖော်ပြပါ ပုဂ္ဂိုလ်မျိုးများ စကားဝိုင်း၊ အလုပ်စခန်းဝိုင်းသို့ ကျွန်ုပ်





အကြောင်းကြောင်းကြောင့် ရောက်သွားလျှင် ပွဲပျက်လျှင်ပျက်၊ မပျက်လျှင် စကားထများရသည်ကများ၏။

အချို့သံလုံးပြောင်ပြောင်လေးများကို ''ဓာတ်လုံး''ဆိုပြီး လှည့်ညာလှည့်ဖြား ရောင်းစားကြဲဖန်နေသည်ကို ကျွန်ုပ်အကြိမ်ပေါင်းများစွာ မြင်ဖူး၏။

မှားပြီးသလေး၊ တုတ်ပြီးသလေးဆိုပြီး လက်ဖွဲ့များ၊ အင်းချပ်များ ညာရောင်းနေသည့် မျက်လှည့်ဆရာလို လူစားမျိုးသည် အများကြီး ကြုံဖူး၏။

အချို့ဆရာများ ကျွန်ုပ်လက်သီးနှင့်နှုတ်ခမ်းကွဲပြီး သွေးချင်းချင်းရဲခဲ့၏။ အချို့ကျွန်ုပ်အုတ်ခဲနှင့်ထု၍ သုံးလေးချက်ချုပ်ရ၏။

အမြှုတေ. . .

ချိုးအမြှုတေ၊ မြွေအမြှုတေ၊ ဆင်အမြှုတေ၊ ဝက်မာန်စွယ်၊ ဆင်မာန်စွယ်စသည့်သူများနှင့် ကြုံဖူး၏။ မီးမကူးဘူးဟု အသံကုန်ဟစ်၏။

ကျွန်ုပ်မိတ်ဆွေ၏ ပွိုင့်တူးတူးသေနတ်နှင့် လောင်းကြေးစားကြေးပစ်ကြသောအခါ ပစ္စည်းပါ တစ်စစီဖြစ်ကုန်၍ အရှက်ကွဲခဲ့ဖူး၏။

အချို့ရှိသေး၏။

လူတစ်ယောက်လက်ကိုကိုင်ပြီး ရှေ့ဘာဖြစ်မယ်။ အလယ်ဘာဖြစ်မယ်။ နောက် ဘာဖြစ်မယ်နှင့်ဖြီးကြ၏။

အထာကြည့်၍ဟောပြောကြသဖြင့် နည်းနည်းမှန်၏။ အချက်ကျကျ အဓိကကျသည်ကို ရက်စွဲ နေ့စွဲနှင့်မေးသောအခါ ချွေးပြန်ပြီး တုန်လှုပ်စရာကောင်းသည့် ကြောက်မက်ဖွယ်နိမိတ်ဆိုးများကို ဟောပြီး ခြောခင် မင်းဘာဖြစ်တော့မည်။ ရတနာသုံးပါ၊ မြဲရင်မြဲ၊ မမြဲရင် ပွဲနှစ်ပွဲပေးမှ ဒီအန္တရာယ်က ပွတ်ကာသီကာ လွတ်မည်ဟု ဖာတ်ပိတ်ကြိတ်လေ၏။

ကျွန်ုပ်ကား ဘာကန်တော့ပွဲမျှမပေး။ မှည့်လို့ပွဲလဲသည့် ကန်တော့ပွဲများမှ အလုံးလှလှငှက်ပျောသီးများကိုသာ သဒ္ဒါလို့ကျွေးရင် အားရပါးရ

www.burmeseclassic.com



တီးလေ၏။

သို့ဖြစ်၍ ဆရာဆိုသူများ၊ ပုဂ္ဂိုလ်ဆိုသူများ၊ ဂမ္ဘီရပညာရှင်ဆိုသူများသည် လုပ်ငန်းကိစ္စရှိလျှင် သူတို့၏ သားတပည့်များအား အယုံအကြည်နည်းသူ၊ ထော်လော်ကန့်လန့်လုပ်သူ၊ ပွဲပျက်အောင်လုပ်သူ၊ အရှက်တကွဲ အကျိုးနည်းအောင်လုပ်သူ 'ကျွန်ုပ်'အား လုံးဝခေါ်မလာရန်နှင့် လာခဲ့လျှင် လုပ်လက်စပွဲကို ချက်ချင်းရပ်ပစ်မည်ဟု သတိပေးစကား နှိုတ်ထုတ်ကြ၏။

သို့ဖြစ်၍ ကျွန်ုပ်၏အသိ (၎င်းကိစ္စများကို ယုံကြည်ကိုးစားသူများ) သည် ထိုဂမ္ဘီရပွဲများရှိလျှင် ကျွန်ုပ်ကို လုံးဝအသိမပေး။ သူတို့ဘာသာ သူတို့သွားကြ၏။ ကျွန်ုပ်ကား ယုံအောင်ပြလျှင် ယုံမည်ဟု ပြောခဲ့ဖူး၏။ သို့သော် ကျွန်ုပ်လက်ခံယုံကြည်အောင် မည်သူမျှ လုပ်မပြနိုင်ခဲ့။

❁ ❁ ❁ ❁ ❁

တစ်နေ့သောအခါ ကျွန်ုပ်အိမ်ခြံဝသို့ ထူးဆန်းသော အနူကြောင်ကြောင်ရုပ်ပျက်ဆင်းပျက် ရသေ့ကြီးတစ်ပါး ရောက်ရှိလာ၏။

"မောင်ကျိုင်း ရှိလားကွယ့်"

ထိုအချိန်က ကျွန်ုပ်သည် အိမ်ရှေ့တံစက်မြိတ်ရှေ့ မြေပြင်မှာ ကုလားထိုင်ချ၍ ကားလ်မတ်၏အရင်းကျမ်းစာအုပ်နှင့် အနုပဋ္ဌိလောမ စာအုပ်ကို .သဲကြီးမဲကြီးဖတ်နေချိန်ဖြစ်၏။

"မောင်ကျိုင်း.... ရှိလားဟေ့"

"ရှိတယ်"

"ရှိရင် တံခါးခဏဖွင့်ပါကွယ်"

ကျွန်ုပ်စာအုပ်ကိုချပြီး ခြံတံခါးဝမှာ ရပ်လိုက်၏။ တံခါးကို အတွင်းမှ တရုတ်နိုလုပ် အာမခံသောနှင့်ခတ်ထား၏။

www.burmeseclassic.com



သံဆန်ခါတံခါးကွက်မှ လှမ်းကြည့်လိုက်သောအခါ ပုံပျက်ပန်းပျက် ရသေ့လိုပုဂ္ဂိုလ်တစ်ဦးကို ဦးစွာမြင်လိုက်ရ၏။

ခေါင်းပေါ်မှာ ခေါက်ရိုးကျိုးနေသည့် ခေါက်ခြာကို ဆောင်းထား၏။ မျက်လုံးနှစ်လုံးအနက် ဘယ်ဘက်မျက်လုံးက ကျောက်မျက်လုံးဖြစ်နေ၏။ နဖူးအလယ်နှာရောင်အထက်မှာ အခွံမချွတ်ရသေးသော ကွမ်းသီးတစ်လုံး ခန့်မျှ ချိုင့်နက်ကြီးရှိနေ၏။

ဒါ့အပြင် နားရွက်နှစ်ဖက်မှာလည်း ဘယ်ဘက်နားရွက်ပြတ်နေပြီး ညာဘက်နားရွက်က ရှည်လျားစွာ တွဲလောင်းပျော့တွဲ ကျနေ၏။

ကျနေသည့် နားရွက်ရှည်ကြီးက နားပေါက်ကျယ်အပေါက်ကြီးနှင့် ခန္ဓာကိုယ်ပေါ်မှာ ယောဂီသင်္ကန်းကြီးကို ခြုံထား၏။

ဒီမှာပို၍ ထူးဆန်းသည်ကား ဘယ်ဘက်လက်သည် တစ်တောင် ခန့်သာရှည်ပြီး ညာဘက်လက်က ကျွန်ုပ်တို့ လူသာမန်လက်များထက် နှစ်ထွာခန့်ပိုရှိနေပြီး လက်ချောင်းကြီးများက တုတ်တုတ်ခိုင်ခိုင် ရှည် ရှည်လျားလျားရှိနေရကား စွန်ခြေထောက် သိမ်းငှက်ခြေထောက် ဖြန့် ကားထားသကဲ့သို့ရှိ၏။

ဒါနှင့်မျှမပြီးသေး. . . ခြေထောက်နှစ်ချောင်း။

ညာခြေသည် တို၍နိမ့်နေ၏။ ဘယ်ခြေက လူသာမန်ခြေခန့်ရှိရ ကား ရသေ့ကြီးကို ကြည့်ရသည်မှာ လွန်စွာအရုပ်ဆိုးလှ၍ မြင်မြင်ချင်း ကျွန်ုပ်က ပုံပျက်ပန်းပျက် ရသေ့ကြီးဟု စိတ်ထဲက ကင်ပွန်းတပ်လိုက်၏။

သူ့ကိုကြည့်ပြီး ရယ်လည်းရယ်ချင်၏။

စိတ်လည်းအလွန်ပျက်မိ၏။

သူ့ပုံသဏ္ဍာန်ကား ဆပ်ကပ်ထဲက လူရွှင်တော်သို့တည်း။

ဆေးကွာနေသော သပိတ်ကို တိုနေသော ဘယ်လက်နှင့်ခိုင်မြဲစွာ ပိုက်ထား၏။ ပခုံးပေါ်မှာ ဘာသရေနှင့် လုပ်ထားချုပ်ထားမှန်း မသိသော လွယ်အိတ်ကို လွယ်ထားလိုက်သေး၏။

ပြောရလျှင် ကျွန်ုပ်တွေ့ဖူး မြင်ဖူး ကြားဖူးသည့်ဘာလိုလို ညာ





သောင်လူစားများထဲမှာ အလွန်ပုံပျက်ပန်းပျက်နိုင်ပြီး အယောက်တစ် သောင်းမှာ ပုံသဏ္ဍာန်တူ တစ်ယောက်မရှိနိုင်သည့် ကြန်အင်လက္ခဏာ ဆန်းနှင့်လူတစ်ဦးဖြစ်လေ၏။

ကျွန်ုပ်ကလည်း သူ့ကိုတွေ့သော် စိတ်ပျက်မိသော်လည်း ဝမ်း သာ၏။ ကျွန်ုပ်နှင့်စကားပြိုင်ဘက်၊ ပညာစမ်းဘက်အသစ်တစ်ဦးတွေ့ပြီဟု ဝမ်းသာခဲ့ရ၏။

''ဘာကိစ္စလဲဗျ''

''မင်းနဲ့စကားနည်းနည်းပြောချင်လို့''

''ခင်ဗျားက ဘာလဲ။ အရူးလား။ အလှူခံလား။ အလှူခံဆိုသွား တော့ဗျာ''

''ငါက အရူးလည်းမဟုတ်ဘူး။ အလှူခံလည်း မဟုတ်ဘူး။ မင်းကင်ပွန်းတပ်လိုက်သလို ပုံပျက်ပန်းပျက် ရသေ့အိုကြီးပါ''

အံမယ် စလာသည့်အဆင်က မဆိုးလှ။ ကျွန်ုပ်က စိတ်ထဲကနေ၍ သူ့ကို ပုံပျက်ပန်းပျက်ရသေ့ကြီးဟု ကင်ပွန်းတပ်လိုက်သည်ကို သူ ဒက် ခနဲ ပြောနိုင်၏။

ဆန်းတာတော့ မဆန်း။ ဒါမျိုးက သူ့ရုပ်သူကြည့်ပြီး သူတင် သာမက လူတိုင်းတွေးဆပြောနိုင်သည့်စကားမျိုးသာဖြစ်၏။

''ဘာပြောချင်လဲ''

ဒီမှာရသေ့အိုပုံပျက်ပန်းပျက်ကြီးက ကျွန်ုပ်ကို တစ်လုံးတည်း ကောင်းသည့် မျက်လုံးနှင့်စိုက်ကြည့်ပြီး–

''မင်းကို ပညာနည်းနည်းပေးချင်လို့''

''အလဲ့ တယ်ဆိုတဲ့စာပါလားဗျ။ ခင်ဗျားက ကျုပ်ကို ပညာပေး ရအောင် ခင်ဗျားဘယ်နှစ်တန်း ပညာသင်ဖူးလို့လဲ။ ကျုပ် ဘီအက်စ်စီဘွဲ့ ရပြီးသား။ အင်္ဂလန်မှာ ဗိသုကာပညာ ဒီပလိုမာယူထားတဲ့လူ။ အမေရိ ကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်း (၆)နိုင်ငံ လှည့်လာခဲ့ တဲ့သူဗျ''

www.burmeseclassic.com



"မင်းသင့်ခဲ့တဲ့ပညာက အတန်းပညာပဲကွ။ အတတ်ပညာ မဟုတ်ဘူး။ အကျင့်ပညာမဟုတ်ဘူး။

"ခင်ဗျားကရော ဘာတွဲ့မျှားရခဲ့ဖူးလို့လဲ ပြောပါဦး လူကြားကြီးရဲ့"

"ငါ သုံးတန်းပဲစာဖတ်ဖူးပါတယ်"

"ဟား. . . ဟား. . . ဟား. . . ဟား ဒါနဲ့များ ဖွီ အဟုတ်အဟုတ်"

"ဒါပေမဲ့ မင်းနဲ့ငါ ကြိုက်ရာဘာသာနဲ့ ပြောလို့ရတယ်"

"ခင်ဗျားကြွားနေတာလား"

"တံခါးမဖွင့်ခင် ပဏာမ စမ်းကြည့်လေကွာ"

သို့နှင့် ကျွန်ုပ်က ဟုတ်မဟုတ်သိချင်၍ အင်္ဂလိပ်လို မေးလိုက်၏။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

"ငါ့နာမည်က ဦးရသေ့"

အလဲ့တယ်ဟုတ်ပါလား။ သူက အင်္ဂလိပ်လို ပြန်ပြော၏။

"ခင်ဗျား၊ ဘယ်မှာနေလဲ"

ဒီမှာ သူအင်္ဂလိပ်စကားလုံးများကို နေသားကျစွာ အသံထွက်မှန်စွာနှင့်ပြောချလိုက်၏။

"ငါနေတာ မြန်မာပြည်အနှံ့က ဂူကျောင်းသခ်မ်း၊ သချိုင်း၊ ဇရပ်၊ ပုထိုး၊ တောတောင်အစုံပဲ၊ ဟိမဝန္တာမှာလည်း နေဖူးတယ်ငါ့သား. . ."

အင်း. . . အင်္ဂလိပ်လို သူပြောနိုင်သည်ကား. . . ကျွန်ုပ်တွေ့ဖူးသမျှ ပုံမကျပန်းမကျ လူစားများထဲမှာ လူထူးဆန်းဆိုသော ပုဂ္ဂိုလ်များထဲမှာ သူတစ်ယောက်ရှိနေ၏။ သို့နှင့်ကျွန်ုပ်က ဂျပန်ဘာသာနှင့်သူ့ကို ပညာစမ်းလိုက်၏။

"ခင်ဗျားအသက်ဘယ်လောက်လဲ"

"ငါ့အသက် ၁၅၀ နှစ်"

အလိုလေး၊ သူပြန်ပြောလိုက်သည့်စကားက အင်္ဂလိပ်စကားမဟုတ်။ ဂျပန်စကားစစ်စစ်တည်း။





"ခင်ဗျား ဂျပန်လိုလည်းတတ်တာပဲလား ဦးရသေ့ကြီး"

"ငါ ဂျပန်ခေတ်တစ်လျှောက်လုံး ဂျပန်စကားပြန်လုပ်ခဲ့ဖူးသလို၊ ဂျပန်စာသင်ဆရာလည်း သုံးနှစ်လုပ်ခဲ့ဖူးတယ် လူကလေး။ မင်းနားထောင်ချင်ရင် ငါ ဂျပန်သီချင်းပါ ဆိုပြမယ်နားထောင်"

သူသည် သို့ကလိုပြောရင်းက လွန်ခဲ့သည့် (၁၉၄၃–၄၅) ဝန်းကျင်ခန့်က ဂျပန်ကေရာဓိ ဘုရင်မင်းမြတ်ကို ဂုဏ်ပြုဖွဲ့ဆို ဂါရဝပြုသည့် ဂျပန်တော်ဝင်သီချင်းကို ဂျပန်လိုဆိုပြလိုက်ရကား ကျွန်ုပ်လွန်စွာ အံ့သြသွားရ၏။

မှန်ရာပြောရလျှင် ကျွန်ုပ်ထိုသီချင်းကို ဂျပန်များရှိစဉ် စစ်ပြန်ကြီးတစ်ဦးထံမှ ကြားဖူးခဲ့၏။ မြန်မာပြည်မှာ မည်သူမျှ မဆိုကြ။ မဆိုနိုင်ကြ။

ဒီမှာ သူက ကျွန်ုပ်ကို ဟိန္ဒူစတန်နီလေသံစကားနှင့်မေးလိုက်၏။

ကျွန်ုပ်ကြောင်သွားခဲ့ရသည့် အကြောင်းကား ဟိန္ဒူစတန်နီစကားကို ကျွန်ုပ်တစ်လုံးမျှ နားမလည်သောကြောင့်တည်း။

ဒီမှာပဲ သူက ကိုရီးယားစကားနှင့်ကျွန်ုပ်ကို လှမ်းပြောလိုက်ရာ ကျွန်ုပ်မျက်လုံးပြူးသွားခဲ့ရလေသည်။

"တောင်ကိုရီးယားမှာ မင်းနှစ်နှစ်နေခဲ့ဖူးတယ် မဟုတ်လား မောင်ရင်"

"ဟုတ်. . . ဟုတ်ကဲ့ ရသေ့ကြီး၊ နေပါဦးခင်ဗျ။ ရသေ့ကြီး တောင်ကိုရီးယားစကားရော ပြောနိုင်တာပဲလားဟင်"

"ဘာခက်လို့လဲ. . . ကွာ"

"အလိုလေး"

ဘာကြောင့် ကျွန်ုပ်အံ့သြသွားရသည်ထင်ပါသလဲ။ စာဖတ်သူ သူအခုပြောလိုက်သည့်စကားသည် တောင်ကိုရီးယားစကားမဟုတ်တော့။ ထိုင်း (ယိုးဒယား)စကားဖြစ်နေသောကြောင့်တည်း။

အာဂရသေ့ကြီးပါကလား။

www.burmeseclassic.com



သူဘာသာစကားတော်တော်များများ ပြောနိုင်၏။ ကျွန်ုပ်ကိုရိုးယားမှာ နှစ်နှစ်နေခဲ့သည်ကို သူသိနေ၏။ လျှာဆက်ရှည်လျှင် သူမာဂဓတို့ သက္ကတတို့ ပါဠိတို့နှင့် ကျွန်ုပ်ကို မှတ်နိုင်ဖွယ်ရှိ၏။ ပြန်မပြောနိုင်လျှင် ကျွန်ုပ်ခံရမည်။ ငြိမ်နေမှ။

သူဘာလဲ. . .

ဒါကို ကျွန်ုပ်သိချင်နေပါပြီ။

သို့နှင့် ကျွန်ုပ်ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေစဉ် –

"ဒီမှာကွ. တံခါးခဏဖွင့်ပေးပါ"

"ရသေ့ကြီး"

"ဘာလဲကွ"

"တံခါးကို အာမခံသော့နဲ့ခတ်ထားတယ်ဗျ"

"အေးလေ တံခါးဖွင့်လေကွာ"

"ခင်ဗျားဘာသာ ခင်ဗျားဖွင့်ပြီး ဝင်လို့ရရင် ဝင်ခဲ့လေကွာ"

"ဒါဆို သော့ပေးလေကွာ"

"သော့မပါဘဲ ခင်ဗျားဘာသာ ခင်ဗျားရအောင်ဝင်ဗျာ"

"ဒါဆို ငါက တံခါးပေါ်က ကျော်တက်ရမှာလားကွ ဟေ"

"မဟုတ်ဘူး။ ဒီတံခါးပဲ ဖွင့်ဝင်ခဲ့"

"မင်း လူကန့်လန့်၊ လူ့ခွစာပါလားကွ"

"ရသေ့ကြီး ကြားဖူးလို့ လာခဲ့တာ မဟုတ်လား။ ဒီတံခါးဖွင့်လို့ရရင် ဒီနေ့ရသေ့ကြီးနဲ့ကျုပ် နှစ်နာရီကြာ ထိုင်စကားပြောမယ် ဒါပဲ"

ကျွန်ုပ်သည် ထိုသို့ပြောဆိုပြီးနောက် မူလထိုင်ရာ ပက်လက်ကုလားထိုင်ရှိရာသို့ ပြန်လာခဲ့ပြီး အနုပဋ္ဌိလောမရုပ်ဝါဒစာအုပ်ကို မျက်စိရှေ့မှာထောင်၍ အားရပါးရ ဖတ်နေလိုက်၏။

ပုံပျက်ပန်းပျက် ရသေ့ကြီးကိုလည်း မေ့ထားလိုက်၏။

အချိန်သည် ငါးမိနစ်ခန့်ကြာသွား၏။

"ဘုတ်"

---

**စိတ်ကူးသစ်စာပေ**



"အမလေးဗျ"

လေးလံမာကျောသော ပစ္စည်းတစ်ခုသည် ကျွန်ုပ်ပေါင်ခွကြားသို့ အရှိန်နှင့်ပစ်ကျလာရကား လွန်စွာနာကျင်လှ၍ အမလေးဗျဟုအော်ရင်း ငုံ့ကြည့်လိုက်သောအခါ –

"ဟင်"

ကျွန်ုပ်ပေါင်ခွကြားမှ လက်ဝါးခန့်ရှိသော စတီးလ်နှင့်ပြုလုပ်ထားသည့် ခြံတံခါးအာမခံသော့ခလောက်ကြီး ဖြစ်နေ၏။

သို့နှင့် အံ့သြခြင်းကြီးစွာနှင့် မော့ကြည့်လိုက်သောအခါ –

"ဟာ"

"ဟား. . .ဟား. . .ဟား. . .ဟား. . .ဟား"

"ဟီး. . .ဟီး. . .ဟီး. . .ဟီး"

"အဟတ်. . . အဟတ်. . .အဟတ်"

"ရ. . . ရသေ့ကြီး"

"ရက်စ်. . . ရက်စ် ဟား. . . ဟား. . . ဟား. . . ဟား"

ကျွန်ုပ်ရှေ့မှာ ခါးထောက်၍ ခြေထောက်နင်း၍ ရပ်နေသူကား စောစောက ခြံတံခါးအပြင်ဘက်မှ ရပ်နေသည့် ပုံပျက်ပန်းပျက် ရသေ့ကြီး အစစ်ဖြစ်နေသောကြောင့်တည်း။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

□

''ရသေ့ကြီး''

''ဘာတုံးကွ''

''ရသေ့ကြီး ဒီ. . . ဒီ အာမခံသော့ကို ဘယ်လိုဖွင့်လိုက်တာလဲ ဟင်''

ကြည့်လေဗျာ။ ဒီအာမခံသော့ဖွင့်သည့် သော့တံသည် ကျွန်ုပ်ခါးကြားရှိ သော့တွဲမှာ ယခုတိုင်ရှိနေသည် မဟုတ်ပါလား။

''လွယ်လွယ်လေးပါကွာ''

''ဗျာ. . . လွယ်လွယ်လေး၊ ခင်ဗျား သော့တူနဲ့ဖွင့်လိုက်တာလား''

''သော့တူက သော့စိတ္တာကုလားတွေ အလုပ်ပါကွာ။ ပေးစမ်း. . . ပွင့်နေတဲ့ မင်းသော့ကို ငါအခုချက်ချင်း ပိတ်လိုက်မယ် ပေး''

ကျွန်ုပ်မယုံနိုင်လွန်း၍ ပေါင်ပေါ်မှ ပွင့်နေသည့် အာမခံသော့ကြီးကို သူ့ထံကမ်းပေးလိုက်သည်။





ဒီမှာ သူက သော့ပေါက်မှာ ချိတ်ကိုတွေ့ပြီး လက်တံရှည်လက်ဝါးကြီးနှင့် ဖိချလိုက်သောအခါ အာမခံသော့သည် ချောက်ခနဲအသံမြည်ပြီး ပိတ်သွားခဲ့လေ၏။

''ရော့. . . မင်းခါးကြားက သော့နဲ့ဖွင့်ကြည့်စမ်း''

ကျွန်ုပ်သူလှမ်းပေးသည့် သော့ခလောက်ကို သေသေချာချာ စစ်ဆေးကြည့်လိုက်၏။ သော့ပိတ်နေပါကလား။ အလိုလေးလေး။ ဒီသော့မျိုးသည် လက်နှင့်ဖိနှိပ်၍ ခတ်သည်တော့မဟုတ်။ နိုင်ငံတကာ စံချိန်မီ အာမခံသော့ အဖိုးတန်အကောင်းစားဖြစ်၏။ သူ့သော့နှင့်သူ ဖွင့်မှ ပိတ်မှ လှည့်မှရ၏။

ကြည့်စမ်း သော့ပိတ်လို့။

''မင်းသော့နဲ့ဖွင့်ကြည့်စမ်းပါကွ. . . လူကန့်လန့် လူ့ခွစာရ''

သို့နှင့်ကျွန်ုပ်ခါးကြားမှ သော့တွဲကို ယူလိုက်ပြီး သူ့သော့တံနှင့် ထိုးလှည့်ဖွင့်လိုက်၏။ အလိုလေးဗျား သော့မပွင့်ပါလား။ တင်းခံနေပါကလား။ ဘယ်လိုလုပ် ''ဂျမ်း''ဖြစ်သွားပါလိမ့်။

ကျွန်ုပ်က သော့နှစ်ချောင်းပြောင်း၍ဖွင့်၏။ ဘယ်လိုမျှဖွင့်လို့မရ။

''ဟော့ကောင်. . . တစ်နေ့ကုန်ဖွင့် မပွင့်စေရဘူးကွ''

ကျွန်ုပ်အမျိုးမျိုးခေါက်၍ လှည့်၍ထု၍ဖွင့်၏။ ချွေးသာစို့လာ၏။ သော့ကား လုံးဝမပွင့်။

''ပေးစမ်း. . . ငါဖွင့်ပေးမယ်''

ကျွန်ုပ် သော့ခလောက်နှင့် သော့တံကိုပေးလိုက်၏။ ဒီမှာသူက သော့တံပါသော သော့တွဲကြီးကို လွှင့်ပစ်လိုက်ပြီး သော့ခလောက်ကို တွင်းမှကိုင်၍ ခါချလိုက်သောအခါ–

''ထပ်''

''ဟင်. . . ပွင့်သွားပြီ''

''ဟား. . . ဟား. . . ဟား. . . ဟား မြင်ပြီလားကွ။ သိပြီလားကွ။ လူ့ကန့်လန့်ခွစာရ ဟင်''

www.burmeseclassic.com



ကျွန်ုပ်အံ့ဩလို့ မဆုံးနိုင်တော့။

"ရသေ့ကြီး. . . ထိုင်. . . ထိုင်ပါခင်ဗျာ"

ကျွန်ုပ်ထူးဆန်းသော လူတစ်ဦးနှင့် တွေ့နေရသည်မို့ ကုလားထိုင်တစ်လုံးပေါ်မှ ချက်ချင်း နေရာပေးလိုက်သည်။

"အချိန်ဘယ်လောက်ရှိပြီလဲကွ. . . လူ့ကန့်လန့်"

"နံနက် ၁၁ နာရီထိုးပါပြီ။ ရသေ့ကြီး"

"ငါ ဆွမ်းမစားရသေးဘူး။ မင်းအိမ်မှာ ဆွမ်းစားချင်တယ်"

ကျွန်ုပ်သည် သူဘယ်လို ပုဂ္ဂိုလ်မျိုးဆိုတာကို ဂိုဏ်းသိချင်၍ ပညာစမ်းလိုက်၏။

"ကျွန်တော့အိမ်မှာ ဘာဟင်းချက်သလဲ မှန်အောင်ပြောနိုင်ရင် ကိုယ်တိုင်ထမင်းကျွေး. . ."

"ဆွမ်းကပ်မယ်လို့ ပြောပါကွ"

"အဲ. . . အဲ ဆွမ်းကပ်ပါ့မယ် ခင်ဗျား"

"မမှန်ရင် မကပ်ဘူးပေါ့"

"အဟဲ. . . ဒါပေါ့ဗျ"

"ဟော့ကောင် လူ့ကန့်လန့်"

"ခင်ဗျ. . ."

"မင်း အိမ်မှာ ဝက်သားနဲ့မှုစ်ချဉ်ချက်တယ်ကွ"

"ဗျာ"

"ပုန်းရည်ကြီးသုပ်လည်း. . . ပါတယ်ကွ"

"အလိုလေး"

"ပြီးတော့ တရုတ်ကန်စွန်းရွက်ကို ဟိုတယ်ချက်ကြော်ထားသကွ"

"ဒါပဲလားဗျ"

"ငါးမြွေထိုးခြောက်ကြော်နဲ့ ဆယ့်နှစ်မျိုးဟင်းချိုလည်း ပါသေးသဟေ့"





"ဟုတ်ပါ့မလားဗျ"

"မယုံရင်. . . မင်းမိန်းမခေါ်မေးလိုက်ပေါ့ကွာ"

သို့နှင့် ကျွန်ုပ်က အိမ်ဖော်တစ်ဦးကို လှမ်းခေါ်ပြီး ဇနီးသည်ကို လာခဲ့ရန် မှာလိုက်၏။ ဇနီးသည်ရောက်လာ၏။ ချောမောလှပသော ဇနီးသည်သည် ပုံပျက်ပန်းပျက်ရသေ့ကြီးကို ရုတ်ခြည်းမြင်လိုက်သောအခါ ယန်၍ ထူးဆန်းသလို ကြည့်နေ၏။

ကြည့်ရင်းမှ ကျွန်ုပ်ကိုလည်း ဘယ်လိုလူစားမျိုးနှင့် စကားပြောနေသလဲဆိုသည့် အကြည့်နှင့် လှမ်းကြည့်လိုက်၏။

"မသုန်"

"ရှင်. . . အစ်ကို"

"ဒီနေ့. . . အိမ်မှာ ဘာဟင်းချက်သလဲကွယ်"

"ဝက်သားနဲ့မှုစ်ချဉ် အစ်ကို"

"ဟေ. . . ပြီးတော့ရော"

"အစ်ကိုအကြိုက် ပုန်းရည်ကြီးကို ပုစွန်ခြောက်နဲ့ သုပ်ထားတယ်"

"ဟင်"

"ဟား. . . ဟား. . . ဟား. . . ဟား။ ဆက်မေးလေကွာ။ မေးပါ"

"ပြီးတော့ရော"

"တရုတ်ကန်စွန်းကို မှိုနဲ့ကြက်သွန်ဖြူဓားပြားရိုက်လေးချက်ထားတယ်"

"ဟေ. . ."

"ဟား. . . ဟား. . . ဟား. . . အဟင်း. . . ဟင်း. . . ဟင်း ဆက်မေးလေကွာ။ မေးပါဟ"

"အကြော်ပါသေးလား. . . မိန်းမ"

"ပါတယ်အစ်ကို။ မြစ်ဝကျွန်းပေါ်က အမေတို့လာပို့ထားတဲ့ ငါး

www.burmeseclassic.com



မြွေထိုးခြောက်ပါကြော်ထားတယ်''

''ဟား. . . ဟား. . . ဟား ငါ့ကိုလည်းမကြည့်နဲ့ လူကန့်လန့်ရဲ့။ ဆက်မေးလေကွာ။ နောက်ဆုံးတစ်ခွက်ကျန်သေးတယ်။ မေးပါ ရဲရဲမေး လိုက်စမ်းပါဟ''

''အရည်သောက်ကရော မိန်းမရယ်''

''ဆယ်နှစ်မျိုးကြာဆံဟင်းချို အစ်ကို''

''ဟေ. . . အေး. . . ဟေ''

''ဟား. . . ဟား. . . ဟား. . . ဟား. . . အဟစ်. . . ဟစ် မင်းကတိအတိုင်းနော် လူ့ကန့်လန့်''

''အစ်ကို စားတော့မလို့လားဗျာ''

''ငါ မစားသေးဘူး။ ဒီ. . . ဒီရသေ့ကြီးအတွက် ဆွမ်းဟင်း အမြန်ပြင်. . . ပြင်လိုက်''

''ဟင်''

ဇနီးလုပ်သူ မသုန်သုန်ဦးသည် ကျွန်ုပ်၏ပြောစကားကြောင့် လွန်စွာ အံ့သြသွားပြီး ပုံပျက်ပန်းပျက် ရသေ့ကြီးကိုကြည့်၍ ပါးစပ်ဟ သွားခဲ့၏။ အံ့သြလျှင်လည်း အံ့သြနိုင်ပါပေ၏။ အကြောင်းကား ကျွန်ုပ် ၏ တိုက်ပေါ်မှာ လူကုံထံပညာတတ် သူဌေးသူကြွယ် လူရည်သန့်များကို သာ အလူးသီးသန့်ဖိတ်၍ ထမင်းကျွေးလေ့၊ လက်ဖက်ရည်ပွဲတည်ခင်းလေ့ ရှိပြီး တစ်ခါမျှ ဒီလိုသပိတ်ဆေးကွာ ပုံပျက်ပန်းပျက် အူကြောင်ကြောင် ရသေ့လို ပုဂ္ဂိုလ်မျိုးကို ထမင်းမကျွေးဘူးသောကြောင့်တည်း။

ကျွန်ုပ်၏ဇနီး မသုန်သုန်ဦးသည် ကျွန်ုပ်စကားကို မြေဝယ်မကျ နားထောင်လေ့ရှိ၏။ အိမ်ထောင်ကျစမှစ၍ ယနေ့ထိ ခွန်းတုံ့ပြန်စကား လုံးဝမပြော။ ကျွန်ုပ်ကိုလွန်စွာ ချစ်ခင်မြတ်နိုးလေ၏။ ယခုလည်း ပုံပျက် ပန်းပျက်ရသေ့ကြီးအတွက် ဆွမ်းထမင်းဟင်းများကို ကျကျနနပြင်ပေး၏။

ကျွန်ုပ်သည် ရသေ့ကြီးကိုကြည့်၍ လွန်စွာမှ အံ့သြခဲ့ရ၏။ သူသည် ဒီအိမ်မှာ ဘာဟင်းချက်သည်ကို တစ်လုံးမမှားအောင် ပြောနိုင်၏။





ကြည့်စမ်း. . . ထမင်းစားပွဲများပေါ်မှ ဟင်းလျာများသည် ရသေ့ ကြီးပြောသည့် ဟင်းလျာများအားလုံး ကွက်တိ။

ကျွန်ုပ်တို့လင်မယား ပုံပျက်ပန်းပျက် ရသေ့ကြီးကို ဆွမ်းကပ် လှူ၏။

ဒီမှာရသေ့ကြီးက ပြောလိုက်၏။

''ဒီမှာ လူကန့်လန့်''

''မောင်ကျိုင်းလို့ခေါ်ပါတယ် ရသေ့ကြီး။ ဒါ ကျွန်တော့်ဇနီး သုန်ပါ''

''အေး မောင်ကျိုင်း၊ ရသေ့ရဟန်းကို ဆွမ်းကပ်တာ ဒါပထမဦးဆုံး အကြိမ်ကွ။ ဟုတ်ရဲ့လားဟ''

''ဟုတ်. . . ဟုတ်ပါရဲ့ခင်ဗျ''

ထူးဆန်းလှချည်ကလား။ ကျွန်ုပ်သည် ရသေ့ရဟန်းများကို ဖိတ် ခေါ်၍ လှူဒါန်းလေ့မရှိ။ အကျိုးစီးပွားဖက်များကိုသာ အခွင့်အရေး အတွက် မျှော်လင့်ပြီး ကျွေးလေ့ရှိ၏။

''မင်း. . . အိမ်မှာ ဘုရားစင်မရှိဘူး။ ဟုတ်ကော ဟုတ်ရဲ့လား''

''ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ''

''မင်းက ရုပ်ဝါဒ သိပ္ပံသမား''

''ဟုတ်. . . ဟုတ်. . . ကဲ့ခင်ဗျ''

''မမိုက်နဲ့ကွ''

''ဗျာ''

''မိစ္ဆာဒိဋ္ဌိ အလုပ်မလုပ်နဲ့''

''ဗျာ. . . ဘာဖြစ်လို့လဲခင်ဗျ''

''ငါ ဆွမ်းစားလိုက်ဦးမယ်ကွာ။ မွန်းတည့်တော့မယ်''

သူ့စကားကို ရပ်လိုက်၏။ ဆွမ်းစား၏။ လက်တံရှည် လက်ချောင်း ကြီးနှင့် အားရပါးရစား၏။ သို့သော် အသားငါးများကို လုံးဝမစား။ မှတ်ကန်စွန်းရွက်ကြော်နှင့် ဆားအနည်းငယ်တို့၍ ထမင်း နှစ်ပန်းကန်

www.burmeseclassic.com



စားပြီး လက်စသတ်လိုက်လေ၏။

ပြီးနောက် ကျွန်ုပ်တို့နှစ်ဦး စောစောက မြေပြင်မှာ ပြန်ထိုင်ကြ၏။

''မောင်ကျိုင်း''

''ခင်ဗျ''

''မိစ္ဆာဒိဋ္ဌိဆိုတာ သိလား''

''ဟင့်အင်း. . . မသိဘူးခင်ဗျ''

''မင်း. . . ဘာလူမျိုးလဲ''

''မြန်မာလူမျိုးပါခင်ဗျ''

''ဘာကိုးကွယ်လဲကွဲ့''

''ဘာမျှ မကိုးကွယ်ဘူးခင်ဗျ''

''ရုပ်ဝါဒသမားပဲ မဟုတ်လား''

''ဟုတ်ပါတယ်ခင်ဗျာ''

''မိစ္ဆာဒိဋ္ဌိဆိုတာ မှားသောအယူကို ယူတဲ့လူကို ဆိုလိုတာကွ။ ငါတို့မြန်မာလူမျိုးမှာ ဗုဒ္ဓဘာသာရှိတယ်။ မွတ်စလင်လူမျိုးမှာ မူဆက်ဘုရားသခင်နဲ့ မူဆက်ဘာသာရှိတယ်။ ခရစ်ယာန်မှာ ယေရှုနဲ့ ခရစ်တော်ဘာသာရေးဝါဒရှိတယ်။ လူမျိုးတိုင်းမှာ သူ့ဘာသာ သူ့ဘုရား သူ့တရားဓမ္မ အဆုံးအမနဲ့သူရှိပြီး အဲဒီဓမ္မရဲ့ အဆုံးအမနဲ့ ယဉ်ကျေးသိမ်မွေ့နေကြတာပဲ။ ဘာသာနဲ့ ယဉ်ကျေးမှုမရှိရင် အဲဒီတိုင်းပြည် အဲဒီလူမျိုး ရိုင်းစိုင်းသွားရော။ ဂုဏဝုတ္တိဝယဝုတ္တိ မရှိတော့ဘူး။ မိမှန်း၊ ဖမှန်း၊ သားသမီးမှန်း၊ နှမမှန်း၊ ဆွေမျိုးမှန်း မသိတော့ဘူး။ အကြင်နာတရား ဗြဟ္မစိုရ်တရားခေါင်းပါးပြီး လူလူချင်း ရက်စက်ကြမ်းကြုတ်မှုနဲ့ လောဘ ဒေါသ၊ မောဟ ပင်လယ်သမုဒ္ဒရာမှာ နစ်မွန်းပျက်သုဉ်းကြကုန်ရော ကိလေသာ ရာဂမီးနဲ့ လောင်မီးကျကုန်ရော။ ဒီနေရာမှာ လောကီနဲ့ လောကုတ္တရာ နှစ်မျိုးရှိတယ်။ လောကီသံသရာကို ဖြတ်ပြီးမှ လူဟာ လောကုတ္တရာနိဗ္ဗာန်လို့ခေါ်တဲ့ အေးမြရာ ငြိမ်းချမ်းရာ ရပ်ဝန်းကို ရောက်ရတာ။ ဒီမှာ မောင်ကျိုင်း လောကီဖြစ်ရပ်ဆန်းကြယ်ကို မင်းယုံသလား''





''ဟင့်အင်း''

''အေး မင်းက သိပ္ပံသမားကိုး။ ဟော့ကောင့် နက်ဖြန် မင်းအိမ်ရှေ့က ကုက္ကိုပင်ကို မိုးကြိုးပစ်လိမ့်မယ်''

''ဘယ်အချိန်လဲဗျ''

''မနက်ကိုးနာရီတိတိ''

''ဟုတ်ပါ့မလား''

''စောင့်ကြည့်ပေါ့ကွာ။ အဲဒီအချိန်မှာ ကုက္ကိုပင်အောက်ဝန်းကျင်မှာ မင်းတို့လုံးဝမနေနဲ့''

''နေရင် ဘာဖြစ်မှာလဲ ရသေ့ကြီးရ''

''နေရင် မင်းတို့ မီးသွေးတုံးဖြစ်ပြီကွ''

''ဟုတ်ပါ့မလား''

''စောင့်ကြည့်ကွာ ငါပြန်မယ်''

''ရသေ့ကြီး''

''ဘာတုံးကွ''

''နောင်ကို ကျွန်တော်ဘာဖြစ်ဦးမှာလဲဗျ လုပ်ပါဦး''

''မင်းက လူ့ကန့်လန့်ကွ။ ငါက လောကီရဲ့ဆန်းကြယ်မှုထဲက အစအနအသေးအမွှားလေးတွေကို မင်းလို လူကန့်ကန့် ရုပ်ဝါဒသမား နားလည်သဘောပေါက်အောင် နမူနာထုတ်ပြနေတာ။ မင်းနောက်ကို ဘာဖြစ်မလဲဆိုတာသိဖို့ နောက်ဥပုသ်နေ့ကျရင် ငါလာခဲ့မယ်။ ဒီမှာ ဟော့ကောင် လူ့ကန့်လန့်. . .''

''ခင်ဗျ. . .''

''ခေတ်တိုင်း၊ ခေတ်တိုင်း. . . သမိုင်းတိုင်း သမိုင်းတိုင်းမှာ အတုနဲ့ အစစ်နှစ်မျိုးရှိသကွ။ အတုနဲ့အစစ်ကို ခွဲခြားပြီး သိလာခဲ့ရင် အမှားနဲ့အမှန်ကို သဘောပေါက်လာမှာပဲ။ အမှားနဲ့အမှန်ကို နားလည်သဘောပေါက်ရင် ဓမ္မနဲ့အဓမ္မခွဲခြားသိလာမှာပဲ။ အဲဒီကျရင်

www.burmeseclassic.com



မှာက ဘယ်အရပ်ကလာတာလဲ။ အဓမ္မက ဘယ်အရပ်က လာတာလဲ။ တစ်နေ့မင်းတို့နားလည်လာလိမ့်မယ်။ ဟောကောင်. . . ''

''ခင်ဗျာ''

''မနက် ကိုးနာရီနော်''

''အဟဲ. . . ဟင်း. . . ဟင်း ဟုတ်ကဲ့ခင်ဗျာ''

သို့ကလိုပြောရင်း ပုံပျက်ပန်းပျက် ရသေ့အိုကြီးသည် သူ့သစိတ်လေးကို ကောက်မကာ ကျွန်ုပ်အိမ်ခြံထဲမှ ထွက်သွားခဲ့လေသည်။

ဖဖဖဖဖ

❑

မိုးလင်းတော့ အပြင်မှာ မိုးများရွာသွန်းနေ၏။ ဒီနေ့မှ မိုးကောင်းလွန်းလှ၏။ မကြာခင် မိုးစဲသွားပြန်၏။

မိုးစဲပြီး မကြာသေး။

လေပြင်းများကျလာ၏။ သစ်ပင်သစ်ကိုင်းများ ယိမ်းထိုးနေ၏။ မကြာခင် လျှပ်စီးလက်ဟန်များကို မြင်ရကြားရ၏။

ဂျိုးဂျိုးဂျိမ်းဂျိမ်း မိုးခြိမ်းသံများက မြေကို တုန်လို့ မိုးခြိမ်းသံများကြားလျှင် ကျွန်ုပ်ဖနီးသည် ကြောက်လေ့ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်အပါးမှာ ကပ်နေ၏။

နာရီကို ကြည့်လိုက်သောအခါ မနက်ကိုးနာရီထိုးတော့မည်။

မနေ့က ထူးဆန်းသော ပုံပျက်ပန်းပျက် ရသေ့ကြီးက ကြိုပြောသွားတာရှိ၏။ ဒီနေ့မနက် ကိုးနာရီ ကုက္ကိုပင်ကြီးကို မိုးကြိုးပစ်လိမ့်မည်တဲ့။

ဟုတ်ပါ့မလား. . .

သူက ဒီလိုအတိအကျပြောနိုင်ရအောင် သူ့ဉာဏ်မျက်စိက ကွန်ပျူတာဉာဏ်မျက်စိလား။ ဦးနှောက်အသိလား။

www.burmeseclassic.com



ဒီလိုဖြီးဖြန်းပြီး ညာဝါစားတဲ့ လူများကို ကျွန်ုပ်ကြုံဖူးသည်။

သို့သော် ပုံပျက်ပန်းပျက်ရသေ့ကြီးက ကျွန်ုပ်တွေ့ဖူးသမျှထဲမှာ အတော်အတန် ထူးဆန်းသည်။

အာမခံသော့ကို သော့တံမပါဘဲ အလိုအလျောက် ဖွင့်နိုင်ပိတ်နိုင်၏။ ပြီးအိမ်မှာ ဘာဟင်းချက်သည်ကို တစ်ခုမလွဲ ပြောနိုင်၏။

ကောင်းပြီ။ ဒီလောက်လေးပြောနိုင်ရုံ၊ လုပ်ပြနိုင်ရုံနှင့်ကျွန်ုပ်က သူ့ကို ကိုးကွယ်ယုံကြည်အောင် လူပုဂ္ဂိုလ် အထူးအဆန်းစာရင်းမှာ သွင်းရမည်လား။

ဝေးပါသေးရဲ့။

နောင် သူဘာတွေလုပ်ပြဦးမှာလည်း သိချင်၍ မိတ်ဖြစ်ခွေဖြစ် ထမင်းတစ်နပ် ကျွေးလိုက်ခြင်းရယ်သာ။

ထိုအချိန်၌. . .

နွားသိုးတစ်ကောင်သည် အိမ်ရှေ့ကုက္ကိုလ်ပင်အောက်မှာ မှိုးဝင်ရှိနေ၏။

ကျွန်ုပ်၏မာလီလည်း သစ်ကိုင်းသစ်ခက် အကျိုးအပဲ့များကို မိုးရေ မိုးဖွားလျှပ်စီးကြားမှာ လိုက်ကောက်သန့်ရှင်းရေးလုပ်နေ၏။

"အဲဒီအချိန် ကုက္ကိုလ်ပင်အောက်ဝန်းကျင်ကို မင်းတို့ လုံးဝမနေနဲ့၊ နေရင် အားလုံးမီးသွေးတုံးဖြစ်သွားမယ်။

ကျွန်ုပ်သည် ထူးဆန်းသော ပုံပျက်ပန်းပျက် ရသေ့ကြီးပြောသွားသည့် စကားကို ပြန်ကြားယောင်နေမိ၏။ ယုံတော့ မယုံချင်။ သို့နှင့်လိုရမည်ရ မာလီလုပ်သူကို လှမ်းအော်ပြောလိုက်၏။

"ကို. . . ထိန်. . . ဂျိ. . . ကို. . . ထိန်"

"ခင်ဗျာဆရာ. . . ဘာခိုင်းမလို့လဲဟင်"

"ကိုထိန် အိမ်ရှေ့မှာ အမှိုက်မကောက်ပါနဲ့၊ နောက်ဖေးမှာသွားနေစမ်း"

"အမှိုက်တွေ အများကြီးပဲဆရာရဲ့"





"သွားမှာ သွားစမ်းကွာ"

ကျွန်ုပ်၏အမိန့်စကားကြောင့် မာလီကိုထိန်သည် အမှိုက်များကို ဘယ်ပြီး နောက်ဖေးဘက်သို့ ထွက်သွားလိုက်လေ၏။

ထိုအချိန်မှာပဲ တိုင်ကပ်နာရီမှ ကိုးနာရီထိုးသံမြည်လာ၏။

"ဒင် ဒင် ဒင် ဒင် ဒင် ဒင် ဒင် ဒင် ဒင်"

ကျွန်ုပ်သည် တိုင်ကပ်နာရီကိုကြည့်ပြီး မြည်သံကို နားစွင့်နေချိန် မှာပင် ကောင်းကင်မှာ လျှပ်တစ်ချက်လင်းသွားပြီး. . .

"ဒိုင်း. . . ဂျိုင်း"

"ဖြောင်း"

"ဝုန်း"

"ဝမ်း. . . ဘဲ"

"ဟာ"

"အမလေး"

ကြောက်လန့်စရာ ကောင်းလှသည်။ မိုးကြိုးပစ်ခတ်သံကြောင့် ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်ကိုဖက်၍ အော်လိုက်၏။ ဒါနှင့်အတူ အိမ်ရှေ့ ကုက္ကိုပင်ကြီးကို မိုးကြိုးထိမှန်ပြီး ကုက္ကိုပင်ကြီးနှစ်ခြမ်းကွဲသွားကာ ဝုန်းခနဲ ပဲ့ကျသွားသံ သိမ့်သိမ့်တုန်ခါသွား၏။

ဒါနှင့်အတူ နွားတစ်ကောင်ရဲ့ အော်ဟစ်သံကို ကြားလိုက်ရ၏။ မိုးကြိုးသံစဲ၍ အတန်ကြာငြိမ်သွားပြီးမှ ကျွန်ုပ်တို့အောက်ဆင်း၍ ကြည့် လိုက်သောအခါ ကုက္ကိုလ်ကိုင်းကျိုးများကြား မည်းတူးသွားသည့် နွားသိုး အသေကောင်ကို အံ့ဖွယ်မြင်လိုက်ရသောအခါ. . . ။

မောင်ညီမြိုင်း (သန်လျင်)

အမှတ် (၁၄)၊ ဇူလိုင်လ ၂၀၀၈၊ ဂမ္ဘီရလောကမဂ္ဂဇင်း

ထ ထ ထ ထ ထ

www.burmeseclassic.com



# (၁)

ငှက်ခါးတို့လူစု ဒီနေ့အတော့ကို သွေးကြွနေကြသည်။ ငှက်ခါးက ဝက်ထိုးလှံကို အင်ကြင်းကျောက်ပေါ်မှာ ရှူးမြနေအောင် သွေးလိုက်သည်။

ဒိုးလုံး၊ စိန်ကြီးနှင့် အောင်ရွှေကြီးတို့က ချက်အရက်ကို ချောင်းကဏန်းချက်နှင့် သောက်လို့မြိန်နေဆဲ. . .

"ဗျို့. . . ကိုငှက်ခါး"

"ဘယ်သူလဲကွ"

ငှက်ခါးက လှံသွားကို လက်နှင့်စမ်းရင်းက မေးလိုက်သည်။

"ကျုပ်ပါဗျ ဖျောက်ကြီးရဲ့ လာတော့မလို့ပါပဲ။ ဝက်ဘယ်နှစ်ကောင်လဲကွ"

"ပထမတော့ သုံးကောင်ဗျ။ ဘကြီးမောင်ရဲ့ ရွာစုံအမျိုးတွေ ညအိပ်လာတာများလို့ နောက်ထပ်နှစ်ကောင် မှီလိုက်ရတယ်"

www.burmeseclassic.com



"သောင်းညွန့်တို့အိမ်က ဝက်ပါလား"

"သူ့အိမ်ကသုံးကောင်လေ"

"နောက်နှစ်ကောင်က ဘယ်သူ့အိမ်ကတုန်း ဖျောက်ကြီးရ"

"ကိုကျောပြားကြီးတို့တဲကတဲ့ဗျ"

ငက်ခါး ဝက်ထိုးလုံကိုတိုင်၍ ထလိုက်ပြီး. . .

"ဟော့. . . ဒိုးလုံးတို့ လက်စသတ်တော့ဟော့။ အလှူအိမ်က ဝက်ပေါ်ဖို့ လာခေါ်နေပြီကွ"

"အေး. . . အေး. . . လက်ကျန်လေး ဖြတ်ပါရစေဦး ယောက်ဖရား ဟေအော့။ ဝက်သတ်ရတာဗျာ။ လူသတ်ရမှာ ကျနေတာပဲ အော့"

ဒိုးလုံးတို့လက်ကျန်ကို ကောက်မော့ပြီး ခုတ်ဓား ခြစ်ဓားများ ခါးကြားထိုး၍ အလှူအိမ်ရှိရာ ရွာလယ်ပိုင်းသို့ ထွက်လာခဲ့လိုက်ကြသည်။

ဦးဘမောင်တို့ အလှူမဏ္ဍပ်ကြီးမှ တွံတေးသိန်းတန်ရဲ့ "နှမလက် လှျော့နေလေတော့"သီချင်းက တစ်ရွာလုံးကို အုပ်စီးထား၏။

အသံချဲ့စက်ဟွန်းလေးလုံးက အရပ်လေးမျက်နှာကို လှည့်ဆင် ထားသမို့ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်များကပါ အတိုင်းသား ကြား ကြရ၏။

ဦးဘမောင်တို့က လယ်သမားသူဋ္ဌေးဖြစ်သည်။ လယ်ဧက ရာ ကျော်ပိုင်၏။ နိုင်းနွားနှင့်နို့စားနွားမများပင် အကောင်ငါးဆယ်ကျော်ရှိ၏။

ခု သူ့သားမြေးများကို ရှင်ပြုမည်။ နားသမင်္ဂလာလုပ်မည်။ အလှူ မှာ ဝက်သားကိုလုံးတီး မီးခိုးတိတ်ကျွေးမည်ဖြစ်၍ ဝက်ပေါ်နေကျ သူတို့ လူစုကို အပ်ကြခြင်းဖြစ်သည်။

အလှူအိမ်ရောက်တော့ မြို့ပေါ်မှ ပုသိမ်မောင်သောင်းယဉ်ဆိုင်း အဖွဲ့ကား ဆိုက်နေ၍ ပစ္စည်းများချနေသောကြောင့် အသံတွေညံနေ၏။

ပုသိမ်မောင်သောင်းယဉ်ဆိုင်းအဖွဲ့ကား နာမည်ကြီးဆိုင်းအဖွဲ့ ဖြစ်၏။ အဆိုတော်များချော၏။ အသံအလွန်ကောင်း၏။ ဆိုင်းနောက်ထ များ ဖြစ်ကြသော လူရွှင်တော် စိန်ဝင်းမော်၊ ဘိုကလေးမောင်မြင့်များ





နှင့် အဲဗွားတို့ကလည်း ပြက်လုံးများ ပွဲကျအောင်ပျက်နိုင်၍ ပရိသတ်အ လွန်ကြိုက်ကြ၏။ ညလုံးပေါက်ညည့်ခံမှာမို့ ရွာဆွေရွာမျိုးများ လှည်းအုပ် နှင့် ကြိုရောက်နေ၏။ အင်း. . . တကယ့်ထမင်းရည်ချောင်းစီး အလှူ ကြီးပါ။

ရွှေရောင်ဖိတ်ဖိတ်လက်နေသည့် တိုက်မဏ္ဍပ်ကြီးရှေ့မှာ ရှင် လောင်းလှည့်ဖို့ မြင်းများကလည်း ကကြိုးတန်ဆာများနှင့် ကြိုရောက်နေ ကြ၏။

"ငက်ခါးတို့ ရောက်ပြီလားဟေ့"

"ရောက်ပြီ ဦးအောင်ငြိမ်းရေ"

"ရောက်ရင် သွားကြစို့ဟေ့။ ရှင်လောင်းလှည့်အမီ ချက်ရပြုတ် ရမှာဟ။ သုတ်သုတ်လုပ်ကြ"

အလှူအိမ် ထမင်းချက်တာဝန်ခံကြီး ဦးအောင်ငြိမ်းက ကွမ်းဝါး ရင်းမှ ရှေ့ဆောင်၍ ဝက်ပေါ်ရမည့်အိမ်သို့ ရှေးရှုထွက်ကြ၏။

ဓ ဓ ဓ ဓ ဓ

www.burmeseclassic.com

# ( ၂ )

ကိုသောင်းညွန့်တို့အိမ်ရောက်တော့ အိမ်ရှေ့ဝက်တဲမှာ အချိန်
ဆယ်ကျော် ဝက်သုံးကောင်ကို တအီအီအော်ရင်း တွေ့လိုက်ရ၏။

"ဒီသုံးကောင်လား ကိုသောင်းညွန့်"

"အေးကွ ငှက်ခါး"

ငှက်ခါးက အချိန်ဆိုင်းမနေတော့။ ဝက်ခြံထဲဝင်လိုက်ပြီး လုပ်
ကျွမ်းကျင်သူပီပီ ဝက်တစ်ကောင်ရဲ့ နလုံးရှိရာ ရှေ့လက်ပတ်ကြား
အနီးကပ်၍ လှံနှင့်ထိုးလိုက်သည်။

"ဖွပ်"

"အီ. . . အီ"

ငါးမိနစ်မျှပင် မကြာလိုက်၊ ဝက်တစ်ကောင်လဲကျသွား၏။
ဝက်နှစ်ကောင်က လန့်၍ ထောင့်မှာကပ်ပြီး အော်ကြ၏။ ငှက်ခါး
ဝက်နှစ်ကောင်လုံးကို လှံတစ်ချက်စီနှင့် ပွဲသိမ်းလိုက်သည်။





"လှည်းပေါ်တင်ပြီး ဖုံးသွားကြ"

နှီးလုံးတို့အုပ်စုက ဝက်သေသုံးကောင်ကို နွားလှည်းပေါ်သို့ မတင်
လိုက်ကြသည်။

ငှက်ခါးက ခါးကြားမှ ချက်အရက်ပုလင်းကို ထုတ်၍ မော့လိုက်
ပြီး ဝက်ထိုးလှံမှ သွေးစသွေးနများကို ပိန္နဲရွက်ကြေနှင့် သုတ်ပစ်လိုက်
၏။

"နောက်နှစ်ကောင်ကရောဗျ"

"ရွာမြောက်ဖျားက ကျောပြားကြီးတို့တဲမှာ"

သို့နှင့် သူတို့ ဝက်သေတင်လှည်းကြီးနှင့် ရွာမြောက်ဖျား ကွင်းစပ်ရှိ
ကိုကျောပြားကြီးတို့တဲသို့ ထွက်ခဲ့ကြ၏။

"ကျောပြားကြီးရေ"

"လာကြ။ ဖိုးအောင်ငြိမ်း"

"ဘယ်ဝက်တွေလဲကွ"

ဒီမှာ ကိုအောင်ငြိမ်းက ဝက်တဲထဲရှိ ဝက်ငါးကောင်အုပ်မှ ခါးပတ်
ကြားဝက်ထီးကြီးနှစ်ကောင်ကို လက်ညှိုးထိုးပြလိုက်၏။

"အဲဒီခါးပတ်ကြားကြီးနှစ်ကောင်က"

နည်းတဲ့ကောင်ကြီးတွေ မဟုတ်ပါလား။ ပါးစုံကြီးများထွက်ပြီး
နှတ်ခမ်းတွေ ကော့လန်လို့။ အကျွေးအမွေးကောင်း၍ ဝဝဖိုင့်ဖိုင့်ပြီး ဖောင်း
အမွေးများပင် ထောင်နေ၏။

ငှက်ခါးက ဝက်ထိုးလှံကို အသင့်ပြင်ပြီး

"ကိုကျောပြားကြီး"

"ဘာတုံးကွ ငှက်ခါးရ"

"ဒီဘက်က ခြံကွက်ထဲကို တစ်ကောင်ချင်း မောင်းသွင်းလေဗျာ"

"အေး အေး"

ဝက်ကြားကြီးတစ်ကောင် ခြံကွက်ထဲသို့ ဝင်လာ၏။ ဝက်ကြီးက
သေနံ့ရလို့လားမသိ။ တအီအီနှင့် ရှောင်ဖယ်ရှောင်ဖယ် လုပ်နေ၏။

www.burmeseclassic.com



ဒီအချိန်မှာ ကိုကျောပြားခေါ်မိန်းမနှင့် ကလေးနှစ်ယောက် အပြင်မှ ရောက်ချလာကြ၏။ သူတို့သည် ဝက်သတ်ရန် ဟန်ရေးပြနေသည့် ငှက်ခါးရဲ့ သွင်ပြင်ကို ကြောက်ရွံ့သလို လှမ်းကြည့်ပြီး. . .

"အဖေ"

"ဘာတုံးသမီး"

ဆံရစ်ဝိုင်းလေးနှင့် ၁၀ နှစ်ခန့်ရှိသော ကောင်မကလေးက သူ့အဖေကျောပြားကြီးကို အော်၍ခေါ်လိုက်၏။

"ဒီ. . . ဒီလူကြီး"ဝတုတ်"ကို ဘာ. . , ဘာလုပ်ကြမလို့လဲဟင်"

"ဝက်ပေါ်မလို့လေ သမီးရဲ့"

"ဟင် သမီးတို့ဝက်ကြီးကို သတ်မလို့ မလုပ်ပါနဲ့ အဖေရာ။ အဖေ မသတ်ပါနဲ့။ အဖေရယ် နော်. . . နော်"

"ဒီဝက်နှစ်ကောင်ကိုရောင်းပြီးရင် သမီးကို နားဆွဲလေး လုပ်ပေးမလို့ပါ သမီးရယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . မသတ်ရဘူး. . . မသတ်ရဘူး။ ဝတုတ်ရေ. . . ဝတုတ်"

ကလေးမလေးက အသံတုန်တုန်ယင်ယင်နှင့် အော်ခေါ်လိုက်သောအခါ "ဝတုတ်"အမည်ရှိ ဝက်ကြားကြီးက ကလေးမလေးရှိရာသို့ လှမ်း အကြည့် "စွပ်"

"အီ. . . အီ"

"အမေ. . . အမေ့"

"ဝတုတ်"

"ဝတုတ်"

ငှက်ခါးက အဲဒီအချိန်လေးမှာပဲ ဝက်ကြားကြီးရဲ့ လက်ပတ်နလုံးရှိရာသို့ တစ်ပေခန့်ရှည်သော ဝက်ထိုးလှံများကို ဆောင့်ထိုးသွင်းလိုက်သည်။ ရူးရူးဝါးဝါး အော်လိုက်သည့် ဝက်သံနှင့်အတူ မောင်နှမနှစ်ယောက်ရဲ့ ရင်ကွဲမတတ် ဟစ်အော်ငိုလိုက်သည့်အသံကို အားလုံး ကြေကွဲရင်နင့်





စွာ ကြားလိုက်ရတော့သည်။

"ဝတုတ်. . . ဝတုတ်ရေ. . . ဟီး ဟီး"

"ဟီး. . . ဟီး. . . မသတ်ကြပါနဲ့၊ မသတ်ကြပါနဲ့"

"မြကြည်"

"ဘာတုံး"

"ကလေးနှစ်ယောက်ကို အဝေးခေါ်သွားစမ်း"

ကိုကျောပြားကြီးရဲ့ အော်လိုက်သံကြောင့် ကျောပြားကြီးဇနီး မြကြည်က ခုန်ပေါက်ငိုယိုနေသည့် ကလေးနှစ်ယောက်ရဲ့ လက်ကိုဆွဲ၍ အပြင်သို့ ခေါ်ထုတ်၏။

"မလိုက်ဘူး။ မဆွဲနဲ့"

"ဝတုတ်ရေ"

"နားရွက်တိုကြီးရေ"

"မသတ်ပါနဲ့၊ ငါတို့ဝက်ကြီးကို မသတ်ပါနဲ့ ဟီးဟီး"

"နားရွက်တိုရေ"

ဒီအချိန်မှာ ကိုကျောပြားကြီးက နားရွက်တိုတိုနှင့် ဝက်ထီးကြီးဒီဘက်ခြံသို့ မောင်းသွင်းလိုက်သည်။ တုတ်ရှည်နှင့်ထိုး၍ မောင်းသွင်းလိုက်မှ အရွယ်ဖွေးဖွေးနှင့်ဖက်ထီးကြားကြီးက မဝင်ချင့်ဝင်ချင်ဝင်လိုက်ပြီး အဖော်ဝက်သေနံ့ရ၍ ခြံထဲမှာ ချာလပတ်ချောက်ပြေးနေ၏။

နားရွက်တိုကြီးကို သတ်မည်ဖြစ်မှန်းသိတော့ ကလေးနှစ်ယောက်တာ မိခင်လက်မှ အတင်းရုန်းကန်၍ အော်ဟစ်ငိုယိုနေကြသည်။

"အမေ၊ သမီးနားဆွဲမလိုချင်ဘူး။ နားရွက်တိုကို မသတ်ပါနဲ့"

"အဖေ သားတို့ကောင်ကြီးကို မသတ်ပါနဲ့"

"နားရွက်တိုကြီးရေ ဟီးဟီး"

ကိုကျောပြားကြီးက ရုန်းကန်အော်ဟစ်နေသည့် ကလေးများမမြင်အောင် ကိုယ်လုံးနှင့်ကွယ်ထားလိုက်သည်။

နားရွက်တိုဝက်ကြီးသည် ရန်သူဝက်ထိုးသမားက သူ့ကိုလှံရှည်

www.burmeseclassic.com



နှင့်ထိုးရန် လှည့်ပတ်ခြောက်နေမှန်းသိသောအခါ ရင်ဆိုင်ခုခံရန် ခေါင်းကို မော့၍ ကြည့်လိုက်သည်။

"ဖူး. . . အွမ်"

"အီ. . . အစ်"

မြေကြီးများကို နှုတ်သီးနှင့် ထိုးကော်ပက်ပြီး လုံးချက်ကို လှည့်ပတ်ရှောင်နေ၏။ ငှက်ခါး ခြံပြင်မှ ထိုးရန်ခက်နေ၏။ ဝက်ကလည်း ရန်ပြုလိုစိတ်ရှိနေ၍ အထဲဝင်ထိုးရန် ခက်နေသည်။

"ကြာတယ်ကွယ်"

ကိုကျောပြားကြီးက သူ့ကလေးများကို ထိန်းမနိုင်၍ လှမ်းအော်လိုက်၏။

"အထဲဝင်ထိုးကွာ ငှက်ခါး"

ငှက်ခါးအချိန်ကြာနေ၍ အရက်ကို ထပ်မော့လိုက်ပြီး ခါးတောင်းမြှောင်အောင်ကျိုက်ကာ ခြံထဲသို့ လုံ့အသင့်ဖြင့်၍ ဝင်လိုက်သည်။

သူ ဝက်ထိုးလာတာကြာပါပြီ။

ဟိုရွာ အရှေ့ဖျားက ရိုးမတောင်ခြေစပ်မှာ တောဝက်များနှင့် သူနိုင်လို့မျိုးရင်ဆိုင်ကြဲဖူးသည်။

နောက်ဆုံး အလွန်ကြမ်းကြုတ်သည့် တောဝက်ကြီးများပင် သူ့ဝက်ထိုးလုံ့အွားမှာ နှလုံးသွေးကို ပေးဆပ်သွားကြရသည်းဖြစ်၏။

"အီ. . . အီ. . . ဖု"

ဝက်က လှည့်ပတ်ပြေးရင်း ရင်ဆိုင်ရန် ဖြင့်လိုက်လျှင် သူက လုံ့ဖျားနှင့်မှာန်ပြီး အသာပတ်၍လိုက်၏။

"နားရွက်တို ပြေးပြေး"

"နားတိုကြီး ပြေး၊ သား ထွက်ပြေး၊ ဖူး အူး ဝူး"

ကလေးနှစ်ယောက်က အသံကုန်ဟစ်၍အော်၏။ ဒီမှာတိုကျောပြားကြီးက. ကောင်မလေးနှင့် ကောင်လေးပါးစပ်ကို လက်ဝါးနှင့်ပိတ်ထား၏။





ကလေးနှစ်ယောက်ရဲ့ အော်သံကိုကြားတော့ နားရွက်တိုဝက်ကြီး အလှည့်အကြည့်

"ဖွစ်"

"အီ. . . အီ. . . အီ"

"နားရွက်တို"

"အီ. . . အီ"

"ဖုန်း"

"သွားပါပြီကွ"

ဒီလို အငဲ့လေးမှာပဲ ငှက်ခါးရဲ့ ဝက်ထိုးလုံ့က နားရွက်တိုကြီးရဲ့ နှလုံးသားကို တစ်ဆုံးနစ်ဝင်သွားပြီး ဝက်ကြီး အသက်ဝအောင် မရှူနိုင်ဘဲ မြေပြင်ပေါ်သို့ တအီအီလဲကျကာ ငြိမ်သက်သွားလေသည်။

"သေပြီလားကွ၊ ငှက်ခါးရ"

"သေပါပြီကွာ"

"စိတ်ချရအောင်ထုတ်ပါကွာ"

"ငှက်ခါးပါကွာ၊ နှစ်ချက်ထိုးစရာ လိုးစိမရှိဘူး။ တစ်ချက်ပဲ ခင်းကောင်ထပြေးလို့ရရင် ပြေးစမ်းပါ။ စော့ကောင်နားရွက်တိုကြီး ခင်ပြေးလို့ရရင် ပြေးစမ်းလေကွာ။ ဟား. . . ဟား. . . ဟား. . . ဟား ပြေးစမ်းပါကွ"

"ဖုန်း"

"ဖောင်း"

"အွား"

"ဟာ"

"အမလေး"

"အဖေ့ ဟုတ်ကြပါဦးဟ"

ငှက်ခါးက သို့ကလိုပြောရင်း လဲကျနေသည့် ဝက်ကြီးရဲ့ကိုယ်လုံးကို ခြေနှင့်ကန်လိုက်စဉ်မှာပဲ ငြိမ်သက်နေသည့် ဝက်ကြီးသည် ဖုန်းခနဲ

www.burmeseclassic.com



ကောက်ထကာ ငှက်ခါးကို ထိုးကော်ပက်လိုက်သည်။ မျှော်လင့်မထားသော ဖြစ်ရပ်က ဆိုးဝါးလှသည်။ ဝက်နှုတ်သီးကြားမှ အစွယ်သည် ငုံ့ကြည့်နေသည့် ဇာတ်ထိုးသမား ငှက်ခါး၏ပေါင်ကြားကို ကော်ခွဲလိုက်ကာ ငှက်ခါး ခြေကားရား၊ လက်ကားရားနှင့် ဝက်ခြံထောင့်ကြီးမှာ လွင့်စဉ်ပစ်ကျသွားပြီး ထွန့်ထွန့်လူးနေ၏။

ဝက်ကြီးသည် သွေးစက်လက်နှင့် ကုန်းထပြီး ခြံအပြင်မှ လူများကို မှန်းတီးစွာ ကြည့်နေ၏။

"နားရွက်တို့ ပြေး. . . ပြေး"

"နားတို့ . . . ပြေး. . . ပြေး"

"ဝုန်း"

"အီ. . . အီ"

"ဟာ ဟ ရှောင်ကြ ပြေးဟေ့"

"ပြေး. . . ပြေး"

ကလေးများရဲ့အသံကို ကြားသည်နှင့် သွေးစက်လက်ဒဏ်ရာနှင့် ဝက်ကြီးသည် ဝက်ခြံစည်းရိုးကို နှုတ်သီးနှင့်အားကုန် ကော်ပက်လိုက်ရာ ဝါးတန်းများ ကျိုးကုန်လေ၏။

ဒီမှာပဲ ဝါးကျိုးများကို ခုန်ကျော်ပြီး အပြင်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားတော့သည်။

ဒိုးလုံးတို့ စိန်ကြီးတို့အုပ်စုလည်း နီးရာသစ်ပင်များမှာ ပြေးပုန်းကြရ၏။

နားရွက်တိုကြီးသည် ပြေးရင်းမှ မည်းမည်းမြင်ရာကို ပက်နေရကား ကိုကျော့ပြားကြီးသည် ကလေးနှစ်ယောက်ကို ဆွဲ၍ ပြေးတော့၏။

ကလေးနှစ်ယောက်က ငိုကြီးချက်မနှင့် ဝက်ကြီးနာမည်ကို အော်ခေါ်ကြ၏။ ဒဏ်ရာရ ဝက်ကြီးသည် ကလေးနှစ်ယောက်ရှိရာသို့ တစ်ချက်လှည့်ကြည့်ပြီး ကမူးရှူးထိုး ပြေးရကား လမ်းမှလူများလည်း ပြိုလဲကွဲကုန်ကြ၏။

---

**စိတ်ကူးသစ်စာပေ**



ဒီမှာပဲ ဒိုးလုံး[illegible]စုက ဝက်ခြံထဲဝင်၍ ငှက်ခါးကို ကြည့်လိုက်ကြရသည်။

"ငှက်ခါး . . . ငှက်ခါး"

"ငှက်ခါး"

"ခေါ်လို့မရတော့ဘူးဗျ"

"သွေးထွက်များနေတယ်"

"မြို့ဆေးရုံကိုပို့မှဖြစ်မယ်။ ဝက်သေတွေချ၊ လှနာကို အမြန်တင်"

သူတို့အားလုံး နွားလှည်းပေါ်မှ ဝက်သေများကို ပစ်ချပြီး သွေးသံရဲရဲနှင့် ငှက်ခါးကိုတင်ကာ မြို့ရှိရာသို့ နွားလှည်းကို အမြန်မောင်းနှင်ရသည်။

"အောင်ရွှေ မှင်းနေခဲ့ပါကွ"

"ဘာလုပ်ဖို့လဲဗျာ"

"ဝက်နောက်ကို လိုက်ဦးမှပေါ့ကွဲ၊ ကိစ္စမှ မပြတ်သေးတာ"

"ဒီမှာ ကိုအောင်မြင့်နဲ့ ကိုကျော့ပြား၊ အဲဒီဝက်နောက်ကို ခင်ဗျားတို့ပဲ ဆက်လိုက်၊ [illegible]ချင်း အသက်လောက် ဘယ်ဟာမှ အရေးမကြီးတော့ဘူး။ မြန်မြန် [illegible]မြန်မြန်မောင်းကွာ၊ မောင်း"

လှည်းသမား[illegible]ကို လွှပ်လိုက်သည်နှင့် နွားနှစ်ကောင်သည် [illegible] မြို့သွားသည့်လမ်းရှိရာသို့ ဒုန်းစိုင်းကြလေသည်။

www.burmeseclassic.com



[illegible]

# (၃)

နောက်ဆုံး ကိုအောင်ငြိမ်းနှင့် ကိုကျော့ပြားကြီးတို့သည် ဒဏ်ရာရ ဝက်နောက်သို့ လိုက်ကြရတော့သည်။ အလွှာအိမ်တို့မှာ အချိန်မီလုပ်ရမှာ ရှိသေးသည်ကိုး။

ရွာလယ်မှ လူများ၊ ဥဒဟိုရှောင်တိမ်းအော်ဟစ်နေကြ၏။

"ကြိုင်း၊ နားရွက်တိုကြီးကို တွေ့လားဟေ့"

"ခင်ဖျားကောင်ကြီး မြင်မြင်ရာကို လိုက်ပက်နေတယ် ကိုကျော့ပြား"

"ခု ဒီကောင် ဘယ်နားမှာလဲကွ"

"မပြားကြီးအလောင်းစင်အောက်မှာ ရောက်နေတယ်တဲ့ဗျ"

"ဟင်"

ကြာဖက်ကြီးရွာတောင်ဖျားမှာ ပိုးထိ၍ သေသည့်–မပြားကြီး





အသုဘရှိသည်။ ရွာထုံးစံအတိုင်း ၃ ရက်ထား၏။ သန်ဘက်ခါမှာ သင်္ဂြိုလ်မည်ဟု သိရသည်။

သူတို့အားလုံး ရရာလက်နက်များဆွဲ၍ ဒဏ်ရာရ နားရွက်တိုကြီး နောက်သို့ လိုက်ကြ၏။

ကြည့်စမ်း၊ ဒဏ်ရာရဝက်သည် ဟိုဘက်ရွာသို့ပင် ရောက်နေပါတကား။ သူတို့အုပ်စု လက်နက်များနှင့်ရောက်တော့ အသုဘအိမ်မှာလည်း လူများ ပြေးလွှားအော်ဟစ်နေကြသည်။ အချို့ ပုန်းအောင်းနေကြသည်။

ဖဲသမားအုပ်စုက လေးရှုများ၊ ခုံများနှင့် အလောင်းစင်အောက်မှာ ဝပ်နေသော ဒဏ်ရာရသွေးသံစက်လက် ဝက်ကြီးကို ခြောက်လှန့်မောင်း ထုတ်နေကြ၏။ ဝက်ကြီးက ပြန်ရန်ပြုနေ၍ အနီးသို့မကပ်ရဲ။

အချို့က တောဝက်ဟု ထင်နေကြ၏။

ကိုကျော့ပြားကြီးတို့ ရောက်သွားပြီး ဝိုင်းရန်ပြင်လိုက်သောအခါ ဒဏ်ရာရဝက်ကြီးသည် အလောင်းတင်ထားသည့် ခုတင်အောက်မှ ထွက်၍ လိုက်ပက်၏။ သူတို့အော်ဟစ်၍ ရှောင်ကြစဉ်မှာပဲ ဒဏ်ရာရဝက်ကြီးသည် အလောင်းစင်ပေါ်မှ လွှားခနဲခုန်ကျော်ကာ ရွာပြင်သင်္ချိုင်းထဲသို့ ဝင်ပြေးတော့သည်။

"ကျော့ပြား"

"ဗျာ… ကိုအောင်ငြိမ်း"

"မင်းကောင် မလွယ်တော့ဘူးကွ"

"ဘာဖြစ်လို့လဲ"

"ကြည့်ရတာ မရိုးသလိုပဲ"

"ဗျာ သေလောက်တဲ့ဒဏ်ရာနဲ့ဥစ္စာဗျာ"

"အေးလေ၊ သေလောက်တဲ့ ဒဏ်ရာရနေတာ မှန်ပေမဲ့ ခုကြည့် အစိမ်းသေ မသာအလောင်းကို ခုန်ကျော်ပြီး သင်္ချိုင်းထဲကို ပြေးသွားပြီ။ ဒါ… ဒါ… အဲဒါဆန်းပြီး ကြောက်စရာအံ့စရာပဲကွ"

"အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်"

www.burmeseclassic.com



"ငါတို့ချည်း အရဲစွန့်လိုက်လို့ မဖြစ်ဘူး။ မင်းမုဆိုးထွန်းခင်ကို သိတယ်မဟုတ်လား"

"သိတယ်ဗျ"

"သူ့ကိုသွားခေါ်။ နို့မို့ နေဝင်သွားမယ် သွား"

သို့နှင့် ကိုကျော်ပြားကြီး မုဆိုးထွန်းခင်ရှိရာသို့ ပြေးရတော့သည်။ တွေ့သည်နှင့်အကျိုးအကြောင်းပြော၍ မရမကခေါ်ခဲ့ရသည်။ မုဆိုးထွန်းခင်သည် အမဲလိုက်ရာမှာ ကျွမ်းကျင်၏။

ဒဏ်ရာရသားကောင်နောက်သို့ သွေးစက်ခံ ခြေရာခံလိုက်ရာမှာလည်း အလွန်ကောင်း၏။ အခု ဒဏ်ရာရဝက်နာသည် သချိုင်းမှာသေခဲ့ရင်၊ မိခဲ့ရင်တော်ရဲ့။ မတော်လို့များ ရိုးမတောစပ်ထဲသို့ ဝင်သွားခဲ့လျှင် တောဝမ်းစာရှာသူများ၊ ထင်းခုတ်သွားသူများ၊ မုဆိုးများအတွက် လွန်စွာအသက်အန္တရာယ်များလှ၏။

ဒဏ်ရာရသားကောင်တို့မည်သည် မြင်မြင်ရာရာကို ရန်သူလို သဘောထား၍ အသေအကြေ တုံ့ပြန်တိုက်ခိုက်လေ့ရှိသည်။

မကြာခင် မုဆိုးထွန်းခင်၊ ကျော်ပြားကြီး၊ ကိုအောင်မြိမ်းနှင့် အလှူရှင်သားချင်းများ သချိုင်းကုန်းရှိရာသို့ စုပေါင်းရောက်ရှိလာ၏။

ဒီမှာ ဒဏ်ရာရဝက်နာကြီးအား မြေပုံပျက်ကြားမှာ လဲနေသည်ကို မြင်ရ၏။ လူသံကြားသောအခါ ဒဏ်ရာရဝက်နာကြီးသည် မြေပုံကို နှုတ်သီးနှင့်ထိုးကော်ပက်ပြီး ရန်ပြုရန် ပြင်လိုက်သည်။

မုဆိုးထွန်းခင်က ဒူးလေးနှင့်လှမ်းပစ်လိုက်၏။

ဒူးလေးပစ်ချက်လွဲသွား၏။

ဝက်နာကြီးက လေးညှို့မှလွတ်သော မြားကဲ့သို့ ပြေးဝင်လာ၍ အားလုံးအော်ဟစ်ပြီး သချိုင်းကုန်းပြေးကြ၏။

မုဆိုးထွန်းခင် သစ်ပင်ပေါ် ပြေးအတက်ကောင်းလို့။ နို့မို့ ဝက်အပက်ခံရဖွယ်ရှိ၏။

ဝက်နာကြီးသည် ဒယီးဒယိုင်နှင့်မုဆိုးထွန်းခင်ကို မော့ကြည့်နေ၏။





သတ္တိကောင်းလှသူများပင် အနားသို့ မကပ်ရဲကြ။ ဝက်နာကြီး၏ မျက်လုံးအစုံသည် မီးကျီခဲလို ရဲတွတ်ပြီး တဖူးဖူးနှာမှုတ်၍ ဒေါသကြီးနေ၏။

ဒီအချိန်မှာ ကျောပြောင်ခါးတောင်းကျိုက်နှင့် လူသန်ကြီးတစ်ဦး ဝါးချွန်ရှည်ကြီးကိုင်၍ ပြေးလာနေ၏။

"ဟော့လူ. . . မလာနဲ့"

"မလာနဲ့၊ ဝက်က တောဝင်သလိုဖြစ်နေတယ်"

မုဆိုးထွန်းခင်က သစ်ပင်အမြင့်ပေါ်မှ အော်ဟစ်၍ သတိပေး၏။ သို့သော် ကျောပြောင်ခါးတောင်းကျိုက် ဝါးချွန်နှင့်လူကြီးက လုံးဝဂရုမစိုက်။ ဝက်နာရှိရာသို့ အရဲတိုး၍ ဝင်လာနေ၏။

မုဆိုးထွန်းခင် ကြည့်လိုက်တော့ ဤသချိုင်းမှ စဏ္ဍာလကြီး ဦးရာပြည့်။

"ဦးရာပြည့်၊ အသက်ပြင်းတဲ့ဝက်နော် သတိထား"

စဏ္ဍာလကြီး ဦးရာပြည့်ကြီးသည် သွေးသံရဲရဲ ဖောင်းမွေးထောင်ပြီး မျက်လုံးနှစ်လုံး ဒေါသအမျက်နှင့်မီးကျီခဲလို ရဲနေသည့် ဝက်နာကြီးရှိရာသို့ရောက်လာခဲ့ပြီး ဝက်နာနှင့်သူသည် ဝါးတစ်ပြန်ခန့်သာ ကွာဝေးတော့၏။ ဒေါသကြီးနေသည့် ဝက်နာကြီးသည် စဏ္ဍာလကြီး ဦးရာပြည့်ကြီးကိုမြင်သော် မျက်နှာချင်းဆိုင်လိုက်၏။

ဦးရာပြည့်ကလည်း လက်ထဲက ဝါးချွန်နှင့်အသင့်ချိန်ထားလိုက်၏။

ဝက်နာကြီးကလည်း သွေးသံရဲရဲနှင့်တစ်လှမ်းခြင်း ရှေ့တိုးလာသလို ဦးရာပြည့်ကလည်း လုံးဝနောက်မဆုတ်ဘဲ ဝါးချွန်ကို လက်နှစ်ဖက်နှင့်စုံကိုင်၍ ရှေ့သို့တိုးသွား၏။

ဒီမှာပဲ ဝက်နာကြီးက ရူးဝါးစွာအော်ဟစ်ပြီး ကျုံးပက်လိုက်သည်။ ဦးရာပြည့်ကြီးက အသာရှောင်လိုက်ပြီး ဒဏ်ရာရထားသည့်နေရာကို မှန်းချိန်၍ ဝါးချွန်နှင့်အားကုန်ထိုးစိုက်ဖိထားလိုက်သည်။

"အီ. . . အီ"

"အွန့်. . . အွန့်"

www.burmeseclassic.com



"အိ အိ အိ"

"ကျား ကျား ရာပြည့်တဲ့ကွ ကိုင်းဟာ ကိုင်းဟာ"

ဝါးချွန်သည် တုန်ခါနေသည်။ စဏ္ဍာလကြီး ဦးရာပြည့်ကြီးသည် ကြွက်သားအမြှောင်းမြှောင်းထအောင် စိုက်၍ ဖိထိုးရကား ဓါးကြွင်း ဝက်နာကြီး အသားဆတ်ဆတ်တုန်ပြီး လုံးဝကို ငြိမ်သက်သွားတော့၏။

"ဟော့ကောင်. . . ထလို့ရရင် ထစမ်း. . . ကဲကွာ ကွဲကွာ"

ဦးရာပြည့်က ဝက်ငြိမ်ကြီးကို ခြေနှင့်ကန်၏။ ဖိစိုက်ထိုးချ ပြီး ဝက်ဦးခေါင်းကို ညာခြေနှင့် နင်းထားပြီး ဝက်မြီးကို ခါးကြိုး ဓားမနှင့်ခုတ်ဖြတ်၍ ပါးစပ်နှင့်ကိုက်ထားလိုက်၏။

ဝက်ကြီးသည် လုံးဝကိုမလှုပ်တော့။ ဒီတော့မှ စခိုးထွန်းခင်သည် သစ်ပင်ပေါ်မှ ဆင်းလာနိုင်၏။ ပြီး သူ့ဒူးလေးကို ကောက်ကိုင်လိုက်၏။

"အားလုံး လာခဲ့ကြ။ သေနေပြီဟေ့"

တိုကျော်ပြားကြီးတို့ ဦးအောင်ငြိမ်းတို့လည်း ခုမှပဲ ဝက်သေနား ကို ရဲရဲဝင့်ဝင့်တော့၏။ ဝက်ကြီးသည် လူသေမြှုပ်မည့် မြေကြီးကျင်းသို့ နားမှာ သေနေ၏။

"ကိုရာပြည့်ကောင်းလို့ပေါ့ဗျာ၊ နို့မို့ရင်လား"

"ဒီကောင် သေရာကနေ ဘယ်လိုဖြစ်သွားလဲ မသိခဲ့ဘူးဗျာ"

"ကျုပ် ကြားချက်အရဆိုင်ရင် ဟိုကောင်ငှက်ခြီးက ဖက်ထိုးပြီး ချိန်က ပြေးလို့ရရင် ပြေးလေကွာလို့ ပြောသဆို"

ဦးရာပြည့်ကြီးက မေးလိုက်၏။

"ဟုတ်တယ် ကိုရာပြည့်ရ"

"အဲဒါ ဆိုးတာပေါ့ဗျ"

"ဘာဖြစ်လို့"

"အိမ်က သားကောင်တစ်ရွာနိုဝဲဖြစ်ဖြစ် တောထဲက သားကောင် တိရစ္ဆာန်ပဲဖြစ်ဖြစ်သတ်ရင် ဘာမျှမပြောရဘူးဗျ။ သူ့ဘာသာ အသက် ထွက်အောင်စောင့်ကြည့်နေရတယ်။ ခုတော့ မူးမူးရူးရူး ဖင်ခေါင်းကျယ်





သည်နဲ့ ပြေးလို့ရရင် ပြေးဆိုတော့ မသေသေးတဲ့ဝက်က ပြန်အသက်သွင်း ထိုက်သလို ရှင်ပြီး ခုံပြေးတာပေါ့။ ဗိုဆိုးတာက အစိမ်းသေအသုဘ ခေါင်းပေါ်ကျော်ပြီး ဒီသချိုင်းထဲ ဝင်ပြေးလာတော့ မကောင်းဆိုးဝါး အကြိုက်ဖြစ်ပြီး ထိန်းမရသိမ်းမရ ဖြစ်တာပေါ့ဗျ"

စဏ္ဍာလကြီးက သူ့ဘဝအတွေ့အကြုံနှင့်ရှင်းပြနေ၏။

"ဦးရာပြည့်ကြီး"

"ဘာလဲ ကိုအောင်ငြိမ်း"

"ခင်ဗျားကျတော့ ဘာလို့ ဝါးချွန်နဲ့ ထိုးသတ်လို့ရသလဲဗျ"

ဒီမှာ စဏ္ဍာလကြီးဦးရာပြည့်က သွေးပေနေသည့် ဝါးချွန်ကြီးကို မြှောက်ပြပြီး

"ဒါ ဘာဝါးချွန်မှတ်လို့လဲ"

"မသိဘူးလေ"

"ဒါ အစိမ်းသေများကို မီးသင်္ဂြိုဟ်ရာမှာ ထိုးတဲ့လှည့်တဲ့ တစူးဝါးဗျ"

"ဟင်. . . တစူးဝါး ဟုတ်လား"

"အစိမ်းသေရော အကျက်သေရော နာနာဘာဝရော မိဖဝါရော လာမရှုပ်နဲ့၊ ဒီနေရာက ကျုပ်သြဇာသက်ရောက်ရာနေရာ။ ဒီက တစူးဝါးနဲ့ တွေ့ရင် ပယောဂရော အပရော အမှုန့်ကြေပြီသာမှတ်"

"အံ့သြစရာပဲဗျာ"

ဒီမှာပဲ ဦးအောင်ငြိမ်းက ဝက်သေကြီးနံဘေးမှ ကျင်းသစ်ကြီးကို ကြည့်ပြီး. . .

"ကိုရာပြည့်ကြီး"

"ဘာလဲဗျ"

"ဒီကျင်းသစ်က ဘယ်သူ့အတွက် ကျင်းသစ်လဲဗျ။ မသိလို့မေး ရတာပါ"

"အဲဒါ ခင်ဗျားတို့ ဝက်သေပြန်ရှင်ပြေးပြီး ခုန်လွှားကျော်ပြေး

www.burmeseclassic.com



ခဲ့တဲ့ မြွေကိုက်သေသူ အစိမ်းသေ မထွားကြီးအလောင်းကို မီးသင်္ဂြိုလ်ပြီးရင် အရိုးမြေမြှုပ်ဖို့ တူးထားတဲ့ကျင်းပဲဗျ"

"ဟင်"

ကြားလိုက်ရသူအားလုံးသည် အံ့ဩဖွယ်ရာ တိုက်ဆိုင်မှုများအတွက် ပို၍ အံ့ဩမဆုံးဖြစ်ကြပြီး စဏ္ဍာလကြီးလက်ထဲက သွေးပေတရူးဓါးကြီးကို မဝံ့မရဲ လှမ်းကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်၍ နေကြလေသည်။

မှတ်ချက် ။ ထိုနေ့က သေပြေးရှင်ပြေးဖြစ်ပြီး နောက်ဆုံးသချိုင်းမှာ တစုံးဝါးနှင့်ထိုးသတ်ခဲ့ရသည့် ဝက်ကြီးကို ရွာအလှူအိမ်ရှိရာသို့ ပြန်မသယ်ခဲ့ကြပါ။ အလှူရှင် ဦးဘမောင်က ဖြစ်စဉ်များကို သိကြားရသောအခါ ဝက်ဖိုးကို ပိုပိုသာသာပေးခဲ့လိုက်၏။ နောက်ဆုံး ၎င်းဝက်သေကြီးကို စဏ္ဍာလကြီး ဦးရာပြည့်ကြီးအား ကြိုက်သလိုသာ သုံးပါတော့ဟု ပြောပြီးပေးအပ်ခဲ့လိုက်သောအခါ။

မောင်ညိုမှိုင်း (သန်လျင်)

သည်းထိတ်ရင်ဖို၊ ၂၀၀၀၊ စက်တင်ဘာ

✸ ✸ ✸ ✸ ✸



www.burmeseclassic.com

## ( ၁ )

တစ်နေ့သောအခါ ကျွန်ုပ်သည် အိမ်ရှေ့မှာ ကုလားထိုင်ချ၍ သိပ္ပံဝတ္ထုအင်္ဂလိပ်မူရင်းကို စိတ်ဝင်စားစွာ ဖတ်ရှုနေစဉ် အိမ်ရှေ့ခြံဝမှ ခေါ်သံကို ကြားလိုက်ရ၏။

"လူကန့်လန့် ရှိလားဟေ့"

အလို ဘယ်သူများလည်း မှတ်တယ်၊ အလွန်ထူးဆန်းသော ပဥ္စလက်ဆရာကြီး ပုံပျက်ပန်းပျက်ဦးရသေ့ကြီးပါကလား။

"ဟေ့. . . လူ့ခွစာရှိလားကွ"

"မရှိဘူးဗျ"

ကျွန်ုပ်က ကျွန်ုပ်၏မူအတိုင်း ခွတိုက်ကန့်လန့်လုပ် ပြောချလိုက်သည်။ ဒီမှာ သူ ခြံတံခါးအပြင်မှ ကျွန်ုပ်ကို မြင်သွားပြီး ထော့နင်း ကွကလန်နှင့် အူမြူးသလိုရှိနေ၏။

"မင်းက လူကန့်လန့်မဟုတ်ဘူးလား"





"နိုး. . ."

"ဒါဖြင့် လူ့ခွစာမဟုတ်ဘူးလား"

"နိုး. . ."

"What is your name."

အလဲ့ ရုပ်ပျက်ဆင်းပျက် ပုံပျက်ပန်းပျက် ထော့ကလန့် ရသေ့အိုကြီးက တစ်ဆက်တည်း ရှည်နေသည့်ညာလက်ကို ခါးပေါ်တင်ထောက်ရင်းက ကျွန်ုပ်အား အင်္ဂလိပ်လို မေးလိုက်လေ၏။ ဒီမှာ ကျွန်ုပ်ကလည်း အားကျမခံ ပြန်ပြောလိုက်၏။

"My name is Mg Kyaing"

"ဟားဟားဟား မောင်ကျိုင်းတဲ့။ လူကန့်လန့် မောင်ကျိုင်းလို့ ဝီသေသပြုလိုက်ရင် မင်းဘဝ ပိုပြည့်စုံသွားပါပြီကွာ။ လုပ်ပါကွ တံခါးဖွင့်ပါဦး"

"ဒီနေ့တော့ ဆွမ်းမကပ်နိုင်ဘူးနော်"

"ရပါတယ်ကွာ။ ငါ့သပိတ်ထဲမှာ ဆွမ်းအပြည့်ပါ။ မင်းပါ စားလို့ရတယ် ကိုယ့်လူ"

ဤသို့မေးရခြင်းမှာ အကြောင်းရှိ၏။ အများသိကြသည့်အတိုင်း ကျွန်ုပ်သည် လူ့ခွစာ လူကန့်လန့်ဖြစ်၏။ ပရဝိဇ္ဇာဉ်လောကကို မယုံကြည်။ နိမိတ်နှင့်ချမ်းသာကို လက်မခံ။ နက္ခတ်ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ဘိုးတော်၊ ဝိဇ္ဇာ၊ ထွက်ရပ်ပေါက်ဆိုသည်များကို လုံးဝလက်မခံ။

ကျွန်ုပ်ကား ရုပ်ဝါဒသိပ္ပံသမားဖြစ်၏။ ခေတ်ပညာတတ်ဖြစ်၏။ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်၊ ထိုင်း၊ စင်ကာပူ ၆ နိုင်ငံ လှည့်၍ သိပ္ပံရုပဗေဒ ပညာရပ်များကို ဆည်းပူးလေ့လာ စာတမ်းဖတ်ခဲ့သူ ဖြစ်၏။

အူကြောင်ကြောင် ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုလို၊ အကြားအမြင်ရသူလိုလို လူများကို လိုက်ရှာတွေ့ဆုံပြီး မေးခွန်းများမေး လက်တွေ့လုပ်

www.burmeseclassic.com



နိုင်းခဲ့ရကား အချို့သော လောကီပညာရှင်ဆိုသူများသည် ကျွန်ုပ်နှင့်တွေ့လျှင် ချွေးပြန်၍ အရှက်ကွဲကြရ၏။

သို့ကလို ကျွန်ုပ်က အပြတ်လိုက်ဖိုက်နေစဉ် တစ်နေ့ နားရွက်တစ်ဖက်တည်းရှိပြီး ရှည်လျားနေသော၊ မျက်စိတစ်လုံးတည်းရှိသော၊ နှုတ်ခမ်းမှာ ချိုင့်နက်ကြီးပါသော၊ ဘယ်လက်တိုပြီး ညာလက်တစ်ချောင်းလုံးရှည်သော၊ ညာဘက်ခြေထောက်တိုပြီး ဘယ်ဘက်ခြေထောက်ရှည်နေသော ပုံပျက်ပန်းပျက် လူထူးလူဆန်း ရသေ့အိုကြီးတစ်ပါး ကျွန်ုပ်အိမ်သို့ မဖိတ်ခေါ်ဘဲ ရောက်လာ၏။

သူသည် အာမခံသော့နှင့် ခတ်ပိတ်ထားသည့် တံခါးမကြီးကို သော့မပါဘဲ ထူးဆန်းသော သူ့စိတ်ပညာစွမ်းနှင့် ဖွင့်ပြပိတ်ပြသွား၏။

ကျွန်ုပ်အိမ် မီးဖိုဆောင်မှာ အိမ်ရှင်မနှင့် အိမ်ဖော်များ ချက်ပြုတ်ပြီးသည့် ဟင်းလျာငါးမျိုးရဲ့ အမည်ကို အိမ်ရှေ့မှာထိုင်နေရင်း အလွတ်တပ်အပ်သေချာ အတိအကျ ပြောခဲ့၏။ ပြီး ဆွမ်းကပ်နိုင်း၏။

မြန်ခါနီး အိမ်ရှေ့က ကုက္ကိုပင်ကြီးကို နက်ဖြန်မနက်ကိုးနာရီ မိုးကြိုးပစ်လိမ့်မည်။ ၎င်းဝန်းကျင်မှာ မည်သူမျှမနေနှင့်ဟု နိမိတ်စကားများ ကြိုပြောခဲ့၏။

မယုံလို့ နောက်နေ့ စောင့်ကြည့်နေချိန် နံနက် ၉နာရီမှာ မိုးကြီးလေကြီးများကျပြီး မိုးကြိုးပစ်ချကာ ကုက္ကိုပင်ကြီး ထက်ခြမ်းကွဲသွား၏။ ကျွန်ုပ်တပည့် အောင်ထိန်ပင် ကျွန်ုပ် မယုတ်မလွန် သတိပေးပြီး နောက်ဖေးသွားနိုင်းလို့ နှီမှီ တပည့်အောင်ထိန် အဲဒီနေ့က ပွဲချင်းပြီး သေသွားနိုင်၏။

သူကိုယ်စား ကံဆိုးလှစွာ မိုးဝင်ခိုသည့် နွားသိုးကြီးတစ်ကောင် မိုးကြိုးစက်ကွင်းထိပြီး မည်းတူးသွားခဲ့လေ၏။

ဆိုရလျှင် ကျွန်ုပ်တွေ့ဖူးသမျှ လောကီပညာရှင်များထဲမှာ ဤပုံပျက်ပန်းပျက် ရသေ့ကြီးသည် နည်းနည်းထူးခြား၏။





ဒါတောင် သူက ပြောသွားသေး၏။ မင်းကို အခု 'အကင်း' နမူနာလေးပြတာတဲ့။ ဥပုသ်နေ့ကျရင် ငါ လာခဲ့မည်ဟု ကြိုပြောသွား၏။

ဒီနေ့ဥပုသ်နေ့။

ရသေ့ကြီး ပြောသည့်အတိုင်း ရောက်လာ၏။

"ဒီမှာ မောင်ကျိုင်းရ"

"ဘာလဲခင်ဗျ။ ပုံပျက်ပန်းပျက်ရသေ့ကြီးရ"

"ဒီခြံတံခါးက မင်းဖွင့်ပေးမှာလား။ အရင်တစ်ခါလို ငါ့ဘာသာငါ ဖွင့်လိုက်ရမလား"

"ကျွန်တော့်ဘာသာကျွန်တော် ဖွင့်ပေးပါမယ်။ ရသေ့ကြီး ပေါက်ကရတွေ လျှောက်မလုပ်ပါနဲ့ဗျ"

"ဟားဟားဟားဟား ဒါဆို ဖွင့်ကွာ"

ကျွန်ုပ်က ခြံတံခါးသော့ခလောက်ကို ဖွင့်ပေးလိုက်၏။ သူက ဆေးကျွာနေသည့် သပိတ်အပေါင်းကို ဘယ်လက်တိုနှင့် ပိုက်ပြီး ထော့ကလိန်ထော့ကလိန်နှင့် ဝင်လာပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်လေသည်။

"မင်း ငါနဲ့ရော တွေ့ချင်တဲ့စိတ် ရှိရဲ့လားကွ"

"သိပ်ကို တွေ့ချင်နေတာပေါ့ဗျာ"

"ဟော့ကောင် ကျိုင်း"

"ဘာလဲ ဦးရသေ့ကြီးရဲ့"

"ဟိုနေ့က မိုးကြိုးရော ပစ်ရဲ့လားကွ"

"ပစ်ရုံမကဘူး နွားသိုးတစ်ကောင်ပါသေရော"

"အိုး. . . ကျွတ်ကျွတ်ကျွတ် ဖြစ်ရလေကွာ။ ငါ သေသေချာချာ ကြိုပြောခဲ့လျက်သားနဲ့။ ဘာလို့ နွားသိုးကို မောင်းမထုတ်ရတာလဲကွဟင် လူမိုက်ရ"

"မယုံလို့ပေါ့ဗျာ"

"အခု ယုံပြီလား"

www.burmeseclassic.com



"အကြွင်းမဲ့ လုံးဝဥဿုံ မယုံသေးပါဘူးဗျာ။ ဒါမျိုးက မတော်တဆ တိုက်ဆိုင်မှုကြောင့်လည်း ဖြစ်နိုင်ချေရှိတာ ဥစ္စာ ဒီထက်ပိုယုံအောင် ပြောနိုင်ပြနိုင်ရင် ကျွန်တော် စဉ်းစားဆုံးဖြတ်ရမှာပေါ့"

"ကောင်းပြီလေ။ ဒီမှာ ငါ့ကို ဆွမ်းကပ်စမ်းကွာ။ အချိန်မှန်းတည့် တော့မယ်"

သူက သပိတ်ကြီးကို စားပွဲပေါ်ချ၍ ပြော၏။ သို့နှင့် ကျွန်ုပ်က သူ့သပိတ်ကိုမပြီး သူပြန်ပေးလိုက်(အမှန်က ကပ်လိုက်မှ)မှ သူက ရော သောထမင်းဟင်း(ဆွမ်း)ကို အားရပါးရစား ဘုဉ်းပေးလေ၏။

ေ ေ ေ ေ ေ

# (၂)

"မင်းကို ငါ ပြောစရာရှိလို့လာခဲ့တာ မောင်ကျိုင်းရ"

"ကျုပ်ကလည်း ရသေ့ကြီးကို သုတေသနလုပ်ချင်လို့ မျှော်နေတာ ပါဗျ"

"ဘာလဲ၊ မင်းက ငါ့ကို သိပ္ပံခန်းထဲထည့်ပြီး ခွဲစိတ်မှာလား။ ဒါမှမဟုတ် ဝါယာကြိုးတွေ၊ ကွန်ပျူတာတွေနဲ့ ချည်နှောင်ပြီး ပရက်ရှာအ တက်အကျနဲ့ စစ်ဆေးမလို့လား"

"အဲလိုမလုပ်ပါဘူး။ ရသေ့ကြီးရဲ့ ဦးနှောက်ကို ထုတ်ပြီး ဆဲလ်တွေကို လျှပ်စစ်လှိုင်းနဲ့ စစ်ဆေးချင်လို့ပါ"

"ဟားဟားဟားဟား ဒါဆို ငါဘာသာငါ အရင်သရဏဂုံတင်ရမှာ ပေါ့"

"ခေါင်းကတော့ ရှယ်ခေါင်းနဲ့ စီစဉ်ထားပါတယ်ဗျ"

"ဟားဟားဟားဟား အတော့်ကို ကောင်းကျိုးပေးမယ့် လူလွှနိမ သားကွာ။ ဒီမှာ မောင်ကျိုင်းရဲ့။ မင်း ဘာလို့ လောကီပညာရှင်များ၊

www.burmeseclassic.com



ဂမ္ဘီရပညာရှင်များ၊ သမထကျင့်နေသူများကို စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်လုပ်နေတာလဲကွ ဟေ"

"လူလိမ်လူညာတွေများနေလို့ပါ ရသေ့ကြီးရ။ အစစ်ကို တွေ့ချင်လို့ပါ။ ကျွန်တော်တို့ သိပ္ပံပညာမှာ နည်းစနစ်ပညာသစ်တစ်ခုကို တွေ့ရှိအောင်မြင်ခဲ့ရင် အဲဒီပညာနဲ့ လူသားများကောင်းကျိုးကို အသုံးချတယ် လေ။ဒီလိုပဲ ရသေ့ကြီးတို့ ယုံကြည်လိုက်စားနေတဲ့ ဘာတဲ့ ဂမ္ဘီရလောက ပညာမှာလည်း နည်းကောင်းနည်းသစ် ပညာကောင်း ပညာသစ် ပညာနှင့် ရရှိအောင်မြင်ရင် အများအတွက် ဖောဖောသီသီ အသုံးချနိုင်ရမယ်လေ။ အဲဒီလို ပုဂ္ဂလိကမျိုးမရှိဘူး"

ရသေ့ကြီးက ခေါင်းကိုညိတ်၏။

"မင်း ရှင်အဇ္ဇဂေါဏကို ကြားဖူးလား"

"ပုဂံပြည်မှာ ခတ်လုံးနဲ့ ရွှေမိုးငွေမိုးရွာတယ်ဆိုတဲ့ ရဟန်းကြီးမို့လား"

"အေး. . . သူ့ပညာကို ယုံသလားကွ"

"ကျုပ် မြင်တာမှ မဟုတ်ဘဲဗျ။ ခတ်လုံးနဲ့ ရွှေမိုးငွေမိုးရွာနိုင်တာ မမြင်တော့ မယုံဘူး"

"ဒါဖြင့် အဂ္ဂိရတ်ထိုးရင်း ရွှေဖြစ်တာရော ယုံသလား"

"ဒါက ဓါတုဗေဒ သဘောအရပဲ။ ဖြစ်နိုင်ပေမဲ့ ဒီကနေ့ ဘယ်သူ ဖြစ်ပြီး ချမ်းသာနေလို့လဲ"

"မင်းက လက်တွေ့မှ ယုံမှာလား ကိုယ့်လူ"

"ကျုပ်က သိပ္ပံသမားလေဗျာ ရသေ့ကြီးရ"

"ကောင်းပြီ၊ မင်းကို ငါ တစ်ခုမေးမယ်။ သိပ္ပံသမားပီပီ ဖြေပါ"

"ပြော"

"မင်း 'အာခီမီးဒီနိယာမ'နဲ့ 'ပေါ်လောပေါ်နိယာမ' သင်ဖူးသမို့လား"

အလဲ့ သုံးတန်းမအောင်ဘူးလို့ ဝန်ခံခဲ့တဲ့ ရသေ့ကြီးက အာခီမီးဒီ





နိယာမတို့ ပေါ်လောပေါ်နိယာမတို့ နယူတန်ရဲ့နိယာမတို့လို့ ရွှီးနေပါလား။

"အဲဒါ ပဉ္စမတန်းကျောင်းသားကအစ သိတယ်ဗျ"

"အေး. . . ဟုတ်ပြီ၊ ဘာတဲ့ သူ့ရဲ့သီအိုရီအဆိုက ရေပြည့်နေသည့် စည်ပိုင်းတစ်ခုထဲသို့ အရာဝတ္ထုတစ်ခုကို နှစ်မြှုပ်လိုက်သောအခါ ဖိတ်စင်ကျလာသော ရေသည် ၎င်းအရာဝတ္ထုနှင့် အလေးချိန်အတူဖြစ်သည်တဲ့။ ဟုတ်ရဲ့လားကွ"

"သိပ်ဟုတ်တာပေါ့ဗျာ"

"အဲဒါ ငါမယုံဘူးကွ"

"ဗျာ၊ ဟားဟားဟားဟား တစ်ကမ္ဘာလုံးက လက်တွေ့စမ်းသပ်ခန်းမှာ ဆရာတိုင်း ကျောင်းသားတိုင်း ရူပဗေဒသိပ္ပံပညာရှင်တိုင်း ပရယ်တီကယ် လက်တွေ့လုပ်ပြီးမှ နိုင်ငံတကာစံသီအိုရီအဖြစ် သတ်မှတ်ထားတဲ့ ဖွင့်ဆိုချက်ဗျ။ ခင်ဗျား သုံးတန်းမအောင်ဘဲနဲ့ လာမရွှပ်နဲ့"

"ငါမယုံဘူးကွာ။ မင်း လက်တွေ့လုပ်ပြ"

"ဘာကြေးလောင်းမှာလဲဗျ။ အလကားလုပ်မပြဘူးနော်"

"ငါရှုံးခဲ့ရင် မင်းကို ဆရာကြီးဦးကျိုင်းလို့ခေါ်ပြီး တွေ့ရာအရပ်မှာ ရှိရှိသေသေ ဆက်ဆံမယ်ကွာ။ တကယ်လို့ ငါနိုင်ခဲ့ရင် မင်းက ဘာလုပ်ပေးမှာလဲ"

"ရသေ့ကြီးနိုင်ခဲ့ရင် ဘာလိုချင်လို့လဲ"

"ငါနိုင်ရင် မင်းမိသားစုအားလုံးရှေ့မှာ ငါ့ကို ဦးကုန်းချရမယ်"

"ဟားဟားဟားဟား ဒါလေးများ၊ ဒါလေးများ၊ ဒါလေးများ၊ ဟားဟားဟားဟား လာဗျာ"

၎င်းနောက် ကျွန်ုပ်သည် တပည့်အိမ်ဖော်များကို ခေါ်လိုက်၏။ ပြီးနောက် အိမ်ရှေ့ရေစည်ပိုင်းရှိရာသို့ စုပေါင်းလာခဲ့လိုက်သည်။

"မောင်ထိန်"

"ခင်ဗျာ ဆရာ"

"ပိန္နဲသီးတစ်လုံး ခူးလိုက်စမ်းကွာ"

www.burmeseclassic.com



"ဘာလုပ်မလို့လဲ ဆရာ"

"လျှာမရှည်နဲ့ကွာ ရှုးဆိုရှုးလိုက်"

တပည့်မောင်ထိန်က သပိတ်လုံးသာသာခန့်ရှိသော ပိန္နဲသီး တစ်လုံးကိုရှုးလိုက်၏။ ၎င်းနောက် ဇလားတစ်ခုခံပြီး သစ်သား စည်ပိုင်းတစ်ခု တင်နိုင်းသည်။ ၎င်းသစ်သားစည်ထဲသို့ ရေအပြည့် ဖြည့်၏။

"ရသေ့ကြီး"

"ဘာတုံးကွ"

"ဟောဒီ ရေပြည့်နေတဲ့ သစ်သားစည်ထဲကို ဒီပိန္နဲသီး ကျွတ် ထည့်လိုက်မယ်"

"မြုပ်မလား၊ ပေါ်မလား"

"မြုပ်သွားမှာပေါ့ဗျာ"

"ဟားဟားဟားဟား ဟုတ်ပါ့မလား ကျောင်းရာ"

"ကြည့်နေဗျာ၊ ပိန္နဲသီးရဲ့ အလေးချိန်ကြောင့် စည်ပိုင်းထဲက ရေလျှံကျလာမယ်။ လျှံကျလာတဲ့ရေကို အလေးချိန်နဲ့ ချိန်ရင် အဲဒီပိန္နဲသီး ရဲ့ အလေးချိန်နဲ့ ညီရမယ်ဗျာ"

"လုပ်ကြည့်လေ"

ကျွန်ုပ်က ပထမဦးစွာ ပိန္နဲသီး၏အလေးချိန်ကို ချိန်ခွက်နှင့် ချိန် လိုက်၏။ (—)ပိဿာလေး၏။ ပြီးနောက် ရေပြည့်နေသည့် သစ်သားစည် ထဲသို့ ပိန္နဲသီးကို အသာချလိုက်၏။ ပိန္နဲသီးအလေးချိန်ကြောင့် ရေများ လျှံကျလာပြီး ပိန္နဲသီးမြုပ်သွားသောအခါ ရေအကျလည်း ရပ်သွား၏။ ၎င်းလျှံကျရေကို ပိုက်နှင့်စုပ်၍ ချိန်ကြည့်လိုက်သောအခါ မူလပိန္နဲသီး၏ အလေးချိန်နှင့် အတူတူဖြစ်နေလေ၏။

"ရှင်းရဲ့လား ရသေ့ကြီး"

"ရှင်းသားကွ"

"ကျုပ်ကို ဆရာကြီးလို့ ခေါ်ဗျာ၊ ခေါ်လေ"

"နေပါဦးကွ။ ပိန္နဲသီးက ဘာလို့ ရေပေါ်မှာ မပေါ်တာလဲကွ"





"ဒါ အသားကျစ်ဝတ္ထုပစ္စည်းဗျ။ သိပ်သည်းဆများလို့ ရေထဲနစ် သွားတာ"

"ပေါ်သင့်တယ်ကွ"

"ရေသေ့ကြီး ခင်ဗျား ရူးနေလား။ ရေရဲ့သိပ်သည်းဆထက် ပိန္နဲသီးရဲ့သိပ်သည်းဆက ပိုများနေလို့ မြုပ်တာ"

"ပေါ်ကို ပေါ်ရမယ်ကွာ"

"မဖြစ်နိုင်တာ ရသေ့ကြီးရာ"

"ငါလုပ်ရင် ဖြစ်ရမယ်ကွာ"

"ဘာ. . . ခင်ဗျားက သိပ်သည်းဆများတဲ့ ပိန္နဲသီးကို ရေပေါ်မှာ ပေါ်နေအောင်လုပ်မယ် ဟုတ်လား။ ဟားဟားဟားဟား ရယ်ရတယ်ဗျာ၊ အဟတ်အဟတ်"

"အိမ်း"

"လုပ်စမ်းဗျာ လုပ်။ မရရင်တော့လား။ ဟော့. . . အောင်ထိန်၊ ပိန္နဲသီးကိုဆယ်ပြီး ရေအပြည့် ဖြည့်လိုက်စမ်းကွာ ကြာတယ်။ သိပ္ပံပညာကို ပြောင်းပြန်လှန်ချင်တဲ့ အရူးကြီးကို ပြီးရင် တစ်ခါတည်း မောင်းထုတ် ရမယ်ကွ"

မောင်ထိန်က ရေမြုပ်ပိန္နဲသီးကို ထုတ်၏။ ပြီး ရေအပြည့်ဖြည့်လိုက် ၏။ ဒီမှာ ရသေ့ကြီးက ပိန္နဲသီးကို သန်မာသောလက်တံရှည်နှင့် လှမ်းယူ လိုက်ပြီး အတန်ကြာ စိုက်ကြည့်လိုက်၏။ ပြီးမန္တန်တစ်ပုဒ်ကို မန်းမှုတ်လေ ၏။

"ဉီ အဝိဇ္ဇာတက အသက်မဲ့သော ပိန္နဲသီး၊ အလေးချိန်ရှိသော ပိန္နဲသီး၊ ရေမြုပ်သော ပိန္နဲသီး။ ဟဲ့ခုချက်ချင်း ရေပေါ်မှာ ပုစွန်လို ဘဲလို ကူးရော့လဟယ်"

သူသည် ပါးစပ်မှ သို့ကလိုပြောပြီးနောက် သပိတ်လုံးသာသာခန့် ရှိသော ပိန္နဲသီးကို ရေစည်ထဲသို့ အသာချလိုက်သောအခါ. . .

"ဟာ. . ."

www.burmeseclassic.com



"ဟယ်. . ."

"ဟင်. . ."

"အလိုလေး ဘယ့်နှယ်ဟာလဲဟ"

"ဟား ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား ဟား"

"ဟီး ဟီး ဟီး ဟီး ဟီး"

ကျွန်ုပ် လွန်စွာအံ့ဩသွားခဲ့ရ၏။ ကြည့်စမ်း၊ စောစောက ရေထဲ မြုပ်သည့် ပိန္နဲသီးအစိမ်းကြီးသည် အခု ရေပေါ်မှာပေါ်နေ၏။ ပိန္နဲသီး အဲလေးချိန်ကြောင့် အမှန်တကယ် ရေများ လျှံကိုကျရမည့်ဥစ္စာ။ ခုကြည့် စမ်း။ ရေတစ်စက်မျှ ဖိတ်စဉ်၍မကျ။

မကျသည့်အပြင် ပိန္နဲသီးကြီးသည် သစ်သားစည်ပိုင်းရေပြင် ပေါ်မှာ ဘဲတစ်ကောင်ကဲ့သို့လည်းကောင်း၊ ပုစွန်ဆိတ်တစ်ကောင်ကဲ့သို့ လည်းကောင်း သွားလာလှုပ်ရှားကူးခတ် ဝိုင်းလှည့်နေသည်ကို ကျွန်ုပ်တို့ အားလုံး အထင်အရှား မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသောအခါ. . .

"ဟော့ကောင် ကျွိုင်း"

"ဟော့ကောင်၊ ငါခေါ်နေတယ်လေကွာ ကျွိုင်း"

"ဗျာ. . . ဗျာ. . . ရ. . . ရသေ့ကြီး"

"ဟော့ကောင် မင်းကတိအတိုင်းနော်။ ရေလည်းမကျတော့ဘူး။ ပိန္နဲသီးလည်း မမြုပ်ဘူး။ ချိန်ကြည့်ရင် ဖီးရိုး အီးကွဲတူ သုံးပိဿာကွ။ ဟားဟားဟား ဟော့ကောင် ခုချက်ချင်း ငါ့ကို မင်းထိုင်ကန်တော့လိုက်စမ်း လူမိုက်"

"ငါက စေတနာနဲ့ ပြောတာပါကွ။ မြန်မာ့လောကီဝိဇ္ဇာ ပညာရပ် ကို အထင်သေးတဲ့ မင်းအကျိုးစီးပွား မယုတ်လျော့အောင် ပညာပိုင်းဆိုင် ရာနဲ့ အကြံပြုတာပါ"

ကျွန်ုပ်နဖူးမှာ ချွေးများ လျှံစို့လာသည်။

မိသားစုနှင့် တပည့်များသည် ကျွန်ုပ်ကို ဝိုင်းကြည့်နေကြ၏





"ဟော့ကောင် ကန်တော့လိုက်စမ်းဟေ့"

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက မြေကြီးကို ဖနောင့်နှင့်ပေါက် ပြောလိုက်သောအခါ ကျွန်ုပ် ရသေ့ကြီးအား အလိုလိုဦးကုန်းချလျက်သား ဖြစ်သွားခဲ့ရလေသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

# (၃)

ကျွန်ုပ်သည် ထူးဆန်းသော ရသေ့ကြီးအား အချိုးရည်ပုလင်းနှင့် ဧည့်ဝတ်ပြုလိုက်ရင်းက နှမ့်နှမ့် ချွေးသီးများကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၏။

ကျွန်ုပ်၏ ဇနီးသည် ရသေ့အိုကြီးအား လေးစားအံ့ဩသော အကြည့်နှင့် ကြည့်နေ၏။

''မောင်ကျိုင်း''

''ခင်ဗျာ ရသေ့ကြီး''

''ဒါ မင်းတို့လုပ်ငန်းဖွင့်ပွဲဖိတ်စာ မဟုတ်လား''

ရသေ့ကြီးက စက္ကူဖိတ်စာတစ်ခုထုတ်၍ ပြ၏။ ကြည့်လိုက်သော် ကဆုန်လဆုတ် ၂ရက် အင်္ဂလိပ်လို (--)နေ့မှာ ကျွန်ုပ်၏ နောက်ဆုံးပေါ် နည်းပညာသုံး ဆပ်ပြာမှုန့်နှင့် ဆပ်ပြာရည်ဆိုင်းဘုတ်တင်ဖွင့်ပွဲ ဖိတ်ကြားလွှာဖြစ်နေ၏။





"ဟုတ်ပါတယ် ခင်ဗျာ။ ဘာဖြစ်လို့ပါလဲ"

''နက်ဖြန်ပဲကွ''

"ဟုတ်တယ်"

''ဟောကောင်၊ အဲဒီရက်ကြီက ရက်မြေခံမကောင်းဘူးကွ''

"အဓိပ္ပာယ်မရှိတာဗျာ၊ ဘာဖြစ်လို့လဲ"

"တို့ပြည်က လက်သမားမြေခံရွေးနည်းအရ အဲဒီနေ့က 'ကျားခံ' ရတယ်ကွ။ အဲဒီနေ့မှာ လုပ်ငန်းကြီးများဖွင့်ပွဲလုပ်ရင် ဆင်းရဲဒုက္ခတွေ့တတ်တယ်"

"ပေါက်ကရ မပြောနဲ့ဗျာ။ စားသောက်ပြီးရင် ပြန်ပါတော့"

ကျွန်ုပ်က သမားဂုဏ်သိပ်ပြနေသည့် လူထူးလူဆန်းရသေ့ကြီးကို သိပ်မရှိသေချင်တော့၍ နှင်လိုက်၏။

''ငါက စေတနာနဲ့ ပြောတာပါကွ။ မြန်မာ့လောကီဝိဇ္ဇာ ပညာရပ်ကို အထင်သေးတဲ့ မင်း၊ အကျိုးစီးပွား မယုတ်လျော့အောင် ပညာပိုင်းဆိုင်ရာနဲ့ အကြံပြုတာပါ"

"အဲဒါ ကျုပ်က ဘာလုပ်ပေးရမှာလဲ။ ရက်ပြောင်းလို့ မရဘူး"

''ဟုတ်ပါပြီ။ မင်း အဲဒီနေ့မှာ ဆိုင်းဘုတ်ကြီးတင်မှာနော်"

"ဟုတ်တယ်"

''အဲဒါ တင်လို့မရဘူး"

"ဖွီး. . . အဓိပ္ပာယ်မရှိတာဗျာ။ ပါးစပ်ပုပ်ကြီးနဲ့ မပြောပါနဲ့။ ပြန်ပါတော့"

''တင်လို့ရချင်ရင်''

"ရသေ့ကြီး ခင်ဗျားသွားတော့ဗျာ"

"ခဏလေးပါကွာ။ မင်းတို့အတွက်ပါ။ ဒီမှာရှစ်နာရီထိုးရင် ဗုဒ္ဓဟူးသား ငါးဖတ်ဦးထုပ်ဆောင်းပြီး ရောက်လာလိမ့်မယ်။ ရောက်လာရင် သူ့ကို အကူအညီတောင်းပါ။ သူက မင်းရဲ့မိတ်ဖက်ပဲ။ ပြီးရင် ဟောဒီဖယောင်းတိုင်သုံးတိုင်ကို ယူ။ မီးထွန်းခိုင်း။ ပြီးရင် မင်းပါးစပ်က ဘုရား

www.burmeseclassic.com



တရား သံဃာ မိဘ ဆရာမျှား မှိုင်းမစောင့်ရှောက်ပါလို့ လက်အုပ်ချီပြီး ပါးစပ်က ပြောလိုက်ကွာ။ ပြီးတာနဲ့ နှံသာရည်ကို ဘယ်ခြေကနဲ့ ဆိုင်းဘုတ်ကိုရော စက်ကိုရော ဖြန်းလိုက်။ အောင်မြင်ရမယ်ကွာ။ နို့မို့ရင် တော့လား. ... ဟင်း။ ရော့. . . ယူထားလိုက်"

သို့ကလိုပြောပြီးနောက် ရသေ့ကြီးသည် သူ့သပိတ်လေးကို ပိုက်ကာ ခြံထဲမှ ထွက်သွားလေသည်။ ကျွန်ုပ် လုံးဝလိုက်မပို့။ စားပွဲပေါ်မှာပဲ ဖယောင်းတိုင်သုံးတိုင် ကျန်ရစ်ခဲ့လေ၏။

❧ ❧ ❧ ❧ ❧

# (၄)

နံနက် ၇ နာရီမှာ ဖိတ်ကြားထားသူ တစ်ရာခန့် ရောက်ရှိနေ၏။ ဆိုင်းဘုတ်တင် ဝန်ချီကရိန်းလည်း အသင့်ဖြစ်နေ၏။ ၎င်းနောက် ပေ၂၀ အလျားရှိပြီး အမြင့် ၁၅ပေ ရှိသည့် သံပြားဆိုင်းဘုတ်ကြီးကို ဝန်ချီစက်နှင့် ကြိုးဆိုင်း၍ သံပိုက်လုံးဒေါက်စင်တိုင်များပေါ်သို့ မတင်၏။

အလို ဝန်ချီစက်နှင့်မရာ ဆိုင်းဘုတ်ကြီး မကြွပါလား။

ဘယ်လိုဖြစ်ပါလိမ့်။

စက်ဆရာက အကြိမ်ကြိမ်မ၏။ သုံးကြိမ်မြောက်မှာ ဝန်ချီစက် ရပ်သွား၏။ ကျွန်ုပ် ကြီးစွာ စိတ်ညစ်ရလေပြီ။ ကျွန်ုပ်နှင့် ပြိုင်ဘက်လုပ်ငန်းရှင်များက ဆိုင်းဘုတ်ကြီး တင်မရ၍ ရယ်ကြ၏။ သရော်လှောင်ပြောင်ကြ၏။

"ကြွားချင်တာကိုး ဗျ"

"သွားပြီ၊ စက်ရပ်သွားပြီ"

"ဆပ်ပြာကြော်ငြာတော့ ဆာပါပြတ်ပြီဗျ။ အဟတ်အဟတ်"

ကျွန်ုပ်က ဝန်ချီစက်ဒရိုင်ဘာကို ပြစ်တင်မောင်းမဲတော့သည်။

www.burmeseclassic.com



စက်ဆရာက စက်ကို နှိုက်၏။ စစ်ဆေး၏။ စက်ပြန်နှိုး၏။ လူများရဲ့ 'ဝေး'ဟု ဩဘာပေးသံကို ကြားရ၏။

ဆိုင်းကြိုးကို ဆွဲတင်၏။

တိုင်ပေါ်မှာ ဘိုးတံနှင့် ဝက်အူရစ်မည့်သူများကလည်း အသင့်

"ဂူး. . . ဂူး"

"ဂျီ. . . ဂျီ. . . ဂျီ"

"ဂျွတ်. . . ဂျွတ်. . . ဂျွတ်"

"ဟာကွာ"

ဘယ်လိုမှ ဆွဲတင်လို့မရ။ စက်ပြန်ရပ်သွား၏။ ညှော်သည်အချို ကားများနှင့် ပြန်ကုန်၏။ လမ်းသွားလမ်းလာများက ရပ်ကြည့်နေကြဆဲ ကျွန်ုပ်ရှက်လွန်း၍ အကြံအိုက်နေ၏။ ထိုစဉ် လူတစ်ယောက် ကျွန်ုပ်အနီး သို့ ရောက်လာ၏။

"ကိုကျိုင်း ဘယ်လိုဖြစ်နေတာလဲဗျ"

"ဟင်"

ကြည့်လိုက်တော့ ကျွန်ုပ်ရဲ့ကျောင်းနေဖက်သူငယ်ချင်း ကိုရွှေဝင်း မောင်။ အလို သူ့ခေါင်းပေါ်မှာ ဝါးဖတ်ဦးထုပ်နှင့်ပါကလား။

"ဟေ့လူ ဘာကြောင့်စီစီဖြစ်နေတာလဲ ကိုကျိုင်း"

"ရွှေ. . . ရွှေဝင်းမောင်"

"ဘာလဲကွ မင်းကလဲ"

"မင်း. . . မင်း ဘာနေ့သားလဲဟင်"

"ဟေ့ကောင် ဘာကြောင့်နေတာလဲ။ ဒီစက်နဲ့တင်လို့မရရင် နောက်စက်အသစ်ရှာပြီး အချိန်မီတင်လိုက်လေကွာ လုပ်"

"မင်း. . . မင်း ဗုဒ္ဓဟူးသားလားဟင် ရွှေဝင်းမောင်"

"အေး ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"နေဦး. . . ခဏလေးနေဦး။ ဒီနေရာက ဘယ်မှမသွားနဲ့ ဟေ့. . . မောင်ချစ်ပို ချစ်ပိုရေ"





"ခင်ဗျာ ဆရာ"

ကျွန်ုပ်၏ကိုယ်ရေးအတွင်းရေးမှူး မောင်ချစ်ပို အပြေးရောက်လာ

"ချစ်ပို"

"ဗျာ. . . ဆရာ ဘာလဲဟင်"

"ငါ့အိမ်ကို အမြန်သွား။ ငါစာရေးစားပွဲဖေါ်မှာ ဖယောင်းတိုင့်သုံး င် အမြန်သွားယူ"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ"

ချစ်ပို ကားမောင်း၍ ထွက်သွား၏။ ဝါးဖတ်ဦးထုပ်နှင့် ရွှေဝင်း ာင်ဆိုသူကား သူ့သူငယ်ချင်းရဲ့ ဗျာဗျာသလဲဖြစ်ရပ်များကိုကြည့်၍ ်းစားရခက်နေ၏။

"မရွှယ်ရွှယ်"

"ရှင်. . . ဆရာ"

"ဈေးထဲကိုသွား၊ နံ့သာဖြူရည်တစ်ထုပ်နဲ့ သပြေပန်းတစ်စည်း မြန်သွားဝယ်"

"ရှင်. . . ရှင်"

"သွား. . . မြန်မြန်"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ"

သူတို့ဆရာပါးစပ်မှ နံ့သာရည်၊ သပြေပန်း၊ ဖယောင်းတိုင်စသည့် ားထူးစကားဆန်းများ ကြားလိုက်ရရ၍ တပည့်များ လွန်စွာအံ့ဩနေ ၏။ သူတို့ဆရာ ဒီနေ့ ဘယ်လိုဖြစ်ပါလိမ့်။ မကြာခင် ချစ်ပို ဖယောင်း ်သုံးတိုင်နှင့် ရောက်လာ၏။ ဒါနှင့်အတူ ရွှယ်ရွှယ်လည်း နံ့သာရည်ပန်း ်နှင့် သပြေပန်းယူ၍ ရောက်လာ၏။

"သူငယ်ချင်း ရွှေဝင်းမောင်"

"ဘာလဲ မောင်ကျိုင်း"

"ငါ့ကို တစ်ခု အမြန်ကူညီပါ သူငယ်ချင်းရာ"

www.burmeseclassic.com



''ဘာကူညီရမလဲ ပြော''

''ဟောဒီဖယောင်းတိုင်သုံးတိုင်ကို စက်ခုံပေါ်မှာ မင်းကိုယ်တိုင် မီးထွန်းပြီး ဟောဒီနံ့သာရည်ကို သပြေပန်းနဲ့ စက်ကိုရော ဆိုင်းဘုတ်ရော ဖျန်းပက်ပေးပါ သူငယ်ချင်းရာ။ လုပ်ပါကွာ။ ရှစ်နာရီထိုးနေပြီကွ''

ဒီအချိန်မှာပဲ ကျွန်ုပ်လည်း လက်အုပ်ချီလိုက်ပြီး. . .

''ဘုရား တရား သံဃာ မိဘ ဆရာအပေါင်းတို့ခင်ဗျား ဒီဆိုင်းဘုတ်ကြီး လွယ်ကူချောမွေ့စွာ တင်လို့ရအောင် ကူညီညာဝိုင်း၍ မိုင်း စောင့်မတော်မူပါ ခင်ဗျာ''

ကျွန်ုပ်သည် တစ်ခါဖူးမျှ မပြုလုပ်ဖူးသည့် အနန္တောအနန္တငါးပါးကို လက်အုပ်ချီ၍ ဆုတောင်းလိုက်၏။

ကျွန်ုပ်၏ ဝန်ထမ်းများရော ကျွန်ုပ်အကြောင်းသိနေကြသည့် လုပ်ဖော်ကိုင်ဖက်များ၊ ပြိုင်ဘက်များ၊ ဧည့်သည်တော်များသည် ကျွန်ုပ်၏ ထူးခြားသော အပြုအမူကိုကြည့်၍ အံ့သြပြီး ရယ်မောနေကြစဉ်. . .

''ဝူး. . .''

''ဟား. . .''

''ဝူး. . . ဂျုတ် ဂျုတ် ဂျုတ်''

''စက်နိုးသွားပြီဟေ့''

''အားလုံး ဘေးကိုဖယ်နေကြ''

စက်ဆရာက ဝမ်းသာအားရ အော်လိုက်၏။ ပြီးနောက် စက် ခေါင်းကို ဦးခိုက်ကန်တော့ပြီး ဝန်ချီစက်မောင်းတံများ၊ ခလုတ်များကို ရွှေ့ကစားလိုက်ရာ

''ကြွလာပြီဟေ့''

''ဝေး ဟေး ဟေး ဟေး''

''ကြွလာပြီ၊ ဆွဲထားဆရာရေ''

''ဆွဲ. . . ဆွဲ ဖြည်းဖြည်းဆွဲထား၊ ဟုတ်ပြီ''

ဝန်ချီကရိန်း၏ ဆွဲအားနှင့် ရောမဆိုင်းဘုတ်ကြီး ဆိုင်းကြိုး





ပေါ်သို့တက်သွား၏။ အောက်မှလူများရဲ့ ဝမ်းသာအားရ လက်ခုပ်သံများက စည်စည်လျှံနေ၏။

မကြာခင် ဆိုင်းဘုတ်ကြီး တိုင်ပေါ်သို့ လွယ်ကူချောမောစွာ ရောက်ရှိသွား၏။ ဒီမှာ ကျွမ်းကျင်သူများက ဘိုးတံဝက်အူနှင့် စုပ်လိုက်ကြသည် ပြီးပြီ။

''ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း''

''ရွှီ. . . ရွှီ. . . ရွှီ''

''ဝေး. . . ဟေး. . . ဟေး''

''အောင်ပြီကွ. . . အောင်ပြီဟေ့''

ကျွန်ုပ်သည် များလှစွာသော လက်ခုပ်သြဘာသံများကို ဝမ်းမြောက်အားရစွာ နာခံရင်း သူငယ်ချင်း ဗုဒ္ဓဟူးသားကိုရွှေဝင်းမောင်ကို ပခုံးပေါ်တရဖက်ထားလိုက်၏။ မိတ်ဆွေသဂ်ဟများ ပြိုင်ဘက်များက ကျွန်ုပ်ကို လာရောက်လက်ဆွဲနှုတ်ဆက်ကြ၏။ ဒီအချိန်မှာ မိုးပျံဆိုင်းဘုတ်ပေါ်မှ ဆပ်ပြာကြော်ငြာစက္ကူများနှင့်အတူ ငွေမိုးများ ဖြန့်ကြဲရွာချလိုက်ရာ လူများက ဝမ်းသာအားရကောက်ကြလေ၏။

ကျွန်ုပ် သူငယ်ချင်းရဲ့လက်ကို ဆုပ်ကိုင်ထားရင်းမှာပဲ မျက်စိထဲမှာ ခိုပ်တစ်ခု လျှပ်စီးလက်သလို ပေါ်လာ၏။

ငင်းပုံရိပ်ကား ထူးဆန်းလှစွာသော ဂမ္ဘီရလောကီပညာရှင် ပုံပျက်ပန်းပျက်ရသေ့အိုကြီး၏ ပြုံးနေသော မျက်နှာသွင်ပြင်ဖြစ်လေသတည်း။

မောင်ညိုမှိုင်း(သန်လျင်)

သည်းထိတ်ရင်ဖို၊ ၂၀၀၈ ဇူလိုင်

❀ ❀ ❀ ❀ ❀

www.burmeseclassic.com



၁

ပြီးခဲ့သည့်ပြီးဖြစ်သော ခေတ်တစ်ခေတ်အချိန်ကဖြစ်သည်။

ရှင်မွေ့နွန်းမျှော်တော်ယောင်နှင့် မလှမ်းမကမ်းရှိ ဘုန်းတော်ကြီးကျောင်းသို့ နေလုံးမပျောက်တပျောက် အချိန်မှာ လွန်စွာတင့်တယ်ပြေပြစ်ချောမောလှသည့် အမျိုးသမီးသုံးဦးရောက်ရှိလာခဲ့၏။

အသက်က ၂၀ ကျော် ဝန်းကျင်ခန့်ရှိပေလိမ့်မည်။

တစ်ဦးက တက်ထရွှန်အနီရောင် ဝမ်းဆက်နှင့်ဖြစ်၏။

ဒုတိယတစ်ဦးက တက်ထရွှန်အပြာရောင် ဝမ်းဆက်နှင့်ဖြစ်၏။

တတိယမြောက်အမျိုးသမီးကား ဖော့ခရစ်လှိုင်းကြီး အဖြူရောင်ဆင်တူနှင့်ဖြစ်၏။ သုံးဦးစလုံးမှာ သနပ်ခါး မိတ်ကပ်များခြယ်မှုန်း၍ ကိုယ်သင်းနံ့များက သင်းပျံ့ကြိုင်လှိုင်နေ၏။ အပြုံးနှုများကလည်း မျက်နှာကိုယ်စီပေါ်မှာ စိမ်းစိုနေ၏။ ကျက်သရေရှိလှပေစွ။

စလင်းဘက်ကိုယ်စီလည်းပါ၏။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com



ထူးခြားသည်ကား သူမတို့သုံးဦးသည် နက်မှောင်ဝေဖားသော ဆံပင်ရှည်များကို ခါးအထိ ဖားလျားချလျက်ရှိ၏။

ကျောင်းထိုင်ဘုန်းတော်ကြီး ဦးဝိမလသည်လည်းကောင်း၊ ကပ္ပိယကြီးဦးဖုန်းနှင့် ဘုန်းကြီးကျောင်းသားငယ် သုံးယောက်တို့သည်လည်းကောင်း၊ နတ်သမီးနှင့်မခြား ပြေပြစ်တင့်တယ်လှပသည့် ဣတ္ထိယသုံးဦးကို မမျှော်လင့်ဘဲ ရှေ့မှောက်မှာ ညင်သာပျော့ပျောင်းစွာ ဦးနိုက်ကန်တော့လျက်သား ကြုံလိုက်ရတော့ မှင်တက်မိနေကြ၏။

"ဒကာမလေးတို့ ဘယ်မြို့ ဘယ်အရပ်ကပါလဲ"

တစ်ခါမျှ မမြင်ဘူး၍ မေးလိုက်ရ၏။ ရှင်မွေ့နွန်းမျှော်တော်ယောင်ဘုရားရှုးများလား။ ကျိုက်မြတ်ခမွန်ဘုရားဖူးများလား။ ဒါမှမဟုတ် တိုက်ကြီးကုန်းမြင့်ပေါ်ရှိ ပေါ်တူဂီရှေးဟောင်းဘုရားရှိခိုးကျောင်း လေ့လာသူများလေလား။

"တပည့်တော်မတို့က အမည်ပြောရန်မသင့်သေးသည့် အရပ်ဒေသကပါဘုရား"

"ဟော"

အမည်ပြောရန် မသင့်သေးသည့် အရပ်ဒေသကဆိုပါကလား။ ဒါမျိုးတစ်ခါမျှ မကြားစဖူး။ အဖြူရောင်ဝမ်းဆက်နှင့် အမျိုးသမီးသည် သုံးယောက်တည်းမှာ ဦးဆောင်သူဖြစ်ပုံရ၏။

"ဒါဖြင့်ရင် လာရောက်ကြသည့် အကြောင်းရင်းများကရောဗျာ"

"အရှင်ဘုရား စေတီတည်မလို့ဆိုဘုရား"

"အိမ်း ဒကာမလေးတို့ကြားလို့လား"

ဘုန်းတော်ကြီး ဦးဝိမလ. . .ဒီဝန်းကျင်မှာ စေတီရွှယ်တစ်ဆူတည်ရန် စိတ်ကူးကို အကောင်အထည်ဖော်နေသည်မှာ ဝါဝင်ကတည်းကဖြစ်၏။ ဥပုသ်သီတင်းလာယူကြသည့် တပည့်ဒကာ၊ ရပ်နီးရပ်ဝေးများအား စေတီတစ်ဆူတည်မည် တတ်နိုင်သမျှ ကုသိုလ်ပါဝင်ဟု ပြောဆိုမိန့်ကြားထားသည်။





ဥပုသ်နေ့တိုင်း သီလလာယူသူများ ထည့်ဝင်ငွေ၊ သီးသန့်လာလှူသူများ ထည့်ဝင်လှူဒါန်းငွေပင် ဝါကျွတ်ပြီးသောအခါ သောင်းနှင့်ချီ၍ ရနေပြီဖြစ်၏။ တစ်သိန်းလောက်ရလျှင် ဘုရားစေတီတည်လို့ရပြီ။

စေတီအမြန်ဆုံးတည်ခွင့်ရရေးအတွက် သစ္စာအဓိဋ္ဌာန်လည်း ပြုသားခဲ့သည်။ ကူညီဝိုင်း၍ မှိုင်းမကြပါ၊ ပုဂ္ဂိုလ်များစောင့်ရှောက်ကြပါ။

"မှန်ပါ ကြားလို့ရောက်လာရတာပါ ဘုရား"

"ကောင်းလေစွ. . .ကောင်းလေစွ. . .ဒီတော့ ဒကာမလေးတို့က ဘယ်လိုများကုသိုလ်ပါဝင် ကူညီချင်လို့ပါလိမ့်ဗျာ"

"တပည့်တော်မများကို ဆိုင်ရာပုဂ္ဂိုလ်များက လမ်းညွှန်လိုက်ပါတယ်ဘုရား။ အရှင်ဘုရား စေတီတစ်ဆူတည်မယ် အမြန်ဆုံး အောင်မြင်ပြီးမြောက်အောင် သွားရောက်ကူညီကြ၊ ဘုန်းကြီးရဲ့ ကုသိုလ်ရော. . . အများရဲ့ ပါရမီရော ဘုရားတပည့်တော်မတို့ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ ပါရမီကုသိုလ်များ ဆုံစည်းအောင် ပြုလုပ်ခဲ့ကြ. . .ကူညီကြလို့ မိန့်မှာသည့်အတွက် ခုလိုရောက်ရှိလာခဲ့တာပါဘုရား"

ဆရာတော်အံ့သြသွား၏။

ဒီမှာပဲ အဖြူရောင်နှင့်အမျိုးသမီးက စလင်းဘက်အိတ်ကိုဖွင့်ပြီး အထုပ်တစ်ခုကိုထုတ်၍ ဆရာတော်လက်ထဲသို့ ကပ်လိုက်သည်။

"ဖွင့်ကြည့်ပါဘုရား"

အဖြူရောင်လက်ကိုင်ပဝါနှင့် ထုပ်ထားသည့်ပစ္စည်းသည် ဘုန်းကြီးလက်ထဲမှာ တစ်ပိဿာဝန်းကျင်နီးပါးခန့် အလေးချိန်စီးနေ၏။

ဖွင့်ကြည့်ပါဘုရားဆို၍ လက်ကိုင်ပဝါအဖြူကို ဖြည်ကြည့်လိုက်သောအခါ–

စိမ်းညို့အေးစက်လှသော ဘဲဥပုံဖြာန် ကျောက်တုံးတစ်တုံး။

"ဒါ. . .ဒါ. . .ဘာလဲ ဒကာမလေးတို့"

"ကျောက်စိမ်းပါဘုရား"

"ဟင်. . .ကျောက်စိမ်း. . .ဟုတ်လား"

www.burmeseclassic.com



"မှန်ပါဘုရား. . . အရှင်ဘုရား၊ အဓိဋ္ဌာန်ရည်မှန်းချက်ပြည့်ဖြိုး ပြည့်ဖို့ ပုဂ္ဂိုလ်တစ်ဦးက လှူဒါန်းဖြည့်စွက် ကူညီတာပါဘုရား"

ဘုန်းကြီးအံ့လည်း အံ့သြသွား၏။ ဝမ်းလည်းအလွန်သာသွားလေ၏။ ကပ္ပိယကြီးပင် ပါးစပ်ဟ၍ ငေးကြည့်နေ၏။

"အချိန်သိပ်မရှိပါဘူးဘုရား. . . ဒီကျောက်စိမ်းတုံးကို ထုခွဲ ရောင်းချပြီး လိုအပ်သလို ရည်မှန်းချက်ကို အကောင်အထည်ဖော်ပါ ဘုရား။ ဒါနဲ့ အရှင်ဘုရား"

"ပြောပါဒကာမတို့ ဘုန်းကြီးဘာပြန်ကူညီရမလဲ ပြော အားမနာနဲ့"

"တပည့်တော်မတို့ရဲ့ ဆရာသခင် ပုဂ္ဂိုလ်ထူးဟာ တောင်ပေါ်မှာ အတောင်ငါးဆယ်ရှိ စေတီတည်နေပါတယ်။ ပဋ္ဌာန်းဆက်အပြန်အလှန် ကြုံကြရအောင် အရှင်ဘုရားရဲ့ ကုသိုလ်တော်အလှူငွေများ နည်းများမဆို ပါဝင်ပါဖို့ ဆရာသခင် ပုဂ္ဂိုလ်ကြီးက အမှာပါးလိုက်ပါတယ် ဘုရား။ အရှင်ဘုရားစေတီပြီးမြောက်လို့ ထီးတော်တင်တဲ့နေ့မှာ ဆရာသခင်ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ကြွရောက်လာပါလိမ့်မယ် ဘုရား"

"အိမ်း. . . အိမ်း သာသနာပြုဖို့ အပြန်အလှန် ပဋ္ဌာန်းဆက်ကြုံကြဆုံကြသကိုး။ လှူရပေမပေါ့ဗျာ ခဏလေး"

ဘုန်းကြီးက စိမ်းစိုနေသည့် ကျောက်စိမ်းတုံးကို စားပွဲပေါ်မှာ တင်လိုက်ပြီး ကျွန်းသေတ္တာကိုဖွင့်၍ ငွေစက္ကူအချို့ကို ရေတွက်ပြီး ပြန်စွန့်လှူလိုက်သည်။

"အားလုံး ငါးထောင်ကျပ်ပါ ဒကာမလေး"

"သာဓုပါဘုရား. . . အရှင်ဘုရားရဲ့ လိုအင်ဆန္ဒ ခုချိန်ကစ၍ ပြည့်ဝပါပြီဘုရား"

"ဒါနဲ့ ဒကာမလေးတို့ အမည်များကရော ဘယ်လိုခေါ်ကြသလဲ ကွယ့်"

"မှန်ပါ့ မဖြူ၊ မနီ၊ မပြာလို့သာ မှတ်ထားပါဘုရား။ တပည့်တော်





မတို့ရဲ့ ရှည်လျားထွေပြား ဆန်းကြယ်လှတဲ့ အမည်များကို ပြောရင် အရှင်ဘုရားမှတ်မိရန် လွန်စွာခက်ခဲပါလိမ့်မယ် ဘုရား။ အရှင်ဘုရားရဲ့ ဘုရားစေတီထီးတင်တဲ့နေ့မြတ်ကျမှ ဆရာသခင်နဲ့အတူ လာရောက်ဖူးမြော် ကုသိုလ်ပါဝင်ပါဦးမယ်ဘုရား. . . တပည့်တော်မတို့ကို လာရာစခန်း ပြန်ခွင့်ပြုပါဘုရား"

"ကောင်းပါပြီ ဒကာမလေးတို့. . . ဆရာသခင်လည်း ကျန်းမာချမ်းသာပါစေ၊ ဒကာမလေးတို့လည်း သာသနာပြု သူတော်ကောင်းများဘဝဖြင့် အသက်ရှည်ပြီး ပို၍မြင့်မြတ်သော ဘုံဘဝမှာ ခမ်းနားကြီးကျယ်စွာ ခံစားရရှိပါစေဗျား သာဓု. . . သာဓု. . . သာဓု"

မဖြူ၊ မနီ၊ မပြာတို့ ထူးဆန်းသော မိန်းမလှသုံးဦးသည် နန်းဆန်သောဟန်ပန်များနှင့် ဦးခိုက်ကန်တော့ပြီးနောက် ငွေကျပ်ငါးထောင်ကျပ်ကို အိတ်ထဲသို့ထည့်ကာ ဆင်မယဉ်သာဟန်ဖြင့် ကျောင်းပေါ်မှ ဆင်းသွားကြလေသည်။

"အရှင်ဘုရား"

"ဘာတုံး ကပ္ပိယကြီး"

"အရှင်ဘုရားတော့ ကော်ပြီဘုရား"

"ဟဲ့ ဘာကော်တာတုံး ကပ္ပိယကြီးရဲ့"

"ကျောက်စိမ်း ဘုရား။ နည်းမယ့်တန်ဖိုးမဟုတ်ဘူး ဘုရား"

"ငါ အဓိဋ္ဌာန်အောင်မြင်ပြီ ကပ္ပိယကြီးရဲ့"

"မှန်ပါဘုရား၊ ပုဂ္ဂိုလ်ထူးများ ကြွရောက်ချီးမြှင့်တာပဲဘုရား"

"ကပ္ပိယကြီး"

"ဘုရား"

"သွားစမ်း၊ ကျောင်းသားများခေါ်ပြီး အဲဒီထူးဆန်းတဲ့အမျိုးသမီးသုံးယောက်နောက်ကို သေသေချာချာ လိုက်ကြည့်စမ်း။ ဘယ်လိုပုဂ္ဂိုလ်များလည်း မသိဘူး"

"မှန်ပါဘုရား၊ ခုပဲလိုက်ကြည့်ပါမယ်ဘုရား"

www.burmeseclassic.com



သည့်နောက် ကျောင်းသားသုံးဦးကိုခေါ်၍ လိုက်ကြည့်ကြသည်။ အနီ၊ အပြာ၊ အဖြူ အမျိုးသမီးသုံးဦးသည် ရှင်မွေ့နွန်း မျှော်တော်ယောင် စေတီကို ဖူးမြော်နေကြ၏။ ဆုတောင်းစကားများ ရွတ်ဆိုနေကြ၏။

၎င်းနောက် သုံးယောက်ကွဲသွားကြ၏။ သူတို့လှမ်းခွဲ၍ လိုက်ကြည့်ကြ၏။ မကြာခင် ဘုရားဖူးပရိသတ်များဖြင့် ရောနှောပြီး ရှာမရဖြစ်အောင် ပျောက်သွားကြ၏။ ကပ္ပိယကြီးသည် ပြန်လမ်းသုံးလမ်းကို လှမ်းခွဲ၍ လိုက်ကြည့်စေပါသော်လည်း၊ သုံးယောက်စလုံးရဲ့ အစအနကိုမျှ မမြင်ရတော့။

ဒီအကြောင်းသနစ်ကို ဆရာတော်ဘုန်းတော်ကြီးအား ပြန်လည်လျှောက်တင်လိုက်သောအခါ ဆရာတော်သည် ဦးခေါင်းတညိတ်ညိတ်လုပ်ရင်း ကျောက်စိမ်းတုံးကြီးကိုကြည့်ကာ ပီတိများဝေဖြာလျက်ရှိပါသည်။

မကြာခင် ထိုကျောက်စိမ်းတုံးကြီးသည် ကျွန်ုပ်၏ ယောက္ခမဆရာကြီးထံ ရောက်ရှိလာ၏။ ယောက္ခမဆရာကြီးကား ဘုန်းကြီး၏တပည့်အရင်း ဖြစ်သောကြောင့်တည်း။

ပြောရလျှင် ထိုခေတ်(လမ်းစဉ်ပါတီခေတ်)က ကျောက်စိမ်းများကို လွတ်လပ်စွာရောင်းဝယ်ခွင့်မပြု။ ဒေါ်လာမှောင်ခိုရောင်းဝယ်ခွင့်မရှိ။ တွေ့ရှိလျှင် ဥပဒေကြောင်းအရ အရေးယူလို့ရသည်။

သို့နှင့် ကျွန်ုပ်ယောက္ခမကြီးက ၎င်းနီးရာ အဆက်အသွယ်ရယူ၍ ၎င်းကျောက်စိမ်းတုံးကို စပ်ဟပ်ဆက်သွယ်လုပ်ရ၏။

၎င်းကျောက်စိမ်းတုံးကား လက်သီးဆုပ်သာသာခန့်ရှိပြီး လေးလှ၏။ ရေအိုးထဲမှာ စိမ်ထားလျှင် စိမ်းညို့နေ၏။ အမြဲတန်းအေးစက်နေ၏။

တစ်နေ့သောအခါ အရောင်းအဝယ် သမားတစ်ဦးရောက်လာပြီး

www.burmeseclassic.com



ကျောက်စိမ်းကို နေရောင်မှာထောင်၍ စစ်ဆေး၏။ မှန်ဘီလူးနှင့်ကြည့်၏။ လက်နှင့်ဆဲ၏။ ခေါက်ကြည့်၏။

''ဆရာကြီး''

''ပြောပါ မောင်တင်အောင်''

''ကျွန်တော့်မျက်မြင်အရ သုံးသောင်းပေးမယ်ဗျာ။ ရှုံးရှုံးမြတ်မြတ်ကံပဲ ဆရာကြီး''

''သုံးသောင်း''

''ဟုတ်တယ်''

''မပိုတော့ဘူးလားကွာ''

ဆရာဘုန်းကြီးစွန့်လိုက်တာက ငါးထောင်ကျပ်။ အခု ဒီကျောက်စိမ်းကို သုံးသောင်းကျပ်ပေးမည်တဲ့။ ဘုရားရေ စျေးပေးလှချေလား။ (ထိုခေတ်က ငွေသုံးသောင်းသည် ယခုခေတ်ငွေ သိန်း ၃၀ ခန့်နှင့် ညီမျှလေ၏။ စကားချပ်)

''ကျွန်တော်လည်း စွန့်စားပြီး ရင်းရတာပါ ဆရာကြီးရာ။ ဒီကိစ္စက ပေါ်ပေါ်ထင်ထင်လုပ်လို့ရတဲ့ ကိစ္စမဟုတ်ဘူးလေ။ အထဲမှာ အရည်နည်းရင် ကျွန်တော်ရှုံးရော။ ဘယ့်နှယ့်ရောင်းမလား''

''စဉ်းစားပါရစေဦးကွာ။ နှစ်ရက်နေရင် ပြန်လာခဲ့ပါ''

''ကောင်းပြီ''

ငင်းလူပြန်သွားပြီးနောက် ဆရာကြီးရဲ့သား ကျွန်တော့်ယောက်ဖ အဆက်နှင့် ဝယ်ပွဲစားတစ်ဦးရောက်လာပြန်သည်။ ကျောက်ကို စစ်ဆေးကြည့်ရှုပြီး ငါးသောင်းပေးမည်ဟု ဆိုပြန်၏။

ယောက္ခမကြီးကား လောဘတက်လေပြီ။

စောစောက လူက သုံးသောင်းပေး၏။

ယခုလူက ငါးသောင်းပေးနေ၏။ ထုံးစံအတိုင်း စဉ်းစားပါရစေဟု ဆိုပြီး ပြန်လွှတ်လိုက်စဉ် တတိယမြောက် အဝယ်သမားတစ်ဦးရောက်လာပြီး ခြောက်သောင်းပေးမည်ဟု ဆိုလာပြန်သည်။ ဒါလည်း မရောင်းခဲ့။





...သာတာ...

''မောင်စိုးမြင့်''

''ဗျာ အဖေ''

''ဒီလောက် စျေးကြီးပေးနေပုံထောက်ရင် သိန်းချီပြီး တန်နေလို့နေမှာကွ''

''ဖြစ်တော့ဖြစ်နိုင်တယ် အဖေ... ကျွန်တော် ဝယ်လက်ထပ်ရှာဦးမယ်ဗျာ''

ဒီမှာ ကျွန်တော်က စာရေးဆရာဉာဉ်နှင့် ဝင်၍ပြောရတော့၏။

''အဖေ...''

''ဘာတုံး မောင်ရွှေဇင်''

''ယောက်ဖ''

''ဘာလဲ...ကိုရွှေဇင်''

''အဖေရော ယောက်ဖရော ကျောက်စိမ်းအကြောင်းနားလည်သလား''

''ဟင့်အင်း သိပ်နားမလည်ဘူး''

''သိပ်မသိပါဘူးကွာ''

''ဒီမှာ အဖေ၊ ငါးထောင်နဲ့ရထားသလိုမျိုးရှိတဲ့ကျောက်ပါ။ နောက်ပြီးဆရာတော်စကားအရဆိုရင် ပုဂ္ဂိုလ်ထူးတစ်ဦးက သာသနာပြုဖို့ ချီးမြှင့်လှူဒါန်းခဲ့တာကို မို့လား''

''အေးလေ...အဲဒါ ဘာဖြစ်လဲ''

''ကျွန်တော်လေ့လာသိရှိရသလောက်ဆိုရင် ကျောက်စိမ်းက နတ်ကြီးတယ်တဲ့ အဖေ။ မော်မှာတောင် သစ္စာ၊ ကတိ၊ သီလစင်ကြယ်မှု အပိုင်အဆိုင်များက အရည်ပါ အောင်ကျောက်ကိုပေးသတဲ့။ အချို့အရည်ပါကျောက်ကို ကံကောင်းစွာ ရရှိပါလျက်နဲ့ သီလ၊ သစ္စာ၊ ကတိပျက်ပြီး လောဘကြောင့် အောင်ကျောက်ဘဝပျောက်ပြီး ပကာသားအခွံကျောက်ဖြစ်သွားတဲ့ အဖြစ်အပျက်မျိုး ကျွန်တော်ကြားဖူးတယ်။ ဒီတော့ ဖြစ်နိုင်ရင်

www.burmeseclassic.com



လက်ရှိ သူတို့ပေးနေတဲ့တရားသဖြင့် ဈေးနဲ့ပဲရောင်းလိုက်ပါ အခေ"

ဒီမှာ အဘိုးကြီးကန့်ကွက်တော့၏။

"မင်း စဉ်းစားကြည့်မောင်ရွှေဇင်၊ တစ်ဦးပြီးတစ်ဦး ဈေးတိုးပေး နေတာကွယ့်။ ဒါကိုထောက်ရင် ဒီကျောက်စိမ်းဟာ သိန်းမက တန်လို့ပဲ ကွ"

ဒီမှာ ယောက်ဖကလည်း သူ့အဖေဘက် ဝင်ပါလေရဲ့။

"အဖေပြောတာ ဖြစ်နိုင်တယ်ကိုရွှေဇင်...ကျွန်တော်ဒီကျောက် မှာ အရည်ဘယ်လောက် ကြီးဘယ်လောက်ပါတယ်ဆိုတာကို ကျွမ်းကျင် ပညာရှင်တွေနဲ့ လျှို့ဝှက်တိုင်ပင်စစ်ဆေးကြည့်မယ်ဗျာ။ အရည်ကောင်း တာပါရင် သိန်းချီပြီးတန်မှာဗျ သိလား"

"ဒါဆိုလည်း ယောက်ဖတို့သားအဖ သဘောပါပဲခင်ဗျာ"

❀ ❀ ❀ ❀ ❀

၅

နောက်ဆုံး လွန်စွာစိတ်ချရသည့် လူတစ်ဦးအကူအညီနှင့် ကျောက်ကို အသေးစိတ်စစ်ဆေးရန် ကိစ္စဖြစ်ပေါ်ခဲ့သည်တဲ့။

ဂျင်းပုဂ္ဂိုလ်က သိပ္ပံနည်းပညာသုံး ကျောက်စိမ်းစစ်ဆေးစက်မှာ ဆင်၍ ကျောက်ကိုခွဲစိတ်စစ်ဆေးမည်။ အရည်ပါလျှင် အရည်ခွက်မှာတင် မည်။ အကာသားဖြစ်လျှင် အကာဘက်မှာတင်ကျန်ရစ်မည်။ ကံတရား ပေါ်မူတည်၍ တိကျစွာအဖြေထွက်လာမည်။ ဒါပေမဲ့ ကျောက်ပုံစံတော့ ပျက်လိမ့်မည်။

နီးကြောနှင့်ဖြတ်သည့်နည်းက အချိန်ကြာသည်တဲ့။

သို့နှင့် ဂျင်းသိပ္ပံနည်းပညာ စစ်ဆေးစက်နှင့် စစ်ဆေးလိုက်သော အခါသားအဖနှစ်ဦးစလုံး ရင်များခုန်နေကြသည်။ မျက်လုံးထဲမှာ ငွေပုံကြီးကို မြင်နေသည်။

---

www.burmeseclassic.com



သူတို့အစွမ်းအစကို အားလုံးသိကြရတော့မည်။ ဒီလိုနှင့် အ

သိပ်မကြာလိုက်။ အဖြေထွက်လာခဲ့သည်။

"ဘယ်လိုအဖြေလဲ ဆရာ"

"ဆရာကြီး"

"ခင်ဗျာ ပြောပါဆရာ၊ အရည်အပြည့်ပဲလားဟင်"

"ဝမ်းနည်းပါတယ် ဆရာကြီးခင်ဗျာ။ အရည်တည်ရုံသာရှိသေ

ကျောက်စိမ်းပကာ အခွံကျောက်အမျိုးအစားပါခင်ဗျာ"

"ဟင်"

"ဒါ. . . ဒါ. . . ဆို. . . ဒီ. . . ဒီကျောက်စိမ်း ဘယ်လောက် တ

ဖိုးရှိနိုင်ပါသလဲခင်ဗျာ. . . ဟင်"

"ရွှေဘုံသာလမ်းမှာဖြစ်စေ၊ ရွှေတိဂုံဘုရားစောင်းတန်းမှာဖြစ်

ဒီကျောက်စိမ်းကိုပြပြီး ဈေးပြောကြည့်ပါ ဆရာကြီးတို့ခင်ဗျာ"

သို့နှင့် အစိပ်အကွဲဖြစ်နေသော ကျောက်စိမ်းကွဲများကို အိတ်တ

လုံးနှင့် စုထည့်ပြီး ရွှေတိဂုံဘုရားစောင်းတန်းရှိ လက်ဝတ်ပစ္စည်းလု

ရောင်းသူ၊ ဘုရားရုပ်တု ထုရောင်းသူများထံပြကြည့်သောအခါ . .

"အားလုံးကို ငါးရာကျပ်ပေးမယ်"

"ဗျာ. . . ငါးရာကျပ်"

"ဟုတ်တယ်"

"မနည်းဘူးလားခင်ဗျာ"

"ဒါက ကွမ်းဖိုးဆေးဖိုးပဲ ရမယ်လေ။ ပကာအခွံအကွဲလေးတွေ

ဥစ္စာ၊ လက်စွပ်လေးတွေ ပုတီးတွေ လုပ်ရောင်းရမှာ ဘာမှအဖိုးတန်

မဟုတ်ဘူး"

နှစ်ဦးသား ကျောက်ထုပ်ကိုကိုင်၍ လက်များတုန်နေသည်။

ရင်ထဲမှာ ဇလောင်ဆူ ရေနွေးငွေ့ရထားများ အပြိုင်ခုတ်နေ

သည်။ သုံးသောင်း၊ ငါးသောင်း၊ ခြောက်သောင်းလာပေးသူများရဲ့ မျ





ကို ပြေးမြင်လိုက်ကြသည်။ သွားပြီ။ ဒီသတင်းများ သူတို့ကြားလိုက်

ကြလျှင် ကံကောင်းလို့ဟု ပြောလိုက်ကြမည်ဖြစ်ခြင်း။

ကျွန်တော်စဉ်းစားကြည့်သည်။ ဂမ္ဘီရဆန်စွာပဲ ပုဂ္ဂိုလ်များက အ

နတကယ်လာရောက်ချီးမြှင့်သွားတာလား။ ဂမ္ဘီရဆန်သောပစ္စည်းကို

လောဘဇောတိုက်၍ ငွေနောက်လိုက်ခဲ့လို့ ဆိုင်ရာက ပညာပေးလိုက်တာ

လား။

ဒါမှမဟုတ်

အနီရယ်၊ အပြာရယ်၊ အဖြူရယ်၊ မိန်းမလှ မိန်းမလယ်သုံး

ယောက်က ငါးရာဝန်းကျင်တန် အလကားကျောက်ကို ဘာလိုလို ညာလို

လိုဟန်ပန်နှင့် ဖိန့်ပြီး ဘုန်းကြီးထံ အလှူငွေ ငါးထောင်နှင့် လဲယူသွား

လေရောသလား။

ယနေ့တိုင် ကျွန်တော်စဉ်းစားနေဆဲ။

မောင်ညိုမှိုင်း(သန်လျင်)

❧ ❧ ❧ ❧ ❧

www.burmeseclassic.com



□

တစ်နေ့သောအခါ ကျွန်ုပ်တို့အရပ်ထဲသို့ စိတ်ဝေဒနာသည်လို လူကြီးတစ်ဦးရောက်ရှိလာခဲ့၏။ ထိုလူကြီးသည် (၃၇)မင်းနတ်သီချင်းများ ထဲမှ ရွှေဖူးညီနောင်နတ်သီချင်းကို အသံနေအသံထားနှင့် ဆို၍ကပြီး ဝင်လာလေ၏။

"ရွှေဖူးညီနောင် xxx ဖောင်တော်စီးပါလို့ xxx ရေလှိုင်းတွေက ဖွေးဖွေး xxx ရေလှိုင်းတွေကဖွေးဖွေး xxx နတ်နန်းရယ်သာလှတယ် xxx ရွှေနန်းရယ်သာလှတယ် xxx ဆီးကြိုပါနဲ့မများရယ် xxx ဆီးကြို ညီတော်များရယ် xxx ယီးလေလေ xxx ယီးလေးလေးလေးလေး xxx ယီးလေးလေယို xxx"

လူကြီးသည် ရင်ကိုပင့် ခြေကိုကြွ၍ ကိုယ်ကိုလှည့်၍ လေ့တက် ယိမ်းလိုလို ဖောင်တက်ယိမ်းလိုလို ဟန်အကနှင့် လမ်းထဲမှာက၍ပျော် နေ၏။

လူပုံလူပန်းကား–

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com



မျက်နှာလေးထောင့်ကြီးနှင့် ဖြစ်၏။ ဆံပင်ကောက်ကွေးများ သူ့နောက်ကျောပေါ်မှာ ဖားလျားကုပ်ထောက်ကျနေ၏။ ဖြူဆွတ်နေသော နှုတ်ခမ်းမွေးကားကားထူထူကြီးသည် ပါးစပ်ထဲသို့ကုပ်ဝင်ပြီး ကွမ်းတံတွေး များဖြင့် ပေကျံညစ်ပတ်နေ၏။ ကိုယ်ပေါ်မှာမူ အညာဖျင်ပင်နီကြမ်းတိုက် ပုံထူကြီးအား ရင်ဘတ်အကွဲနှင့် ဝတ်ထားရကား လူကြီးရင်ဘတ်ပေါ် အင်းကွက်၊ စမကွက်များကို အထင်းသား မြင်နေရ၏။ ပုဆိုးမှာ မူလက အဖြူကွက်ဖြစ်ပုံရ၏။

ယခုမူ ညစ်ပေစုတ်ပြဲကွဲပြီး အပေါက်များနှင့် မြင်မကောင်း အောက်ခြေနားအကွဲကို ထုံးထားလိုက်သေး၏။ ယောဂီရောင် လွယ်အိတ် ဖောင်းဖောင်းကြီးကိုမူ ဘယ်ဘက်ပခုံးမှာ လွယ်ထား၏။ အသက်က ခန့်မှန်းအသက်(၆၀)နီးပါးခန့် အနေအထားနှင့်တွက်ရလျှင် ကျွန်ုပ်တို့ အားလုံးက စိတ်မခန့်သူဟုသာ တွက်ဆထားကြလေသည်။

သူ့ကိုမြင်သော ခွေးအုပ်ကြီးက ကိုက်မလိုဝါးမလို ဟောင်ကြ၏။ ကလေးအုပ်က ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေကြ၏။

လူရွယ်အုပ်က ရှတ်နောက်နောက်စကားများပြော၍ ရယ်ကြ၏။

လူကြီးအချို့က မသိမသာ အကဲခတ်နေကြသည်။ လူကြီး သီချင်းကို မြန်မြန်ကျော့ပြီးက၏။ သို့ကလို က,လေ ခွေးအုပ်က မျက် နောက်ပြီး ဝင်ဆွဲကြလေ၏။

တစ်ကောင်သောခွေးမှာ လူကြီး၏ပုဆိုးစကို ကိုက်ဆွဲလိုက်ရာ လူကြီးတန်းလန်းပါသွား၏။ ဒီမှာ ကျန်ခွေးများက ဝိုင်း၍ ကိုက်ရန်ဝင်ကြ ၏။

အမြင်မတော်၍ လူကြီးအချို့က ဝင်မောင်းကြပါသော်လည်း ခွေး များသည် ဘယ်ရှေးဘဝက အငြိုးကြောင့်မသိ။ လူကြီးကို မျက်မုန်းတ ကြီးစွာဖြင့် တစ်စစီဆုတ်ဖြဲကိုက်ဝါးရန် အစွယ်ဖွေးဖွေးများထုတ်၍ ဝိုင်း ကြ၏။

ဒီမှာပဲ လူကြီးသည် မြေပြင်မှ သဲတစ်ဆုပ်ကို ကောက်ယူလိုက်





သထဲမှာမြှောက်ကိုင်ကာ ဒေါသကြီးနေသော၊ ရန်လိုပြင်းပြနေသော ခွေးများကို ပြူးပြူးကြီးစိုက်ကြည့်လိုက်၏။ ဒီမှာပဲ ရန်ပြုမည်မှတ်၍ ခွေးအုပ်က အတင်းဝင်အဆွဲသဲများကို ခွေးအုပ်ပေါ်သို့ ကြဲပက်ချလိုက် သောအခါ . . .

''အိန် . . . ဂိန်''

''ဂိန် . . . ဂိန် . . . အိန် . . . အိန်''

''အိုင် . . . အိန် . . . ဂိန်''

ခွေးများသည် နာကျင်စွာ အော်ဟစ်ရင်း အလန့်တကြား နောက် သို့ဆုတ်ပြေးကာ သူတို့ကိုယ်ပေါ်မှ သဲများကိုခါချရင် ညည်းညူ၍ အဘိုး ကြီးကို ပေစောင်းပေစောင်း ကြည့်နေကြလေ၏။

ကျွန်ုပ်တို့ လူကြီးပိုင်းအုပ်စုသည် ထူးဆန်းသောလူကြီး၏ အပြု အမူကိုကြည့်၍ အံ့သြနေစဉ်မှာပင်–

''ဟေ့ကောင်တွေ လာကြလေ။ ဝင်ဆွဲပါဦးဟ။ လာပါ ကိုက်ကြ စမ်းပါ။ ငါ့အသားက သကြားလိုချိုပါတယ်ကွာ။ ဟား . . . ဟား . . . ဟား ပုဆိုးကို မကိုက်နဲ့ကွ။ ရော့–ဟောဒီပေါင်သား ခြေသလုံးသားကို ကိုက်ကြ။ ကိုက်ကိုက် ရော့ . . . ကိုက်''

အဘိုးကြီးသည် ခါးတောင်းကိုမြှောင်နေအောင်ကျိုက်လိုက်ပြီး၊ အခဲမကျေ စောင့်ကြည့်နေသော ခွေးအုပ်ရှိရာသို့ ပြေးဝင်ကာ သူ့ခြေ သလုံးကို ထိုးပေး၏။

ထိုအခါ အစွယ်ဖွေးဖွေးနှင့် ခွေးအုပ်ကလန့်၍ နောက်ဆုတ်ကြ၏။

''ဟေ့ကောင်တွေ ခြေသလုံးသားမကြိုက်ရင် ငါ့တင်ပါးကိုက်ကွာ။ ရော့ ရော့ . . . အားရပါးရကိုက်ဟေ့။ ရော့ ကိုက်ဟ''

''ဝါးဟားဟား''

''အဟစ်ခစ် . . . ခစ်''

''အဟတ် . . . အဟတ် . . . လူပြောင်လူရွှတ်ကြီးကွ''

တိုက်ပုံရင်ကွဲနှင့် အဘိုးကြီးက မြှောင်နေအောင်ကျိုက်ထားသည့်

www.burmeseclassic.com



သူတင်ပါးဖွေးဖွေးကို ခွေးများဘက်သို့ ခါးကုန်းပြီး ထိုးပေးလိုက်သောအခါ ကျွန်ုပ်တို့အပါအဝင် ကလေးလူကြီးများက ဝိုင်း၍ ရယ်လိုက်ကြ၏။

ဒီမှာ မကိုက်ရဲဘဲ နောက်ဆုတ်ပြေးမလိုဟန်ပြင်ပြီး အကဲခတ် စောင့်ကြည့်နေသည့် ခွေးအုပ်ဘက်ကို အဘိုးကြီးက ရင်ဆိုင်ကြည့်လိုက် ပြီး–

"မင်းတို့ကြိုပုံက ရိုင်းတယ်ကွာ ခွေးတိရစ္ဆာန်တွေရ။ အဲဒီလိုရိုင်း လို့လည်း မင်းတို့ ခွေးတိရစ္ဆာန်တွေ ဖြစ်နေတာ။ နေပါဦး၊ မင်းတို့ ငါက ဘာရန်လုပ်လို့ ငါ့ကို သဲသဲမဲမဲ ဝိုင်းဖြင်းရတာလဲ ပြောပါဦး"

ကျွန်ုပ်တို့သည် ခွေးများကို ခါးထောက်ကြည့်ပြီး ရန်တွေ့မေးခွန်း များထုတ်နေသည့် လူကြီးကိုကြည့်ပြီး ဘာများဖြစ်လာဦးမှာလဲဟု ငံ့လင့် နေကြ၏။

ဒီစိတ်မနှံ့သောလူကြီးကို တစ်ခါမှ မမြင်ဘူး။

ကျွန်တော်တို့မြို့မှာ စိတ်ရောဂါသည် မသောင်းဆိုတာရှိသည် ပြီး ပေါက်ကျော်ရှိသည်။ ဆယ်ပြားစေ့ ဆိုသောကောင်မလေးတစ်ယောက် လည်း ရှိသည်။ ဦးပွေးရင့်ဆိုသည့် စိတ်ရောဂါသည် တစ်ယောက်ရှိသည်။ ထိုသူများကို ခွေးများက မဆွဲကြ။ မျက်စိယဉ်နေကြ၏။ ဦးပွေးရင့်ဆိုလျှင် ခွေးများကို 'အင်္ဂလိပ်လိုမှတ်၍ တစ်ခါတစ်ရံ အင်္ဂလိပ်သီချင်းပင် ဆို ကြသေး၏။ အဲဒီလောက်အထိ ခွေးများနှင့် ပန်းစား၏။

အခု မျက်နှာသစ် ထိုလူကြီးကိုမူ ရပ်ခွေးရွာခွေးများက သွေးတိုး စမ်းကြလေ၏။ အခု ရပ်ကျော်ရွာကျော် အိမ်ခွေး ကျောင်းခွေး ခွေးလေ ခွေးလွင့်နှင့် ခွေးဝဲစားအပေါင်းတို့သည် ထိုလူကြီး၏သဲနှင့် အပက်ခံရသော အခါ မီးကျီးခဲနှင့် အပက်ခံရသည့်အလား လန့်၍အော်၍ပြေးကာ ဒုတိယ အချီ မကျေပွဲကို နွှဲကြရန် တာစူနေကြသည်။

တိုက်ပုံရင်ကွဲနှင့် လူကြီးက ခွေးများကို မေးခွန်းထုတ်နေ၏။

"အေးလေ. . .မင်းတို့က ငါ့ကို ရန်လိုပေမယ့် ငါကတော့ မင်းတို့ ကို မမုန်းပါဘူး။ ကိုင်းကိုင်း. . . ငါ့ကိုရန်သူလို မဆက်ဆံပါနဲ့ကွာ





မိတ်ဆွေလို အသိအကျွမ်းဟောင်းလို ဆက်ဆံကြပါ။ မေတ္တာနဲ့ တည် ဆောက်မှ လောကကြီးငြိမ်းချမ်းတာကွ ကိုင်း–ရော့ရော့"

ဒီမှာ အဘိုးကြီးက လွယ်အိတ်ထဲသို့ လက်နှိုက်ပြီး မုန့်များကို ထုတ်လိုက်သည်။ ပြီးခွေးများဘက်သို့ မုန့်များကို ထောင်ပြလိုက်၏။

"ဟောဒါ ဘိန်းမုန့်ကွ။ ဒါက ဗယာကြော်ကွ စားကြဖို့လကွာ"

ခွေးများက လုံးဝမလာ။ ကြောင်၍ ကြည့်နေကြ၏။

"လာပါကွ မကြောက်ပါနဲ့ ဟားဟားဟားဟား"

"မင်းတို့ မလာရဲရင် ရော့ကွာ ရော့တီးကြကွာ"

ထိုလူကြီးက ခွေးများရှိရာသို့ ဗယာကြော်များကို ပစ်၍ကျွေးလိုက် သောအခါ ခွေးများက ကောက်ငင်၍ စားကြလေ၏။

စားရင်း ရှေ့သို့ တိုးလာကြ၏။

ထိုအခါ လူကြီးက ခွေးများကို ရဲရဲတင်းတင်း လက်နှင့်ခွံ့၍ ကျွေး၏။ ခွေးများက မကြောက်မရွံ့ ဝင်ဟပ်၍ စားကြ၏။

ဘာမှမကြာလိုက်။

ခွေးဆိုးခွေးရိုင်း ခွေးဂျလေများသည် လူကြီးနောက်မှ တကောက် ကောက်လိုက်ပါလို့ သွားလေ၏။

မဟောင်မကိုက်ကြသည့်အပြင် တအီအီတအူအူလုပ်ပြီး လူကြီး ပေါ်သို့ ကုတ်၍ တက်ကြရကား ခွေးနှင့် လူတစ်ယောက်တို့၏ စောစောက အမုန်းတရားသည် မျက်စိရှေ့မှောက်မှာပင် မေတ္တာတရားဖြစ်ကာ အချစ် သဒ္ဒါပွား၍ မနက်ခင်းလေး ပိုလှသွားခဲ့လေ၏။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

၁

ကျွန်ုပ်သည် ထိုထူးဆန်းသော လူကြီးကို လွန်စွာစိတ်ဝင်စားသွား၏။ သူဘယ်လိုလူစားလဲဆိုတာကို သိချင်နေ၍ လိုက်လံအကဲခတ်လိုက်သောအခါ–

အလို. . .

စိတ်မနှံ့သူလူကြီးသည် သရဲအလွန်ခြောက်သည်ဟု နာမည်ကြီးသော ခရေပင်အောက်မှ ကွပ်ပျစ်အစုတ်ပေါ်မှာ အိပ်နေလေ၏။

ဤခရေပင်သည် အလွန်ကြမ်း၏။ အပင်အောက်မှာ ကြွေကျနေသည့် ခရေပန်းများကို မည်သူမျှ မကောက်ရဲ။ ကောက်သူများကို နောက်က တွန်းလွှတ်လေ့ရှိ၏။ ညလာအိပ်သူ အမူးသမားများကို ခွစီး၍ အမူးသမားများတို့ အမူးပြေပြီးပြေးရ၏။ ခြေထောက်မှဆွဲ၍ လွှတ်ပစ်ဖူး၏။ မိုးရွာ၍ ကျွဲ၊ နွားများ အပင်အောက် ဝင်ခိုလျှင် ဗုန်းဗွမ်းအသံများကြားရပြီး ကျွဲ၊ နွားများ လန့်ပြေးကြ၏။





မှောင်ရီပိုးဝါး ခရီးသွားလာသူများကို ဆေးလိပ်မီးထွက်တောင်း၏။ ပြီး လူရော ဆေးလိပ်ပါ မျက်စိအောက်မှ ပျောက်သွား၏။

တစ်ခါက တစ်ရွာတွင် ငါးသည်တစ်ဦး ၎င်းခရေပင်အောက်မှာ မော၍ ဈေးဗန်းလေးချပြီး ဝင်နားဖူး၏။ ငါးအချို့ ဘယ်သူယူသွားမှန်းမသိ ပျောက်သွား၏။ ခွေးမှတ်၍ လိုက်ရှာကြည့်လိုက်တော့ ခရေပင်ကြီးပေါ်မှ ညည်းသံကြီးကြား၍ မော့ကြည့်လိုက်သောအခါ. . .

လျှာတန်းလန်းကြီး ထုတ်ပြနေသော မျက်လုံးပြူးပြူးနှင့် လူတစ်ဦးကို မြင်လိုက်ရပြီး ငါးဗန်းမရှဲအော်ပြေးရကား ရွာအဝင်မှာ ထဘီစွန်တောင် အောက်နားကွဲဘဝ ရောက်ခဲ့ရ၏။

အခြားမပြောနှင့် ဆွမ်းခံကြသည့် ကိုရင်များနှင့် ဘုန်းကြီးကျောင်းသားများပင် အလွတ်မပေး။

၎င်းသရဲအမည်ကား. . .

ကိုခွေးနက်ကြီးဟူသတည်း။

ကိုခွေးနက်ကြီးသည် သည်အရပ် ရွာသားမဟုတ်။ ဟိုးဘက်ဝဲကြီးကုန်းရွာသားဖြစ်၏။ မကောင်းမှုမျိုးစုံလုပ်ကိုင်စားသောက်သူဖြစ်၏။

အရက်ပုန်းချက်၍ ရောင်း၏။ ဖဲဝိုင်းဒိုင်ခံ၏။ နွားခိုးပေါ်၏။ ဝက်သတ်၏။ အမဲလိုက်၏။ မကောင်းသောမိန်းမများနှင့်လည်း ပျော်ပါး၏။ ရွာတကာလည်ရန်ဖြစ်၏။ အချုပ်လည်း အကြိမ်ကြိမ်ရောက်၏။ ထောင်နှစ်ခါကျ၏။ သူ့မိန်းမမှာ စိတ်ထောင်းကိုယ်ကျေနှင့်သေခဲ့၏။ သားလေးတစ်ယောက် ကျန်ရစ်၏။ အသက် (၁၀)နှစ်ရှိပြီ။ ဖအေဒဏ်မခံနိုင်၍ ရွာ ဘုန်းကြီးကျောင်းမှာနေရ၏။ သို့သော် ကိုခွေးနက်ကြီးသည် ဒီသားလေးကို အလွန်ချစ်လေ၏။

ရွာဦးဘုန်းကြီးသည် ကြာလျှင်ဒီကလေးလည်း သူ့အဖေ ကိုခွေးနက်ကြီးလို လူဆိုးလူသွမ်းဘဝ ရောက်မှာစိုး၍ ကိုရင်ဝတ်ပေးလိုက်လေ၏။ မူးမူးနှင့်မကြာခဏ သားကိုရင်လေးရှိရာသို့ ရောက်ရောက်သွား၏။

www.burmeseclassic.com



ထိုအခါ သားကိုရင်လေးက ဖအေအမူးသမား လူရမ်းကားကို ပြောရသည်။

"ဒကာကြီး"

"ဘာတုံးကိုရင်"

"ဘာလို့ကျောင်းကိုလာရတာလဲ"

"ကိုရင်ကိုတွေ့ချင်လို့"

"ကိုရင်ကိုတွေ့ချင်ရင် အရက်သောက်မလာခဲ့ပါနဲ့"

"အဖေ မမူးပါဘူးသားရဲ့"

"မူးမူး မမူးမူး ကိုရင်မကြိုက်ဘူး။ ဆရာတော်လည်း မကြိုက်ဘူး။ နောက်အရက်သောက်လာရင် ကိုရင်ကို ခေါ်မတွေ့ပါနဲ့"

"သားရယ် ကိုရင်ရယ်"

ကိုခွေးနက်ကြီးတဝက အဲဒီလို။ သားကိုရင်လေးကို ချစ်လွန်း၍ လူထွက်ပြီး သူနှင့်နေရန် မကြာခဏပြောဖူး၏။ ကိုရင်လေးက အရက်မသောက်လျှင် မူးယစ်ရမ်းကား ရန်မဖြစ်လျှင်၊ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါလျှင် သူလူထွက်၍ ဒကာကြီးနှင့်လာနေမည်ဟုပြော၏။

အင်းဟု ကတိပေးခဲ့သော်လည်း ကိုခွေးနက်ကြီးသည် ခွေးမြီးကောက် ကျည်တောက်စွပ် မိုက်မြဲ မူးမြဲ ရန်ဖြစ်မြဲ မကောင်းမှုများကို လုပ်နေမြဲဖြစ်၏။

တစ်နေ့. . .

ကိုခွေးနက်ကြီး လွန်စွာထူးခြားသော ကိစ္စတစ်ခုကို လုပ်ခဲ့၏။

အခြားမဟုတ်။

သားလုပ်သူ ကိုရင်လေးအား သင်္ကန်းတစ်စုံဝယ်၍ လှူခဲ့ခြင်းဖြစ်၏။ ကြားရသူများ လွန်စွာ အံ့သြကြလေ၏။ အချို့က ကိုခွေးနက်ကြီး လိမ္မာသွားပြီဟု ပြောကြ၏။





ပြောလို့မှ မဆုံးသေး။ အခြားရွာတစ်ရွာ ဖဲဝိုင်းမှာ ရန်ဖြစ်၏။ ရန်ဖြစ်ပြီး ဓားထိုးခံရ၍ ဒဏ်ရာကို လက်နှင့်အုပ်ပြီးအပြေး ဤကျွန်ုပ်တို့အရပ်ရှိ ရွာစွန်ခရေပင်အောက်မှာ လဲကျအသက်ပျောက်သွားခဲ့လေ၏။

ထိုအချိန်မှစ၍ ကိုခွေးနက်ကြီးသည် မကျွတ်မလွတ်ဘဝရောက်ကာ ဤခရေပင်မှာ မှီတွယ်ပြီး လာသမျှ လူသူတိရစ္ဆာန်များကို ခြောက်လှန့်ဒုက္ခပေးရကား နောင်ငုင်းခရေပင်ကို ကိုခွေးနက်ကြီး ခရေပင်ဟု ခေါ်ကြလေကုန်၏။

❂ ❂ ❂ ❂ ❂

www.burmeseclassic.com

□

ယခု နေဝင်ရီသရောမှာ တိုက်ပုံရင်ကွဲနှင့်လူကြီး ခရေပင်အောက် ခပ်နွဲ့နွဲ့ခုံရှည်ပေါ်မှာ ရောက်နေ၏။

ပြောရရင် ကိုခွေးနက်ကြီးကို လွှာဘဝတုန်းက ကျွန်ုပ် နှစ်ကြိမ် စကားပြောဖူး၏။

မူးလဲပြီး မပြန်နိုင်၍ လှည်းကြုံနှင့် သူ့ရွာပို့ပေးခဲ့စဉ်ကတစ်ကြိမ်။ ရန်ဖြစ်ပြီး သွေးသံရဲရဲနှင့် ဤခရေပင်အောက်မှာလဲနေစဉ် သူ့ဒဏ်ရာကို နနွင်းမှုန့်သိပ်ပြီး ကူညီပေးခဲ့စဉ်က တစ်ကြိမ်။

ဒီတုန်းက ကိုခွေးနက်ကြီးက မေးခဲ့ဖူး၏။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲဗျာ"

"ကိုဖုံကြီးပါ"

"ကိုဖုံကြီး၊ နာမည်က ဆန်းသားပဲ။ ကျေးဇူးပဲဗျာ ကိုဖုံကြီး"





ဒါပဲပြောပြီး သူစိုက်စိုက် စိုက်စိုက်နှင့် ပြန်သွားဖူး၏။

ဒီကျေးဇူးကို သိလို့လားတော့မသိ။

ကျွန်ုပ် ဤခရေပင်အောက်ဝန်းကျင်မှ ဖြတ်သွားဖြတ်လာလုပ်သွင် ခြောက်လှန့်ခြင်းမရှိ။

ကျွန်ုပ် ဤစိတ်မနှံ့သူ လူကြီးကို သနားသလို ရှိနေသည်။ အခြားသော သူများပင် ဤခရေပင်အောက်မှာ အိပ်လို့မရ။ အကြောက်အလန့်ဆိုသောသူများပင် အော်ပြေးရ၏။

"အဘ"

"ဗျို့အဘ"

"ဘာတုံး၊ ငါ့ကိုခေါ်သလား"

"ဟုတ်ကဲ့"

"ဘာကိစ္စလဲကွ"

"အဘ ဘယ်အရပ်ကလဲ"

"မြန်မာပြည်ကပေါ့ကွာ"

အင်း. . . စိတ်မနှံ့သူနှင့်စကားပြောရတာ ခွတော့ခပ်ကျကျ။

"အဘ ဒီညဘယ်မှာအိပ်မှာလဲ ဟင်"

"မင်းက ဆယ်အိမ်ခေါင်းလား"

"မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် ရာအိမ်မှူးပေါ့"

"မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် ရွာသူကြီးလားဟေ့"

"ဒါလည်းမဟုတ်ပါဘူးအဘရယ်။ ရိုးရိုးရွာသားအရပ်သားပါ။ အဘဘယ်မှာအိပ်မှာလဲ သိချင်လို့ပါ"

"ဒီအပင်အောက်က ခုံရှည်ပေါ်မှာ အိပ်မှာပေါ့ကွ"

"ဒီခရေပင်အောက်မှာ မအိပ်နဲ့အဘရ"

www.burmeseclassic.com



''ဟေ. . . ဘာဖြစ်လို့''

''သရဲခြောက်တာကြမ်းလို့''

''သရဲ''

''ဟုတ်တယ်''

''ဘယ်အရွယ်လောက်ရှိလို့လဲ''

''အဘ ဒုက္ခရောက်မှာစိုးလို့ပါ''

''ဩော်. . . ဩော်. . . မင်းက ငါ့ကိုစိုးရိမ်လို့ကိုး။ ဒါနဲ့ မင်းနာမည်က''

''ကိုဖုံကြီးပါ ခင်ဗျာ''

''ဟေး. . , မောင်ဖုံကြီး၊ ဒီခရေပင်က သရဲဘယ်လောက်များ အခြောက်ကြမ်းလို့လဲကွ လုပ်ပါဦး။ နောက်ခံရာဇဝင်ခင်းပါဦးကွာ''

လူကြီးက ပုံမှန်လေသံနှင့်ပြောရင်း ကွမ်းတစ်ယာဝါးလိုက်၏။ ဒီမှာ ကျွန်ုပ်ကကြားသိမြင်ရသမျှ သရဲ ကိုခွေးနက်ကြီးအကြောင်းကို ပြန်ပြောလိုက်သောအခါ အဘိုးကြီးငြိမ်၍ နားထောင်နေ၏။

''အဲဒါကြောင့် အဘကို မအိပ်ပါနဲ့လို့ ပြောရတာ''

''အေး. . . အေး။ မင်းပြောပြမှ ပိုအိပ်ချင်လာသကွာ''

''ဗျာ. . . အိပ်ရင် အဘအကျိုးနည်းလိမ့်မယ်ဗျ''

''ကြည့်ကြသေးတာပေါ့ကွာ။ နက်ဖြန်မှာ ဒီသရဲခွေးနက်ကြီး ခြောက်လို့များ ငါသေခဲ့ရင် မောင်ဖုံကြီး''

''ခင်ဗျာ''

''ငါ့လူ ငါ့အသုဘကို သင့်တော်သလို သင်္ဂြိုလ်ပေးပါကွာနော်။ ကိုင်း. . . ငါ့လူပြန်တော့''

ကျွန်ုပ်သည် လူစိမ်းသူစိမ်းဖြစ်သည့်အဘိုးကြီးကို ကြင်နာစိုးရိမ်စိတ်နှင့်ပြောခဲ့ တားခဲ့ပါ၏။

ပြောမရသည့်အဆုံး သူ့ထိုက်နှင့်သူ့ကံရှိပါစေတော့ဟု တွေးရင်း





ပြန်လာခဲ့လိုက်၏။

ပြန်လာရင်း နောက်ပြန်လှည့်၍ စကားတစ်ခွန်းပြောလိုက်၏။

''ကိုခွေးနက်ကြီးရေ၊ ဒီလူကြီးက လူစိမ်းသူစိမ်းပါဗျာ။ စိတ်ရင်းကောင်း စေတနာကောင်းလည်း ရှိပုံရပါတယ်။ သူ့ကို ခင်ဗျား အနှောင့်အယှက်မပေးပါနဲ့ဗျာ''

www.burmeseclassic.com

□

စပ်စပ်စုစုနှင့် လေ့လေ့လာလာ လုပ်လိုသော ကျွန်ုပ်သည် မို
လို့ မျက်နှာသစ်ပြီးသည်နှင့် ဟိုလူကြီးအခြေအနေကိုသိလို၍ အိမ်မှ
ရန် ပြင်လိုက်သောအခါ. . .

"မောင်ဖုံကြီးရှိလားဟေ့"

"ဘယ်သူလဲဗျို့"

"ငါပါကွ"

"ငါပါကွ"ဆို၍ လှမ်းကြည့်လိုက်တော့ အလို တိုက်ပုံရှင်
လူကြီး ဖြစ်နေ၏။ လူတစ်ကိုယ်လုံး ညစ်ပတ်ပေရေနေ၏။

"အဘ. . . အဘ. . . ဘာမှမဖြစ်ဘူးနော်"

"ဟေ့ကောင် မောင်ဖုံကြီး"

"ခင်ဗျာ၊ လာလေ ဝင်ပါအဘရဲ့"





"မဝင်တော့ဘူးကွဲ၊ ငါအကူအညီ တစ်ခုတောင်းချင်လို့ကွ"

"ဘာများလဲ အဘရဲ့"

"ငါ့ကို သစ်ပင်ခုတ်တဲ့ ရဲတင်းတစ်လက်လောက်ရှိရင် ငှားပါကွ"

"ဘာလုပ်မလို့လဲ ခင်ဗျာ"

"ကိစ္စရှိလို့ပါကွ။ ခဏပါ အပေါင်ပေးရင် ပေးရပါစေကွာ"

သို့နှင့်ကျွန်ုပ်က သူ့ကို ထင်းပင်ခုတ် ရဲတင်းကြီး ငှားလိုက်သော
အခါ သူသည် ရဲတင်းကြီးကို ထမ်းရင်းမှ. . .

"မင်းအိမ်မှာ ထင်းဆိုက်စရာရှိရဲ့လားကွ မောင်ဖုံကြီးရဲ့"

"နည်းနည်းပါးပါးရှိပါတယ် ခင်ဗျာ"

"အေးနေ့ခင်းလောက်ကျရင် တစ်မိုးစာ ရရစေမယ်ဟေ့။ သွားပြီကွ"

ကျွန်ုပ်သည် ရဲတင်းကြီးနှင့် သူဘာလုပ်မလို့ပါလိမ့်ဟု သိချင်၍
ိုက်ကြည့်ရန်လုပ်ကာမှ မြို့မှ သူငယ်ချင်းလင်မယား ရောက်လာသဖြင့်
င်းအစီအစဉ်ကို လက်လျှော့လိုက်ရပြီး မြို့မှ သူငယ်ချင်းလင်မယားကို
ည့်ခံရတော့၏။

"ဟေ့. . . ဖုံကြီး"

ဒီမှာ မြို့သား သူငယ်ချင်း ကိုအောင်မြတ်ကျော်က မေးလာ၏။

"ဘာတုံး အောင်မြတ်ကျော်"

"မင်းနဲ့ တိုဘကြီးနဲ့ သိလို့လားကွ"

"အေး"

"ကြာပြီလား ဖုံကြီး"

"မနေ့ကမှ သိတာကွ။ ဘာဖြစ်လို့လဲ"

"ဒီလူကြီးက လူထူးဆန်းကြီးဟ ဖုံကြီးရဲ့"

"ဟေ. . . ဘယ်လိုထူးဆန်းလို့လဲ လုပ်ပါဦး ငမြတ်ရဲ့"

"သူ့နာမည်ကော မင်းသိရဲ့လား"

"ဟင့်အင်း မသိဘူး။ မေးလို့လည်း မရဘူးကွ"

"အေး. . . ငါတို့မြို့ပေါ်မှာတော့ သူ့ကို လူထူးဆန်းဘတိုက်ပုံလို့

www.burmeseclassic.com



ခေါ်ကြတယ်ကွ။ နတ်ချင်းတွေဆိုပြီး ရပ်တကာ နယ်တကာ လျှောက်သွား
အလှူခံလို့ရတဲ့ငွေနဲ့ ကိုးတောင်ပြည့်စေတီ တည်နေတဲ့ လူထူးကြီး
လူကသာ စိတ်မနှံ့သူလိုနေတာ ပညာက မသေးဘူးကွ''

''သူက ဘာလဲဟင်''

''အဲဒါ ငါတို့မသိဘူး။ နေတော့လည်း သချိုင်းနဲ့ဇရပ်မှာနေရင်း
ဒါမှမဟုတ် ဘုန်းကြီးကျောင်းမှာအိပ်တယ်။ တော်ရုံတန်ရုံရောဂါမျ
သူ့ရေမန်းနဲ့ ကုရင်ပျောက်ရောဟ''

''ဟုတ်ရဲ့လားကွ ငမြတ်ရ''

''ဟုတ်တယ် ကိုဖုံကြီးရ''

ဒီမှာ ကိုအောင်မြတ်ကျော်ရဲ့မိန်းမ မရွှေခင်မြင့်ကလည်း
ထောက်ခံလေရဲ့။

''သူ့အကြောင်းကိုပြောရရင် အများကြီးပဲ။ တို့မြို့က ယုံကြည်
အချို့ သူ့ဆီကမတ်စေ့လိုက်ဲတောင်းကြတယ်ကွ။ သူ့ဆီက မတ်စေ့
ရရင် ကံကောင်းရောဟ''

''မင်းကော ရဖူးလို့လား''

''လူတိုင်းကို မပေးဘူးကွ။ သူစိတ်ကျတဲ့လူဆို ပေးရော''

''သူက ဝိဇ္ဇာလား''

''မသိဘူး''

''ဘိုးတော်လား''

''မသိဘူး၊ ငါတို့နဲ့သိတဲ့ဘုန်းကြီးတစ်ပါးကတော့ အဲဒီလူကြီး
ဘတိုက်ပုံကိုတွေ့ရင် ကောင်းကောင်းမွန်မွန် ဆက်ဆံကြနော်လို့ပဲ
တယ်ဟ''

''အင်း. . . ဟုတ်မဟုတ် ကြည့်ကြသေးတာပေါ့ကွာ''

သို့နှင့်ညီနောင်သည်နှစ်ဦးကို ချက်ပြုတ်ကျွေးမွေးခဲ့ပြီး သူတို့ ပြန်
မှ ထိုလူကြီးဘတိုက်ပုံရှိရာ ခရေပင်အောက်သို့ ရောက်သောအခါ. .

''ဟင်''





အလို သရဲခြောက်ကြမ်းသည့် ခရေပင်ကြီးမရှိတော့ပါလား။
ခရေပင်ကြီးသည် ထင်းပုံဘဝသို့ ရောက်နေ၏။

ဒီမှာ လူထူးဆန်းဘတိုက်ပုံဆိုသူကို ခွေးသံရှဲရှဲနှင့်တွေ့လိုက်ရ၏။
ခေါင်းက ဆံပင်များပေါ်မှာ သစ်မှုန်သစ်စများ ဖွေးနေ၏။

သူနှင့်ဝန်းကျင်မှာလည်း ရွာသူရွာသား ခရီးသွားအချို့သည်
ပြူးနေကြသည့် မျက်လုံးများဖြင့် သူ့ကို ဝိုင်းကြည့်နေကြ၏။

''အဘ''

''ဟေလကွာ''

''အဘ. . . ဒီ. . . ဒီ. . . ခရေပင်ကြီးကို ခုတ်ပစ်လိုက်တယ်''

''အိမ်း''

''ဘာလို့ခုတ်ရသလဲ အဘရယ်။ အဘဒုက္ခရောက်တော့မှာပဲ''

''ဟေ့. . . ငါဒုက္ခရောက်တာထက် မင်းတို့ရွာသူရွာသားများ
ဒုက္ခရောက်နေတာကို မကြည့်ရက်လို့ ခုတ်ပစ်တာပေါ့ကွ။ ဟော့ကောင်
ကြီး''

''ဗျာ''

''ထင်းရပြီကွ။ အကုန်သယ်သွားကွာ''

''ဟာ. . . မ. . . သယ်ရဲဘူးဗျ''

''ဘာဖြစ်လို့''

''ကြောက်လို့''

''ဟား. . . ဟား. . . ဟာ. . . ဟော့ကောင် ကြောက်စရာကောင်
းပါဘူးကွာ။ ရဲရဲသုံးစမ်းပါ''

''ဟင့်အင်းဗျာ၊ ကျွန်တော် မသုံးရဲဘူး''

ဒီမှာ သူက ရပ်ကြည့်နေကြသူများဘက်သို့ လှည့်ကြည့်ပြီး. . .

''ဟေ့. . . ရွာသူရွာသားတို့ သမီးတို့၊ ထင်းလိုချင်တဲ့သူ ကြိုက်
သလောက်လာသယ်ကြဟေ့''

သူဘယ်လိုပြောပြော ဘယ်သူမှ မသယ်ရဲကြ။ ကြားမြင်ရသူများ

www.burmeseclassic.com



သည် ကြောက်လန့်စိုးရိမ်ပြီး ပြန်သွားကြလေ၏။

"မင်းမယူဘူးလား"

"ဟင့်အင်း"

"ဒါဆိုရင် မင်းပေါက်ဆိန် မင်းတို့မယူရဲတဲ့ထင်းကိုင်း ငါသွား ကြီးကျောင်း သွားပို့မယ်ဟေ့"

ဒီလိုနှင့် နှစ်ရက်မြောက်ပြီး မိုးလင်းသောအခါ လူထူးအ လူရှုတ်ကြီးဘကိုက်ပုံသည် ကျွန်ုပ်အိမ်သို့ ပေါက်ချလာ၏။

"ဟေ့. . . မောင်ဖုံကြီး"

"ဗျာ. . . အဘလားဗျို့"

"အေးလကွ။ အရေးကြီးလို့ကွ ဝင်ခဲ့မယ်နော်"

"ဩော်. . . အင်းအင်း၊ ဝင်ခဲ့လေဗျာ"

ဝင်ခဲ့လေဟုသာခေါ်ရသည်။ တော်ကြာ ခရေပင်သရဲကိုခွေး ကြီးက ကျွန်ုပ်ကိုပါ ကြံရာပါဟု အထင်လွဲပြီး ညဘက်အပြန် ကျ သတ်လျှင် ဒုက္ခ။

"အဘ ဘာလိုအပ်လို့လဲဗျ"

"ညနေကျရင် ဟိုခရေပင်နေရာမှာ ဘုန်းကြီးပင့်သင်္ကန်း မလို့ မင်းကိုလာခေါ်တာကွ"

"ဗျာ. . . ခရေပင်နေရာမှာ ဘုန်းကြီးပင့် သင်္ကန်းကပ်မ

"အိမ်း"

"ဘာလိုဖြစ်ကုန်ကြလို့လဲ အဘရာ"

"မင်းတို့ကောင် သရဲခွေးနက်ကြီးရဲ့ဆန္ဒအရပါ ငါ့လူရာ"

"ဟုတ်ရဲ့လားအဘရာ"

"မင်းကလည်းကွာ၊ မဟုတ်ဘဲနဲ့ငါက လုပ်ရမှာလားကွ။ ခွေး နက်ကြီးအကျိုးအတွက်ကွ"

"အဘ ကျွန်တော်တော့ မယုံနိုင်အောင်ပါပဲဗျာ။ အဘလ ဘာမှမဖြစ်ဘူးနော်။ ကျွန်တော်တို့ အကျိုးအကြောင်းလေးရှင်းပြပါဦး





အဘရာ၊ ထူးဆန်းလွန်းလို့ပါ"

"ဒီလိုကွ မောင်ဖုံကြီးရ၊ ငါ မင်းတို့ရပ်ရွာရောက်တော့ ကြားရတာကွာ။ သရဲခြောက်ကြမ်းတဲ့ ခရေပင်ကြီးတဲ့။ ဘယ်သူမှ ဝင်မခိုရဲဘူးတဲ့။ ဝင်သမျှလူကို အမျိုးမျိုးဒုက္ခပေးသတဲ့။ အဲဒါဟုတ်၊ မဟုတ် သိချင်လို့ လာခဲ့တာကွ။ ဒီမှာ မင်းက ခွေးနက်ကြီးရဲ့ ရာဇဝင်ကို ခင်းကျင်းပြတော့ ဒီလောက်ဆိုးမှန်းကြားရတာကိုး။ အဲဒါ ဟုတ်၊ မဟုတ် သိချင်တယ်။ သိချင်လို့ အဲဒီခရေပင်အောက်မှာ ငါအိပ်ခဲ့တယ်။ အိပ်တော့လည်း တောင်းပန်ပြောဆိုပြီး တစ်ညအိပ်ခဲ့တာပါကွာ။ ဒုက္ခပေးတဲ့ ခွေးနက်ကြီး ပဲကွာ။ တစ်ညလုံး ငါ့ခြေထောက်ကိုဆွဲတယ်။ ခေါင်းကိုလာပုတ်တယ်။ ပရိက္ခရာပစ္စည်းတွေကို လွှင့်ပစ်တယ်။ တောင်းပန်လို့ကို မရပါဘူးကွာ။ နံ့လိုက်တဲ့အရက်နံ့ကလည်း ဟောင်နေတာပဲ။ လူလုံးလည်း မမြင်ရဘူး။ မြင်ရတော့လည်း ဝိုးတဝါးပဲ။ အဲ အိပ်လည်းပျော်သွားရော ငနဲသားက အိပ်မက်ပေးရောဗျာ။ ငါ့ကိုခုချက်ချင်း သစ်ပင်အောက်က ထွက်သွားတဲ့။ ဆိုးလိုက်တဲ့ရုပ်ကွာ။ ဒါ့ကြောင့် သရဲဖြစ်နေတာကိုး။ နောက်နေ့အိပ်ရင် ကုပ်ချိုးမယ်လို့ ကြိမ်းပါရောဟ။

ဒါနဲ့ ငါကပြောတယ်။ ခရီးသွားများကို ဒုက္ခမပေးပါနဲ့လို့။ အဲဒါ ခင်ဗျားအပူမပါဘူးတဲ့။ လုပ်မှာပဲတဲ့။ ကြိမ်းဝါးသွားလိုက်တာ ရစရာ မရှိဘူး။ မိုးလည်းလင်းရော ဒီလောက် လူတွေကို ဒုက္ခပေးချင်တဲ့ကောင် ဒီအပင်ရှိနေရင် ဒီအပင်ကိုမှီခိုပြီး သင်းဒုက္ခမျိုးစုံပေးနေဦးမှာ၊ ဒီအပင်မရှိမှ အေးမယ်လို့ ပိုင်းဖြတ်ပြီး မင်းဆီက ရဲတင်းဓားလို့ ခုတ်ပစ်လိုက်တာ ပေါ့ကွ"

"အဲဒီတော့ ခွေးနက်ကြီး ဘယ်ရောက်သွားလဲ အဘ"

"ဒီကောင်နေစရာမရှိတော့ဘူး။ လူကြောက်လို့ သရဲခြောက်နေတာကွ။ လူကြမ်းတော့ သရဲလွှမ်းရော၊ ငါရှင်းပစ်လိုက်တော့ ညတုန်းက ငါ့ကို အိပ်မက်လာပေးတယ် ငိုမဲ့မဲ့နဲ့။

"ဘကြီး၊ ကျုပ်. . . ကျုပ်. . . နေစရာမရှိတော့ဘူး"

www.burmeseclassic.com



''နေစရာ မရှိရင် ရှိမယ့်နေရာ ရှာနေပေါ့ကွ''

''အဲဒီလိုနေစရာကို မရှိလို့ပါ ဘကြီးရာ''

''ဟော့ကောင် ခွေးနက်ကြီး။ မင်းငါ့အကြောင်း သိပြီလားကွ''

''သိ. . . သိ. . . ပါပြီဗျာ''

''မင်း လူပေါင်းစုံကို ဒုက္ခပေးနေတာကြာပြီ ခွေးနက်ကြီး မင်းဟာ လူ့ဘဝတုန်းကလည်း ကောင်းကောင်းမနေဘူး။ သေလို့ တ သရဲဖြစ်တော့လည်း အားလုံးကို ဒုက္ခပေးတယ်။ သွားမင်းသွားချင်သွား တော့''

''ကျုပ် သွားစရာနေရာ မရှိတော့ပါဘူးဗျာ''

''မင်းကို ငါနေရာပေးရင် နေမှာလား''

''နေ. . . နေပါမယ်ဗျာ''

''လူတွေကို ဒုက္ခမပေးဦးမှာလားပြော''

''အ်. . . အဲ. . . အင်. . . အင်''

''ဟော့ကောင် ခွေးနက်ကြီး။ ကောင်းမွန်တဲ့ဘုံဘဝမှာ မင်းနေချင် လား။ ယုတ်ညံ့တဲ့ ပြိတ္တာဘုံသားဘဝမှာ နေချင်လား ပြောစမ်း''

''ကျုပ်. . . ကျုပ်ဘဝက ဆိုးဆိုးလွန်းတော့''

''ငနက်ကြီး။ မင်းလူ့ဘဝတုန်းက ဘာကောင်းမှု ကုသိုလ်လုပ်ခဲ့ လဲ စဉ်းစားစမ်း''

''မသိဘူး။ ကျွန်တော်မေ့နေပြီ''

''ဒါဆို အစဖော်ပေးမယ်။ မင်း. . . မင်းသားကိုရင်လေး မှတ်မိလား''

''ဗျာ. . . ကိုရင်လေး၊ ကျုပ်သား ကိုရင်လေး အို. . . မှတ်မိ သိပြီ''

''မင်း. . . မင်းသားကိုရင်လေးကို လူ့ဘဝတုန်းက ဘာများလှူ ဖူးလဲ''

''ဟုတ်ပြီ။ ကျုပ်. . . ကျုပ်. . . သင်္ကန်း. . . သင်္ကန်းလှူခဲ့ဖူးတယ်''





''အေး. . . မင်းအဲဒီကုသိုလ်ကို အခု ပြန်သတိရလိုက်စမ်း။ အဲဒီကုသိုလ်ရဲ့အကျိုးပြန်ခံစားရအောင် ငါလုပ်ပေးမယ်။ ဒီမှာ ငနက်ကြီး မင်းကို ရည်စူးပြီး အလှူပေးဝေမယ့်သူမရှိခဲ့လို့ မင်းမကျွတ်မလွတ်ဘဝ နဲ့ ဒုက္ခရောက်နေတာ။ နက်ဖြန်ခါညနေ မင်းကို ရည်စူးပြီး ငါရဟန်းသံဃာ နဲ့ မင်းသားကိုရင်လေးကို သင်္ကန်းရော ကျောင်းဇရပ်ဆောက်ဖို့ပါ ငါလှူ ဒါန်းပြီးအမျှပေးဝေမယ်။ သာဓုခေါ်ကြားလား''

''သာဓုခေါ်ရင် ကျုပ်. . . ကျုပ် ဘာဖြစ်မလဲဟင်''

''အေး. . . ခု ခေါ်ပြီးရင် မင်းဘဝသစ်ကို မင်းချက်ချင်း မြင်ရ လိမ့်မယ်။ သာဓုသုံးကြိမ်ခေါ်ကြားလား''

''အင်း. . . အင်း. . . အင်း''

''ပြန်တော့''

အဲဒီလို ငါ့ကို အိပ်မက်ပေးခဲ့သလို ငါကလည်း သူနေရာဌာန ကောင်းကောင်းမွန်မွန်ဘဝရောက်အောင် လုပ်ပေးချင်တယ်။ ဒါကြောင့် မင်းညနေလာဖြစ်အောင် လာခဲ့ပါ ဖုန်းကြီးရာနော်''

''ကောင်းပါပြီအဘခင်ဗျာ''

ဓ ဓ ဓ ဓ ဓ

www.burmeseclassic.com

ညနေပိုင်းသို့ရောက်သောအခါ ဘတိုက်ပုံကြီးသည်(----) ရွာကျောင်းမှ ရဟန်းအိုကြီးတစ်ပါးကို ပင့်လာ၏။

ရဟန်းနောက်မှာ ကိုရင်ငယ်တစ်ပါးပါလာ၏။

၎င်းကိုရင်လေးက ကွယ်လွန်သူ ပရဝိညာဉ်လောကသား ကိုခွေးနက်ကြီး၏သားဟု သိလိုက်ရလေသည်။

ဘတိုက်ပုံကြီးသည် ရဟန်းအိုကြီးကို သင်္ကန်းနှင့်ဝတ္ထုငွေများ ကပ်၏။

ကိုရင်လေးကိုလည်း သင်္ကန်းကပ်လှူ၏။

၎င်းနောက် ကွယ်လွန်သူ ပရဝိညာဉ်သားကိုခွေးနက်ကြီးကို ဖိတ်ခေါ်လိုက်၏။

ကိုရင်လေးကလည်း ငိုသံပါနှင့်ဖခင်လုပ်သူကို "ဒကာကြီး ကိုရင်တို့နှင့်အတူ တရားနာကြွရောက်ပါ"ဟု ခေါ်လိုက်၏။

သည့်နောက် ရဟန်းအိုကြီးက ကွယ်လွန်သူအား ရည်စူး၍ သီလဝန္တရဟန်းအား လှူဒါန်းခြင်းအကျိုးကို ဟောပြော၏။

စိတ်ကူးသစ်စာပေ



ပြီးနောက်. . .

ရေစက်ချတရားကို ရွတ်ဆို၏။

ရေစက်ချတရားပြီးပါပြီ။

ဒီမှာ ဘတိုက်ပုံကြီးက . . .

"ကိုင်း. . . ကိုခွေးနက်ကြီးရေ၊ လူ့ဘဝတုန်းက မင်းက မင်းသား ကိုရင်လေးကို သင်္ကန်းလှူဖူးသည့်ကုသိုလ်၊ အခုမင်းအတွက် ငါတို့များ က ရဟန်းနှင့်ကိုရင်တို့ကို သင်္ကန်း၊ ဝတ္ထုငွေများ လှူပေးသည့် ကုသိုလ် အဖို့ဘာဂတို့အား ရည်စူးပြီး အမျှများ ပေးဝေပါတယ်။ အမျှ၊ အမျှ၊ အမျှ"

"သာဓု၊ သာဓု၊ သာဓု"

ထို့နည်းတူ

ကိုခွေးနက်ကြီး၏သား ကိုရင်ကလေးကလည်း . . .

"အဖေဒကာကြီးရေ အမျှ၊ အမျှ၊ အမျှ"

ကျွန်ုပ် ကိုရင်ငယ်လေးရဲ့ ရင်ကွဲကြေနှင့် အမျှဝေသံကို ကြားလိုက်ရသောအခါ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား၏။ ဖြစ်ရင်းမှ သာဓု ခေါ်လိုက်ပါ၏။ သာဓုခေါ်ရင်း ကိုရင်လေးကို လှမ်းကြည့်လိုက်တော့ ကိုရင်လေးမျက်ဝန်းမှာ လှမ်းမြင်လိုက်ရ၏။

ဘတိုက်ပုံက ကိုရင်လေးကို လျှောက်လိုက်၏။

"မျက်ရည်မကျပါနဲ့ ကိုရင်ရယ်။ ကိုရင့်ဒကာကြီး ကောင်းရာဘုံ ဘဝကို ရောက်မှာပါ။ စိတ်ချလက်ချ ယုံကြည်ပါ ကိုရင်"

မောင်ညိုမှိုင်း (သန်လျင်)

သူရဇ္ဇမဂ္ဂဇင်း၊ ၂၀၀၈ ဩဂုတ်လ

❀ ❀ ❀ ❀ ❀

www.burmeseclassic.com



# ( ၁ )

ကျွန်ုပ်မျက်လုံးထဲမှာ ပုံပျက် ပန်းပျက်ရသေ့ကြီး၏ သွင်ပြင်သည် မကြာခဏပေါ်နေ၏။

ကြည့်စမ်းပါဗျာ။ လူပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရရင် လုံးဝ အထင်ကြီးစရာ မရှိပါဘူးဗျာ။ ခေါင်းပေါ်မှာ ခေါက်ရိုးကျိုးနေသည့် ဒေါက်ခြာကိုဆောင်းထားလေရဲ့။ မျက်လုံးနှစ်လုံးမှာ ဘယ်ဘက်မျက်လုံး က ကျောက်မျက်လုံး။ ပိုကြည့်ရဆိုးတာ နဖူးအလယ်နှာရောင်အထက်မှာ အခွံမချွတ်ရသေးတဲ့ တောင်ငူကွမ်းသီးလုံးဝင်လောက်တဲ့ ချိုင့်ခွက်ကြီးနဲ့။

နားရွက်ကို ကြည့်ပါဦး ဘယ်ဘက်မှာ နားရွက်မရှိဘူး။ ပြတ်နေ တာ။ အဲဒီနားရွက်ပြတ်ကြီးကိစ္စကို တစ်နေ့အလျဉ်းသင့်ရင် မေးရဦးမယ်။

ကျွန်ုပ်ညာဘက်နားရွက်ကား ကုလားမ အဘွားအိုကြီးများ နား ရွက်ကဲ့သို့ ရှည်လျားစွာ တွဲကျနေ၏။

www.burmeseclassic.com



ကျန်နေသည့်နားရွက်မှာ နားပေါက်ကျယ်ကြီးက ပါလိုက်သေး၏။ ၎င်းနားပေါက်မှ ကြွက်တစ်ကောင်ဝင်လို့ထွက်လို့ ရနိုင်၏။

အရောင်လွင့်နေသည့် ယောဂီရောင်သင်္ကန်းကို ကပိုကရို ပတ်၍ ထား၏။ နဂိုအပေါ်ပိုင်းသည် အောနုလုံးအန်ချင်စရာ ကောင်းရသည့်အထဲ လူမြင်လျှင် ပိုလန့်စရာကောင်းနေသည်ကား ရသေ့ကြီး၏ ဘယ်ဘက်လက်သည် အင်္ဂါစုံသော်လည်း တိုနေ၏။ အားလုံးပေါင်းမှ တစ်တောင်ခန့်သာရှိ၏။

သို့သော် သူ၏ ညာဘက်လက်ကား အံ့ဖွယ်တည်း။ ရှည်နေ၏။ ရှည်သမှ လူသာမန်လက်ထက်ကို နှစ်ထွာခန့်ပိုရှည်ပြီး လက်ဝါးဖြန့်လိုက်လျှင် လက်ချောင်းငါးချောင်းက ဖီးကြမ်းငှက်ပျောသီးဖီးကဲ့သို့ တုတ်ခိုင်ပြီး ကြီးနေ၏။

ဒါမျှနှင့်မပြီးသေးပါ စာဖတ်သူများခင်ဗျာ။ ခြေထောက်နှစ်ချောင်း ကျန်ပါသေးသည်။ ရသေ့ကြီး၏ ညာဘက်ခြေထောက်သည် တိုပြီး နိမ့်နေ၏။ ဘယ်ခြေက လူသာမန်ခြေထောက်မျှသာ ရှိသော်လည်း ရသေ့ကြီး၏ ခြေဖဝါးအပြားသည် တစ်ပေပျဉ်ပြားခန့် ကြီးမားနေရကား ဤပုံပျက်ပန်းပျက်ရသေ့ကြီးသည် ကမ္ဘာ့အံ့ဖွယ်လူသားစာရင်းမှာ ရုပ်ပါစတားဖြစ်သူစာရင်းဝင်နိုင်လောက်ပေ၏။

သူ့ကိုစမြင်တုန်းက ကျွန်ုပ်လန့်သွား၏။ လူဟုမထင်၊ တစ္ဆေသရဲဟုထင်ခဲ့၏။ သူ့အရင် ဂမ္ဘီရပညာရပ်များကို မထီမဲ့မြင်ပြုသော၊ ကန့်လန့်တိုက်သော အပုပ်ချသော၊ အရှက်ကွဲအောင် ကြံစည်နေသော ရုပ်ဝါဒသမား ကျွန်ုပ်ထံရောက်လာပြီး ပညာဆန်းများကို မျက်လှည့်ပြသလို ပဋ္ဌလက်နည်းပညာတို့နှင့်လုပ်ပြပြီး ပဏာမအနိုင်ယူသွားခဲ့၏။

အာမခံသော့ခလောက်ကြီးကို သော့နှင့်မဖွင့်ဘဲ သူ့လက်ဝါးနှင့်ဖွင့်ပြပိတ်ပြ၏။ ဒါ့အပြင် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းနှင့်ဟိန္ဒူစတန်း ဘာသာစကားများကို ကရားရေလွှတ်ပြောပြီး ကျွန်ုပ်ကို ပညာသင်ပေးနေရကား ခြောက်နိုင်ငံကမ္ဘာလှည့်လာသည့် ကျွန်ုပ်သည် သုံးတန်းမျှသာ





ဘောင်ဖူးပါသည်ဟု ဝန်ခံပြီး ကမ္ဘာ့နိုင်ငံခြား ဘာသာစကား လေးငါးမျိုးကို ဒိုးဒိုးဒေါက်ဒေါက်ပြောနိုင်သည့် ၎င်းပုံပျက်ပန်းပျက်ရသေ့ကြီးကို ဦးစွာ ပထမအကြိမ်အံ့သြခဲ့ရ၏။

ဘယ်နေ့ဘယ်အချိန် ကျွန်ုပ်အိမ်ရှေ့ကသစ်ပင် မိုးကြိုး ပစ်ချခံရသည်ဟုပြောကာ သစ်ပင်ကြီးထက်ခြမ်းကွဲ၍ နွားသိုးတစ်ကောင် သေသွားခဲ့၏။

(၎င်းအကြောင်းကို သိလိုပါမူ ၂၀၀၈ ဇူလိုင်လထုတ် ဂမ္ဘီရလောကမဂ္ဂဇင်းကို ပြန်ရှာဖတ်ကြည့်ကြပါရန်။)

မှန်ရာပြောရလျှင် ကျွန်ုပ်သည် ဝိဇ္ဇာအတု၊ မှော်ဆရာအတု၊ နတ်ဆရာအတု၊ မနောဆရာ 'အင်'များကိုသာ အမြောက်အမြား ကြုံခဲ့ရ၍ ၎င်းဂမ္ဘီရလောကကို အထင်သေးခဲ့၏။

ဤပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ကိုယ်တွေ့ကြုံသောအခါ လွန်စွာ အံ့သြခဲ့ရ၏။ ခက်သည်ကား ရသေ့ကြီးနာမည်ကို ကျွန်တော် လုံးဝမသိ။ မေးလို့လည်းမရ။ ဘယ်မှာနေလဲဟု မေးသော် မြေကြီးပေါ်မှာ နေသည်ဟုပြော၏။ နောက်တစ်ခေါက် ထပ်၍မေးသောအခါ. . .

''လိုအပ်လျှင် စာကလေးသိုက်ထဲလည်း ငါနေလို့ရသည်။ စာကလေးသိုက်တွေထဲ လိုက်ရှာ''ဟုပြောပြီး ပြန်သွားခဲ့လေ၏။

ဖ ဖ ဖ ဖ ဖ

www.burmeseclassic.com

# ( ၂ )

ဒီဖြစ်ရပ်ဆန်းကြယ်အကြောင်းကို ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေ
သိပ္ပံစာရေးဆရာ ကိုရူပဗေဒကို ပြောပြလိုက်သောအခါ. . .

"ဟုတ်ပါ့မလား ကိုကျိုင်းရာ"

"ကျုပ်ကိုယ်တွေ့မို့ ပြောနေတာပါ ကိုရူပဗေဒရာ"

"ကိုယ့်လူ မျက်လှည့်ပြခံလိုက်ရတာနေမှာပေါ့"

"သူငယ်ချင်းကိုယ်တိုင်တွေ့ရင် အံ့သြရမှာပဲ"

"သိပ္ပံကမ္ဘာကြီး ယိုင်သွားအောင် စိတ်မကာစားစမ်းပါနဲ့ ကိုကျိုင်း
ရာ။ ဟောဒီလူ့လောကကြီးဟာ ရူပဗေဒသဘော၊ ဓာတုဗေဒသဘော
ဇီဝဗေဒသဘောနဲ့ ကင်းလွတ်လို့မရဘူးဆိုတာ ရုပ်ဝါဒကို နှစ်ပေါင်းများစွာ
လေ့လာလိုက်စားခဲ့တဲ့ ကိုရင် အသိဆုံးပါ။ မညံ့ချင် စမ်းပါနဲ့ ကိုကျိုင်းရာ
နော်"

"ကိုယ့်လူဆီ ခေါ်ခဲ့ရမလား"

"သိပ်ကောင်းတာပေါ့ကွာ။ ဒီလို အူကြောင်ကြား ညာဝါးကြီးမျိုးကို





ဗိုလ်ပညာတားမနဲ့ နုတ်နုတ်စဉ်းပြီး မုန့်ညင်းရွက်နဲ့ ကြော်စားချင်ပါ့ကွာ။

"ဟား. . . ဟား. . . ဟား. . , ဟား"

ကျွန်ုပ်လူ ကိုရူပဗေဒသည် အကြောင်းအရာတစ်ခု ဖြစ်စဉ်တစ်ခု
ကို ကျွန်ုပ်ကဲ့သို့ပင် လွယ်လွယ်လက်မခံ။ လက်တွေ့သမားဖြစ်၏။ လျှပ်စစ်
ပညာအင်ဆိုင်ရာ "ပီအိတ်ချ်ဒီ"ဘွဲ့ရထားသူဖြစ်၏။

ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်သည်။ ၎င်းပုံပျက်ပန်းပျက် လူထူး
ဆန်းရသေ့ကြီးကို တွေ့ခဲ့လျှင် ကိုရူပဗေဒထံ ခေါ်သွားခဲ့မည်။

တစ်နေ့သောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးကို ( ) သင်္ချိုင်း
၌ မမျှော်လင့်ဘဲ သွားတွေ့ခဲ့ရလေ၏။

ထိုနေ့က ကျွန်ုပ်အသိ မိတ်ဆွေ၏မိခင်ကြီး သင်္ဂြိုဟ်သည့်နေ့ဖြစ်
၏။ အသုဘကို ကျွန်ုပ် လိုက်ပို့ခဲ့၏။

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးကို တွေ့ရ၏။

သူသည် အုတ်ဂူတစ်လုံးပေါ်မှာရပ်၍ ကြေးစည်ကို လက်တိုလေး
နှင့်ကိုင်ပြီး လက်တံရှည်ကြီးနှင့် ကြေးစည်ကိုထုကာ အနိစ္စဝရ သခါရ
ဆည်ရှိ ကဗျာကို အော်ကြီးဟစ်ကျယ် ရွတ်နေ၏။

အသုဘလိုက်ပါပို့ဆောင်သူများသည် ပုံပျက်ပန်းပျက်ရသေ့ကြီး၏
ပုံသွင်ကိုမြင်ကြသောအခါ လန့်သွားကြ၏။ အချို့က သရဲဟုဆို၏။
အချို့က တစ္ဆေဟုဆိုကြ၏။ အချို့က စဏ္ဍာလကြီး ဦးစျမျဉ်းဆွဲ၏
ဘကြီးဟု ဆိုကြ၏။ ကျွန်ုပ်ရသေ့ကြီးကို မြင်တွေ့လိုက်ရ၍ လွန်စွာဝမ်းသာ
သွားခဲ့၏။ အသုဘမြေချပြီးသောအခါ နောက်ချန်နေလိုက်ပြီး ရသေ့
ကြီးရပ်နေသည့် ဂူအနီးသို့ ချဉ်းကပ်လာခဲ့လိုက်သည်။

"ရသေ့ကြီး"

"မင်း ဘယ်သူလဲကွ"

"ဂန္ထဝင်မောင်ကျိုင်းပါခင်ဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား ဘယ်သူလဲမှတ်တယ်။ လူ့
ဘုံလန့် လူ့ခွစာကျိုင်းကိုကွ။ ဘာလဲဟေ့၊ သေသူကို လာပို့တာလား

www.burmeseclassic.com



မင်းကိုယ်တိုင်သေချင်လို့ နေရာလာဦးတာလား။ ဟား. . . ဟား. . . ဟား ပြောစမ်းဟေ့''

''ဟာ ဖွ ဖွ''

''ဟား. . . ဟား. . . ဟား. . . ဟား . . . ဟား''

ကျွန်ုပ်က ''ဖွ ဖွ''ဟု ပြောလိုက်သောအခါ ရသေ့ကြီးက ဂူပေါ်မှ ရယ်ရင်း ပါးစပ် နားရွက်တက်ချိတ်ခမန်း အော်ရယ်ရယ်ရကား အနီး သချိုင်းခွေးများ လန့်ပြေးကြလေ၏။ ကုက္ကိုပင်ပေါ်မှ တောကျီးကန်းများ အော်ပြေးကြလေ၏။ သချိုင်းစောင့်စဏ္ဍာလကြီး ဦးချမ့်ဦးဆွဲလည်း ပေါက်တူးကြီးထမ်း၍ ရောက်ချလာပြီးကြည့်နေ၏။

''ဘာလို့ ရယ်နေတာလဲဗျ''

''အရမ်းကို အံ့သြလို့ပါကွာ''

''ဘာကို ရသေ့ကြီးက အံ့သြလို့လဲ''

''ရုပ်ဝါဒသမား သိပ္ပံသမားကြီးက 'ဖွဖွ'လို့ ပြောလို့ပါ''

''ဒါကတော့ဗျာ''

''လုပ်ပါဦး၊ မင်းရဲ့ 'ဒါကတော့ဗျာ'ကို တစ်ခေါက်ဖွင့်ပါဦး''

ကျွန်ုပ် သူ့မေးခွန်းကို မဖြေနိုင်ခဲ့ပါ။ ဘာကြောင့် ကျွန်ုပ် ''ဖွဖွ''ဟု လွှတ်ခနဲ ပြောမိပါသနည်း။ ရှေးလူကြီးများရဲ့ ဟန်ပန်လေ့ကို သုံးမိလိုက်တာလား။

ဒါမှမဟုတ် ချက်ချင်းသေမှာ ကြောက်လို့လား။

''ဟေ့ကောင် ကျိုင်း''

''ဘာလဲဗျ ရသေ့ကြီးရ''

''ဖွဖွဆိုတဲ့ ဝေါဟာရက နယူတန်သုံးတဲ့စကားလား၊ အာခီမိဒီး သုံးတဲ့စကားလား။ အိုင်းစတိုင်းသုံးတဲ့ ဝေါဟာရလားကွ ဟင်''

''မသိဘူးဗျာ''

''ဟား. . . ဟား. . . ဟား. . . ဟား အဲဒါမှပေါ့ကွ။ မသိရင် ပညာပေးရသေးတာပေါ့ကွာ။ မင်းစောစောက ရွတ်လိုက်တဲ့ 'ဖွဖွ'ဆိုတဲ့





စကားလုံးဟာ သိပ္ပံပညာရပ်များသုံးတဲ့ 'စပယ်လင်' မဟုတ်ဘူးကွ။ ဒွိရုလောကမှာ အနှစ်နှစ်ဆယ်ကျော် သုံးခဲ့တဲ့ စကားလုံးပဲ။ နော် ဟာဒီကမ္ဘာကြီး မပျက်သရွေ့သုံးနေ တည်နေမယ့် စကားလုံးပဲ။ အဲဒီ 'ဖွဖွ'ရဲ့ ဂမ္ဘီရအဓိပ္ပာယ်ရော နားလည်လား''

''မသိဘူးဗျာ''

''မသိရင်မှတ်ထား ကိုယ့်လူ။ အဓိပ္ပာယ်က 'လွဲပါစေ ဖယ်ပါစေ' တဲ့'' အတော့်ကို တတ်နိုင်သည့် ရသေ့ကြီးဖြစ်ပေသည်။ သူ့စကားနှင့်သူ့ အဓိပ္ပာယ်ကား ဟုတ်နေ၏။ ဟုတ်နေ၍ ရုပ်ဝါဒသမား ကျွန်ုပ် ၎င်းစကား လုံး သုံးမိခြင်းအပေါ် ရှက်သွားမိလေ၏။

''ခု ဘာကိစ္စနဲ့ ငါ့ကို လာတွေ့ရတာလဲ''

''ကျုပ်မိတ်ဆွေတစ်ဦးက ရသေ့ကြီးနဲ့တွေ့ချင်လို့တဲ့ဗျ''

''မင်းလို လူ့ကန့်လန့် အသုံးမကျတဲ့လူစားပဲ မဟုတ်လား''

''ရူပဗေဒပညာရှင်ဗျ''

''သူက ဘာကြောင့် ငါ့ကိုတွေ့ချင်ရတာတုံးကွ''

''ရသေ့ကြီး ဟိုတလောက ကျုပ်ကို ပညာပြသွားတဲ့ကိစ္စ အစာ ကြေလို့ စမ်းသပ်ချင်လို့တဲ့''

''ဟား. . . ဟား. . . ဟား. . . ဟား ဒီလိုလားကွ''

''ဟုတ်တယ် ခုလိုက်ခဲ့ပါဗျာ''

''ဟား. . . ဟား. . . ဟား. . . ဟား နောက်တစ်ယောက် ကျွတ်တမ်းဝင်တော့မယ်နဲ့တူပါရဲ့ကွာ။ အဟတ်. . . အဟတ်''

''သူပဲ ကျွတ်တမ်းဝင်မလား။ ရသေ့ကြီးပဲ လူဝတ်လဲရမလား တိုကျရင် စောင့်ကြည့်ပါဗျာ''

ဖ ဖ ဖ ဖ ဖ

www.burmeseclassic.com

# (၇)

သို့နှင့် ကျွန်ုပ်၏ လေးဘီးကားလေးနှင့် ရှုပဗေဒပညာရှင် မိတ်ဆွေ
ထံသို့ ရောက်ခဲ့ကြ၏။

ကိုရှုပဗေဒသည် ပုံပျက်ပန်းပျက် ရသေ့ကြီးကို မြင်လိုက်သော
အခါ. . .

"ခင်ဗျား လူအစစ်ပါနော် နော်"

"ဟား. . . ဟား. . . ဟား သရဲ တစ္ဆေ ဖုတ် ပြိတ္တာကိုရော
မင်းက မြင်ဖူးလို့လား၊ ယုံလို့လား"

"ပြုံးဟ်သွားနဲ့ တူနေလို့ဗျ"

"ဟား ဟား ဟား ဟား တော်သေးတာပေါ့ကွာ၊ မျောက်ဝံနဲ့
တူတယ်လို့များ ပြောမလားလို့ ဆာလိုက်တာကွာ၊ ဘာစားစရာရှိလဲကွ"

"ရွှေအပ် ငရုတ်သီးတစ်ပန်းကန်ပဲ ရှိတယ်ဗျ"

ကိုရှုပဗေဒက ရွှံ့၍ပြောလိုက်၏။

"ဟာ ဟန်ကျလိုက်လေကွာ။ ရွှေအပ်ငရုတ်သီးတောင့်လေးကို





ဆားလေးနဲ့တို့ပြီး ထမင်းစားရရင် ရင်ကိုအေးသွားမှာပဲကွ။ ရှိရင် လှူစမ်း
ဘုရားဒကာကြီးရာ"

"ခင်ဗျား တကယ်စားချင်လို့လား"

"များများသာ ထည့်ခဲ့ပါကွာ"

ဒီမှာလည်း ကိုရှုပဗေဒသည် အိမ်နောက်ဖေးသို့ ဝင်သွားပြီးနောက်
ထမင်းတစ်ပန်းကန်နှင့်အတူ ရွှေအပ်ငရုတ်သီးတောင့် တစ်ဇလုံယူလာ
ခဲ့ သားလည်းပါ၏။

ရွှေအပ်ငရုတ်သီးကား ငရုတ်သီးစိမ်းတကာမှာ အီစလန်ဝေ
အောင် စပ်သော ငရုတ်သီးစိမ်းဖြစ်၏။

"ရော့. . . စားဗျာ"

"ဘုဉ်းပေးပါလို့ ပြောရတယ်ကွာ"

"အတူတူပါပဲဗျာ၊ ဝေါဟာရကို ကွန့်မနေပါနဲ့။ ကုန်အောင်စားနိုင်
ရင် ကြိုက်ရာပြောဗျာ၊ လုပ်ပေးမယ်"

"တကယ်"

"တကယ်ပေါ့ဗျ။ စပ်ရင် ရေမတောင်းရဘူးနော်"

"စိတ်ချ။ တီးပြီဟေ့ အဟတ်"

ဒီအချိန်မှာ ကိုရှုပဗေဒက ဗီရိုပေါ်မှ နိုင်ငံခြားဖြစ် ဝီစကီ
ပုလင်းကိုယူ၍ ချိစ်ဒိန်ခဲအမြည်းကို ကျွန်ုပ်ရှေ့မှာချ၏။ ပြီး ကလပ်နှစ်ခု
မှာ နှစ်ပက်စီခန့်ထည့်ပြီး ခေါ်ဒါရောကာ သောက်၍ ရသေ့ကြီးစားပုံကို
အကဲခတ်နေ၏။

ရသေ့ကြီးသည် ရွှေအပ်ငရုတ်သီးတစ်တောင့်ကို ဦးစွာ ကောက်
စားလိုက်၏။

"ဘယ့်နှယ်လဲဗျ"

"သိပ်မစပ်ဘူးကွ"

"မစပ်ရင် ဆက်စားလေ"

သည့်နောက် ရသေ့ကြီးသည် ငရုတ်သီးတောင့်များကို ကိုက်လိုက်

www.burmeseclassic.com



ဆားလေးနှင့်တို့လိုက်နှင့် အားရပါးရ စားနေ၏။ စားနေပုံမှာ ငရုတ်သီး စိမ်းကို စားနေသည်နှင့်မတူ ပဲကြီးလှော်ဝါးနေသကဲ့သို့ ရှိ၏။

ကျွန်တော်တို့နှစ်ဦးကား ရသေ့ကြီးစပ်၍အော်လိမ့်မည်ဟု ယူဆထား၏။ ဝေးသေး။ ရသေ့ကြီးသည် တစ်ဇလုံလောက်အောင် ရွေး ငရုတ်သီးစိမ်းများကို ကုန်အောင်စားလိုက်သောအခါ ကျွန်တော်တို့နှစ်ဦး စလုံး မျက်လုံးပြူးသွားကြ၏။

''ရသေ့ကြီး မစပ်ဘူးလားဗျ''

''မစပ်တဲ့ငရုတ် ချပေးတာကိုးကွ''

''ဗျာ''

''ရေတစ်ခွက်လောက် တိုက်ပါလားကွာ''

''ရေမသောက်ရဘူးလို့ ပြောထားတယ်လေဗျာ၊ ခင်ဗျား စပ်နေ မဟုတ်လား ဟား ဟား ဟား ဟား''

''ရေ နည်းနည်းပါကွာ''

''ရေကတော့ ကတိအတိုင်း နိုးပဲ။ ဟောဒီမှာ ဝီစကီအရက် ရှိတယ်။ သောက်ချင်ရင် သောက်''

''ဘယ်ဟာလည်း ဝီစကီအရက်''

''ဒါဗျ ဒါ ဝီစကီခေါ်တယ်။ သောက်ဖူးလို့လား''

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက ဝီစကီပုလင်းကို စိုက်ကြည့် လိုက်ပြီး

''ဟား ဟား ဟား ဟား ရေပုလင်းကြီးချပြီး ဝီစကီတဲ့။ ဟား ဟား ဟား ငါကတော့ လူချမ်းသာတွေ အကောင်းစား အရက်သောက်ဆေး မှတ်တယ်။ လက်စသတ်တော့ ရေပုလင်းကြီးချပြီး ဝီစကီတဲ့။ ကြွားလှ ကွာ။ ဟား ဟား ဟား ဟား''

ကျွန်ုပ်တို့နှစ်ဦးသည် အူကြောင်ကြောင် ရသေ့ကြီးကိုကြည့်၍ စိတ်ပျက်မိ၏။ ငရုတ်သီးစပ်ပြီး ရေသောက်ချင်၍ ကြံဖန်ရမယ်ရှာ ဖြစ် နေသည်ဟု ထင်ကြ၏။





''နိုင်ငံခြားကလာတဲ့ အရက်ဗျ''

''ရေကွ ရေ ရေ''

''အရက်အပြင်းစားဗျ ရသေ့ကြီးရ''

''ရေမှ ရေ ဘုရားစူး မိုးကြိုးပစ် ရေကွ''

ကိုရွှေပဗေဒရော ကျွန်တော်ရော ပြောင်ငြင်းနေသည့် အူကြောင် ကြောင် တောလမ်းနံဘေး ရသေ့ကြီးကိုကြည့်ပြီး မခံချင်စိတ်နှင့် ဆယ်ယောက်သား ဝီစကီပုလင်းထဲမှ အရက်တစ်ပက်စီ ငှဲ့ထည့်ကာ မော့ချ လိုက်သည်။

''အား''

''အေ့ အေ့''

ပူလိုက်ပြင်းလိုက်သည့် ဝီစကီနှယ်။ ဆော်ဒါမရော ရေမရောဘဲ ခံချင်ကြေးနှင့် သောက်ပြလိုက်၍ လည်ချောင်းထဲသို့ ရေနွေးပူပူ လောင်းချလိုက်သလို ခံစားလိုက်ရ၏။

''ဘယ့်နှယ်လဲကွ''

''အရက်အစစ်ဗျ''

''ရေပါဆိုကွာ''

''ကိုင်း ရေလို့ယုံကြည်နေရင် သောက်ဗျ ရော့ ရော့''

ကိုရွှေပဗေဒသည် အရက်ကို ရေဟု နှုတ်ငြင်းနေသည့် ပုံပျက်ပန်း ပျက်ရသေ့ကြီးထံ ဝီစကီပုလင်းကို အတင်းထိုးလိုက်လေ၏။

ရသေ့ကြီးသည် ဝီစကီပုလင်းကို လှမ်းယူလိုက်ပြီး ပုလင်းခေါင်း ထဲသို့ လက်ညှိုးကိုထိုးကာ ပုလင်းကို ပြောင်းပြန်ထောင်၍ (၁) မိနစ်ခန့် လှုပ်ပြီးနောက် ပုလင်းလိုက် မော့ချလိုက်လေ၏။

''ဂွပ် ဂွပ် ဂွပ်''

''ဂွပ် ဂွပ် ဂွပ်''

ဟာ အာဂရေသေ့ကြီးပါလား၊ မဟုတ်မှလွဲရော အရက်သောက်

www.burmeseclassic.com



ချင်၍များ ကျွန်ုပ်တို့ကို လှည့်ပတ်ဖိန့်ပြီး ညာအုပ်လေရှေ့သလား ကုန်ပါပြီ ကျွတ် ကျွတ်။

သူသည် ပုလင်းတစ်ဝက်ခန့်ကို မော့သောက်ချပြီးနောက်. . .

''ငါသောက်ချင်တဲ့ရေ ခုမှ အားရပါးရ သောက်ရသကွ။ သိုင်း ကျူးကွာ''

သူသည် ပုလင်းတစ်ဝက်ခန့်ကို သောက်ပြီးသည့်တိုင် မမှုး ပါးစပ်မှ အနံ့လည်းမထွက်။ ကျွန်ုပ်တို့ကား နှစ်ပက်သုံးပက်ခန့် သောက်ရသေးသည် ရီတီတီဖြစ်နေပြီ။

ဒီမှာ နှစ်ဦးစလုံး တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး အကဲခတ်နေကြ၏။

''ဟော့ကောင်နှစ်ကောင် ရေသောက်ကြမလား''

''ရှိနေသလား''

''သောက်ကြည့်ပါဦး''

ကိုရှုပဗေဒက ချက်ချင်း ဖန်ခွက်ကလပ်နှစ်ခုထဲသို့ အရက်ကို မှုထည့်လိုက်သည်။ ကျွန်တော်တို့နှစ်ဦး ကောက်၍ ပြိုင်တူမော့ လိုက်သည်။

''ဟင်''

''ဟာ''

ဒီမှာ ကိုရှုပဗေဒက အရက်ပုလင်းဝကို နှာခေါင်းနှင့် ရှူရှိုက် လိုက်ရာမှ ကျွန်ုပ်ကို လှမ်းကမ်း၍ ကျွန်ုပ်လည်း ရှူရှိုက်လိုက်၏။

''အလိုလေးဗျာ''

ကျွန်ုပ်တို့နှစ်ဦး အခုချက်ချင်း ငုံ၍သောက်သော အရက်နှင့် နမ်းရှုကြည့်လိုက်သော ဝီစကီအရက်သည် အရက်အစစ်မဟုတ်တော့ ရေချက်ချင်းဖြစ်သွားခဲ့လေပြီတည်း။

မျက်စိရှေ့မှောက်မှာ ဖြစ်ပျက်သွားသည့်ကိစ္စမို့ ကျွန်ုပ်တို့နှစ်ဦး အံ့သြနေကြ၏။ ရသေ့ကြီးကား တဟားဟားဟား အော်ရယ်နေ၏။





ကိုရှုပဗေဒသည် သူ့အရက်ပုလင်းကို အပြန်ပြန်အလှန်လှန် စစ်ဆေးနေ၏။ စစ်ဆေးရင်း ဦးခေါင်းကို ခါလိုက်၏။

''ငါပြန်တော့မယ် မောင်ကျိုင်း''

''ဗျာ ဗျ ပြန်တော့မလို့လား ရသေ့ကြီး။ အစောကြီးရှိသေး ဥစ္စာ''

''အိမ်း. . . ပြန်မယ်။ မင်းတို့နှစ်ဦးစလုံးက ဖွတ်ကျားတွေဥစ္စာ။ ညာပြိုင်လို့ ရမလားမှတ်တယ်။ အပျင်းပြေပျော်တော်ဆက်ရသလို ဖြစ်နေတယ်။ မပြန်ခင်လေး လက်ဆောင်တစ်ခု ပေးခဲ့မယ်ကွာ။ ဟော့ကောင် ရှုပဗေဒ''

''ဗျာ''

''မင်းအိမ်မှာ ရှောက်သီးရှိလားကွ''

''ရှောက်သီး မရှိဘူးဗျ။ အိမ်ရှေ့မှာ သံပရာပင်ရှိတယ် သီးနေပြီ''

''နှစ်လုံး သွားခူးလိုက်စမ်းကွာ''

''ဘာလုပ်မလို့လဲ''

''မင်းတို့ကို ပညာဆန်းလေးပေးခဲ့ချင်လို့ပါကွာ''

သို့နှင့် ကိုရှုပဗေဒက ခြံရှေ့မှ ခပ်ကြီးကြီးသံပရာသီးနှစ်လုံးကို ခူးယူလာခဲ့လိုက်၏။

''ဓါးနဲ့ နှစ်လုံးစလုံး ထက်ခြမ်းခွဲလိုက်ကွာ''

ကိုရှုပဗေဒက သံပရာသီးနှစ်လုံးကို ဓါးပါးလေးနှင့် ထက်ခြမ်းခွဲ လိုက်ပြီး ပန်းကန်ထဲမှာ ချပေးလိုက်၏။

မင်းတို့ သံပရာသီးကို နှစ်ယောက်စလုံး မြည်းကြည့်ပါဦးကွ''

''ချဉ်မှာပေါ့ဗျ''

''အေးပါ၊ တကယ်ချဉ်မချဉ် မြည်းကြည့်ပါ''

သူပြောစကားအတိုင်း ကျွန်တော်တို့နှစ်ဦးက သံပရာသီးလေးခြမ်းကို လျှာနှင့်တို့၍ မြည်းကြည့်လိုက်၏။ ချဉ်လိုက်သမှ စူးနေ၏။

''ဘယ့်နှယ်လဲကွ''

www.burmeseclassic.com



''ချဉ်တာပေါ့ဗျ၊ သံပရာသီးပါဆို''

''ကြည့်နေကွာ''

ဒီမှာပဲ ပုံပျက်ပန်းပျက် ရသေ့ကြီးသည် သံပရာလေးခြမ်းပေါ်သို့ အနီးရှိ ပန်းကန်ပြားနှင့် အုပ်ဖုံးလိုက်ပြီးနောက် ပန်းကန်းပေါ်ကို လက်ညှိုးနှင့် ထောက်ကာ မန္တန်တစ်ပုဒ်ကို အခေါက် (၉)ခေါက်ခန့် ရွတ်ဆိုလိုက်ပြီးသော်. . .

''ငါ ပြန်မယ်။ ငါပြန်ပြီး (၁၅) မိနစ်အကြာမှာ အဲဒီသံပရာသီးကို မြည်းကြည့် စားကြည့်။ သွားပြီဟေ့ ဖွတ်ကျားနှစ်ကောင်ရေ''

သို့ကလို ပြောပြီးနောက် ပုံပျက်ပန်းပျက် ရသေ့ကြီးသည် ထော့နင်း ထော့နင်းနှင့် ထွက်သွားလေသည်။

''ရှုပ''

''ဘာတုံးကွ''

''ငရုတ်သီးအားလုံးကို စားပစ်တာ လုံးဝစပ်ဟန်မပြဘူးနော်''

''ဟန်ဆောင်နေတာနေမှာပါကွာ''

''ဒါဖြင့် ဝိစကီအရက်အစစ်က ရေလုံးဝဖြစ်သွားတာကရော''

''အင်း. . . ဒါတော့ နည်းနည်းဆန်းမယ်။ သို့သော် လက်ညှိုးမှာ အရက်အာနိသင်ပြယ်ဆေးတို့ပြီး မွှေသွားလို့များလားမှ မသိပဲ''

ဒါလည်း ဖြစ်နိုင်ပေ၏။ သို့နှင့် ကျွန်ုပ်က နာရီကိုကြည့်လိုက်ရာ (၁၅) မိနစ်စေ့ပြီ။ ရသေ့ကြီးက (၁၅) မိနစ်ပြည့်လျှင် သံပရာသီးကို စားကြည့်ဟုဆိုသွား၏။ ကျွန်တော် အဖုံးပန်းကန်ကို ဖွင့်လှန်လိုက်ပြီး သံပရာသီးတစ်ခြမ်းကို လျှာနှင့်တို့လျက်ကြည့်လိုက်သည်။

''ဟင်''

''ဘာလဲ ဘာဖြစ်လို့လဲ မောင်ကျိုင်း''

''ရှု ရှုပ''

''ဘာတုံးဟ''

''မင်း. . . မင်း. . . သံပရာသီးကို စားကြည့်စမ်း''





ကျွန်ုပ်၏ အံ့အံ့သြသြ အပြောကြောင့် ကိုရှုပဗေဒသည် ပန်းကန်ထဲမှ သံပရာသီးတစ်ခြမ်းကို လျှာနှင့်တို့ မြည်းကြည့်လိုက်၏။

ကိုရှုပ၊ မျက်လုံးနှစ်လုံး ကျယ်သွား၏။

ငင်းနောက် ကိုရှုပသည် သံပရာသီးကို အားရပါးရ ဝါးစားပစ်လိုက်၏။ ကျွန်ုပ်လည်း သံပရာသီးနှစ်ခြမ်းကို ယူ၍ အားရပါးရ စားပစ်လိုက်၏။

သံပရာသီးတို့ ထုံးစံကား သွားကျိန်းအောင် ချဉ်ရပေမည်။ ယခု ကျွန်ုပ်တို့နှစ်ဦး စားနေသော သံပရာသီးလေးခြမ်းကား ချဉ်ဖို့နေနေသာ ချိုလိုက်သည်မှာ ပျားရည်နှင့် သကြား နယ်စားရသကဲ့သို့တည်း။

မဟုတ်မှလွဲရော၊ ပုဂံရာဇဝင်ထဲက ကျွန်စစ်သားရဲ့ အရိန္ဒမာလှံနှင့် ထိုးလိုက်လေရော့သလား။ နောင်အခါ ကိုရှုပဗေဒ၏ ခြံထဲရှိ သံပရာပင်တစ်ပင်သည် ငါးလုံးခူး၍ စားကြည့်လျှင် သုံးလုံးသည် သကြားခဲကဲ့သို့ ထူးခြားစွာ ချိုနေ၏။ (၁၀) လုံးခူးလျှင် ငါးလုံးချိုနေ၏။ သံပရာသီးချိုသည်ဟု ပြောတော့ လူအများက ကျွန်တော်တို့နှစ်ဦးကို ရူးသွားကြပြီဟု ဆိုကြ၏။ ထိုသူများ မယုံ၍ လာစားမြည်းကြည့်ပြီးသောအခါ ကိုင်းကူး၍ မျိုးပွားရောင်းပေးပါရန် နားပူနာဆာ လုပ်ကြလေတော့သတည်း။

မောင်ညိုမှိုင်း (သန်လျင်)

ကမ္ဘာ့ရေးလောကမဂ္ဂဇင်း၊ ၂၁၀၀ ဩဂုတ်လ

ဇ ဇ ဇ ဇ ဇ

www.burmeseclassic.com

ကိုယ့်တရားကိုယ်
ဒီရှာကြသူများ



# (၁)

လူမျိုးတိုင်းမှာ ရိုးရာဓလေ့ရှိတယ်။ မိရိုးဖလာဓလေ့ဆိုတာ ရှိကြတယ်။ အဲဒီဓလေ့ကို ခေတ်ကာလအလျောက် ယုံကြည်လို့လည်း ရတယ်။ လိုက်နာဆောင်ရွက်လို့လည်းရတယ်။ မယုံကြည်ဘူး၊ မလိုက်နာ မဆောင်ရွက်ချင်တော့ဘူး၊ မိမိလိုအင်ဆန္ဒအရ စွန့်လွှတ်ချင်တယ်ဆို နိုင်လည်း ဒါက ကိုယ့်သဘောကိုယ်ဆောင်ကြတာပဲလုပ်ပေါ့။

လွတ်လပ်စွာ ယုံကြည်မှု၊ ကိုးကွယ်မှုက ရှိကြတာကိုး။

ဒီနေရာမှာ ယုံကြည်လို့ လိုက်နာဆောင်ရွက်တာကတစ်ပိုင်း၊ ကိုးကွယ် အားထားတာက တစ်ပိုင်းနော်။ ဒါရှင်းဖို့ သိပ်အရေးကြီးတယ်။

အချို့က နတ်ရှိကြောင်း ယုံကြည်တယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရှိကြောင်း ယုံကြည်တယ်၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာပြည် (၂၀) ရှိကြောင်း ယုံကြည်တယ်။

သို့သော် ရတနာသုံးပါးကို မကိုးကွယ်ဘူး၊ မဆည်းကပ်ဘူး။ ယုံကြည်လို့ ယုံကြည်သည့်အလျောက် ဗလိနတ်စာ ကုသိုလ်ပြုမယ်၊

www.burmeseclassic.com



စွန့်ကြဲပေးကမ်း ကုသိုလ်ပြုမယ်၊ ရိုးရာဓလေ့အဖြစ် ယုံကြည်ရင်း မိမိ့ဖလာ ရိုးရာဓလေ့အရ တင်မြှောက်ပသ ကုသိုလ်ပြုမယ်။ အချို့ကို ဘဝဆိုးက လွတ်မြောက်စေဖို့ ကုသိုလ်ကောင်းမှု တစ်ခုပြုပြီးတိုင်း ကုသိုလ်ရဲ့ အဖို့ဘာဂကို အမျှပေးဝေမယ်။

သာဓုခေါ်နိုင်ရှိသူများ သာဓုခေါ်ပြီး ကျွတ်ကြလွတ်ကြ. . .

ကိုးကွယ်မှုကြတော့ အနှိုင်းမဲ့ပဲ။

ဗုဒ္ဓကိုယုံကြည်တယ်၊ ဓမ္မကိုယုံကြည်တယ်၊ သံဃာကိုယုံကြည်တယ်၊ အကြွင်းမဲ့ယုံကြည်တော့ မိရိုးဖလာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ယုံကြည်ရာကနေ ကိုးကွယ်အားထားရာအဖြစ် အဆင့်မြှင့်ပြီး သေတပန်သက်တစ်ဆုံး လေးစားရိုကျိုးစွာ ဆည်းကပ်ပူဇော်ကြတယ်။

ယုံကြည်မှုကိုပဲဖြစ်ဖြစ်၊ ကိုးကွယ်မှုကိုပဲဖြစ်ဖြစ်၊ အရမ်းကာရော ပမာမခန့်သွားမလုပ်ရဘူး။ လုပ်ရင် ဘာဖြစ်တတ်လဲလို့ မေးကြမယ်။ အဲဒီအကြောင်းကို ပြောပြချင်နေတာ။

(၂)

ကျွန်တော်တို့ လူသားတွေဟာ အသက်မွေးဝမ်းကြောင်းအတွက် ကိုယ်ကျွမ်းကျင်ရာ ကိုယ့်ဘဝနဲ့ နီးစပ်ရာ၊ ကိုယ့်အခြေအနေပေးရာ အလုပ်အကိုင်များနဲ့ ဘဝအသက်ရှင် ရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်ရှာဖွေရပါတယ်။

ဒီနေရာမှာ ရှေးဘိုးဘွားအစဉ်အဆက် လိုက်နာပြုမူဆောင်ရွက်ခဲ့ကြတဲ့ ရိုးရာဓလေ့ ယုံကြည်မှုလေးများကို အားကိုးအားထား (ကိုးကွယ် ဆောက်ပါ) ပြုပြီး ရိုရိုသေသေ လေးလေးစားစား လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြတာကို။

ဥပမာ. . . တံငါလုပ်ငန်း လုပ်ကိုင်သူ အတော်များများက ပင်လယ်ထွက်ခါနီးကျရင် ရေငံပိုင်ဦးရှင်ကြီးကို ကောက်ညှင်း၊ ငှက်ပျော၊ အုန်း၊ လက်ဖက်နဲ့ တင်မြှောက်ပသ ကုသိုလ်ကောင်းမှုပြုပြီး ရေချိုလုပ်ငန်းသွားလာလှုပ်ရှားရာမှာ အန္တရာယ်ကင်း (ဘေးရှင်းအောင် စောင့်ရှောက်ပါလို့ ပြောဆိုလုပ်ကိုင်ကြတယ်။

www.burmeseclassic.com



မှဆိုးလုပ်ငန်း လုပ်ကိုင်သူကလည်း တောထဲဝင်ကာနီးကျရင် တောရက္ခစိုးအပါအဝင် ပိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်ကို သူ့ရပ်ဓလေ့ရှာဓလေ့နှင့်အညီ စားဦးစားဖူးလေး သင့်လျော်လိုအပ်ရာလေး တင်မြှောက်ပသပြီး သားကောင်ရဖို့ အန္တရာယ်ကင်း ခြေခင်းလက်ခင်းသာဖို့ ပြောဆိုလုပ်ကိုင်ကြတယ်။

ဆင်သမားကလည်း ဆင်လိုက်မယ်ဆိုရင် ဥတေနနတ်ကိုကုသိုလ်ကောင်းမှုပြုပြီး ဆင်လိုက်ဆင်ဖမ်း ဆင်ရှာလိုအပ်သလို ဆောင်ရွက်ကြတယ်။

လယ်သမားကလည်း ထိုနည်းတူစွာပါပဲ။ သူ့လယ်ယာလုပ်ငန်းမှာ ခြေခင်းလက်ခင်းသာဖို့၊ အန္တရာယ်ကင်း ဘေးရှင်းဖို့ လုပ်ငန်းကိုင်ငန်းဖွံ့ဖြိုးဖို့ ရတနာသုံးပါးအပြင် ကွင်းကိုစောင့်ရှောက်သည့် ပုဂ္ဂိုလ်များကိုမိရိုးဖလာအစဉ်အလာ ပြုလုပ်ခဲ့ကြတယ်။

ဒီမှာအလွန်ကို အံ့ဩဖို့ကောင်းသည့် ဖြစ်ရပ်ဆန်းတစ်ခုကိုကျွန်တော်တို့ ကြုံခဲ့ရတာပဲခင်ဗျ။

ဒီကိစ္စ လူတိုင်း စာဖတ်သူတိုင်းကို အကြွင်းမဲ့ယုံကြည်ပါလို့ကျွန်တော်မပြောလိုဘူး။ အမိက,က ပရဝိညာဉ်လောကရဲ့ ဆန်းကြယ်ပုံကိုလောကသဘာဝရဲ့ တိုက်ဆိုင်ပုံကို ပြောချင်တာပါ။

ကျွန်တော်တို့ရွာအမည်က 'ခေးလုံးကြီး' ကျေးရွာတဲ့။

အရင်ကတော့ ဟံသာဝတီခရိုင် အရှေ့ခြမ်းပိုင်လို့ ခေါ်တာပေါ့ဗျာ၊ (ခုတော့ ရန်ကုန်တောင်ပိုင်းခရိုင်ဖြစ်သွားပြီပေါ့)။ ကျွန်တော်တို့မိဘဘိုးဘွားများဟာ ဟိုးရှေးအစဉ်အဆက် နှစ်ပေါင်းများစွာကစပြီးလယ်လုပ်ငန်းနဲ့ သားစဉ်မြေးအဆက် အသက်မွေးဝမ်းကြောင်း လုပ်ကိုင်ခဲ့ကြတယ်။

အဲဒီတော့ ကျွန်တော့် အရပ်ဒေသ ဓလေ့အရ လယ်သမားတိုင်းလိုလို လယ်ဝင်တစ်ကြိမ်၊ ကောက်သိမ်းတစ်ကြိမ် နှစ်ကြိမ် ကွင်းတင်ရတယ်။





"ကွင်းတင်" တယ်ဆိုတာ ကွင်းကိုစောင့်ရှောက်သည့် အဘိုးကိုပူဇော်သည့် အာဟာရနဲ့ ကျွေးမွေးတဲ့ကိစ္စကို ပြောတာပါ။

ကျွန်တော်တို့ ခေးလုံးကြီး ချောင်းစောက်ကွင်းကို စောင့်ရှောက်နေတာက အဘိုးဦးလောဝါးဆိုတဲ့ ပုဂ္ဂိုလ်ပေါ့။

အဘိုး ဦးလောဝါးဟာ လူ့ဘဝ လယ်သမားဘဝက လယ်ကိုချစ်တယ်၊ ကျွဲနွားတိရစ္ဆာန်ကိုချစ်တယ်၊ ကောက်ဦးစားဦးကို ရဟန်းသံဃာတော်များ လှူတယ်၊ လယ်သိမ်းစပါးပေါ်ပြီးလို့ ရောင်းချပြီးရင် အလှူအတန်းပြုလုပ်တယ်။ သူ့လယ်ကနေပြီး ဘယ်ကိုမှမသွားဘူး။ မငက်ဘူး။ သူဆုံးပြီး ဆုံးပုလည်း လယ်ကွင်းက သူ့လယ်မှာပဲ အိမ်ဆောက်နေတာပဲ။

လယ်သမားတိုင်းကလည်း အဘိုးဦးလောဝါးကို လယ်ချစ်သူကြီးလှုံ့လှူသူကြီးလို့ လေးစားကြတယ်။ ရိုသေကြတယ်။

အဘိုးဦးလောဝါး ကြိုက်တာက ထန်းရည်နဲ့ ကြက်သားဟင်းပဲခင်ဗျ။ အဲဒါလေးသောက်ပြီး သီချင်းတအေးအေးနဲ့ နေတာကိုး။

အသက်ကြီးလာတော့ လူကြီးရောဂါနဲ့ ကွင်းထဲကတဲမှာဆုံးပါရော။ ဘယ်လိုဆုံးမှန်းလည်း ဘယ်သူမှ မသိကြဘူး။ နွေရာသီ တဲသိမ်းစပါးသိမ်းရောက်တဲ့အခါ လယ်တဲနားက ဖြတ်သွားဖြတ်လာများက ရေဝင်အောင်းသောက်မှ အဘိုးဦးလောဝါး သေမှန်းသိကြပြီး ဝိုင်းဝန်းသင်္ဂြိုဟ်ကြတယ်။

အဲဒီမှာ အဘိုး ကံဆိုးစွာ မကျွတ်လွတ်ရှာဘူး။ လယ်ချစ်သူတောက်ပင်ချစ်သူကြီးဆိုတော့ သူ့လယ်ဝန်းကျင်းမှာ မကြာခဏ အသံပြုတယ်။ ကိုယ်ထင်ပြတယ်။ သီချင်းဆိုသံပေးတယ်။ ဝန်းကျင်ကို အိပ်မက်ပေးတယ်။

ရက္ခစိုးမဟုတ်သော်လည်း လယ်ကစိုးဘဝ ရောက်နေဖြစ်နေတာကို အားလုံးသဘောပေါက်သွားပြီး လယ်သမားများက စားဦးစားဖူးများကို အဘိုးလယ်ကစိုးဝိညာဉ်ကို ကုသိုလ်ပြုရာက နောက်ဆုံးအဘိုးကိုချစ်ကြလို့ လေးစားလို့ အဘိုးကြိုက်တဲ့ ထန်းရည်နဲ့ ကြက်သား

www.burmeseclassic.com



ဟင်း လယ်ဆင်းချိန်မှာ တစ်ခါ၊ ကောက်ရိတ်သိမ်းချိန်မှာတစ်ခါ လယ်သမားတိုင်း 'ဗလိနတ်စာ' လို ကျွေးမွေးကြရာက နောင်မှာအ... အလာဖြစ်သွားခဲ့တာ နှစ်ပေါင်းများခဲ့ပြီပေါ့ဗျာ။

အဘိုး လယ်ကစိုး ကွင်းရှင်ကြီးကလည်း စောင့်ရှောက်... အထင်အရှားပဲဗျ။ အဲဒီအကြောင်းပြောရရင် အများကြီးပဲ။ တိုတို... လိုရင်းနှစ်ခုပဲ ကိုယ်တွေ့ပြောမယ်ဗျာ. . . နော်။

ꩰ ꩰ ꩰ ꩰ ꩰ

# (၃)

ဒီတုန်းက ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများက အမေနဲ့အတူ မြို့ပေါ်မှာနေတယ်။ အဖေက ကွင်းထဲမှာ တဲထိုးနေပြီး လယ်အလုပ်ကို နွားတစ်ရှဉ်းနဲ့ စပါးပေါ်သည်အထိ လုပ်ကိုင်နေတယ်။

ကျွန်တော်တို့ ကျောင်းပိတ်ရင် အဖေရှိရာ ဆေးလုံးကြီးကွင်းထဲကို မိုးတွင်းကာလမှာ စားနပ်ရိက္ခာသွားပို့ရတယ်။ အဲဒီ (၁၅) ရက်တစ်ခါ အိမ်မှမဟုတ် တစ်လတစ်ခါ ပို့ပေးရတယ်။

အဖေကလည်း ချောင်းမြောင်းကွင်းထဲက ရှာလို့ဖွေလို့ရတဲ့ ငါးဖားဟင်းလျာများကို များများရရင် ပလိုင်းကြီးနဲ့လွယ်ပြီး ကျွန်တော်တို့မြို့အိမ်ကိုလာပို့တယ်။ အဲဒါလည်း မကြာခဏပဲ။ မြို့ပေါ်လာရင် တဲကိုခွေးတစ်ကောင်နဲ့ တဲစောင့်ထားခဲ့ရတာပဲ။ ဘာပစ္စည်းမှ မပျောက်ပေါင်။

တစ်နေ့ မြို့ကအိမ်ကို ငါးဖားပုစွန်များ လာပို့တာပေါ့။ အဲဒါ လမ်းမှာ ထန်းရည်သမား ကိုကျားကြီးနဲ့ တွေ့ပါရောလားဗျာ။

www.burmeseclassic.com



"ကိုသာဟန် ဘယ်လဲဗျ"

"မြို့က ကလေးတွေဆီ ဟင်းလျာသွားပို့မလို့ ကျားကြီးရေ"

"ဟ. . . တဲမှာ ဘယ်သူကျန်သတုံးကွ. . . အေ. . . ဝေ့"

"ခွေးတစ်ကောင်နဲ့ နွားနှစ်ကောင်ရယ် ကြက်နဲ့ဘဲရယ်ပေါ့ကွာ"

"သူခိုးဝင်ခိုးလို့ ကုန်အုံးမယ် ဘိုးသာဟန်ရ"

"ခိုးလို့ရ ခိုးကြပေါ့ကွာ"

အဖေက အမှုမဲ့အမှတ်မဲ့ ပြောလိုက်ရာ ထန်းရည်သမား ကျားကြီးက ရယ်ပါရော။

"တကယ်ဝင်ခိုးရင် ပြောင်သွားမှာပေါ့ကွာ"

"မင်းခိုးလို့ရရင် ဝင်ခိုးလေကွာ"

အဖေကလည်း ရယ်ပြီး ပြန်ပြောလိုက်တယ်လေ။

"တကယ်လား"

"နှစ်ကယ်. . . သုံးကယ်. . . လေးကယ်"

"ကြည့်ကြသေးတာပေါ့ကွာ. . . ဟား. . . ဟား. . . ဟား"

"အချိန်မရှိဘူး ကျားကြီးရေ. . . သွားပဟ"

ဒီလိုပြောပြီး မြို့ရှိရာကားဂိတ်ကို တစ်နာရီလောက် လမ်းလျှောက်ကာ ကားကြုံစီး မြို့အိမ်ရောက် ရလာတဲ့ငါးဖားပုစွန်များပေး။ ချက်ပြုတ်စားသောက်ကြပြီ အမောပြေ တစ်ရေးအိပ်။ နေညိုတော့ အမေဝယ်ပေးလိုက်တဲ့ ရိက္ခာထုပ်လိုက်ပြီး ရွာကိုပြန်ရော ရွာလည်းရောက်ရော သတင်းတစ်ခု ကြားရပါရောဗျာ။

ထန်းရည်သမား ကိုကျားကြီး အိပ်ယာကမထနိုင်လို့တဲ့။ ကိုသာဟန်လာရင် ခေါ်ပေးပါပြောလို့ အဖေလည်း မြင်ရော ကိုကျော်ခင်တို့က ဝိုင်းဆွဲခေါ်ပြီး ကိုကျားကြီးအိမ်ကို ပို့ရပါရော။

ကျားကြီးမျက်နှာမှာ အဖုအသီးများထွက်ပြီး အိပ်ယာထဲလဲလို့ ညည်းနေရဲ့။

"ကျားကြီး. . . ဘာဖြစ်လို့ ငါ့ကိုခေါ်တာလဲကွ. . . ဟေ"





"ကို. . . သာ. . . ဟန်. . . လား"

"အေး. . . အင်း. . . ဘာဖြစ်လို့လဲ၊ မင်းမျက်နှာလည်း ရောင်ကိုင်းလို့ ရန်ဖြစ်လို့လား ကျားကြီး"

"မဟုတ်ဘူး ကိုသာဟန်"

"ဘာလဲ ကျားကြီး"

"မင်းတဲမှာ ဘယ်သူ့ကို ထားခဲ့သေးလဲ"

"ဟ. . . တဲမှာ တိရစ္ဆာန်တွေပဲ ထားခဲ့တာပေါ့၊ ဘာဖြစ်လို့"

"ကျုပ်. . . ကိုသာဟန် ပြောတဲ့အတိုင်း ခိုးလို့ရ ဝင်ခိုးလေကွာ ဆိုတာနဲ့ ဟင်းစားကြက် ဝင်ခိုးမိတယ်"

"ဟေ"

"ကြက်တစ်ကောင်ဖမ်းပြီး အထွက်မှာ အထဲကနေ လောက်လေးနဲ့ ပစ်လိုက်တာ (၁၀) ချက်လောက်ရှိမယ်ထင်တယ် ကိုသာဟန်ရာ ဆိုရင် မြင်တဲ့အတိုင်းပဲ လူကိုအိပ်ယာက မထနိုင်ဘူးကွာ၊ ကိုသာဟန် ဘယ်သူများ တဲစောင့်ထားခဲ့လည်းကွာ. . . အား. . . ကျွတ်. . . ကျွတ်"

အဖေလည်း ကြားရသည့်စကားကြောင့် အံ့အားသင့်ပြီး ငိုင်သွားတယ်။ ဘာပြန်ပြောရမှန်းလည်းမသိဘူး။ အမှန်က ဘယ်သူမှ အစောင့်ထားခဲ့တာ မဟုတ်ဘူး။ ဒီမှာ တစ်ချက် စဉ်းစားမိလိုက်လေရဲ့။

အဖေက အခုလို မြို့ပေါ်သွားကာနီးတိုင်း မယုတ်မလွန်မှာခဲ့တာတော့ရှိလေရဲ့။

"အဘိုးနဲ့တကွ ကွင်းပိုင်တောင်ပိုင် အစောင့်အရှောက် ပုဂ္ဂိုလ်ပေါင်းတို့ခင်ဗျား၊ သားကြီး ခရီးသွားစရာရှိပါ၍ ပစ္စည်းပစ္စယများနှင့် ကြက်၊ ငန်း၊ နွား၊ တိရစ္ဆာန်များအား ထားခဲ့ပါသည်။ လိုအပ်သလို ကျွယ်စောင့်ရှောက်ပါ အဘိုးတို့ခင်ဗျား"

အဲဒီလိုတော့ ခရီးသွားတိုင်း ပြောဆိုခဲ့ဖူး၏။ မဟုတ်မှလွဲရော ဘိုးလယ်ကစိုးကြီးများ စောင့်ရှောက်လေရော့သလား။ ဒါမှမဟုတ်

www.burmeseclassic.com



ခရီးသွား လယ်သမားတစ်ဦးဦး ကျွဲကျောင်းသား နွားကျောင်းသာ
တစ်ဦးဦးကများ မသက်ာ၍ လောက်လေးဂွနှင့် ပစ်လိုက်လို့များလာ

အင်း. . . တဲရောက်မှ ဒီကိစ္စ စုံစမ်းရဦးမည်ကို စဉ်းစာ
ကိုကျားကြီးကို စားစရာအနည်းငယ်ပေးခဲ့ကာ တဲရှိရာကို ခပ်သွက်သွ
လှမ်းလာခဲ့လိုက်လေရဲ့။

❀ ❀ ❀ ❀ ❀

# (၄)

နောက်တစ်ကြိမ်က ကျွန်တော်ပါသည့်အခေါက် စပါးရိတ်ချိန်မှာ ဖြစ်တယ်။ အမေတို့လည်းပါတယ်။ အဖေ့ထံ ရိက္ခာလာပို့ကြသည့် အခေါက်။

ရောက်ခိုက်မှာပဲ အဘိုးလယ်ကစိုးကြီးကို ကောက်ရိတ်ချိန် ဓလေ့ အတိုင်း သမင်းဦးပေါင်းနှင့် ကြက်အသည်းအမြစ်ဦးခေါင်းများကို ငှက်ပျောဖက်မှာထည့်ပြီး တစ်ခေါ်သာသာ ကျွန်တော်တို့လယ်ဦးထိပ်မှာ အဘိုးအတွက် မြှောက်ရန်လာခဲ့သည်။

ရောက်သည်နှင့် ငှက်ပျောရွက်ထမင်းထုပ်ကို ဖြန့်လိုက်တယ်။ ဟင်းလျာများပေါ်မှာ ကွမ်းတစ်ယာပါ တင်လိုက်ပြီး အဘိုးလယ်ကစိုး (ရက္ခစိုး. . . သစ်ပင်ကို ဘုံဗိမ္မာန်အဖြစ် အမှီပြုနေသော ဗုက္ကိုလ်ကဲ့သို့ လယ်ကိုအမှီပြု၍ နေသောကြောင့် လယ်ကစိုးဟု ကျွန်တော်တို့ဆီက လေးလေးစားစား ခေါ်ကြပါသည်။ စကားချပ်) ကြီး၏ အမည်ကို သုံးကြိမ် သုံးခါအော်၍ ခေါ်ကြပါတယ်။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com



အဘိုးသည် လူ့ဘဝက နားလေးသည်ဟုဆိုသည်။

"အဘိုးခင်ဗျား"

"အဘိုး"

"အဘိုး. ခင်ဗျား ကျွန်တော်တို့မိသားစုများက လယ်သမားများကို စောင့်ရှောက်လေ့ရှိသော အဘိုးကကောက်ရိတ်သိမ်း သည့်အခါ အဆိပ်ရှိသော ပိုးမွှားများ အန္တရာယ်ဆိုးဘေးမှ ကင်းဝေးစေ စောင့်ရှောက်ပေးစေခြင်း အလို့ငှာ မိဘဘိုးဘွား ရိုးရာအစဥ် အလာမပျက် တစ်ဦးစာ များများဖြင့် ကုသိုလ်ဒါနပြု၍ ဖိတ်ခေါ်ကျွေးမွေးပါတယ် အဘိုး ကြွရောက်သုံးဆောင်လှည့်ပါခင်ဗျာ"

"ကြွရောက် သုံးဆောင်လှည့်ပါခင်ဗျာ"

"အဘိုး. . . မြိန်မြိန်ယှက်ယှက် ကြွရောက်သုံးဆောင်လှည့်ပါ ခင်ဗျာ"

သို့ကလို အော်ပြောပြီးချိန်မှာပဲ လူနှစ်ယောက် ရောက်လာပါရော။

"ဟေ့ကောင်. . . သာဟန် ဘာလုပ်နေတာလဲကွ. . . အေ့. . . ဂေ့"

အသံခပ်မာမာနဲ့ မေးလိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ဘုရားရေ ထောင်ထွက်ဘဂျမ်းနဲ့ ကိုပေါက်ဆိန်တို့ နှစ်ယောက်ရယ်။

အရက်ပုလင်းကိုယ်စီနဲ့ ယိမ်းလို့ယိုင်လို့။ ဒီနှစ်ယောက်က လူမိုက်တွေ။ ထောင်သုံးကြိမ် ကျဖူးသူတွေဖြစ်တယ်။ ဆိုးလိုက်မိုက်လိုက်တာမှ တာတေလန်တွေဗျ။

ကျွန်တော်ကလည်း ကာလသားပေါက်စအရွယ်ဆိုတော့ ကြောက်သွားတာပေါ့ဗျာ. . . အချိန်က မှောင်ရီသန်းအလွန်။

"ဟေ့ကောင် သာဟန် မေးနေတယ်လေကွာ"

လူမိုက်ပေါက်ဆိန်က အော်ငေါက်ရင်း အနားကိုရောက်လာပါရော။





"ဟို. . . ဟို. . . အဘိုးကို စားဦးစားဖျား လာမြှောက်. . ."

"ထွီ. . . ဘယ်ကအဘိုးလည်း. . . မင်းဘိုး ဘိုးအုန်းလားဟား. . . ဟား. . . ဟား. . . ဟား. . ."

"ဗျာ. . . မ. . . မဟုတ်ပါဘူး ကိုဘဂျမ်းရာ ကွင်း. . . ကွင်း"

ဒီမှာ လူမိုက်ဘဂျမ်းက လယ်ကန်သင်းပေါ်က ထမင်းနှင့် ကြက်အသည်းအမြစ် ဦးခေါင်းဟင်းလျာများကိုကြည့်ပြီး အရမ်းသဘောကျသွားပါရောဗျို့။

"ဟာ. . . ကြက်အသည်းအမြစ်နဲ့ ဦးခေါင်းပါလား ပေါက်ဆိန်ရ"

"ဟား. . . ဟား. . . ဟား. . . စားရက်ကြုံလို့ ပါးသိုင်းပျားအဲလေ မုတ်ဆိတ်ပျားစွဲကာပေါ့. . . အေ့. . . ဂေ့. . . အားလုံးယူလိုက် ဘဂျမ်း"

"ဟို. . . ဟို. . . ဟို. . . ဘဂျမ်းနဲ့. . . ကိုပေါက်ဆိန် မ. . . မလုပ်ကြပါနဲ့ဗျာ၊ ဒါ. . . ဒါ. . . ဘိုးကိုမြှောက်မြှောက်"

"သွားစမ်းကွာ. . . ဘာအဘိုးလဲ မင်းတို့ရူးနေတာ၊ သွား. . . ဒါ ငါတို့အရက်နဲ့ မြည်းရမယ်. . . အေ့. . . ဂေ့"

"မလုပ်ပါနဲ့ဗျာ. . . ကျွန်တော် တောင်းပန်. . ."

"ဖြန်း"

"အား"

"အမေ့"

ဒီမှာ လက်ကာပြီး တောင်းပန်နေသည့် အဖေ့ရဲ့ပါးကို လူမိုက်ဘဂျမ်းက ကြက်နဲ့လွဲရိုက်တော့ အဖေပုံလျက်လဲကျအသွား လူမိုက်ပေါက်ဆိန်က အဖေ့ရင်ဝကို ဖနောင့်နဲ့ပေါက်ပြီး သုံးလေးချက်လှိမ့်ကန်လိုက်တာ အဖေ့ရင်ဝကိုဖိပြီး ညည်းနေရရောဗျာ။

ကျွန်တော်လည်း အဖေကိုသနားလည်းသနား။ သူတို့လည်း ကြောက်ကြောက်နဲ့ နောက်ဆုံးရှိုက်ငိုပြီး အဖေ့ကို တအားဖက်ထားလိုက်

www.burmeseclassic.com



မိတယ်။ အဖေက နောက်ထပ်ရိုက်မလို့လုပ်နေတဲ့ သူတို့နှစ်ဦးကို လက်ရ
ချိုရိုးတောင်းပန်ပြီး ကြောက်ရွံ့စွာ ကျွန်တော့်လက်ကို ဆွဲကာ တဲအက
ခြေဦးလှည့်လိုက်တယ်ဗျာ။

ကျွန်တော်မျက်ရည်လည်ရွဲနဲ့ လှည့်ကြည့်လိုက်တော့ ထောင်ထွ
လူမိုက်ဘဂျမ်းနဲ့ ကိုပေါက်ဆိန်တို့ နှစ်ဦးသား အရက်ပုလင်းမော့
အဘိုးအတွက် ရည်ရွယ်ထားတဲ့ ကြက်အသည်းအမြစ်များကို စားသော
ပြီး တဟားဟားနဲ့ အော်ဟစ်ရယ်မောလို့ ကခုန်လို့ပြီး ကျွန်တော်
သားအဖကို ဆဲရေးတိုင်းထွာနေလေရဲ့။

❧ ❧ ❧ ❧ ❧

# (၇)

မနက်လည်းမိုးလင်းရော မကြားကောင်းတဲ့သတင်း သတင်းဆိုးကို ကြားလိုက်ရတော့တာပါပဲ။

နွားကျောင်းသားတွေ စတွေ့ပြီး အော်ကြတာရယ်. . .

"လာကြပါဦးဗျို့. . . ဒီမှာ လူနှစ်ယောက် ဘာဖြစ်နေမှန်းမသိဘူး"

"ဦးလေးသာဟန်တို့၊ ဦးကျော်သံတို့၊ ဘကြီးဘိုးတိုးတို့ ကယ်ကြပါဦးဗျာ"

ကျောက်ကြီးငြေနဲ့ ကုလားပုတို့ ကျွဲကျောင်းသား၊ နွားကျောင်းသားအုပ်စု အော်ဟစ်ပြီး ပြောလာကြတာ. . .

"ကျောက်ကြီး ဘာဖြစ်လို့လဲ"

"ဟူး. . . ဟူး. . . ဟော. . . ဟော. . . ဦးလေး. . . ဦးလေးတို့ လယ်ပွဲထိပ်မှာ လူ. . . လူနှစ်ယောက် ခေါ်လို့မရဘဲ တွန့်လိမ်နေလို့"

"ဟင်. . . ဟုတ်ရဲ့လား ကျောက်ကြီးရ"

www.burmeseclassic.com



ဒီမှာ ကုလားပုက ဝင်ထောက်ခံလိုက်ရဲ့။

"ဟုတ်တယ်ဗျ တွန့်လိမ်လို့"

ဒီမှာပဲ တဲနားနီးချင်းများသည် အသံကြားလို့ ရောက်လာကြ၍ စပါးရိတ်ဖို့ မိန်းမ၊ ယောကျ်ားများလည်း ရောက်လာကြပြီး အားလုံးစုဝေးလို့ သွားကြည့်လိုက်ကြရော. . .

"ဟာ"

"ဟယ်"

"အလိုလေးတော့. . . ဘုရား. . . ဘုရား"

"ဟ. . . ဒါ. . . ဒါ ထောင်ထွက်လူမိုက် ဘကျမ်းနဲ့ ပုဆိန်ကြီးပါလားဟ"

"ဟုတ်တယ်ဗျ. . . ဘာဖြစ်ကုန်တာလဲဗျာ"

ကျွန်တော်တို့ သားအဖနှစ်ယောက် သူတို့နှစ်ဦးရဲ့ အဖြစ်ဆိုးကို ကြည့်ရင်း အံ့ဩတုန်လှုပ်၍ သွားခဲ့ကြတယ်။

လူမိုက်ကြီးနှစ်ယောက် အကြောများဆွဲ၍ မျက်နှာများရှုံ့ပြီး အံကြိတ်လို့ အသက်မရှိတော့ဘူး။ သူတို့နံဘေးမှာ အရက်ပုလင်းကနှစ်လုံး။ ညက ကျွန်တော်တို့ ထားခဲ့တဲ့ ထမင်းနှင့်ဟင်းများအချို့ ပြန့်ကျဲလို့။

ငှက်ပျောရွက်ဖက်က သူတို့ရင်ဘတ်ပေါ်မှာ. . .

"ခြေထောက်မှာ အစွယ်ရာနှစ်ပေါက်စီနဲ့ဟ"

"သွေးလည်းစို့စီးပြီး ခဲနေပြီ"

"ဒါ. . . မြွေဆိုးကိုက်လို့ သေတာကွ"

"ဒီကောင်တွေ အမှားလုပ်မိလို့များလားကွာ"

"ဒါပဲနေမှာပေါ့ဗျာ. . . ကြည့်ပါလား. . . ဟိုဒင်း. . . "

ကျွန်တော်တို့ မြင်ရသည့် မြင်ကွင်းကြောင့် ကြီးစွာတုန်လှုပ်ချောက်ချားခဲ့ရတယ်။ အမေရော အဖေရော အလွန့်ကို အံ့ဩနေကြတယ်။

ကြည့်ရတာ အရက်နဲ့ ဟိုဟင်းကို မြည်းစားနေတုန်း မြွေဆိုးနဲ့





တိုးပြီး သေချင်းဆိုးနဲ့ သေကုန်ကြတာ။

ရွာကလူတွေက တစ်ရွာလုံးကို ဒုက္ခပေးနေတဲ့ ထောင်ထွက်လူမိုက်နှစ်ဦး သေချင်းဆိုးနဲ့ သေတာကို လုံးဝမသနားကြပါဘူး။

ကျွန်တော်ကတော့ မျက်မြင်ကိုယ်တွေ့မို့ ဒီအဖြစ်ဆိုးသနစ်ဆိုးကို အံ့ဩလို့မဆုံးနိုင်ဘူး။

လူကြီးတွေ ဝေဖန်ကြသလို ကွင်းမှားတာပဲလား။ သူတို့အနေအထိုင် အပြုအမူမှားလို့ပဲလား။ သူတို့မှားတာတော့ အမှန်ပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဘေးခြံကွင်းဟာ မြွေဆိုးအလွန်ပေါတဲ့ အရပ်ဥစ္စာ။

အရက်မူးယစ် သောက်စားပြီး ဤကွင်းထဲညဘက် သောင်းကျန်းမှတော့ မြွေဆိုးနဲ့ အခန့်မသင့် တန်းတိုးပြီး. . . အင်း. . . ကိုယ့်တရားကိုယ်စီရင်သွားကြတာပဲလေ။ ဘာတတ်နိုင်မှာလဲ. . . နော်။

မောင်ညိုမှိုင်း (သန်လျင်)

ကော်ဝင်နှင်း(ပရသည်းဗို)ဝတ္ထုတိုများ

၂၀၀၇ ဇွန်လ

❧ ❧ ❧ ❧ ❧

www.burmeseclassic.com



အစကတည်းက ဘကြီး ဦးကျောက်တုံးက ပြောသား။ အဲဒါကို နောက်ကြီးက မယုံဘူး။ လုံးဝလက်မခံဘူး။ ကထူကောစလုပ်တယ်။ ပြီး ကိုယ်စိတ်ထင်တိုင်းကြဲပစ်လိုက်တယ်။

ခုတော့ ဘာဖြစ်ပြီမှတ်လို့လဲ။ ကိုနောက်ကြီး ထူးဆန်းတဲ့ရောဂါ ဖြစ်ပြီး သွားပေါ့ သချိုင်း။

www.burmeseclassic.com

ဒီအကြောင်း နောင်လာနောက်သားများ ဗဟုသုတအဖြစ် သိစေချင်လို့ ကျုပ်က အမုန်းခံပြီး ပြန်ပြောတာပါဗျာ။ ဒီလိုပြောလို့ အချို့က ယုံချင်လည်း ယုံမယ်။ မယုံချင်လည်း မယုံဘူး။ ဒါက ကိုယ့်သဘောပါ။ ကိုယ့်သမိုင်းကိုယ်ရေးတာ ကိုယ်ဖြစ်ကိုယ်ခံမယ် ဝင်မရှုပ်နဲ့ ပြောချင်လည်း ပြောပေါ့။

လူမိုက်၊ လူအန္ဓ၊ လူအတ္တ၊ လူနလပိန်းတုံး။ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ။ ဒါ သုံးကောင်းလား၊ မသုံးကောင်းလား ရှေးလူကြီးသူမ ပြောဆိုဆုံးမခြင်းကို ဥပေက္ခာပြုနေကြတဲ့ ဖော်ပြပါ လူကိုးလိုးကန့်လန့်များအတွက် စေတနာ သိပ်မကဲလိုပါဘူး။

လူလိမ္မာ၊ လူယဉ်ကျေး၊ လူဝန်းကျင်ကို တစ်နေ့ ကိုယ်စားပြုပြီး လုပအားချမ်းတဲ့ ဆေးရောင်ကို ခြယ်သမည့် လူအဖိုးတန်များအတွက် အတွေ့အကြုံရယ်၊ ဖြစ်ရပ်ဆန်းရယ်ကို စေတနာလေး အဆစ်ထည့်ပြီး မယုံပုံသဘောမျိုး ပြောပြချင်လို့ပါ။





မုန်းချင်လည်း မုန်းလို့ရတယ်၊ ဆဲချင်လည်း ဆဲလို့ရတယ်၊ ရိုက်ချင်ည်း ကြိုက်တဲ့အချိန် ချောင်းသာရိုက်။ ကျုပ်ကတော့ မြန်မာဟာတာပီသဖို့ မြန်မာယဉ်ကျေးမှုထုံးတမ်းဓလေ့ အပြုအမူကောင်းလေးကို လက်ဆင့်ကမ်းချင်လို့ အခုမှ ဒီအကြောင်း ပြန်ပြောပြတာပါ။ ဒီလိုဗျ။

အချိန်ကာလက ဟိုမှာဘက်ခေတ်တုန်းကပေါ့။ စာဖတ်ပရိသတ်လည်း သတိပြုချင်ရင် ပြုမိကြပါလိမ့်မယ်။ အဲဒီတုန်းက လေဆင်နှာင်းကြီးတစ်ခု ဝင်မွှေသွားတာ ကျုပ်တို့မြို့က ရပ်ကွက်ကျေးရွာအချို့ ဟိုရန်ကုန်၊ သာကေတက ရပ်ကွက်အချို့ပါ အတော်ပျက်စီးသွားကောလား။

လေထဲမှာ သွပ်ပြားတွေဟာ စက္ကူလို၊ သစ်ရွက်ခြောက်လို လွင့်မြောတယ်။ သစ်ပင်ကြီးတွေ အမြစ်ကကျွတ်ပြီး တဝုန်းဝုန်းလဲလို့ အိမ်တွေ၊ တ်တိုင်တွေပေါ် ပိလဲကျကုန်တယ်။ ပဲခူးမြစ်ထဲမှာ လှေသမ္ဗန်အချို့ မြုပ်ကုန်တယ်။

စက်ရုံတွေ၊ အိမ်တွေ အတော်များများ ခေါင်မိုးပွင့်ပြီး သွပ်ပြားတွေ ပါရောလားဗျာ။ ကြည့်စမ်း၊ မိုးကောင်းကင်မှာ မည်းလိပ်နေတဲ့မိုး တိမ်တိုက်မည်းမည်းရှည်ရှည် အရပ်မြင့်မြင့်ကြီးဟာ အသံကြီးည်ပြီး တွစ်(စ်)ကသလိုလှုပ်ပြီး အပေါ်ကနေအောက် လူးလှုပ်ဆင်းလာ

"ဝေါ"

"ဝူး. . . ဟူး. . . ဟူး"

"ဝှန်း. . . ဝုန်း"

"လေဆင်နှာမောင်းတိုက်နေပြီ။ ဝပ်နေကြ၊ မိရာကိုဆွဲထားကြ"

"အပြင်ကို မထွက်ကြနဲ့"

"အိမ်အောက်ထဲကို ဝင်ပုန်းနေကြ၊ ဟဲ့-ကလေးတွေ"

"ဓား၊ ဓား၊ ဓား"

www.burmeseclassic.com



''ဟေ့၊ ဟဲ့–ခေါကြည့်ထား။ ခေါ ခေါ သွား လေဆင်နှာမော

သွား''

အဖေကလည်း အော်ဟစ်သတိပေးတာပဲ။ အရပ်ထဲ လူကြီး

ကလည်း အသံကုန်ဟစ်ပြီး အော်ကြတာပဲ။ အချို့က အိမ်အောက်ကို

ပုန်းကြတယ်။ အမေက ခေါနဲ့ အိမ်ဝကရပ်ပြီး ရှေးထုံးစံ ခေါနဲ့နှင်တ

အချို့က မြေကြီးကျင်းထဲ ဝင်ခိုကြတယ်။ အချို့က အုတ်တိုက်

ဘေးမှာ ဝင်ကပ်ကြတယ်။ မည်းလိပ်လိပ် ရောမ မီးခိုးတိမ်တိုက်

လိုက်လေဆင်နှာမောင်းဟာ သူဦးတည်ရာလမ်းကြောင်းတစ်လျှောက်

ခြေနဲ့ကန်၊ လက်နဲ့တွန်း၊ ရင်ဘတ်နဲ့တိုက်၊ ဖနောင့်နဲ့ နင်းခြေသွားလို

တာ ရက်ရက်စက်စက်ပါဗျာ။ အကိုန်နီးပါး ပြိုကျပျက်စီးကုန်ပြီ။

ဆိုခဲ့သလိုပဲ၊ လေထဲမှာ သစ်ကိုင်းတွေ၊ သွပ်ပြားတွေ၊ အ

အကျီတွေ၊ ကောက်ရိုး၊ သစ်သားချောင်းတွေ မျောပါလွင့်မြောသွာ

ဒီမှာ ရွာထိပ်ဘုန်းကြီးကျောင်း(ရှေးဟောင်းကျောင်းကြီး)က

မိုးတွေ လေဆင်နှာမောင်း အဖျားအနားခတ်ပြီး လန်လွင့်ကုန်

ရှေးဟောင်းသိမ်ကြီးပေါ်က သွပ်ပြားတွေလည်း လွင့်ကုန်ပြီ။

အဲဒီလို ဖြစ်ပျက် ကြောက်လန့်တုန်လှုပ် ချောက်ချား ပုန်းကွ

ဘုရားတ နေချိန်မှာပဲ ကိုနေကြီးဆိုတဲ့လူရယ်ဗျာ၊ လေလွင့်ပျံကျလာ

သွပ်ပြားတွေကို မကြောက်မရွံ့ လိုက်ကောက်လို့ဗျား။

''ဟေ့ကောင်–နေကြီး၊ ပုန်းနေဝပ်နေ။ မင်းပါ ပါသွား

မယ်''

''မပါပါဘူးဗျ''

''နေကြီး၊ သွပ်ပြားမုန်ပြီး ခေါင်းပြတ်သေလိမ့်မယ်။

ဒီကိုလာဟ''

ကိုနေကြီးကို သူငယ်ချင်းများ၊ အိမ်နီးနားချင်းများ၊ ဆွေ

သားချင်းများက အမျိုးမျိုးအော်ဟစ်သတိပေးသော်လည်း ကိုနေကြီး

လုံးဝပဲ။





ချုံပေါ်တင်တဲ့သွပ်ပြား၊ သစ်ပင်ပေါ်တင်တဲ့သွပ်ပြား၊ ခြံစည်းနား တပ်ကျတဲ့သွပ်ပြား၊ လမ်းမပေါ်ကျတဲ့သွပ်ပြား၊ ရသမျှသွပ်ပြားများကို လိုချင်လောဘ အငမ်းမရ လိုက်ကောက်ပြီး သူ့ခြံထဲမှာ စုပုံထားရဲ့။

တစ်ချက်မှား သေပြီအောက်မေ့တာရယ်။ လွင့်ကျလာတဲ့ သွပ်ပြား တစ်ချပ်ပေါ့။ သူ့ခေါင်းပေါ်က ကပ်ပြီး ဗိုးခနဲ ဖြတ်လို့ မြေကြီးမှာ စိုက် နေတာ။ ကျုပ်တို့အားလုံးက နေကြီးသေပြီမှတ်တာ။ သွပ်ပြားအောက် ကနေ ကိုနေကြီး လျှိုပြီး ထွက်လာတယ်။ ဒီနောက် အဲဒီ မြေစိုက်သွပ် ပြားကို သူ့ဗလကြီး လေးလုံးခြောက်ဖက်နဲ့ ဆွဲကာနုတ်ပြီး သူ့အိမ်ခြံ ထဲသယ်ယူသွားခဲ့တယ်။

သူရသွားတဲ့ သွပ်ပြားများမှာ ဘုန်းတော်ကြီးကျောင်းက သွပ်ပြား များလည်း ပါတယ်။ ရဟန္တာသိမ်လို့ အမည်ရှိခဲ့တဲ့သိမ်က သွပ်ပြားတွေ လည်း ပါတယ်။ ဟိုးအဝေးက လေစီးကြောင်းနဲ့ လွင့်ပါပြုတ်ကျလာတဲ့ သွပ်ပြားများလည်း ပါတယ်။ စုစုပေါင်း သူ့ သွပ်ပြား အချပ်နှစ်ဆယ် လောက် ရလိုက်တယ်။ ကျုပ်တို့ဝန်းကျင်က ဆင်းရဲသား အိမ်များလို့ ခနိုမိုးများကြတော့ ခများ သွပ်ပြား မရဘူး။ နာရီဝက်ကျော်ကျော်ကြာ တော့ လေဆင်နှာမောင်းကြီးက ဟိုးရန်ကုန်သာကေတရှိရာဘက် (ပဲခူး မြစ်)ကို ကျော်ပြီး ဒုက္ခမျိုးစုံပေးဖို့ စိုင်းနှင်းသွားပါရော။

ဟူး–တော်ပါသေးရဲ့။ သင်းပျောက်သွားမှ ကိုယ့်အိမ် ကိုယ့်အပျက် အစီးများကိုကြည့်ပြီး စိတ်ထိခိုက်ကြ၊ ငိုကြ၊ တစ်ယောက်ကိုတစ်ယောက် အားပေးကြ၊ ကူညီကြ၊ အပျက်အစီး အပျောက်အရှများကို လိုက်ရှာ ကောက်ကြ၊ လဲကျသစ်ပင်များကို လူအင်အားနဲ့ ဝိုင်းရှင်းကြ၊ ဖြတ် တောက်ကြ။

www.burmeseclassic.com

ဒီအချိန်မှာ ကိုနက်ကြီးက သူကောက်လို့ရထားတဲ့ သွပ်ပြားများ ကိုကြည့်ပြီး ပျော်လို့။ အပြင်လမ်းမှာတော့ ကိုရင်ငယ်များက လိုက်ရှာလို့ရလာတဲ့ ဘုန်းကြီးကျောင်းသွပ်ပြားအချို့ကို ရွက်လို့ မ,လို့ သွားလာနေကြလို့။

ဒီမှာပဲ ဘကြီးကျောက်တုံးက ကိုနက်ကြီးကို မေးရော။

"နက်ကြီး"

"ဘာတုံးဗျ ဘကြီးကျောက်ရ"

"မင်း ဒီသွပ်ပြားတွေ ဘာလုပ်မလို့လဲ"

"ကျုပ်အိမ် မိုးမယ်လေဗျာ။ ဘာလဲ၊ ဘကြီးကျောက်က ဝယ်ချင်လို့လား။ ဝယ်ချင်ရင် တစ်ချပ်ကို တစ်ရာ့ငါးဆယ်ပေး"

"ဘုရားရေ၊ မင်း အိမ်မိုးမလို့"

"ဒါပေါ့ဗျ၊ အဟုတ်"





"နေပါဦး နက်ကြီးရာ၊ အဲဒါ မင်းပစ္စည်းအစစ်အမှန်ကောဟုတ်ရဲ့လား ငါ့လူရာ"

"ကျုပ်ပစ္စည်း မဟုတ်ပေမဲ့ ကျုပ်ကံနဲ့ကျုပ် စွန့်စားလို့ရတဲ့ ပစ္စည်းပဲလေဗျာ။ လိုက်ခွာခိုးတဲ့ ပစ္စည်းတစ်ခုမှ မပါပေါင်ဗျာ"

"နက်ကြီး၊ မင်း ငါ့စကားကို နားထောင်ပါ ငါ့တူကြီးရာ။ ဒီသွပ်ပြားများဟာ လေဆင်နှာမောင်းကြောင့် လွင့်ပါလာတဲ့ပစ္စည်းတွေပါ။ တစ်နည်း အပူသောကရောက်သူများရဲ့ ပစ္စည်းပါ။ အဲဒီထဲမှာ ဘုန်းကြီးကျောင်းက သွပ်ပြားရော၊ အိမ်သွပ်ရော၊ သိမ်သွပ်ပါ အားလုံး ရောပါနေတယ်။ အဲဒီ အပူသည့်ပစ္စည်းကို အချောင်ယူပြီး အလွဲသုံးစားမပြုရဘူး။ ပြုခဲ့ရင် သူ့အပူဒုက္ခက ကိုယ့်အပူဒုက္ခ ချက်ချင်းဖြစ်ရောဟ"

"ဘကြီးကျောက်"

"ဘာတုံး နက်ကြီး"

"ခင်ဗျား ကျုပ်ခြံထဲက ခုချက်ချင်း ထွက်သွားတော့ဗျာ။ ကျုပ်စိတ်ဆိုလာရင် ခင်ဗျားကြီး နာလိမ့်မယ်။ သွား. . . သွား"

"ငါက ရှေးထုံးစံ၊ မြန်မာ့ဓလေ့ထုံးစံ အတွေ့အကြုံအရသိလို့ ပြော"

"ဟာ–သွားဗျာ"

နက်ကြီးဟာ စေတနာနဲ့ဆုံးမပြောပြနေတဲ့ ဘကြီးကျောက်ကို ခြံဘတ်ကနေ တွန်းလိုက်ပြီး ခြံပြင်ကိုဆွဲထုတ်နှင်လိုက်တယ်။ ကိုနက်ကြီးရဲ့ဇကို သိနေတဲ့ သက်ကြီးဝါကြီးလူကြီးများက နက်ကြီးနဲ့ ဖက်တုပြောဖို့ သတိပေးပြီး ဘကြီးကျောက်ကို ဆွဲခေါ်သွားကြတယ်။

"တစ်နေ့ သူ့အန္တရာယ်ဆိုး၊ အကုသိုလ်ဆိုးနဲ့ ကြုံမှာစိုးလို့ပါ ခင်ရ"

"အိုတော်–ဒီလိုအရက်သမား၊ နွားသတ်သမား အကုသိုလ်ကောင်ကို တရားပြလည်း ပြောသူဟောသူသာ လျှာတိုမယ်။ သင်းက မိုက်မိုက်ဥစ္စာ"

www.burmeseclassic.com



"ဘကြီးကျောက်၊ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေဗျာ၊ လာပါ"

သို့နှင့် ဘကြီးကျောက်လည်းဘာမှ အတွန့်မတက်တော့။ ပျက်စီ သွားသည့်အိမ်များ၊ မိသားစုများကိုသာ လိုက်လံ သတင်းမေးပြီး နိုးလိုသ များအတွက် နှိုးဝိုင်းကူညီပေး၏။ အိမ်ဓနိ ပြန်မိုးနေသူများ ဓနိအမှ များရအောင်၊ ဝါးအချည်မပျားရအောင်၊ သစ်ညှပ်ဝါးညှပ် မဖြစ်ရအောင် ဝါးတံစို့ထိုး မဖြစ်ရအောင် လိုက်လံကြည့်ရှု ညွှန်ပြရင်း ကူညီမှုများကို မေတ္တာနဲ့ လိုက်ပြနေလိုက်လေသည်။

ကိုနက်ကြီးကား လူကြမ်းလူရမ်းကြီးဖြစ်၏။ ဝက်ပေါ်၏။ နွား ၏။ ဖဲရိုက်၊ အရက်သောက်၏။ မိန်းမရှိလျက်နဲ့ အပျော်လိုက်စား၏။ ာလျှင် လူတကာနှင့် ရန်ဖြစ်လိုက်သေး၏။ ဓားတယမ်းယမ်းနှင့် ကြီးအားကိုးနှင့် အော်ဟစ်ဆဲဆို ကြူးဝါးလွှမ်း၍ အရပ်က သူ့ကို ပြီး ဆေးဖော်ကြောဖက်မလုပ်။ သူကလည်း ဘယ်သူ့မှ ဂရုမစိုက်။ ရင်ပြီးရော ရရာအကုန်လုပ်၏။ အကြံအဖန်မျိုးစုံ လုပ်တတ်၍ င်၏။ သူ့အိမ်ကို သွပ်တစ်ဖက်မိုးထား၏။ ကျန်တစ်ဖက်ကား ဓနိဖြစ်

အခု ကံကောင်း ထောက်မ၍ ကျေးဇူးရှင် လေနတ်သားက အရောက် အိမ်မိုးသွပ်ပြားများ ယူဆောင်လာ၏။ သူ လူငှားလက်သ တစ်ယောက်ခေါ်ပြီး ဓနိများကို ဖျက်ချ၍ ၎င်းနေရာမှာ လေလွင့်မိုး ပ်ပြားများကို မိုးလိုက်၏။ သူနှင့်လက်သမားနှစ်ယောက် မိုးကြ၏။

"အား"

www.burmeseclassic.com



"ဟ–ဘာဖြစ်လို့လဲ ကိုနေက်ကြီး"

"ခြေထောက်ကို သွပ်ပြားရှသွားလို့"

"ဟာ–မနည်းပါလားဗျ။ နေ နေ၊ ခင်ဗျား မလုပ်နဲ့၊ ကျုပ်ပဲ လိုက်တယ်"

"ရပါတယ်ကွာ၊ ဒီလောက်လေးများ"

ရပါတယ်သာ ပြောသည်၊ ရှသွားသည့် သွပ်ပြားဒဏ်ရာ ခြေဖနောင့် ဟက်တက်ကြီးဖြစ်ပြီး သွေးများ ရွှဲနေ၏။

"ဟောလှ–ဒဏ်ရာက မနည်းဘူး။ ဆေးခန်းသွားလိုက်ပါဗျ"

"ဟုတ်တယ် ကိုနက်၊ တော်ဆေးခန်းကို သွားလိုက်ပါ ကျုပ်ကပဲ ကိုသံချောင်းကို ဝိုင်းကူလိုက်ပါ့မယ်"

"အို–ဒီလောက်ဒဏ်ရာများ ဂရုစိုက်လို့ဟာ"

ဒီနောက် ဒဏ်ရာဟက်ပက်ပြဲကြီးကို ရေဆေးပြီး ပိတ်စုတ်အ များညှစ်ထည့်၍ အဝတ်ပုဆိုးဟောင်းကိုဖြဲကာ ပတ်တီးစည်းလိုက်သ ပြီး သွပ်ပြားများကို ပြီးစီးအောင် ဝိုင်းမိုးလိုက်၏။ မွန်းမတည့်မီ လုပ် ပြီးသွား၍ သူ သွပ်မိုးအိမ်လေးကို ကြည့်ပြီး အတော်ကို အူမြူးသွ သည်။

ညနေစောင်းသောအခါ ဒဏ်ရာက တစစ်စစ်ကိုက်လာ၏။ သူ အရက်ကို ဖိသောက်လိုက်၏။

"ကိုနက်"

"ဘာတုံး မကြွေ"

"ညှော်တယ်တော့၊ ငရုတ်သီး မီးကင်နံ့တော့"

"ဘယ်အိမ်ကများ လုပ်နေတာလဲကွ"

"သိပါဘူးတော်၊ ခဏရှောင်နေလိုက်စမ်းပါ"

"မရှောင်ဘူးကွာ၊ ဒီမှာ အရက်သောက်နေတယ်"

"တော် ညှော်မိပြီး ငနုံးဖမ်းသေမှာစိုးလို့ ပြောနေတာ။ ဆေး သွားပါဆိုလည်း မသွားဘူး"





"သေသေကွာ၊ လျှာမရှည်နဲ့"

"တော်သေတာ အရေးမကြီးပေမဲ့ ကျုပ် ကလေးနှစ်ယောက်နဲ့ မုဆိုးမဖြစ်ပြီး ဒုက္ခရောက်ရမှာ၊ အဲဒါ သိရဲ့လား။

"ဟဲ့–ငါသေရင် နင်ကြိုက်တဲ့ သူကို ရက်မလည်ခင် ယူလိုက်"

"စိတ်ချ ယူပြမယ်"

သူ့မယား မကြွေစိပ်ကလည်း သူကို သိပ်ကြောက်လှသူ မဟုတ်။ နေက်ကြီးကို အခြားခုနှစ်ရက်သားသမီး ကြောက်ရွံ့ချင် ကြောက်ရွံ့ကြမည်။ နေက်ကြီးမယား မကြွေစိပ်ကား သင်းကို သိပ်ဂရုမစိုက်။ အပြိုင်ဆဲရဲသည်။ လိုအပ်လျှင် နပန်းစသတ်ရဲသည်။ နပန်းသတ်ရသည့်အကြိမ်များ၌ ရှိသမျှပစ္စည်းများလည်း ကွဲကုန်ပေါင်းများပြီ။

ဒီလိုနဲ့ အိမ်ဦးနတ်သခင် ကိုနေက်ကြီးသည် ငရုတ်သီးညှော်ကို ဥပေက္ခာပြုကာ အရက်တစ်လုံးကုန်သော် လဲကျသွားခဲ့၏။ မှုးပြီးအိပ်သည် လို့ပဲမှတ်ပြီး မကြွေစိပ် ဘာသိဘာသာနေလိုက်၏။ ညဉ့်သန်းခေါင်ခန့် ရောက်သောအခါ နေက်ကြီးထဖောက်တော့သည်။

"အင်း . . . အင်း"

"အူ. . . ဝူး. . . ဝူး"

"အား. . . အား. . . အင်း. . . အင်း"

"ကိုနက်၊ တော်–ကိုနတ်"

"အင်း. . . ဟင်း ဟင်းဟင်း၊ အင်း. . . ဟင်း ဟင်း ဟင်း၊ အူး. . . ဝူး. . . အဟွတ်"

ကိုနေက်ကြီး အနာငန်းဝင်၍ ဖျားလေပြီ။ မကြွေစိပ် မီးထွန်း၍ ထကြည့်လိုက်သောအခါ တစ်ကိုယ်လုံးချစ်ချစ်တောက်ပူနေ၏။ မီးခဲလိုကို ပူကျက်နေတာရယ်။ ခြေထောက်ကြီးကလည်း အဆမတန်ရောင်ရမ်းပြီး မြှောက်လို့ပင်မရတော့။ တုတ်ချောင်းလို တန်းနေသည်။ မေးရင်လည်း စကားပြန်မပြောနိုင်။ မေးစေ့နေသလို ဖြစ်နေသည်။ သို့နှင့် ခေါင်းရင်း အိမ်မှ အဘွားကြီး အမေညှက်ကို လှမ်းအော်ခေါ်နိုးရ၏။ အမေညှက်

www.burmeseclassic.com



ရောက်လာသောအခါ အမေညွှက်က ကိုယ်ကိုစမ်းကြည့်ရင်း အံမလေးဟု အော်လိုက်၏။

''ပူလှချည်လား မိကြွေ''

''ခေါ်လို့လည်း မရဘူး အမေညွှက်ရယ်''

''အဆိပ်တက်နေတာအေ့''

''ငရုတ်သီးညှော်လည်း မိသွားတယ်တော့်''

''ဟဲ့–ငနက်၊ ငနက်''

''ငနက်ကြီး'',

''အင်း. . . ဟင်း၊ ဟင်း ဟင်း၊ ဟင်း. . . ''

အသားများတုန်နေသည်။ မျက်လုံးနှစ်လုံး အပေါ်လန်နေသည်။ ငန်းဆေးတိုက်ရန် ပါးစပ်ကိုဖြဲတော့ ဖြဲလို့မရ။

''ဆေးရုံကို အမြန်ပို့ပေ့''

ကိုနက်ကြီးသည် မီးရောင်ကို မြင်သည်နှင့် ရူးရူးဝါးဝါး အော်ဟစ်တော့၏။ ထိုစဉ် သွပ်ပြားပေါ်မှာ တကျိမ်းကျိမ်း တဂျွတ်ဂျွတ်အသံများ ကြားလိုက်ရ၍ သူတို့ လူနာကြည့်သူများ လန့်သွားကြ၏။

''ဘာလဲဟဲ့ မိကြွေ''

''သိဘူးတော်၊ ကြောင်များလား မသိဘူး''

''ဂျိန်း. . . ဂျိန်း''

''ဂျွတ် ဂျွတ် ဂျွတ်. . . ဂျိန်း''

''ဂျောင်း. . . ဂျောင်း ဖြောင်း ဖြောင်း''

''ဟဲ့ဟဲ့–အသံက လူလျှောက်နင်းနေသလိုဝဲ''

''ဘုရား ဘုရား ဘာတွေဖြစ်ကုန်မှန်း မသိဘူး အမေညွှက်ရယ်၊ ဟီး. . . ''

''ဆိုက်ကားရောက်ပြီဗျို့''

''ရောက်ရင် လာပွေ့တင်ကြစမ်းပါကွယ်။ ဒီမှာ မိန်းမသားချည်း ပဲဟဲ့''





ဆိုက်ကားဆရာနှင့် အိမ်နီးနားချင်းနှစ်ဦး ရောက်လာပြီး တောင့်တောင့်ကြီး အကြောဆွဲတက်နေသည့် ကိုနက်ကြီးကို ဆိုက်ကားပေါ် မြှောက်သလို ရသလို ခေါင်းအုံးများခုခံ၍ တင်ကြသည်။

ထိုစဉ် ငှက်ဆိုးတစ်ကောင်က ချောက်ချားစရာကောင်းအောင် အော်လိုက်သည်။

''ဂီး. . . ဂစ်. . . ဂစ်''

''ဘုရား ၊ဘုရား''

''ဟဲ့–ငထိန်၊ မြန်မြန်နင်းပါကွယ်''

ဆိုက်ကား လမ်းထိပ်မရောက်ခင်မှာပင် ကိုနက်ကြီး နောက်ပြန်ဆေးတစ်ချက်မော့ ကော့ထိုးကာ ဇက်ကျိုးကျသွားလေသည်။

''ဟာ''

''ဟင်''

''မကြွေ''

''ဘာ. . . ဘာလဲဟင်''

''ခင်. . . ခင်ဗျားယောက်ျား အသက်မရှိတော့ဘူး''

''အမယ်လေး–ကိုနက်ကြီးရဲ့၊ အီး. . . ဟီး ကျုပ်ကို ခုတော့ ကလေးနှစ်ယောက်နဲ့ ထော်ထားခဲ့ပြီပေါ့ ဟီး. . . ''

ငိုသံများကြား၍ ကျွန်တော်တို့ရော ဘကြီးကျောက်တုံးတို့ရော ရပ်ရွာကာလသားများပါ ထွက်ကြည့်လိုက်သောအခါ ကိုနက်ကြီးကို မျက်ဖြူလန်၍ အသက်ပျောက်လျက်သား တွေ့လိုက်ရလေသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

❐

နောက်ဆုံးတော့လည်း ကျွန်တော်တို့လူငယ်ပိုင်းကပဲ ကိုနေက်ကြီးအလောင်း မြေကျရေးကိစ္စအဝဝကို ဘကြီးကျောက်ရဲ့ စီမံခန့်ခွဲမှုနဲ့ ဝိုင်းကူလုပ်ပေးကြ၏။

ဝါးခုတ်၍ အလောင်းတင်ကပ်လုပ်သူက လုပ်ကြ၏။ ကျွန်တော်တို့လည်း အချိန်ဆိုင်းမနေတော့။ ကိုနေက်ကြီးရဲ့ အင်္ကျီ ပုဆိုးများကို ချွတ်၍ အလောင်းကို ရေမိုးချိုးရန် ပြင်လိုက်သောအခါ–

"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်တာလဲဗျ"

"ဘကြီးကျောက်၊ လာကြည့်ပါဦးဗျ"

ကျွန်တော်တို့ရဲ့ အလန့်တကြားခေါ်သံကြောင့် ဘကြီးကျောက် အရေးတကြီး ပြေးချလာကြည့်၏။





"ဟယ်"

ကျွန်တော်တို့အားလုံး မြင်လိုက်ရသည်ကား ကိုယ်တုံးလုံးဖြစ်နေသည့် ကိုနေက်ကြီးရဲ့ ကိုယ်ခန္ဓာအနှံ့အပြားပေါ်မှာ သူ့ခြေဖဝါးက သွပ်ပြားရှိထားသည့် ဒဏ်ရာကဲ့သို့ ဟက်ပက်ကွဲသလို ဒဏ်ရာမျိုးများ အနှံ့အပြား ထူးဆန်းစွာ ပေါ်နေသောကြောင့် ဖြစ်၏။

"ဒါ ဘယ်လိုဖြစ်တာလဲဟင်"

"ရှုရာဒဏ်ရာမျိုးတွေပဲ။ဟော့–မိကြွေ"

"ရှင်–ဘကြီး"

"နင့်ယောက်ျား သွပ်ပြားရှုတာဘယ်နှချက်လဲဟင်"

"ညာဘက်ခြေဖဝါးမှာ သုံးလက်မလောက် တစ်ချက်တည်းဘကြီး"

"ဟုတ်ရဲ့လားဟာ"

"ဟုတ်ပါတယ် ဘကြီးရယ်၊ ခုဘာဖြစ်လို့လဲဟင်"

"နင် လာကြည့်စမ်း"

ဒီမှာ မကြွေစိုင်သည် သူ့ယောက်ျားရဲ့ ရေချိုးအံ့ဆဲဆဲအလောင်းကို မြင်လိုက်ရသောအခါ လန့်၍ အော်ရင်း လဲကျသွားရကား မနည်းနှာနှပ်ယူရလေသည်။

ခန္ဓာကိုယ်ပေါ်မှာ သွပ်ပြား(သို့) တစ်စုံတစ်ခု ရှထားသကဲ့သို့သော ဒဏ်ရာများသည် ထူးဆန်းစွာ ပေါ်လာသောကြောင့် ဖြစ်၏။ ပို၍ ထူးဆန်းသည်ကား သုံးရက်မြောက်သောနေ့ သူ့အလောင်းကို သင်္ချိုင်းမှာ ဖွင့်ပြီး နှုတ်ဆက်ရှုမြင်ကြသောအခါ ခန္ဓာကိုယ်၊ ခြေထောက်နှင့်မျက်နှာပေါ်မှာ ထူးဆန်းသော ရှရာကဲ့သို့ အနာရွတ်များ အက်ကွဲပြီး လောက်ကလေးများ စ,ထိုးနေသည်ကို မြင်လိုက်ကြရသောအခါ ပို၍အံ့သြသွားကြလေသည်။

သင်္ချိုင်းမှပြန်ကြတော့ ဘကြီးကျောက်က ကျုပ်တို့ကို ပြောရော။

"ငါ အစကတည်းက ကြံ့ပြောသားပဲကွယ်။ နေက်ကြီး အပူသည်

www.burmeseclassic.com



ဒုက္ခသည်များရဲ့ သွေး၊ ဘုန်းကြီးကျောင်း၊ သိမ်ကျောင်းများက လေထွ
ချပ်တွေကို ကိုယ်ပိုင်ဥစ္စာလို မသုံးနဲ့။ သူ့အမှု ကိုယ့်အမှုဖြစ်ပြီး ကံနိုင့်ရ
ရောက်တတ်တယ်လို့ ပြောရဲ့သားနဲ့။ ရှေးလူကြီးသူမ ပြောစကားကိုပြ
ရယ်ပြု၊ ဥပေက္ခာပြု နားမထောင် လက်မခံဘဲ ကိုယ်ထင်ရာ ကိုယ်
လုပ်တော့ အင်း–လက်ငင်းဘဝသံသရာမှာပဲ ကံကြမ္မာက ဒဏ်ခတ်
ရဲ့ တူပါရဲ့ကွယ်''တဲ့ခင်ဗျား။

မောင်ညိုမှိုင်း(သန့်လျှင်)

သိဒ္ဓိမိုးမင်္ဂလင်။ ၂၀၀၈ ဩဂုတ်

ဓ ဓ ဓ ဓ ဓ



www.burmeseclassic.com

ကျွန်ုပ်တွေ့ဖူးသမျှ ဂမ္ဘီရပညာရှင်ဆိုသူများစွာအနက် ဤပုံပျက် ပန်းပျက် ရသေ့ကြီးသည် အနည်းနှင့်အများ ထူးခြားဆန်းအံ့ဩဖွယ် ရှိနေ၏။

ဝိဇ္ဇာလိုလို၊ မှော်ဆရာလိုလို၊ အောက်လမ်းဆရာလိုလို ဘိုးတော်လိုလို၊ မနောပညာလိုလို၊ လူဝင်စားလိုလို လူပုဂ္ဂိုလ်တော်တော်များများကို ကျွန်ုပ်နှင့် ရှုပဗေဒပညာရှင် ကိုရှုပဗေဒတို့ ချွတ်ခဲ့ဖူး၏။

အချို့ လူအများရှေ့မှာ အရှက်ကွဲပြီး အပြီးတိုင် ကျွတ်တမ်းဝင်သွား၏။ အချို့ ဤမြို့ပေါ်မှာ မျက်နှာမပြရဲ၍ အခြားမြို့ရွာများသို့ နေ ချင်းညချင်းပြောင်းပြေးကြ၏။

သို့ကလို ကျွန်ုပ်တို့နှစ်ဦးကြောင့် 'အင်'များ ကိုယ်ကျိုးနည်းပြီး ရဲရဲဝံ့ဝံ့လုပ်မစားရဲ 'ဖန်'မစားရဲအောင် ဖြစ်နေချိန်မှာမှ ဤရုပ်ပျက်ဆင်း ပျက် ပုံပျက်ပန်းပျက်ရသေ့ကြီး ကျွန်ုပ်တို့ထံ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ ခြင်း ဖြစ်လေ၏။

ယခုအခါ ၎င်းရသေ့ကြီး၏ ပညာစွမ်းအချို့ကို မျက်မြင်ကြုံတွေ့





ပြီး ကျွန်ုပ်နှင့် ကိုရှုပဗေဒတို့ အဖြေရှာမရ ဖြစ်နေကြ၏။

ရှေ့ဇာတ်ကြောင်းများမှာ ကျွန်ုပ် ရေးသားဖော်ပြခဲ့သည့်အတိုင်း ...ရှည် ပေမရှည်ဘဲ အကျဉ်းချုံ့ ပြောရလျှင် အာမခံသော့ခတ်ထား ...ည် တံခါးသော့ကို သော့တံမပါဘဲ ဖွင့်ပြခဲ့၏။ ၎င်းသော့ကြီးကို လက်နှင့် ...တ်ပိတ်ပြ၏။

သူ ခတ်သည့်သော့ကြီးကို ကျွန်ုပ် သော့တံနှင့် အမျိုးမျိုးဖွင့်သော် ...ည်း ဖွင့်လို့မရ။ သူ့ရဲ့ရှည်လျားသော လက်ချောင်းတုတ်တုတ်ကြီးများ ... ခါချလိုက်တော့ သော့ပွင့်သွား၏။

ဒီအကြောင်း တရုတ်ပြည်မှ သော့လုပ်သည့် ကုမ္ပဏီမန်နေဂျာနှင့် ...သားများ ကြားကြမြင်ကြလျှင် သူတို့တော့ တကယ်အာမ,မခံနိုင်သေး ...ကြောင်းကို သတင်းစာရှင်းလင်းပွဲများ လုပ်လေမလား မသိ။

ပြီး မိုးကြိုးပစ်မည့်အချိန်နှင့် နေရာကို စက္ကန့် မိနစ်မလွဲ အတိအ ...ညွှန်ပြောခဲ့ရာ တကယ်ပစ်ချ၍ နွားတစ်ကောင်သေပြီး သစ်ပင်ကြီး ...တ်ခြမ်းကွဲခဲ့၏။

တစ်ခါ ရွှေအပ်ငရုတ်သီးစိမ်းတစ်ဇလုံကို ဆားနှင့်တို့၍ စားပြသွား ... စပ်လိုက်တာ တစ်ခွန်းမပြောခဲ့။

နိုင်ငံခြားဖြစ် ဝီစကီအရက်ကို ချက်ချင်း ရေဖြစ်သွားအောင် ...သွားသေး၏။ ပို၍ပြီး အံ့ဩဖို့ကောင်းသည်ကား ချဉ်စုတ်နေသည့် သံပ ...သီးကို သကြားခဲလို ပျားရည်အနှစ်လို ချိုသွားအောင် ပညာပြသွား ...ာ အလွန်အံ့ဩစရာကောင်း၏။

၎င်းသံပရာပင်သည် နောက်ပိုင်းသီးသမျှ အသီးအားလုံး တစ်ဝက် ...ပြီး တစ်ဝက်ချဉ်နေသည်မှာ ဘယ်လိုကြောင့်ဟု စဉ်းစားလို့မရ။

"ဒီရသေ့ကြီးက ဘာလဲကွ မောင်ကျိုင်း"

ရှုပဗေဒပညာရှင် ကိုရှုပဗေဒသည် သူ့မျက်စိရှေ့မှောက်မှာ ချဉ် ...သာသံပရာသီးများကို ချိုအောင်လုပ်ပြသွားသည့် လူထူးလူဆန်း ...သေ့ကြီးအကြောင်းကို စ၍မေးတော့၏။

www.burmeseclassic.com



"ငါလည်း မသိဘူး ရှပ"

"ပဥ္စလက်ပညာရှင်တော့ ပညာရှင်ပဲ"

"ပဥ္စလက်ဆိုတာ မျက်စိနဲ့ စိတ်ကိုလှည့်စားတဲ့ အတတ်ပညာ လေ။ စိတ်နုတဲ့ကလေးသူငယ် မိန်းမနဲ့လူကြီးအချို့ကို လှည့်စားလို့ရ ပေမဲ့ မင်းတို့ ငါတို့လို သိပ္ပံသမား ရုပ်ဝါဒသမားတွေကို လှည့်စားသူ တာတော့ သူတော်လို့လား။ မင်းနဲ့ငါ ညံ့လို့လား စဉ်းစား"

"ငါ အတော်ကို ခံရခက်နေသကွာ မောင်ကျိုင်းရာ"

"ငါလည်း မောင်ရင့်လို့ပါပဲကွာ။ အပွဲပွဲနွဲပြီး ကျွတ်တမ်းဝင်သူ အောင်လုပ်ခဲ့လေသမျှ ဒီတော့ကလိန်မျက်ကန်း ခြေတိုလက်တို ပုံပျက် ပျက် ရသေ့အိုကြီးနဲ့ကျမှ ခံလိုက်ရတာကို ခံပြင်းလို့ပါ။ ဒါတောင် သူ ပြောသွားသေးရဲ့။ ဂမ္ဘီရပညာရပ်တွေထဲက မူလတန်းအဆင့် အ အဖွဲ့ပညာပဲ ရှိသေးသတဲ့။ တောက်. . . ပြောပုံများကွာ ဟွန်း. . .

"မောင်ကျိုင်း"

"ဘာလဲ ရှပ"

"ဒီရသေ့ကြီးမှာ လျှို့ဝှက်ချက်တော့ ရှိရမယ်ကွ"

"ဒါတော့ ကျိန်းသေပေါ့ကွာ"

"သူ ဘယ်လိုနည်းနဲ့ ငါတို့လို ခေတ်ပညာတတ်တွေကို လှည့် သလဲဆိုတာ မင်းနဲ့ငါ ဖော်ထုတ်ရမယ်"

"ဟုတ်တယ်။ ဒါ ငါတို့အကျိုးအတွက် မဟုတ်ဘူး။ လက်တွေ့ တဲ့ သိပ္ပံနည်းပညာရဲ့ ရေရှည်အကျိုးအတွက်ပဲကွ လုပ်ကွာ"

"ဒီရသေ့ကြီး ဘယ်မှာရှိနေလဲ မောင်ကျိုင်း"

"လောလောဆယ် ( ) သချိုင်းမှာ နေတယ်လို့ သိရတယ်"

"ထကွာ။ သင်းကြီးကို အရှက်ကွဲအောင် လုပ်ကြစို့"

❀ ❀ ❀ ❀ ❀

## (၂)

ကျွန်ုပ်တို့နှစ်ဦးသည် ချက်ပလက်ကားလေးနှင့် ပုံပျက်ပန်းပျက် ရသေ့ကြီးတည်းခိုနေရာ ( )သချိုင်းသို့ နံနက်စောစော ထွက်လာခဲ့လိုက် ကြသည်။

ဒီလျှို့ဝှက်ချက်ကို မဖော်ထုတ်လို့က မဖြစ်။

မတော် ရသေ့ကြီးက လူ့ဂွစာ လူကန့်လန့် ဘဝင်မြင့်ရောဂါရင့် နေသူ သိပ္ပံသမားနှစ်ဦးကို ငါတော့ 'ချွတ်' လိုက်ပြီဟော့လို့များ မြို့ထဲရွာထဲ ယ်ထဲလျှောက်ပြောလျှင် ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲ ကောင်း၏။

ကျွန်ုပ်တို့ကြောင့် အရှက်ကွဲခဲ့ရသော ဂမ္ဘီရသမားများက ဝင့်လည် ပြီဟော့ဟု အော်ပြီး ဝမ်းသာကြလိမ့်မည်။

သို့ကလို စဉ်းစားနေဆဲမှာပင် ( )သချိုင်းသို့ ရောက်ခဲ့ကြ၏။ သချိုင်းအဝင်ဝမှာ ကားကိုရပ်ခဲ့ပြီး ရသေ့ကြီးတည်းခိုရာ တရားနာဇရပ် အိုကြီးသို့ လှမ်းလာခဲ့လိုက်၏။

ဒီမှာ စဏ္ဍာလကြီးဦးစျမျဉ်းတွဲ(ရ)နှင့် တန်းတွေ့ရ၏။

www.burmeseclassic.com



"ဗျို့ ဦးစုံမျှဉ်းဆွဲ"

"ဘာလဲ ခင်ဗျ။ ဘယ်သူသေလို့လဲ"

"ဖွီး ကျက်သရေမရှိတဲ့စကားကို ကျက်သရေမရှိ ပြောပြ ဒီမှာဗျ ဦးစုံမျှဉ်းဆွဲရေ။ ဟို ပုံပျက်ပန်းပျက်ရသေ့ကြီး ဘယ်သွားလဲ

"မြို့ထဲ ဆွမ်းခံကြွသွားတာပဲဗျ"

"ခင်ဗျားကို မေးစရာရှိတယ်ဗျ ဦးဆွဲရ"

"မေးလေဗျာ။ အသုဘလုပ်ငန်းနဲ့ ပတ်သက်သမျှတော့ အ ခါးမကျန် သိတယ်ဗျ။ အီရတ်နဲ့ မြောက်ကိုရီးယား ညှူးကလီးယား တော့ ကျုပ်ကို မမေးနဲ့။ ဘာမှမသိဘူး"

"တောက်"

စဏ္ဍာလဦးစုံမျှဉ်းဆွဲရဲ့ ကြီးကြီးကျယ်ကျယ် အပြောကြောင့် ကို ဗေဒက 'တောက်' တစ်ချက် ခတ်လေရဲ့ဗျ။

"အင်း ဒီသချိုင်းမှာ ဆန်မရှိ အစားကြီးတွေ ရောက်နေကြတာ ဗျ။ အားလုံး သူထက်သူ လူစွမ်းကောင်းချည်းပဲဗျို့"

"ဦးဆွဲ ဒီရသေ့ကြီးက ဘယ်အရပ်သားလဲဗျ"

"မြန်မာပြည်သားဗျ"

"ဒါတော့ ခင်ဗျားပြောမှလားဗျ။ ကျုပ်တို့လည်း မြန်မာပြည်သ ဥစ္စာ။ သူ ဘယ်မြို့ဘယ်အရပ်ကလည်းလို့ မေးတာ"

"မသိဘူး"

"သိသလောက် ပြောဗျ"

"တိဘက်က လာတာလို့လည်း ပြောတာပဲ။ ဟိမဝန္တာက လာ တာလို့လည်း ပြောတယ်။ ဖင်းကျိုက်တောင်က လာတာလို့လဲ ပြောတာ အရှုံးနဲ့ တူပါရဲ့ဗျာ"

"သူ ဒီသချိုင်းမှာ ဘာတွေလုပ်တာ ခင်ဗျား မြင်ရသလဲ ဦးဆွဲ ရော့ဗျ ဒါ ခင်ဗျားအတွက် လက်ဖက်ရည် အဲအဲ အရက်ဖိုး"

ကျွန်ုပ်က ငါးရာတန်တစ်ရွက်ကို ထုတ်၍ စဏ္ဍာလကြီးလက်





ထည့်ပေးလိုက်သောအခါ စဏ္ဍာလကြီးဦးစုံမျှဉ်းဆွဲသည် လွန်စွာဝမ်း သွားပြီး. . .

"သာဓုဗျာ သာဓု သာဓု အခုလို ပေးရကမ်းရသော အကျိုးကျေး ကြောင့် မောင်ရင်တို့ ဦးစွာသေခဲ့ရင် အုတ်ဂူကို ရှယ်"

"ဟေ့လူ"

"တော် တောက် နာတော့မယ်ကွာ ဟင်းဟင်း"

ကျွန်ုပ်တို့နှစ်ဦး သူဆုပေးစကားများကို လန့်ဖျပ်ပြီး အော်ဟစ် တ်မှ ငနဲကြီး မျက်စိသူငယ်နှင့် ငြိမ်ရပ်သွားလေ၏။

"ခင်ဗျား ကျက်သရေမရှိတဲ့စကားကို မပြောနဲ့ဗျာ။ မေးတာသာ ဖြေ"

"သူ့ သူလား"

"ဟုတ်တယ်"

"ညညကျရင် အုတ်ဂူပေါ်မှာ တရားထိုင်တယ်"

"ပြီးတော့ရော"

"လူသေအရိုးစုတွေကိုဆက်ပြီး အသုဘကမ္မဋ္ဌာန်းရှုတယ်"

"ဒါပဲလား ဘာကျန်သေးလဲ"

"ဟိုမှာတွေ့လား ခေါင်းကြီး"

စဏ္ဍာလကြီးက ဇရပ်အတွင်းရှိ ကျောက်တလားပေါ်မှ သစ်သား ခေါင်းကြီးကို လက်ညှိုးထိုးပြလိုက်၏။

"ဒါက ဘာလဲ"

"ခေါင်းလေ"

"ခင်ဗျားပြောမှလား။ အဲဒီခေါင်းက ဘာလုပ်တာလဲလို့ မေးတာ

"အဲဒီခေါင်းထဲမှာ ညဘက်ဝင်အိပ်တယ်"

"ဟင် နောက်ပြီးတော့ရောဗျ"

"မိုးလင်းရင် နေထွက်ရာအရပ်ကို လက်အုပ်ချီပြီး ဂါထာတွေမန္တန်

www.burmeseclassic.com



တွေကို အကြာကြီးရွတ်ရောဗျ။ ပြီးတာနဲ့ သချိုင်းက သရဲ တစ္ဆေ နာနာဘာဝများနဲ့ (၃၁)ဘုံသားများကို မေတ္တာပို့ အမျှဝေတာပဲ''

''အဲဒီရသေ့ကြီး ဓာတုဗေဒဆေးဝါးတွေ ဘာတွေ စပ်တာဖော်တာ မြင်ရသလား ဦးဆွဲ''

''ဘာဆေးမှုလည်း မဖော်ဘူး။ ဘာဆေးမှုလည်း မသောက်ဘူး သူဒီနေရာရောက်တာလည်း မကြာသေးဘူး။ မိုးရေထဲ လျှောက်သွားလည်း ဘာမှမဖြစ်ဘူးဗျ။ ဘာဖြစ်လို့လဲဟင်''

''ကျေးဇူးပဲဗျ။ ဒီမှာ ခင်ဗျား ခပ်ဝေးဝေးကို သွားနေဗျာ။ ကျုပ်တို့ သူ့ကို စောင့်ပြီး စကားပြောစရာရှိလို့ပါ။ သွားတော့''

''နောက်နေ့လာကြဦးမလားဟင်''

''ခင်ဗျားက ဘာလုပ်မလို့လဲ''

''ခြော် လာရင် ခုလိုပဲ အရက်ဖိုးလေး ငါးရာတော့ ပေးခဲ့ပါဗျာ ဒါမှ ကျုပ်ကလည်း ပုသိမ်မောင်သောင်းယဉ်နဲ့ တစ်ပုလင်းဆောင်နိုင်မှာ မို့ပါ''

''သွားတော့ဗျာ။ ခင်ဗျား ခပ်ဝေးဝေးသွားတော့''

စန္ဒာလကြီးသည် ငါးရာတန်ကိုကိုင်ပြီး ဟိုကုက္ကိုပင်အစုနောက် ဘက်ရှိ သူ့တဲစုတ်ရှိရာသို့ ထွက်သွားလေ၏။

စန္ဒာလကြီးမရှိတော့မှ ကျွန်ုပ်တို့နှစ်ဦးသည် ရသေ့ကြီး၏ပစ္စည်း များကို ရှာဖွေကြ၏။ ဒီမှာ ကျောက်တလားပေါ်ရှိ သစ်သားခေါင်းထဲ လွယ်အိတ်နွမ်းနွမ်းတစ်လုံးကို တွေ့၍ ဖွင့်ကြည့်လိုက်ကြသည်။

အထဲမှာ အင်းချစမျိုးစုံ ရေးထားသည့် စာအုပ်အဟောင်းတစ် ခုကို တွေ့ရ၏။

ဒါနှင့်အတူ မည်းနက်နေသော ရုပ်တုတစ်ခုကို တွေ့ရ၏။ ဘာရုပ် မှန်းမသိ။ ပြီး အင်းလက်ကိုင်ပဝါကြီး တစ်ထည်လည်း တွေ့ရသေး ပြီး ခဲတံတစ်ချောင်း။

''ဆေးဝါးပစ္စည်း မရှိဘူးကွ''





''အင်းချပ်တွေချည်းပဲဟ''

''နေဦးကွ။ ငါတို့ ဒီရသေ့ကြီးကို ပညာစမ်းရမယ်။ တို့ သူ့လွယ် အိတ်ကြီးကို ဖွက်ကြစို့''

သည့်နောက် ကျွန်ုပ်တို့နှစ်ဦးသည် မူလက ခေါင်းအတွင်းမှာ ထည့်ထားသည့် လွယ်အိတ်ကို ခေါင်းမပြီး ခေါင်းအောက်မှာ ဝှက်ဖိထား လိုက်၏။

သို့ကလိုလုပ်ပြီး စောင့်နေစဉ်မှာပင် ပုံပျက်ပန်းပျက်ရသေ့ကြီးသည် ထော့ကလိန် ထော့ကလိန်နှင့် သပိတ်လေးကို ဘယ်လက်တိုနှင့်ပိုက်၍ နှိုးမိုးဖားရားဝင်လာ၏။

''ခြော် ညော်ကောင်းစောင်ကောင်း သူခိုးတွေ ရောက်နေကြသ ကိုး''

ပုံပျက်ပန်းပျက်ရသေ့ကြီးသည် ကျွန်ုပ်တို့နှစ်ဦးကို မြင်သည်နှင့် ချက်ချင်း ဆောက်နှင့်ထွင်းလိုက်၏။

သူခိုးတွေရောက်နေသကိုးဆို၍ ကျွန်ုပ်တို့နှစ်ဦး ပြုံးလိုက်ကြ၏။

''ဘာကိစ္စလဲကွ''

''ရသေ့ကြီးကို မေးစရာရှိလို့ဗျ''

''ပစ္စည်းပျောက်မဟုတ်လားကွ''

''ဟင်''

ကျွန်ုပ်တို့နှစ်ဦး ရသေ့ကြီးစကားကြောင့် တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီး မလုံမလဲဖြစ်သွားကြ၏။

''ရသေ့ကြီး''

''ဘာတုံး''

''ရသေ့ကြီးက အရမ်းကိုတော်တာပဲဗျ''

''ပြောကွာ၊ ငါ့ကို ပင့်မနေနဲ့။ ပြော လာရင်းကိစ္စကို ပြော''

''ရသေ့ကြီးကို ပညာစမ်းချင်လို့ဗျာ''

''ဟာ ခုထက်ထိ ပညာစမ်းတုံးလားကွ။ မမှတ်သေးဘူးလားကွ

www.burmeseclassic.com



ဟင်''

''ရသေ့ကြီးက မူလတန်းအဆင့် ဂမ္ဘီရပညာပဲပြသေးတော့ ကျ[illegible] တို့က ပထမတန်းနဲ့ ဒုတိယတန်းအဆင့်ကို သိချင်မြင်ချင်လို့ပါ[illegible] အဟဲဟဲ''

''ကဲ ဒါဆိုလည်း လုပ်ကွာ''

''ရသေ့ကြီးရဲ့ လွယ်အိတ်ကို ရသေ့ကြီး ဘယ်မှာထည့်ထားသ[illegible] ဗျ''

''အမ်မာ မင်းတို့က ငါ့ပိုင်နက်ကို ကျူးပြီး သူခိုးကြမ်းပိုး အလု[illegible] တွေလုပ်နေကြသပေါ့လေ။ ဟုတ်လားဟေ့''

''ရသေ့ကြီး ဘယ်လောက်တော်သလဲ သိချင်လို့ပါဗျာ။ စိတ်[illegible] ပါနဲ့ ပြောပါ''

''ငါ့လွယ်အိတ်ကို ငါအိပ်တဲ့ခေါင်းရဲ့ အတွင်းခေါင်းရင်းမှာ ခေါင်[illegible] အိပ်ဖို့ ထားတာပေါ့ကွယ့်''

''ဟုတ်ရဲ့လားဗျ''

''ဒါ နေ့တိုင်းညတိုင်း ငါ့ အပြုအမူတွေ''

''ခု သွားကြည့်ပါဦးဗျ ရှိသေးလားလို့''

''မင်းတို့ ဝှက်ထားလိုက်လို့လား''

''ဒါပေါ့ဗျာ။ ဘယ်မှာဝှက်ထားတယ်ဆိုတာကို ပညာရှင်ရသေ့[illegible] ပြောနိုင်ရင် ပြောပါဦးဗျ''

ဒီမှပဲ ရသေ့ကြီးဟာ သပိတ်လေးချပြီး ခေါင်းတလားရှိရာ ခြေရ[illegible] ဘက်ကနေ ရပ်ပြီး ခေါင်းအတွင်းသို့ ရပ်လို့ အတန်ကြာ ကြည့်နေလို[illegible] သည်။

''ဟိုမှာရှိသားပဲ ဥစ္စာ''

''ဘာဗျ ဘာပြောတယ်''

''ငါ့လွယ်အိတ် ခေါင်းထဲမှာ နဂိုအတိုင်းရှိသကွာ။ မင်းတို့ ဘ[illegible] ကြောင်နေတာလဲ အရှုးနှစ်ကောင်ရ''

---

**စိတ်ကူးသစ်စာပေ**



''ဟား ဟား ဟား ဟား ကျုပ်တို့ကို မဖိန့် မဖြီးစမ်းပါနဲ့ ရသေ့ကြီးရာ။ ကျုပ်တို့နှစ်ဦး နေရာပြောင်းပြီး ဝှက်ထားတာပါဗျ''

''ဟေ့ အရူးနှစ်ကောင် ငါ့လွယ်အိတ် နဂိုနေရာမှာပဲ ရှိနေမယ်။ မယုံရင် ခုချက်ချင်း ထကြည့်''

သူကလည်း ဖွတ်ပဲ ပြောနေ၏။ ကျွန်ုပ်တို့ကလည်း ခေါင်းအောက်မှာအသေအချာဝှက်ထား၍ ရသေ့ကြီး ဖွတ်ဖြီးနေသည်ဟု ယုံကြည်၏။

အရင်နေရာ၌ မရှိဘူးရှိတယ် ငြိုင်ငြင်းနေရာမှ ကျွန်ုပ်တို့နှစ်ဦး ထ၍ ငုံ့ကြည့်လိုက်သောအခါ. . .

''ဟိုက်''

''ဟာ''

''ယုံပြီလားကွ အရူးနှစ်ကောင်ရ ဟင်''

ဘုရားရေ အံ့ဖွယ်ကောင်းလေစွ။ ကျွန်ုပ်တို့ ခေါင်းအောက်မှာသေသေချာချာ ဝှက်ထားသော လွယ်အိတ်သည် အခု ခေါင်းအတွင်း နဂိုမူလနေရာမှာ ခေါင်းအုံးသဖွယ် ပြန်ရောက်နေသည်ကို မြင်လိုက်ရသောအခါ ကျွန်ုပ်တို့နှစ်ဦး တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး စဉ်းစားလို့မရဖြစ်နေ၏။

ဒီလွယ်အိတ်ကို ဘယ်သူများ မူလနေရာ ပြန်သွင်းခဲ့သလဲ။ စတ္တာလကြီးဦးစူမျှဉ်းဆွဲများ မြင်လို့ လုပ်သွားလေသလား။ ဒါမှမဟုတ်ရင် ဤထူးဆန်းလှသော ပုံပျက်ပန်းပျက် ရသေ့ကြီးများ ကျွန်ုပ်တို့ နားမလည်အဖြေရှာ၍ မရသေးသော လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရဆိုသည့် ပညာနဲ့များ ချက်ချင်းစီရင်လိုက်လို့လား။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

# (၇)

"ဘယ့်နှယ်လဲဟေ့ အရူးနှစ်ကောင်၊ မင်းတို့နဲ့ငါ ဘယ်သူ ပိုတော်သလဲကွ ဟေ"

"အဟဲ"

"အဟင်း"

"ရဲရဲပြောပါကွ"

"နောက်ကျမှ ခင်ဗျားတပည့် စဏ္ဍာလကြီးကို ငွေငါးရာပေးပြီး ဒီကိစ္စမေးကြည့်အဖြေထုတ်ပါ့မယ်ဗျာ။ ကျုပ်တို့ ပြန်လိုက်ပါဦးမယ်"

"ပြန်တော့မလို့လား။ ဆွမ်းကျန်ကွမ်းကျန်လေး မျှစားသွားဦးလေကွာ"

"ခင်ဗျားဘာသာ ခင်ဗျား ကြိတ်တော့ဗျာ။ နောက်တနင်္ဂနွေနေ့ကျရင် ရသေ့ကြီးနဲ့ ကျုပ်တို့ တွေ့ကြသေးတာပေါ့ဗျာ"

"အေး အေး ပြန်ရင်လည်း ဒီသချိုင်းက သရဲလေးငါးခြောက်ကောင် အဖော်ခေါ်သွားလေကွာ"

"လုပ်မနေစမ်းပါနဲ့ဗျာ။ လောကမှာ သရဲတစ္ဆေဆိုတာ မရှိဘူးဗျ





လူဟာသေရင် မြေကြီးဖြစ်တာ ရုပ်နဲ့ ဇီဝဗေဒသဘောပဲ။ ခင်ဗျားတို့က လူတွေကို သရဲတစ္ဆေနဲ့ခြောက်ပြီး လုပ်စားနေတာ။ ရှိရင် ကျုပ်တို့နဲ့ ထည့်လိုက်လေ။ ပျော်ပျော်ပါးပါးပေါ့။ အဟတ် အဟတ် သွားပြီဗျို့ တာ့ တာ"

ကျွန်ုပ်တို့နှစ်ဦးသည် ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ အပြုအမူများကို တတ်စွမ်းသမျှ ရှာဖွေလေ့လာအကဲခတ်ပြီးနောက် ကားရှိရာသို့ လာခဲ့လိုက်၏။

၎င်းနောက် ကားတံခါးကိုဖွင့်၍ စက်ကိုနှိုးလိုက်သောအခါ စက်နှိုး၍ မရတော့။ သို့နှင့် ကားခေါင်းဖုံးကိုဖွင့်၍ ဆီရေ ပလပ်များကို စစ်ဆေးရ၏။ အားလုံးကောင်း၏။ သို့သော် ကားစက်က လုံးဝမနိုး။

ဒီလိုနှင့် အချိန်အတန်ကြာသွား၏။

"တွန်းနှိုးရင် ရနိုင်မယ်ကွ"

သို့နှင့် ကိုရှုပဗေဒက နောက်ကနေတွန်း၏။ သို့သော် စက်က မနိုး။ ခွေးသာပြန် လက်ပန်းကျ၍ ရပ်လိုက်ရ၏။

"မောင်ကျိုင်း ဝပ်ရှော့သမား သွားခေါ်မှ ရလိမ့်မယ်ကွ"

"အဝေးကြီးသွားရမှာဗျ"

"ဆိုင်ကယ်ကြုံ ကယ်ရီရရင် သွားလိုက်ကွာ"

ထိုစဉ် ရသေ့ကြီး ကျွန်ုပ်တို့အနီးသို့ ရောက်လာ၏။

"မပြန်သေးဘူးလားကွ အရူးနှစ်ကောင်ရ"

"ခြော် ပြန်မလို့ပါဗျ။ ကားစက်နှိုးလို့ မရလို့"

"အင်း လူကလည်း အရူး။ ကားကလည်းအစုတ်။ လက်စသတ်တော့ မင်းတို့နှစ်ကောင်က အရူးစုတ်တွေပဲကိုးကွ။ ဟား ဟား ဟား ဟား"

"တွန်းနှိုးရင် ရတယ်ဗျ။ ဒါ လူမအားနည်းနေလို့ ရသေ့ကြီး ဝိုင်းတွန်း ပေးလားဗျ"

"နိုး နိုး ခွေးမသား အရူးနှစ်ကောင်၊ ရသေ့ကို ကားတွန်းခိုင်းရ

www.burmeseclassic.com



တယ်လို့ကွာ။ မင်းတို့သေရင် အဝီစိဖောက်ထိုးပဲကွ သိလား''

''အဝီစိက နောက်မှဗျ။ အရေးကြီးတာ ကားစက်နိုးဖို့ပဲ''

''တွန်းရင်ရမလားကွ''

''ရတာပေါ့ဗျ''

''ဘယ်နှစ်ကောင်တွန်းရင် ရမလဲကွ''

''သုံးယောက်လောက် ဝိုင်းတွန်းရင် ရတယ်ဗျ''

''ကိုင်း ဒါဆို ခဏလေးကွာ''

''ရသေ့ကြီး လူသွားခေါ်မလို့လား''

''ဒါပေါ့ ဒါပေါ့''

''လုပ်ဗျာ။ ကျေးဇူးပါပဲ ရသေ့ကြီးရာ။-အဲဒါကြောင့် ရသေ့ကြီးကို တော်တယ်လို့ ကျုပ်တို့က ချီးမွမ်းတာပေါ့ဗျာ။ အဟုတ် အဟုတ်''

ကျွန်ုပ်တို့က အူကြောင်ကြား ရသေ့ကြီးကို မြှောက်ပင့်၍ ပြောလိုက်စဉ် ရသေ့ကြီးသည် သချိုင်းဘက်သို့ မျက်နှာမူလိုက်ရင်းက အော်ခေါ်လိုက်၏။

''ကိုင်း သချိုင်းစောင့် မဖဲဝါရေ ချစ်သမီးချောကြီးရဲ့။ ဟောဒီ အရှုးနှစ်ကောင်ရဲ့ ကားစုတ်ကိုတွန်းဖို့ သုံးယောက် အကူအညီလိုသတဲ့ သမီးရေ။ ကဲ ညည်းသားတပည့်များထဲက ဗလကောင်းကောင်းသုံးယောက်လောက်လွှတ်ပြီး ကားကို အိမ်အရောက်တွန်းပို့ပေးလိုက်ပါ သမီးမဖဲဝါရေ။ ကိုင်း ကိုင်း ရောက်လာကြပါပြီကွာ။ စက်နှိုးတော့''

''ရသေ့ကြီး ပေါက်မနေနဲ့ဗျ။ ဘယ်မှာလဲ တွန်းမယ့်လူ''

''တစ္ဆေတွေ ဝိုင်းတွန်းပါလိမ့်မယ်ကွာ။ ကားပေါ်သာတက်စမ်းပါ''

''ခင်ဗျား အရှုးလားဗျ''

''အေးပါ စက်သာနှိုးပါ။ မဖဲဝါရဲ့တပည့်တွေ တွန်းပြီး အိမ်အရောက်ပို့ပေးပါလိမ့်မယ်။ ဩော် မောင်ကျိုင်း အရှူး''

''ဘာလဲဗျ''

''အိမ်ရောက်ရင် ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်နော်''

---

**စိတ်ကူးသစ်စာပေ**



''ရောဂါပါပဲဗျာ''

''ငကျိုင်းရာ၊ ဒီအရူးရသေ့ကြီး ပြောချင်ရာ ပြောနေတာပါ။ နောက်ဆုံးအကြိမ် စက်နှိုးကြည့်ကွာ။ ဒါမှမရရင် ငါ ခြေကျင်သွားပြီး ဆိုင်ရှေ့ကလူတွေခေါ်ပေးမယ် နှိုး''

ကျွန်ုပ် ကားခေါင်းခန်းသို့ဝင်၍ ဒရိုင်ဘာထိုင်ခုံမှာထိုင်ပြီး သော့ပေါက်ထဲသို့ သော့ကိုထည့်လိုက်၏။

''အသင့်ဖြစ်ပြီလားကွ''

ရသေ့ကြီးက အနားမှရပ်၍ မေးလိုက်၏။

''ခင်ဗျားအလုပ် မပါပါဘူးဗျာ''

ဒီမှပဲ ရသေ့ကြီးက အော်၍ပြောလိုက်၏။

''ရယ်ဒီ ဝမ်းတူးသရီးဖိုး တွန်း ပြိုင်တူတွန်း''

''ဝူး''

''ဟာ''

''ဝူး ဝူး ဂျုတ် ဂျုတ် ပူး''

''အလိုလေးဟ''

သော့ကိုလှည့်လိုက်ရာ ကားသည် ဝူးခနဲအော်ပြီး ဆောင့်ထွက်သွားလေ၏။ ကားဆောင့်ထွက်ပုံကား ရိုးရိုးမဟုတ်။ နောက်မှ အားကောင်းမောင်းသန်လူများ ဝိုင်းတွန်း၍ တရကြမ်းပြေးထွက်သွားပုံမျိုး ဖြစ်၏။

လမ်းကြောင်းတစ်လျှောက် မြန်လွန်းသောကြောင့် ကိုရှုပဗေဒက ဖြည်းဖြည်းမောင်းပါကွဟု ပြောရ၏။

ကျွန်ုပ် ပုံမှန်မောင်းနေပါသည်။ သို့သော် ကားသည် တွန်းအားကောင်းကောင်းနှင့် ပြေးနေရကား မကြာခင် ကျွန်ုပ်အိမ်ရှိရာသို့ မပျက်မယွင်းဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ခဲ့လေသည်။

www.burmeseclassic.com

## (၄)

သည်မှာပဲ ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို နောက်ဆက်တွဲ ကျွန်ုပ်ကြုံရတော့၏။ ညနေဝင်သောအခါ ကျွန်ုပ်အိမ်ရှေ့ခြံဝမှာ ခွေးအုပ် ကြီးတစ်အုပ်သည် ကျွန်ုပ်အိမ်ကို မျက်နှာမူ၍ အူကြလေ၏။

"အူ ဝူ ဝူ အူ"

"အိန် အိန် ဂိန် ဂိန်"

"အူ ဝူ ဝူ ဝူ"

ဘယ်လိုမှ မောင်းလို့မရ။ မောင်းလိုက်ခြောက်လိုက်လျှင် ခဏပဲ ရ၏။ မကြာခင် ပြန်စုရောက်လာပြီး အူကြပြန်၏။

အိမ်နီးနားချင်းများသည် တစ်ညလုံး ကျွန်ုပ်အိမ်ကို မျက်နှာမူ ၍ အူနေသော ခွေးအုပ်ကြီးကိုကြည့်ပြီး စိုးရိမ်ထိတ်လန့်ကာ ဝေဖန်စကား များ ပြောကုန်ကြ၏။

ပိုဆိုးသည်ကား ခြံဝဝန်းကျင်မှ ဆိုးဝါးလှသော အပုပ်နံ့များသည်





အော့အန်ရအောင် နံလွန်းရကား အိမ်သားများ အိမ်ရှေ့ပန်းခြံမှာ ထိုင်လို့ မရ ဖြစ်ကုန်ကြလေ၏။

ခွေးများသည် တစ်ညလုံးအူကြ၏။ အော်ကြ၏။

အပုပ်နံ့ကလည်း အိမ်ထဲရောက်အောင်နံလာ၏။ တစ်ခါမှ ဒီလို မဖြစ်ဘူး။ သို့ဖြစ်၍ အိမ်ရှင်မ မသုန်သုန်ဦးက ကျွန်ုပ်ကို ဒေါပွပွနှင့် မေးတော့၏။

"အစ်ကို မနက်တုန်းက ဘယ်ကိုရောက်ခဲ့လဲ"

"ဟို ဟို သချိုင်းကိုကွ"

"သချိုင်းကို အစ်ကို ဘာသွားလုပ်တာလဲ"

ဒီမှာ ကျွန်ုပ်က ကိုရှုပမေဒနှင့် သချိုင်းသို့သွားသည့် ဇာတ်ကြောင်း အစအဆုံးကို နောက်ကြောင်းပြန်ပြောပြလိုက်သောအခါ. . .

"ဟုတ်မှာပါ ဟုတ်မှာပါ ကျိန်းသေပါပြီ"

"ဘာကိုတုံးဟ မိန်းမရ"

"သချိုင်းက ရသေ့ကြီးလွှတ်လိုက်တဲ့ သရဲတစ္ဆေတွေ ပါလာလို့ နေမှာပေါ့ အစ်ကိုရဲ့ ဟူး"

"မဖြစ်နိုင်တာကွာ"

"မဖြစ်နိုင်ရင် ဘာလို့ ခုလို ထူးထူးဆန်းဆန်း ခွေးအုပ်ကြီးက အိမ်ဘက်လှည့်ပြီး တစ်ညလုံး အူနေရမှာလဲ။ ဘာဖြစ်လို့ ပုပ်စော်နံ့က အသေကောင်ရှာမရဘဲ နံဟောင်နေရမှာလဲ။ ဒီမှာအစ်ကို"

"ပြော မိန်းမ"

"မိုးလင်းရင် အစ်ကို ရသေ့ကြီးဆီကို ပြန်သွား"

"သွားပြီ ဘာလုပ်ရမှာလဲကွ"

"ရသေ့ကြီး တွန်းခိုင်းတဲ့ နာနာဘာဝများ တကယ်လို့ လိုက်ပါလာ ခဲ့မှန်ရင် ရသေ့ကြီး ပြန်ခေါ်ပါလို့။ ကျွန်ုပ်တို့တစ်အိမ်သားလုံးရော အိမ်နီးဝန်းကျင်ရော အိပ်လို့စားလို့ မရလို့ပါလို့ ပြော။ မပြောရင် အစ်ကို နဲ့ ကျွန်မနဲ့ အသိပဲ"

www.burmeseclassic.com



ဟူး တကယ်ကို ဒုက္ခပါပဲ။ ဘာမှန်းကို နားမလည်တော့။ အိမ်...
မိန်းမကတစ်မျိုး။ ကောင်းလျှင်လည်း အတော့်ကိုကောင်းသည့်မိန်း...
ဆိုးလာရှုံ့လာလျှင် ဘယ်လိုမျှ ထိန်းလို့တားလို့မရ။

"အစ်ကိုသွားမှာလား ပြော"

"အေး သွားလိုက်မယ်"

❁ ❁ ❁ ❁ ❁

# (၇)

မိုးလင်းသောအခါ ကျွန်ုပ်သည် မိတ်ဆွေကိုရှုပဗေဒကို အကျိုးအ...ကြောင်းပြောပြပြီး ပုံပျက်ပန်းပျက်ရသေ့ကြီးရှိရာ ( )သချိုင်းကို ကားနှင့်...လာခဲ့လိုက်ရ၏။

"ဟာ အရှုံးနှစ်ကောင် ဘာကျန်ခဲ့လို့ အစောကြီး ရောက်ချလာ...သဲကွ။ နံနက်စာ ကျွေးစရာတော့ အရိုးခေါင်းတွေပဲ ရှိသဟေ့။ ဝါးကြ... အဟတ်"

ရသေ့ကြီးသည် ကျွန်ုပ်တို့ကို မြင်သည်နှင့် ရိတ်တိတ်လုပ်လေ၏။

"ရသေ့ကြီး"

"ဘာတုံးဟ"

"လုပ်ပါဦးဗျ"

"ဟာ ရသေ့ကိုများကွာ။ မလုပ်ပါရစေနဲ့ကွ A.I.D.S"

"ဒါကိုပြောတာ မဟုတ်ဘူးဗျာ။ ပြဿနာပေါ်နေလို့"

"ပြော ဘာပြဿနာလဲ"

သို့နှင့် ကျွန်ုပ်က တစ်ညလုံး ထူးဆန်းစွာဖြစ်ပျက်နေသည့်...ပြအနေကို ပြောပြလိုက်သောအခါ ရသေ့ကြီးက ခွက်ထိုးခွက်လန်...ယ်လေ၏။

www.burmeseclassic.com



"အဲဒါ မင်းကားကို အိမ်အရောက်လိုက်တွန်းပို့တဲ့ သချိုင်း
မဖဲဝါရဲ့သားတပည့် နာနာဘာဝသုံးဖော်ကို မြင်ပြီး အူကြောင်ကြောင် နဲ့
တာကွ"

"ဟုတ်ရဲ့လားဗျာ"

"မင်းက ခုထက်ထိကို လက်မခံသေးပါလားကွ။ လက်မခံ
အဲ ဟိုးဒင်းခံ။ အဲလေ ပြန်ကွာ ပြန် ပြန်"

"ရသေ့ကြီး ကြည့်လုပ်ပေးပါဗျာ"

"ငါ့ကို လုပ်ငန်းအပ်တယ်ပေါ့"

"အရေးထဲဗျာ ကန်ထရိုက်လွှန်ကျော်ဦးလို လူစားမျိုးနဲ့တော
နေပြန်ပါပြီ။ ကိုင်း အပ်တယ်ဗျာ အပ်တယ်"

"မင်းကို မနေ့တုန်းက ငါပြောသားပဲ။ အိမ်ကိုရောက်ရင်
ဇူးတင်ပါတယ်ဗျာလို့ ပြောပါဆိုပြီး မှာလိုက်တာ။ အဲဒါမပြောဘူး

"ဘာဆိုင်လို့ပြောရမှာလဲဗျ"

"အေး အခုဆိုင်နေပြီ ကိုယ့်လူ။ ဆိုင်လို့ပြောနေရတာ။
အဲဒီခွေးအုသံများနဲ့ အပုပ်နံ့ကြီး ပျောက်ချင်ရင် နေဝင်လို့ ခွေးများ
မှာ ခြံဝကနေရပ်ပြီး ကိုင်း ကျွန်ုပ်ကို ပို့ကြသော မြင်အပ်
အပ်ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးတင်ပါသည် ခင်ဗျားလို့ ပြော

"အဲဒီလိုပြောလိုက်ရင်"

"မင်း ချက်ချင်းသိရပါစေမယ်ကွ။ အဲဒါလေးပဲ ပြောလို
မင်းကို ငါ အမဲသားဟင်းချက်ပြီး ခေါ်စာကျွေးခိုင်းတာ မဟုတ်
ဒါပဲ သွားတော့"

သည့်နောက် ရသေ့ကြီးသည် စိပ်ပုတီးကြီးကိုင်ပြီး 'ကြည်တ
အသက် (၆၂)နှစ်' ဆိုသည့် အုတ်ဂူပေါ်မှာ ထိုင်၍ ပုတီးစိပ်နေတော

ကျွန်ုပ်တို့သည်း ကားမောင်း၍ ပြန်လာခဲ့လိုက်ကြ၏။

ဒီလိုနှင့် နေဝင်ချိန်သို့ ရောက်လာခဲ့၏။

နေဝင်ချိန်ရောက်သည်နှင့် ရပ်ကွက်ထဲမှ ခွေးအုပ်ကြီး





ကျွန်ုပ်၏ အိမ်ရှေ့သို့ စုပြုံရောက်ရှိလာကြ၏။

သည့်နောက် အအံမျိုးစုံနှင့် ကျက်သရေမင်္ဂလာကင်းမဲ့စွာ အူကြ
အော်ကြရကား အိမ်နီးနားချင်းများက သံပုံးများတီးပြီး နှင်ကြ၏။

ဒါနှင့်အတူ စူးစူးဝါးဝါး အပုပ်နံ့ကြီးလည်း စ၍နံလာ၏။ ကျွန်ုပ်
ရော ကိုရှုပဗေဒပါ အံ့သြနေကြ၏။

ဒီမှာပဲ ကျွန်ုပ်သည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပုံပျက်ပန်းပျက်
ရသေ့ကြီး မှာလိုက်သည့်အတိုင်း ခြံဝမှရပ်၍ ပြောလိုက်၏။

"ကိုင်း ကိုင်း မနေ့တုန်းက သချိုင်းဝကနေကျွန်ုပ်အိမ်အရောက်
ကားကို ဝိုင်းတွန်းပို့ပေးကူညီကြသည့် မမြင်ရသော ပုဂ္ဂိုလ်များခင်ဗျာ၊
ခုလိုကူညီကြသည့်အတွက် ကျွန်ုပ်တို့က သင်တို့အား အထူးကျေးဇူးတင်
ပါတယ်ခင်ဗျာ။ ကျေးဇူးသိပ်ကိုတင်ပါတယ်၊ အလွန့်အလွန်ကို ကျေးဇူး
တင်ကြောင်းပါ ခင်ဗျာ"

ကျွန်ုပ်၏နှုတ်မှ သို့ကလို ပြောလိုက်သည်နှင့် မကြာခင်မှာပင်
ကျွန်ုပ်တို့အနီးမှ လေတိုက်သလိုဖြစ်သွားပြီးနောက် ခွေးအုပ်ကြီးသည်
လမ်းမကြီးဘက်သို့ မျက်နှာလှည့်၍ အူလိုက်ကြ၏။ ကြည့်နေဆဲမှာပင်
ခွေးအုပ်ကြီးသည် တစ်စုံတစ်ယောက်နောက်သို့ ပြေးလိုက်၍ အူသကဲ့
သို့ရှိပြီး မကြာခင် ခွေးများအိမ်ရှေ့မှ ပျောက်၍သွားကြတော့၏။

ဒါနှင့်အတူ အော်ဂလီဆန်စရာကောင်းလှသော အပုပ်နံ့ကြီးလည်း
ချက်ချင်းပျောက်သွားသည်ကို ကျွန်ုပ်တို့နှစ်ဦးနှင့်အတူ အိမ်သူအိမ်သား
များအားလုံး ကိုယ်တွေ့မျက်မြင် အထင်အရှား ကြုံကြရသောအခါ. . .

မောင်ညိုမှိုင်း(သန်လျင်)

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဩဂုတ်လ ၂၀၀၀

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

# ထူးဆန်းသော မျက်မမြင်သီချင်းသည်



## (၁)

တစ်နေ့သောအခါ ကျွန်ုပ်တို့မြို့ရှိရာသို့ အလွန်အရုပ်ဆိုး ကျည်းတန်လှသော မျက်မမြင်အဘွားအို သူတောင်းစားမကြီး တစ်ဦး ရောက်ရှိလာခဲ့၏။

အဘွားအိုကြီးသည် လမ်းနံဘေး၌ အောက်ပါသီချင်းကို သီဆို ၍ ကောင်းနေ၏။

စိမ်းလဲ့လဲ့ညိုပြာ x x x နေခြည်ကလည်း မထိုးရပါကလား x x ညို နေချည်ကလည်း မထိုးရပါကလား x x x တို့ ရွာ ဂါ မာ မြမြတို့နေတဲ့ရွာ မြရင် ဟိုယခင်က နေခဲ့တဲ့ရွာ x x x စိမ်း လဲ့လဲ့ညိုပြာ x x x ယိမ်းနွဲ့နွဲ့ ကာ x x x ရေနှဒီကလည်း တိုးလို့ပါလား x x x (ရွှေပြည်စိုး)[၁] လွမ်း ၍ ဖွယ်ရာ x x x

www.burmeseclassic.com



အလို တယ်ကောင်းတဲ့အသံပါကလား။ သီချင်းကား နန်းတော်ရှေ့ ဆရာတင်ရေးပြီး ဘေဘာတီ မမြရင် ဆိုထားသည့် 'ရွှေပြည်စိုး' သီချင်းဖြစ်၏။

အဆွဲအငင် အာရိုက်မေးရိုက် အဟန်အငင့်ကလည်း ဓါတ်ပြားထဲက အဆိုကျော် မမြရင်အတိုင်းဖြစ်၏။ အသက် (၆၀) ကျော်ခန့်ရှိသော်လည်း အဘွားကြီး၏အသံသည် လှုရှယ်လှုငယ် မိန်းမရွယ်သံပေါက်နေ၏။ အသံကောင်းလွန်းလှ၍ ဈေးသွားဈေးလာ လမ်းသွားလမ်းလာများက ဝင်ရပ်ကြည့်ပြီး နားထောင်ကြ၏။

အဘွားကြီးက စည်းနှဲ့ဝါးကိုတိုင်၍ အကျအနထိုင်ပြီး ဆိုနေရှာသည်။ အသံအလွန်ကောင်းသော်လည်း မျက်နှာကြီးကား အလွန်ကြောက်စရာကောင်းအောင် အရုပ်ဆိုးလှ၏။ ကြည့်ပါဦး။ မျက်နှာတစ်ပြင်လုံး အရေပြားများကျက်၍ တွန့်ပြောင်ရွတ်တွဖြစ်နေ၏။

မျက်ခုံးမွေးမရှိ။ နှာခေါင်းတစ်ခြမ်းပဲ့နေ၏။ ပါးစပ်ပုံ ပျက်နေသော်လည်း လှုပ်ရှား၍ရ၏။ နားရွက်တစ်ဖက်ကား စားထားသလို ပြတ်နေသည့်အပြင်. . .

မျက်လုံးနှစ်လုံးနေရာမှာ မျက်ဆံမရှိဘဲ ပေါက်ပက်ကြီး ဖြစ်နေလေကား ဆံပင် ဖွာလံကျဲနှင့် တွဲကြည့်လိုက်သော် အလွန်ကြောက်စရာကောင်းအောင် အရုပ်ဆိုးလှ၏။

အရုပ်ဆိုးလွန်း၍ ကလေးများက မိခင်များနောက်ကွယ်မှ ချောင်းကြည့်ကြ၏။ ပြောရလျှင် စုန်းမကြီးရုပ်သွင်လိုလို၊ တစ္ဆေသရဲ မျက်ခွက်ကြီးလိုလို. . .

စည်းနှဲ့ဝါး တီးနေသည့် လက်နှစ်ဖက်ကို ကြည့်လိုက်တော့လည်း အရိုးပေါ်လုခမန်း အရေပြားများကျက်၍ ပေါက်ပက်ဒဏ်ရာ အမာရွတ်များနှင့် ဖြစ်ရကား တစ်ချိန်တစ်ခါက ဝေဒနာတစ်ခုကို ဆိုးဝါးစွာခံစားတွေ့ကြုံခဲ့ရပုံမှန်း ကျွန်ုပ်သဘောပေါက်ခဲ့ရ၏။





(မြနှဲ့မောင်ရယ် xxx ခုမှတွေ့တာ xxx လှုထိန်းဝင်ခင်တုံးက ကြတော့ ရယ်စရာပါ)၂

ထဘီလေးတိုတိုဝတ်ကာ xxx မြငယ်စဥ်မှာ xxx လှုထဲမဝင်တော့ xxx အလှပြင်ဆင်ရှာ xxx ရင်ရင် xxx တုန်တုန်ပြောမယ် ရှုံ့တွေကပ်စီးကပ်စီး xxx အိုးမှုတ်ခွက်ကိုရှာရှာ xxx ဒေါ်လာပြား (၁၅)ပြားလောက် ဆွဲတတ်တာ xxx (ကိုကိုများက ဈေးတော်စားခင့် xxx ဟိုတုန်းကလောက် မပျော်ပါ)၂

ကျွန်မတို့ဆီကို လိုက်လို့ပို့ပါ xxx လိုက်လို့ပို့ပါမယ် xxx လို့သူညာ xxx မရောက်တာကြာလို့ xxx လွမ်းတဲ့နေရာ xxx ယာဘယ်လိုတောတော xxx အဆန်းဘယ်လိုပေါပေါ xxx နားဝင်အောင် ဘယ်လိုပြောပြော xxx သဘောအကြိုက်ကိုတော့ မလိုက်တစ်ခါ xxx (ရွှေပြည်စိုး)၇ လွမ်းပိုဘွယ်ရာ xxx "

အရုပ်ဆိုးသလောက် အသံက ကြည်လင်ချိုနု ကောင်းလွန်းလှ၍ ကြက်မက်ဖွယ်ကောင်းလှသော အဘွားအိုကြီး အင်္ဂါရုပ်ကို မေ့သွားကြ သူမရဲ့သီချင်းမှာ နစ်မြောစီးဝင်ကုန်ကြ၏။

ဒီမှာအချို့က အဘွားအိုကြီးရှေ့ရှိ ဒန်ခွက်ထဲသို့ ငါးမူးစေ့ မတ်စေ့ယ်ပြားစေ့များကို ပစ်ထည့်ပေးကြ၏။

ကျွန်ုပ်ပင်လျှင် သီချင်းဆိုဟန်ဆိုသံကို ကြိုက်လွန်းလှ၍ ကျပ်တန်ချက်ကို ထည့်လှူလိုက်၏။ အငြိမ့်စင်ပေါ်မှာ တီးဝိုင်းများနှင့် ဆိုလိုက်လျှင် မည်မျှကောင်းလေမည်နည်းဟု အတွေးပေါက်မိလေ၏။

သီချင်းတစ်ပုဒ်မဆုံးခင်မှာပင် အဘွားအိုကြီး၏ ဒန်ခွက်ထဲမှာ ကြေများရော ကျပ်တန်များပါ ပြည့်လှုခမန်းနီးပါး ရှိလာခဲ့၏။ နားဆင်ပရိသတ်များလည်း ပိုများလာ၏။

ခရာ သံစုံ ကျူးကျော် ဥဩဟုန်

တိုင်းဘုံ စကြာဝါ လက်ျာ ပန်းညို၊ ပန်းနီ၊ ပန်းပြာ၊ ပန်းဝါ x အို xxx ပေါတဲ့နေရာ တောနှဲ့ဟောမပါ xxx

www.burmeseclassic.com



ရွှေပြည့်စိုး xxx ရွှေပြည့်စိုး xxx ရွှေပြည့်စိုး xxx လွင်ထို့ ...
ရာ xxx ”

ကျွန်ုပ်သည် မြန်မာဂီတသီချင်းများကို နှစ်သက်မြတ်နိုးသူ စာ...
ဆရာတစ်ဦးဖြစ်ရကား အဘွားအို သီချင်းသည် မိန်းမကြီးကို လွမ်း...
စိတ်ဝင်စားသွားခဲ့ရတော့လေသည်။

ထထထထထ

# (၂)

မွတ်တားဘိုင်တို့ လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းရေးဖော် စာရေးဆရာများနှင့် လက်ဖက်ရည်သောက်ပြီး စာအကြောင်း ပေအကြောင်းများကို နှစ်နာရီကြာမျှ ပြောဆိုပြီးနောက် ကျွန်ုပ်ခေါင်းထဲ ရင်ထဲမှာ စွဲကျန်ရစ်သော သီချင်းသည် အဘွားအိုကြီးအကြောင်း စပ်စု လိုရကား အဘွားအိုကြီးကို တွေ့လိုတွေ့ငြား မြို့ထဲဝန်းကျင်မှာ လိုက်ရှာ နေမိတော့၏။

မကြာခင် မြို့ပြင်ဇရပ်အိုကြီးမှာ အဘွားအိုကြီးကို တန်း၍တွေ့ခဲ့ရတော့၏။ အဘွားအိုသည် ဇရပ်တိုင်ကို မှီ၍ ပုတီးစိပ်နေ၏။

သူမအနီးမှာ တောင်ဝှေးလိုတုတ်တစ်ချောင်းနှင့် အဝတ်ထုပ်လေးတစ်ခု ဒန်ခွက်လေးတစ်လုံး အတူရှိနေ၏။

“အမေ. . . ”

ကျွန်ုပ်က လေးစားစွာခေါ်လိုက်သည်။

“အမေ. . . ”

“ထိုင်ပါ. . . လူကလေး. . . လူကလေးက ဗုဒ္ဓဟူးသားမဟုတ်လား”

---

www.burmeseclassic.com



"ဗျာ. . ."

"အသက် သုံးဆယ့်နှစ်နှစ်"

"ဟွာင်"

"မင်းအိတ်ထဲမှာ ငွေငါးဆယ်ပါတယ်"

"ဟာ. . ."

"နဖူးမှာ အမာရွတ်နဲ့"

မြတ်စွာဘုရား အံ့ဩစရာ ကောင်းလှချေကလား။

"အမေ. . ."

"ဘာတုံးလူကလေး"

"အမေ. . . ဟို. . . ဟို. . . မျက်စိမမြင်ဘဲ ဒါတွေ ဘယ်လို လုပ်သိနေလဲဟင်. . ."

"မှားနေလို့လား. . . လူကလေး"

"အားလုံးမှန်နေလို့ပါ အမေ. . ."

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

မှန်လိုက်တာ။ ကျွန်ုပ်သည် ဗုဒ္ဓဟူးသားဖြစ်၏။ အသက် သုံးဆယ့် နှစ်နှစ်ဖြစ်၏။ နဖူးမှာ အမာရွတ်ရှိ၏။ ငယ်စဉ်က ချော်လဲ၍ရသော သေရာပါဒဏ်ရာ နဖူးမှာရှိ၏။ ရင်းအပြင် အိပ်ထဲမှာ ငွေစက္ကူ ဆယ်တန် ငါးရွက်ရှိနေ၏။ ပိုသေချာအောင်ထုတ်၍ ရေတွက်လိုက်တော့ အံကိုက်လို့။

"အမေ. . . ဘယ်လိုလုပ် သိနေတာလဲဟင်. . . အမေ"

"ကျင့်စဉ် ပညာရဲ့ စရဏအားပေါ့သားရယ်"

"ဒါ. . . ဒါ. . . ဆို. . . ကျွန်တော် အမေ့ကို တစ်ချက်မေးပါရစေ လား အမ"

"လူကလေး ဘာသိချင်တာလဲ"

"ကျွန်. . . ကျွန်တော်. . . ဘာ. . . အလုပ်အကိုင်လုပ်သလဲ သိရင်ပြော. . . အမေ"





"သားကလား. . . ။ ခင်း. . . နေဦး"

ဒီမှာ အဘွားအိုကြီးက စိပ်ပုတီးကို လက်အုပ်ကြားမှာထည့်၍ နဖူးမှာကပ်ပြီး အာရုံခံသလို လုပ်နေ၏။ အတန်ကြာသောအခါ. . .

"လူကလေး. . ."

"ခင်ဗျာ အမေ"

"ငါ့သားကြီးက စာရွက်ပေါ်မှာ စာရေးတဲ့ အလုပ်ကို လုပ်နေ တာ"

"အို. . . မှန်လိုက်တာ အမေရာ။ ကျွန်တော် စာရေးဆရာပါ အမေ စာရေးဆရာပါ။ အမေတော်လိုက်တာဗျာ။ အမေ့လို အံ့ဩစရာ ကောင်းတဲ့လူမျိုး ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး အမေရာ"

"အခုမတွေ့ဖူးပေမင့် နောင်. . . သားအသက် (၅၆)နှစ် ရောက်ခဲ့ ရင် အမေ့ထက်ပိုပြီး ထူးဆန်းတဲ့ ပုဂ္ဂိုလ်များ ပညာရှင်များကို ကိုယ်တိုင် ကြုံရမှာပါ သားရယ်. . ."

"၅၆ နှစ်ရောက်ရင် တွေ့ကြုံရမယ်"

"ဟုတ်ပါရဲ့ရှင်. . ."

"တကယ်ပဲလားဟင်. . . အမေ"

"စောင့်ကြည့်ပါသားရယ် အမေများ မသေခဲ့သေးရင် လူကလေး အသက် (၅၆) နှစ်မှာ ဟုတ်ရဲ့လားဟေ့လို့ အမေ လာမေးလိုက်ချင်ပါ့ သားရယ်. . ."

(မှတ်ချက် ။ ။ လွန်ခဲ့သော (၂၄) နှစ်ခန့်က သီချင်းသည် ထူးဆန်းသော မျက်မမြင်အဘွားအိုကြီး ပြောခဲ့သည့် စကားသည် လွန်စွာမှန်ကန်လှပေ၏။ ယခု (၅၆) နှစ်သို့ ရောက်သောအခါ ကျွန်တော်သည် ပို၍ အံ့ဩဖွယ် ကောင်းသည့် ပုဂ္ဂိုလ်ထူးများနှင့် ကြုံတွေ့ကာ စာအရေး အသားဘဝရပ်တည်မှုပါ လုံးဝကို ပုံစံပြောင်းလဲသွား ခဲ့ရပေသည်။ စကားချုပ်)

www.burmeseclassic.com



"အမေ. . ."

"ပြောပါ လူကလေး"

"အမေ ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"ဟင်. . . မွန်းလွဲပိုင်းပဲ ရောက်နေပြီဥစ္စာ။ ဘာလို့ ထမင်းမစားရသေးတာလဲ"

ဒီလိုမေးလိုက်တော့ ထူးဆန်းသော သီချင်းသည့် မျက်မမြင်အဘွားအိုကြီးသည် ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ပုတီးကိုသာစိပ်၍ အဝေးသို့ ငေးနေရှာ၏။

"အမေ. . . ဘာလို့မစားရသေးတာလဲ"

ကျွန်တော်က ထပ်ကာတလဲလဲ မေးတော့မှ အမေအို မျက်မမြင်ကြီးက တိုးညင်းသော လေသံနှင့် ဖြေလိုက်၏။

"ပိုက်ဆံ မရှိတော့လို့"

"ဟင်. . . မနက်ကပဲ အမေ့ရဲ့ခွက်ထဲမှာ အကြွေတွေရော ကျပ်တန်တွေရော ခွက်အပြည့်နီးပါး မဟုတ်လား။ အဲဒီပိုက်ဆံတွေ ဘယ်ရောက်သွားလို့လည်း"

"ပြောလေအမေ ပြောစမ်းပါဦးခင်ဗျ"

"ပိုက်ဆံတွေ တောင်းလို့ရတဲ့ ပိုက်. . . ဆံ. . . တွေ"

"အင်းလေ. . . အများကြီးဥစ္စာ"

"အဲဒီပိုက်ဆံတွေကို လူမိုက်အရက်သမား နှစ်ယောက် လုယူသွားကြတယ်"

"ဗျာ. . . လူမိုက်နှစ်ယောက် လုယူသွားကြတယ်ဟုတ်လား ဘယ်တုန်းကလဲဟင်"

"အမေ. . . သီချင်းဆိုတောင်းရမ်းပြီး ထမင်းထုပ်လေးတစ်ထုပ်ပါ ရလာလို့ ဒီဇရပ်ပေါ်မှာ အမောဖြေနားနေတုန်း အရက်သမား လူရမ်းကားနှစ်ဦး ဝင်လုယူသွားတာ အမေက တောင်းပန်ပေမင့် မရပါဘူး





သားရယ်။ အမေ့ကိုတောင် ဇရပ်ပေါ်က တွန်းချလိုက်သေးတယ်။ ထမင်းထုပ်လေးပါ ယူသွားသေးတယ်။ စုထားတာပါ အကုန်ပါသွားရော"

"တောက်. . . မိုက်ရိုင်းလိုက်တာဗျာ ကျွန်တော်နဲ့ မတွေ့လို့ပေါ့ဗျာ၊ တွေ့များတွေ့လိုက်ရင်လား. . . ဟင်. . ."

"ရှိပါစေသားရယ်. . . အမေ့မှာ ဝဋ်ကြွေးကဆပ်လို့ မကျေသေးတော့ ခု အရွယ်အိုရောက်တဲ့အထိ ဖွဲဆပ်နေရတာပေါ့။ တစ်ခုပဲ စိတ်ကောင်းတာပါသားရယ်"

"ဘာကို စိတ်မကောင်းဖြစ်တာလဲအမေ အမေမပူနဲ့ ဒီနေ့ နေ့လည်စာရော ညစာရော ကျွန်တော် ဝယ်ကျွေးမယ်"

"ကိစ္စမရှိပါဘူးသား။ ဒီလိုပဲ စားခွင့်မကြုံရင် ကုသိုလ်ရအောင် ဥပုသ်စောင့်သလို ကျင့်ခဲ့တာ ကြာပါပြီ။ စိတ်မကောင်းဖြစ်ရတာက အမေသီချင်းဆိုပြီး နယ်စဉ်ရွာစဉ် လှည့်တောင်းရမ်းလို့ ရတဲ့ပိုက်ဆံဟာ အမေစားဖို့ချည်းမဟုတ်ပါဘူးသား။ မနက်စာ ညစာဖယ်ပြီးရင် ကျန်ငွေကို တစ်ဝက်က (. . . . . .) မြို့က တိုင်းရင်းသား ပရဟိတကျောင်းကို လှူပါတယ်။ ကျန်တစ်ဝက် ငွေအား လုံးကို သထုံ အလံတစ်ရာဘုရား ဆက်စိုက်လုပ်ငန်းအတွက် အမေလှူ နေတာပါ။ ခုတော့ အလှူငွေ လျော့သွားပြီဖြစ်တဲ့အတွက် စိတ်မကောင်း လွန်းလို့။ အင်း. . . ဒုက္ခ. . . ဒုက္ခ. . . ဒုက္ခ လောဘသား လူမိုက်များ အန္တရာယ်ကင်းသားရှင်းကြပါစေ၊ ငြိမ်နှင့် ဝေးကြပါစေ"

အဘွားအိုကြီးက ငွေလုသွားသည့် လူမိုက်နှစ်ဦးရဲ့ အနာဂတ်အတွက် စိုးရိမ်ပူပန်ပြီး မေတ္တာများပင် ပို့နေလိုက်သေး၏။

"အမေ. . . ဒီမှာပဲ ထိုင်စောင့်နေနော်"

"သား. . . ဘာလုပ်မလို့လဲ"

"အမေ့အတွက် သား. . . မနက်စာ ညစာ ထမင်းသွားဝယ်မလို့"

"အို. . . နေပေ့စေ၊ နေပေ့စေ။ မ. . . ဝယ်. . . နဲ့. . . သား

www.burmeseclassic.com



လူကလေး''

ကျွန်တော် မြို့ထဲရှိရာသို့ ဆိုက်ကားငှား၍ ထမင်းနှစ်ထုပ် အ
ဝယ်ပြီး ပြန်လာခဲ့လိုက်သည်။ ရောက်သည်နှင့် ထမင်းတစ်ထုပ်ကို ဖြ
အမေအိုကြီးလက်ထဲသို့ ထည့်ပေးလိုက်၏။ ခဏြာ စာနေရှာထင်ပါ့ စားလို
သည်မှာ အားရပါးရ။

စားရင်းကနေ ကျွန်တော်ရှိရာသို့ မမြင်ရသော မျက်လုံးအစုံ
စိုက်ကြည့်ပြီး ဆုမွန်ကောင်းများ ချီးမြှင့်နေသည်မှာ အတန်ကြာ

ꩥ ꩥ ꩥ ꩥ ꩥ

# (၃)

စားသောက်ပြီးသောအခါ ကျွန်တော်က ကွမ်းယာတည်၏။ ပြီးနောက် စာရေးဆရာပီပီ စပ်စုလေ့လာသည့် ဗီဇပါသည့်အတိုင်း အမေ့ရဲ့ဘဝကို ပြောပြပါလား အမေဟု ပြောလိုက်သောအခါ. . .

"ဒါနဲ့ သားရဲ့အမည်က. . ."

"မောင်ညိုမှိုင်းပါအမေ အမေ့နံမည်ကရော"

"အမေ့နံမည်က ဒေါ်ရွှေမြရင်တဲ့. . ."

"ဩော်. . . ဒါကြောင့်-အမေက လောဘာတိ ဒေါ်မြရင်ဆိုခဲ့တဲ့ ရွှေပြည်စိုးသီချင်းကို အားရပါးရ ဆိုလေ့ရှိတာကိုး။ အကြောင်းတွေပော့ ရှိမှာပဲနော် အမေ"

"အိမ်း. . . ငါ့သားက သူတော်ကောင်းလေးပါ။ မျက်နှာကို မမြင်ရပေမင့် အသံကို ကြားတာနဲ့ လူလေးရဲ့ အတွင်းမနောကို အမေ့ ဉာဏ်ကျင့်စဥ်နဲ့ သိနေပါတယ်။ ဒီအကြောင်းတွေကို အမေ ဘယ်သူ့ကိုမှ

www.burmeseclassic.com



မပြောဘဲ မြှုပ်ထားခဲ့တာ။ အနှစ်လေးဆယ်ရှိခဲ့ပြီပေါ့ သားရယ်။ ဒါသား
စာရေးဆရာ သူတော်ကောင်း စိတ်ဓါတ်ရှိသူလေးကို အမေ မသေခင်
ရင်ဖွင့်ပြခဲ့ပါမယ်။ ဇာတ်က ရှည်တယ်သားရယ်။ အကျဉ်းချုပ်ပဲပေါ့နော်"

"ဟုတ်ကဲ့ ပြောပါအမေ. . . ရပါတယ်ခင်ဗျာ"

"တစ်ချိန်တုန်းက အမေက အငြိမ့်မင်းသမီးသားရဲ့"

"ဩော်. . . ထင်ထားတဲ့အတိုင်းပါပဲလား။ ဒါကြောင့် အမေ
သီချင်းဆိုကောင်းတာကိုး"

"အသက်နှစ်ဆယ်မှာ နာမည်ကျော်စပြုတဲ့ အငြိမ့်မင်းသမီးပေါ့
နံမည်က ရွှေမြရင်တဲ့ လေဘာတီ မပြရင်ရဲ့ အသံနဲ့လည်းတူ မပြရင်ရဲ့
သီချင်းများကိုလည်း အာရုံဆောင် စည်းဝါးနရီ အပီဆိုနိုင်လွန်းလို့
အမေ့ရဲ့ အကသင် ငယ်ဆရာ ဒေါ်ဩဘာသောင်းက ရွှေမြရင်လို့ အမည်
ပေးခဲ့တာ။ အမေ အပျိုမင်းသမီးဘဝကဆို မီးရောင်အောက်မှာ ချစ်ကြ
ကြိုက်ကြသူများ ဝိုင်းဝိုင်းလည်ပေါ့သားရယ်။ မျက်နှာကျကလည်း
လေဘာတီမပြရင်မျက်နှာကျမျိုးဆိုတော့ စန်းပွင့်တဲ့အချိန်ပေါ့၊ အရာရှိ
အရာခံများ ပညာတတ်များရောက်လေ၊ က,လေရာ ဝိုင်းဝိုင်းလည်
မျက်နှာသာပေး ချစ်ရေးဆိုကြ လက်ဆောင်ပေးကြပေါ့"

"အမေက တစ်ယောက်မှ မကြိုက်ခဲ့ဘူးလား"

"မကြိုက်ပေါင်"

"ဘာဖြစ်လို့"

"အမေ့မှာ ချစ်သူရှိတာကိုး"

"ဒီလိုလား ဆက်ပါဦးအမေရဲ့"

"အမေ့ချစ်သူအမည်က ကိုမေတ္တာတဲ့ သူက လယ်သမားလေးပါ
ဆင်းရဲရှာပါတယ်။ ငယ်ချစ်ပေါ့။ ငယ်ငယ်တုန်းက အမေက က။ သူက
သီချင်းဆိုပေါ့။

အမေတို့နေတဲ့ ရွာအရပ်က သိပ်သာယာတာပဲ။ (. . . . . . )တဲ့
ကြာမျိုးစုံတဲ့ ရေကန်ကြီးတွေမှာ ငှက်ပေါင်းစုံ မြူးပျော်နေတာ။ ကိုမေတ္တာနဲ့





အမေတို့ ချစ်သူဘဝနဲ့ အဲဒီကြာကန်များရှိရာအရပ်မှာ သစ္စာထားခဲ့ကြ
တယ်။ ရွာဦးဓမ္မပါလ စေတီမှာ ဘယ်ဘဝ ဘယ်အခြေအနေမျိုးရောက်
ရောက် တစ်နေ့ ပြန်ပေါင်းဆုံကြမယ်လို့ သစ္စာဆိုခဲ့ကြတယ်။

လျှမ်းလျှမ်းတောက် အောင်မြင်လာတော့ အငြိမ့်ပိုင်ရှင်က အမေ့
ကို မျက်စိကျလာတယ်။ ညကြေးပိုပေးတယ်။ အပျောက်ကြေးပိုပေးတယ်။
လစာတွေ တိုးချုပ်တယ်။ ချစ်သူရှိရာ ရွာကိုတောင် တစ်နှစ်တစ်ခေါက်
ရောက်အောင် ပွဲခွင်ပွဲဆက်က များခဲ့တယ်။

ဒီမှာ အငြိမ့်ပိုင်ရှင် သူဌေးက အမေ့ကို ချစ်ရေးဆိုခဲ့တယ်။
သူက လူချမ်းသာ အသောက်သမား။ လူပွေလူရှုပ်ပါ။ အငြိမ့်မင်းသမီး
ချောချောရှင် ထင်ပေါ်လာရင် ခြေတော်တင်ပြီး အညှာကိုကိုင်လေ့ရှိတယ်။
ဒါကြောင့် အမေက ငြင်းဆန်ပြီး အလိမ်မာနဲ့ ရှောင်ခဲ့ရတယ်။

တစ်နေ့ သူက မူးမူးနဲ့ လူအလစ်မှာ အမေ့ကို ဗလက္ကာယူ
ပါရော။ အမေက ရုက်လွန်းလို့ လူသိမှာစိုးလို့ မအော်ရဲဘဲ ရုန်းကန်
ဆန်တာပေါ့။ ဒီမှာ သူ့မယားကြီးတွေ့သွားပြီး အငြိမ့်ပိုင်ရှင် အကြံ
ရည် မအောင်မြင်ခဲ့ဘဲ ဒေါသဖြစ်သွားရော။ လင်မယားလည်း စကား
ဆိုက်တာ ညံနေတာပဲ။

အမေ့ကိုလည်း ရစရာမရှိ နှစ်ပြားမတန်အောင် ပြောလိုက်တာ။
ရက်ကိုကွဲပါရော။ တစ်ည အိပ်ပျော်နေတုန်း မျက်နှာပေါ်ကို အလွန်ကို
ပူလောင်တဲ့ အရည်တွေကျလာလို့ လန့်အော်ပြီးထလိုက်ရော. . .
နောက်ကျသွားပါပြီသားရယ်. . .

လူတိုင်းချစ်ခဲ့ရ၊ ရူးသွပ်ခဲ့ရ၊ စွဲလမ်းခဲ့ရတဲ့ ဟောဒီ နာမည်ကျော်
အငြိမ့်မင်းသမီး ရွှေမြရင်ရဲ့ မျက်နှာ ငရဲမီးနဲ့ အလောင်းခံခဲ့ရတယ်"

"အို. . . ဘုရား. . . ဘုရား လောင်းတဲ့လူကို သိလားအမေ"

"ဘယ်သိရမလဲကွယ် အိပ်မောကျနေတုန်း မျက်နှာကို
လောင်းချ သွားတာကိုး အဲဒီနေ့ အဲဒီအချိန်ကစပြီး ဟောဒီမျက်နှာဟာ
လူ့မျက်နှာ သရဲကဝေမျက်နှာလို ဖြစ်ခဲ့ရပြီး အသက်မသေဘဲ

www.burmeseclassic.com



အငြိမ့်လောကက အပြီးတိုင် နားခဲ့ရတယ်။

ရွာမှာ ကျန်ရစ်ခဲ့တဲ့ ချစ်သူကိုမေတ္တာရှိရာကို အားကိုးတကြီ... သွားချင်ပေမင့် ဒီလို ကြောက်စရာ ရွံ့စရာမျက်နှာနဲ့ အမေဘယ်လိုက... ချစ်သူရှိရာကို သွားရဲ သွားရက်ပါတော့မလဲ သားရယ်။

နောက်ဆုံး ရရာကြုံရာ နေ့စားအဝတ်လျှော် အလုပ်အ... ထမင်းစား ကျွန်ခံ အလုပ်ရှာတာတောင် ဘယ်သူမှ အလုပ်တ... မပေး ကြဘူး။ အိမ်ထဲတောင်အဝင်မခံကြဘူး။ အငြိမ့်လော... လုပ်ဖော်ကိုင်ဖက် များကတောင် အမေ့ရုပ်ကိုကြည့်ပြီး အော့အန်... ရှောင်သွားကြတယ်။

နောက်တော့ စည်းနဲ့ဝါးကိုကိုင်ပြီး နယ်စဉ်လှည့် တောင်းရမ်း...
၃ သောက်ခဲ့ရတယ်။ အမေ့ကို သိပ်ချစ်မြတ်နိုးတဲ့ ချစ်သူကို သတိရ...
၄ ေလို့ 'ရွှေပြည်စိုး' သီချင်းကိုဆိုပြီး တောင်းရမ်းစားသောက် ဘ...
ဂ ရှိတည့်ခဲ့တာ အနှစ်လေးငါးဆယ် ဝန်းကျင်နားရောက်တော့ သထ...
၄ ကိုရောက်သွားခဲ့တယ်။ အဲဒီမှာ ကျေးရွာတော်ရှင် အလံတစ်ရာ အ... တော်ဘုရားကြီးနဲ့ တွေ့လို့ ကံ၊ ကံဓါအကျိုးနဲ့ ဝဋ်ရဲ့ဘဝကို နား... သဘောပေါက်ခဲ့ပြီး နောင်သံသရာမှာ ဒီဝဋ်သံသရာ တစ်ဖန်ပြန် မလ... အောင်လို့ တရားစခန်းဝင်ခဲ့တယ်။

စိပ်ပုတီးကို အမိကလက်ကိုင်ထားလိုက်တာ ထူးဆန်းတဲ့ သ... ပုတီးဉာဏ်စဉ်အမြင်များ ဝင်လာပေါ့ရော အဲဒီမှာ လူတစ်ယော... အသံကိုကြားရုံနဲ့ အဲဒီလူဘာလဲ။ ဘာဖြစ်မှာလဲဆိုတဲ့ ဘဝရဲ့ အကော... အဆိုး နိမိတ်များကို အံ့သြစရာကောင်းအောင် အမေရှိလာတ... ပြောတိုင်းမှန်လွန်းလို့ အချို့အရပ်ကလူများက ကဝေမကြီးတဲ့၊ ပညာသ... မကြီးတဲ့။ တော်ရုံရောဂါ အမေက ဒီလိုလုပ်လိုက်လို့ပြောရင် ... ရောဂါပျောက်ရော။ ဒီနေ့ဘယ်မှ မသွားနဲ့ သွားရင် အန္တရာယ်ကြ... မယ်လို့တားရင် ပြောခဲ့ရင် မယုံလို့သွား အဲဒီလူ ဘေးအန္တရာယ်နဲ့ ကြ... ရော။





ကြာတော့ အမေ့ကို မကောင်းဆိုးဝါးမကြီးလို့ အချို့က မြင်လာပြီး ...ှောင်ကြ၊ ကြောက်ကြတယ်။ ဒီမှာ သက်တော်ရှည်ဆရာတော်ကြီးက ...ိုတိုင်းမပြောနဲ့ လို့ သတိပေးမှ အမေနောင်တရပြီး နိမိတ်စကားများ ...အင်ကဲ့သို့သော ဟောချက်များ မနောအမြင်များကို မပြောတဲ့နေခဲ့ ...တာတယ်။

ကယ်ခွင့်ရမယ့်လူကိုမြင်မှ လက်ခံနိုင်မယ့်လူကို မနောမှာသိမှ ...ပြောဟောခဲ့တယ်။

ဒီမှာ နောင်သံသရာအတွက် အကျိုးရှိ မှတ်ကျောက်တင်ခံ ...န်ရစ်ခဲ့မည့် ကောင်းမှုကုသိုလ် ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားလိုက် ...တာ့ နယ်မြို့တစ်မြို့မှာ စစ်ဘေးစစ်ဒဏ်ကြောင့် မိမဲ့ဖမဲ့ဘဝနဲ့ ပရဟိတ ...ျောင်းတစ်ကျောင်းမှာ မှီခိုနေရတဲ့ ကလေးများရဲ့ဘဝဒုက္ခ၊ သောကကို ...မေ ကိုယ်ချင်းစာခံစားခဲ့ရတယ်။

သူတို့မှာ စားရေးသောက်ရေး ဒုက္ခအလွန်ရောက်ကြတယ်။ ဒါနဲ့ ...မေတတ်တဲ့ အဆိုပညာကို အရင်းပြုပြီး မြို့စဉ်ရွာစဉ်လှည့် စုမိရမိ ...ရင် အဲဒီပရဟိတကျောင်းကိုသွား ရသမျှကို အကုန်လှူခဲ့တယ်။

ဒီအချိန်မှာ အလံတစ်ရာစေတီကို တိုင်းရင်းသားများ ဇာတ်ပွဲ ...ပြီးရတဲ့ငွေနဲ့ တည်နေတာသိရရော ကိုယ်ကသဘင်သည်ပဲလေ ရုပ်မရှိ ... ဇာတ်ခုံပေါ်မတက်နိုင်ပေမင့် လမ်းဘေးမှာ အသံနဲ့အရင်းပြုပြီး ...ရှုငွေကို ဘုရားစေတီတည်ရာမှာ ပါဝင်လှူဒါန်းကုသိုလ်ပြုခဲ့တာ။ ...တယ်နည်းမှာလဲ ဒါပဲ အမေရဲ့နောင်သံသရာ အရင်းအနှီးကို။ သား ...င်ညိုမှိုင်း"

"ဗျာ. . . အမေ"

"အမေ. . . သားဆီက အကူအညီတစ်ခု တောင်းချင်တယ်"

"ပြောပါအမေ အမေဘာလိုအပ်သလဲ အဝတ်အစားလား ...သား ပြော"

"အမေ့ဘဝမှာ ဒါတွေအရေးမကြီးဘူး မလိုအပ်ပါဘူးသား။

www.burmeseclassic.com



အမေအလိုရှိတာက ဒီနေ့ အမေ့ဆီက ပရဟိတကျောင်းလေးအတွက် ဘုရားမှာတည်ရာမှာ ထည့်ဝင်လှူဒါန်းဖို့ သီချင်းသည်ဘဝနဲ့ ရလာ ငွေများကို မသမာသူနှစ်ယောက် လုယက်ယူငင်သွားကြတယ်။ အဲ လူနှစ်ယောက်နောက်ကို အမြန်လိုက်ရှာပါ"

"ဘာ. . . ဘာဖြစ်လို့လဲ အမေ"

"အမေ့ရဲ့ မနေ့မှာ ဒီနှစ်ယောက် မသုံးကောင်းသည့်ငွေ လုယက်ယူငင် သုံးစွဲသည့်အတွက် အလွန်ကြောက်စရာကောင်း ဘေးအန္တရာယ်ဆိုးနဲ့ ဒီနေ့ကြုံမယ်လို့ ကြိုမြင်နေတယ်။ လူကယ သူတို့ကို နေမဝင်ခင် တွေ့အောင်ရှာပါ။ တွေ့ရင် နားလည်အော အကျိုးအကြောင်းရှင်းပြပါ။ နားလည်ခဲ့ရင် သုံးစွဲပြီးလို့ ကျန်ငွေများ နီးစပ်ရာ ဘုရားစေတီတည်ရာအရပ်မှာ အမြန်ဆုံး သွားရောက်လှူ ပြီး အမြစ်မှ ချမ်းသာပေးပါလို့ တောင်းပန်လိုက်ကြလို့ ပြောပေးပါသ ရယ်။ ကိုင်း. . . လူလေး အချိန်မရှိဘူး။ သူတို့နောက်ကို အမြန်လိုက်

ကျွန်ုပ် အမေကြီးကို ကြည်ညိုသဒ္ဓါလေးစားစွာဖြင့် ဦးကိုက် လူမိုက်နှစ်ဦးရှိရာနေရာများသို့ လိုက်လံရှာဖွေ မေးမြန်းစုံစမ်းခဲ့၏။

ဖဲဝိုင်းများလည်း ရောက်၏။ အရက်ဝိုင်းများလည်း ရောက်ခဲ့ ကြက်ဝိုင်းများလည်း ရောက်ခဲ့၏။ ဟိုဒင်းအိမ်များဆိုလည်း ရောက်ခဲ့ မကြာခင် သူတို့နှစ်ဦးရဲ့ သဲလွန်စကို ရခဲ့၏။

ကျောက်ဖြူနီးဖေဖော်နှင့် ခြောက်စောင်းဥဇ္ဇာတဲ့။ သူတို့ ဘယ် သွားကြသလဲဟုမေးတော့ မသိဟု ပြောကြ၏။

သို့နှင့် အပူတပြင်း လိုက်လံမေးမြန်းရှာပါသော်လည်း နေသာ ချုပ်သွားသည်။ ကျောက်ဖြူနီးဖေဖော်နှင့် ခြောက်စောင်းဥဇ္ဇာ သတင်းကို မရတော့။

သို့နှင့် အမေအိုကြီး ဒေါ်ရွှေမြရင်ရှိရာ ဇရပ်သို့ ပြန်လာခဲ့လို သောအခါ ဇရပ်ပေါ်မှာ အမေအိုကြီး သီချင်းသည် မျက်မမြ ဒေါ်ရွှေမြရင် မရှိတော့။

---

စိတ်ကူးသစ်စာပေ



ဒီမှာ သူမ မှီခဲ့သည့် ဇရပ်တိုင်မှာ စာရွက်လေးတစ်ရွက် ကပ်ထား တာကို မြင်လိုက်ရ၍ ယူပြီး မီးခြစ်အလင်းရောင်နှင့် ဖတ်လိုက်သောအခါ

သား. . . မောင်ညိုမှိုင်း
အမေပြန်သွားပါပြီ အရာရာဟာ ကံရဲ့အလိုကျပါပဲသား. . .
ကံဆိုတာ ဘယ်သူမျှ မီမီမှုပဲ
ကံကောင်းနေအောင် ကြိုးစားကြ
ငါ့သား (၅၆) နှစ်ရောက်ရင် အမေသားကို တွေ့ချင်လိုက်ပါဘိ
အမေရွှေမြရင်

လက်ရေးက မညီညာသော ခဲတံနှင့်လက်ရေး အပေါ်တစ် ကြောင်း အောက်တစ်ကြောင်း ဖောက်တီဖောက်ထိုး။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

## (၄)

နောက်နေ့ မိုးလင်းတော့ စာရေးဆရာများနှင့် ခုံနေကြ မှတ်
လက်ဖက်ရည်ဆိုင်ရှိရာ မြို့ထဲသို့ လာလိုက်သောအခါ. . .

လမ်းမတစ်ခုမှာ လူများဝိုင်းအုံကြည့်နေကြ၍ ဘာဖြစ်လို့ပါလဲ
သိချင်ပြီး ဝင်ကြည့်လိုက်တော့ မမြင်ဝံ့စရာ မြင်ကွင်းဆိုးကို နံ
စောစောကြီး မြင်လိုက်ရကာ ရင်များပင် တုန်သွားခဲ့ရတော့၏။

မြင်ကွင်းကား. . .

ယောက်ျားသားနှစ်ယောက် ကားကြိတ်ခံထားရသည့်မြင်ကွ
ပြားချပ်ပြီး သွေးမည်းမည်းများဖြင့် ပိုးစိုးပက်စက်။

"ဘယ်လိုဖြစ်ကြတာလဲဗျ. . . ဟင်"

"မူးပြီး အလင်းရောင်နည်းတဲ့လမ်းမပေါ် အိပ်ပျော်နေမှာ
ကြည့်ရတာ ကားကြိတ်သွားပုံပဲ သေပြီ"

"အဲဒါ ဘယ်ကလူတွေလဲ"

"အလကားနှစ်ကောင်ပါဗျာ။ ဒီကောင်တွေသေလို့လည်း ဘယ်





မသနားကြပါဘူး။ လူဆိုးလူတေ၊ ထောင်ထွက်တွေပါ။ ဒီဘက်က
သားမည်းမည်း ခေါ်တောကုလားရုပ်က ကျောက်ဖြုန်းဖေဖော်တဲ့။
ကောင်က ခြောက်စောင်းဉာဏ်တဲ့ ဟိုလု ဒီလု အနိုင်ကျင့် ခိုးနေတဲ့
ကောင်။ ဆန်ကုန်မြေလေးတွေ ခုတော့ ဆန်လည်းမကုန်၊ မြေလည်း
သွားတာပေါ့"

အို. . .


ကျောက်ဖြုန်းဖေဖော်နဲ့ ခြောက်စောင်းဉာဏ် ဆိုပါကလား
မျက်စိထဲမှာ. . .

မျက်မမြင်သီချင်းသည် ထူးဆန်းသော ကုသိုလ်ရှင်မနောပညာရှင်
ခေါ်ရွှေမြရင်ရဲ့ မျက်နှာနှင့် စကားသံများ ကြားမြင်လာခဲ့သည်။

၎င်းနောက် လုယက်သွားသော ဘုရားတည်ရန် ပိုက်ဆံများ။
. . . လူမိုက်နှစ်ဦးရဲ့ အသေဆိုးလှသောဖြစ်ရပ်များ. . .

မောင်ညီမှိုင်း (သန့်ချောင်)

www.burmeseclassic.com



## (၁)

မျက်လုည့်ဆန်ဆန် ပညာရပ်များဖြင့် ကိုယ့်ကိုယ်ကိုယ် ဂမ္ဘီရဆရာကြီးလိုလို၊ ဘိုးတော်လိုလို သရုပ်ပြပြီး ရပ်တကာ၊ ရွာတကာ၊ မြို့တကာ လှည့်လိမ်စားနေသော ဂမ္ဘီရ 'အင်' ဆရာတုများကို ကျွန်ုပ်တို့ အတော်များများ ဇာတိရုပ်အစစ်ပေါ်အောင် ပညာပေးခဲ့ဖူး၏။

နှစ်အတန်ကြာ

ဘိုးတော်လိုလို၊ နတ်ဆရာလိုလို

သာသနာပြုပုဂ္ဂိုလ်လိုလို၊ ဓါတ်လုံးဆရာလိုလို၊ အင်းဆရာလိုလို ရုပ်မောင်းကောင်းကောင်းနှင့် ဘော်ချက်ခဲ့ကြသည့် အယောင်ဆောင် လူလိမ် အယောင်များသည် ကျွန်ုပ်တို့ကြောင့် အရှက်တကွဲ အကျိုးနည်း ခဲ့ ကြရသောအခါ ကျွန်ုပ်တို့အား လူငှား၍ ရိုက်နှိုင်းခဲ့၏။

ကျွန်ုပ်တို့ လျင်မြန်ပါးနပ်၍သာ ခေါင်းမကွဲခဲ့ခြင်းဖြစ်၏။

သို့သော်. . .

ယခုအခါ ကျွန်ုပ်တို့ သိပ္ပံသမား၊ လက်တွေ့သမား၊ လူ့ရွာ

www.burmeseclassic.com



လူကျယ်များသည် အလွန်ထူးဆန်းလှသော ဂမ္ဘီရပညာရှင် ပုံပျက်ပန်းပျက် ရသေ့ကြီးနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံခဲ့ရလေ၏။

ယခင် ဝတ္ထုများစွာ ကျွန်ုပ်ရေးခဲ့သလို

တုန်လှုပ်ချောက်ချားဖွယ်ရုပ်နှင့် ကျက်သရေအဆင်းကင်းမဲ့လှသည့် ဘယ်အရပ်ဘာမှန်းမသိရသော ရသေ့ကြီး. . .

ဘာသာစကားလေးငါးခြောက်မျိုးကို ပြောနိုင်သော ပုံပျက်ပန်းပျက် ရသေ့ကြီး။ ၎င်းရသေ့ကြီးသည် ကျွန်ုပ်တို့ထံ ရှာဖွေရောက်လာပြီး. . .

ငရုတ်သီးအစိမ်းများကို စားပြ၏။

မိုးကြိုးပစ်မည့်အချိန်ကို အတိအကျပြော၏။

သံပရာသီးကို ချိုအောင်လုပ်ပြသွား၏။

ပိန္နဲသီးကို ရေပေါ်မှာ ပုစွန်လိုကူးအောင်လုပ်ပြ၏။

သချိုင်းကုန်းမှာ တစ္ဆေများထည့်၍ ကားတွန်းခိုင်း၏။

လျှပ်စစ်မီးကို သူလိုသလို ဖွင့်ပြမှိတ်ပြ၏။

ဝီစကီအရက်စစ်ကို မျက်စိရှေ့မှ ရေဖြစ်အောင် လုပ်ပြသွားခဲ့၏။ အဲဒီလို လုပ်ပြသွားပြီး သူကပြောလိုက်သေး၏။

"ဒါ မူလတန်းအဆင့် ဂမ္ဘီရပဲ ရှိသေးတယ်ကွ" တဲ့ ခင်ဗျား။

ထူးဆန်းလှသော သူ၏ပညာပြကွက်များကိုကြည့်ပြီး ကျွန်ုပ်ရေသူငယ်ချင်း ကိုရွှေပဗေဒရော ကျွန်ုပ်တို့ဆရာ ပါမောက္ခကြီးပါမကျန် အတော့်ကို စဉ်းစားရကျပ်သွား၏။

ထိုအကြောင်းများကို ကျွန်ုပ်တို့မိတ်ဆွေများ ဖြစ်ကြသည့် (---) တက္ကသိုလ်မှ ဆရာများ၊ ပန်းချီဆရာများကို လက်ဖက်ရည်ဝိုင်းမှာ ပြန်ပြောပြသောအခါ. . .

"မဖြစ်နိုင်ပါဘူးဗျာ. . . "

သချာၤဌာနမှ ကထိက ကိုကြည်အေးက ဆို၏။

"ခင်ဗျားတို့ကို စိတ်ညှို့ပြီး လှည့်စားသွားတာ နေမှာပေါ့ဗျ"





ပန်းချီဆရာ ကိုနွေဦးထိန်ကလည်း ဆို၏။

"မယုံရင် ပါမောက္ခကြီးကိုသာ မေးကြည့်ဗျ"

ကျွန်ုပ်က အနီးရှိ ပါမောက္ခကြီးကို ကြည့်၍ပြောလိုက်၏။

"ဆရာကြီး ကိုကျိုင်းနဲ့ ကိုရွှေပပြောတာ ဟုတ်ပါသလားခင်ဗျ"

"အင်း. . . ဖေတ်တော်လေး စဉ်းစားရမယ့်ကိစ္စပဲကွဲ့။ ဒီရသေ့ကြီးမှာ လျှပ်စစ်စွမ်းအင်ရော စိတ်ပညာစွမ်းအားရော အရှိန်ကြီးမားပုံရတယ်။ ဆန်းတော့ အရမ်းဆန်းတာပဲ။ ဒါပေမယ့် ဆက်လက်လေ့လာစောင့်ကြည့်ရဦးမှာပဲ"

"ကိုကျိုင်း"

"ပြော ကိုကြည်အေး"

"ကျွန်တော်တို့ကို သူနဲ့တွေ့ဆုံပေးလို့ ရနိုင်မလားဗျ"

သချာၤကထိက ကိုကြည်အေးက သို့ကလိုမေး၏။

"ကျွန်တော်တို့ သွားခေါ်လို့ သူလာနိုင်မယ်ဆိုရင် တွေ့လို့ရပါတယ်"

"ဒါဆို သင့်မည့်ရက်တစ်ရက် ချိန်းလိုက်ဗျာ"

"ဘာလုပ်ဦးမလို့လဲ"

"အဟင်း ခင်ဗျားတို့ ပြောတာ ဟုတ်မဟုတ် စမ်းကြည့်ချင်လို့ပါ"

ဓ ဓ ဓ ဓ ဓ

www.burmeseclassic.com

# (၂)

သို့နှင့် တစ်နေ့ ပုပျက်ပန်းပျက်ရသေ့ကြီး ခေတ္တနေထိုင်ရာ (---) သချိုင်းသို့ ကျွန်ုပ်နှင့် ကိုရွှေပဗေဒတို့ လာခဲ့လိုက်ကြ၏။

ပုပျက်ပန်းပျက်ရသေ့ကြီးသည် ကိုဇော်ဖေ အသက် (၅၆) နှစ်ဆိုသည့် အုတ်ဂူပေါ်မှာ ထိုင်၍ပုတီးစိပ်နေ၏။

"ရသေ့ကြီး"

"ဘာတွေမဟုတ်ကဟုတ်က လုပ်ဦးမလို့လဲကွ လူကန့်လန့်တွေရ"

"ရသေ့ကြီးနဲ့ တွေ့ချင်လို့ပါဗျာ"

"ခုတွေ့နေပြီလေကွာ ဘာကိစ္စလဲ"

"ကျွန်တော့်အိမ်ကို နက်ဖြန်လာ"

"ကြွပါဦးလို့ ပြောပါကွာ"

"လာပါနဲ့ကြွပါ အတူတူပါပဲဗျာ"





"တာ လူနလပိန်းတုံးတွေရ ရသေ့ရဟန်းဆိုရင် ကြွပါဦးဘုရားလို့ ပြောရလျှောက်ရတယ်ကွ"

"ထားဗျာ နက်ဖြန်နေ့လယ် ကြွခဲ့ပါဦးဗျ"

"ဆွမ်းစားပြီးမှပေါ့ ဟုတ်လား"

"ဒါပေါ့"

"တော်တော်ကို သဒ္ဓါတရားနည်းတဲ့ လူတွေပါလားကွ ဟင်"

"ကုန်ဈေးနှုန်းက ထန်းပင်ပေါ် ခွတက်နေလို့ပါ ရသေ့ကြီးရ"

"နေပါဦး ငါက မင်းတို့အိမ်ကို ဘာကိစ္စနဲ့ ကြွခဲ့ရမှာလဲ"

"ကျုပ်တို့က ရသေ့ကြီးရဲ့ မှုလတန်းအောင် ဂုဏ်ရအကြောင်း (---)တက္ကသိုလ်က ဆရာအချို့ကို ပြန်ပြောပြတော့ သူတို့က မယုံဘူး ရသေ့ကြီး ပွလာက်နည်းတွေနဲ့ ကျုပ်တို့ကို လှည့်စားပြီး အယူလွဲအောင် လုပ်နေတာလို့ ဝေဖန်ကြတယ်"

"မင်းတို့ရော ယုံပြီလားကွ"

"ရှုးစမ်းတုန်းပါဗျာ ဒီထက်ပိုပြီး ထူးဆန်းတာမျိုး ရသေ့ကြီး စွမ်းဆောင်နိုင်ရင်တော့ စဉ်းစားရမှာပေါ့။ အရေးကြီးတာက ရသေ့ကြီးမှာ ရှိနေတဲ့ ပညာရပ်အထူးအဆန်းများကို ကျုပ်တို့လူတွေ သဘောပေါက်စေချင်လို့ပါ အဲဒါ နက်ဖြန်ကြွနိုင်မလားခင်ဗျ"

"အေး လာခဲ့မယ်ကွ။ ဗင်းကောင်တွေက မူလတန်းအဆင့်ကျောင်းသားတွေတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးဗျာ တက္ကသိုလ်သင်္ချာဌာနက ကထိကနဲ့ ပန်းချီဆရာပါ"

"ဖွတ်ကျားတွေမဟုတ်ရင် ပြီးတာပဲကွာ။ စိတ်ချငါလာခဲ့မယ်၊ ဒြန့်တော့ အိမ်သွားတဲ့လမ်းရော မှတ်မိပါတယ်နော်"

"ဒီလမ်းများဗျာ နေ့တိုင်းသွားနေကြပါ"

"ဟား ဟား ဟား ဟား မင်းအိမ်ပြန်တဲ့လမ်း မမှတ်မိအောင် ဒါစီရင်လိုက်ရမလား"

www.burmeseclassic.com



"တကယ်လား ရသေ့ကြီး"

"တစ်နေ့ပေါ့ကွာနော် ကိုယ့်အိမ်ပြန်တဲ့လမ်း ကိုယ်မမှတ်မိတဲ့ ပဲခူးရွှေမော်ဓော ဘုရားဖြစ်ဖြစ် ကျိုက်ထီးရိုး ဘုရားဖြစ်ဖြစ် ပြန်ရောက်သွား အောင် ငါလုပ်ပြပါ့မယ်။ ခုတော့ သွားပါဦးကွ ဟား ဟား ဟား ဟား"

ကြည့်စမ်း ကြွားလုံးကြီးလိုက်သည့် ရသေ့ကြီးနှယ် ကျွန်ုပ်တို့ကို သူငယ်နှပ်စားများ မှတ်နေသလားမသိ။ ကိုယ့်အိမ်ကိုယ်ပြန်သည့်လမ်း မမှတ်မိအောင် လုပ်လိုက်ဦးမည်တဲ့။

ရသေ့ရိုးကြွားကြီး. . .

နေနှင့်ဦးပေါ့ဗျာ။ တစ်နေ့ကျမှ တွေ့ကြသေးတာပေါ့။

[မှတ်ချက်။ ထိုထူးဆန်းသောအဖြစ်အပျက်ကို ရှေ့တွင် ကျွန်ုပ်ရေးသားဖော်ပြသွားပါမည်။ စကားချပ်]

❧ ❧ ❧ ❧ ❧

(၃)

"ဟော့ လူကြောင်တွေ လူကန်းလန်တွေရှိသလားကွ"

အိမ်ရှေ့မှ ခေါ်သံကြား၍ လှမ်းကြည့်လိုက်သောအခါ ပုံပျက်ပန်း ပျက်ရသေ့ကြီးဖြစ်နေ၏။ သူသည် ခြံဝတံခါးရှေ့မှ ရပ်နေ၏။

"တံခါးဖွင့်ပေးမှာလား ခုန်ဝင်ရမှာလားကွ"

"လာပြီဗျို့ ခဏလေး"

ကျွန်ုပ်သည် စကားဝိုင်းမှထ၍ ခြံတံခါးကို ဖွင့်ပေးလိုက်သောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးသည် ထော့ကာလိန် ထော့ကာလိန်နှင့် တိုက်ထဲသို့ ဝင်လာလိုက်၏။

"ထိုင်ပါ ရသေ့ကြီး"

ရသေ့ကြီးက ဆိုဖာပေါ်မှာထိုင်၍ အားလုံးကို အကဲခတ်လိုက်၏။

"ရသေ့ကြီး ဒီလူတွေကတော့ ရသေ့ကြီးသိပြီးသားပါ။ ဒါက ကျုပ်တို့ဆရာ ပါမောက္ခကြီးပါ။ ဒါက ကိုရှုပဗေဒ ဟောဒီလူကတော့ (---) တက္ကသိုလ် သချာင်္ဌာနက ကထိက ဦးကြည်အေးပါ ဒါက

www.burmeseclassic.com



ပန်းချီကျောင်းက ပန်းချီဆရာ ကိုမြေဦးထိန်ပါ။ ကိုကြည်အေး ကိုမြေဦးထိန် ခင်ဗျာ။ ဒါ ကျွန်တော်တို့ ပြောနေတဲ့ လူထူးလူဆန်း ရသေ့ကြီးဆိုသူပါခင်ဗျာ"

သချာဆရာနှင့် ပန်းချီဆရာနှစ်ဦးတို့သည် နားရွက်တစ်ဖက်မျှ သော၊ နဖူးမှာ အချိုင့်ကြီးပါသော၊ နားရွက်တစ်ဖက် ရှည်လျားနေသော ခြေတိုရှိလက်ရှည် လက်တိုရှိခြေရှည်နေသော ပုံပျက်ပန်းပျက် ရသေ့ကြီး ကို ကြည့်ပြီး ပြုံးလိုက်ကြ၏။

ဒီမှာ သချာဆရာကမေးလေ၏။

"ရသေ့ကြီးအမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျ"

"နံမည်က ပညတ်ပါကွာ ပရမတ်မဟုတ်ပါဘူး"

"ပညတ်က မရှိသင့်ဘူးလား ရသေ့ကြီး လူအားလုံးမှာ အမည်ရှိ ကြတာဥစ္စာ"

"ပညတ်က မမြဲဘူးကွ"

"ဘာကြောင့်"

"မောင်ရင့် ခါးမှာဝတ်ထားတာကို ဘာလို့ခေါ်သလဲ ပြော"

"ပုဆိုးပေါ့ဗျာ"

"ဒါဖြင့် ပုဆိုးကိုပုဆိုးလို့မခေါ်ဘဲဘာလို့ လုံချည်လို့ခေါ်သေးလဲ"

"ခေါ်လို့ရလို့ ခေါ်တာပေါ့"

"ဒါဖြင့် မေးမယ်ကွာ 'မစင်' ဆိုတာ ဘာလဲကွ"

"မစင်ဆိုတာ 'ချီး' ကိုခေါ်တာပေါ့"

"ဒါဖြင့် ဝမ်းသွားတာကျတော့ရော"

"ဒါလည်း ချီးယိုတာလို့ ပြောတာပေါ့ဗျ"

"ခါတ်သွားတယ်ဆိုတာရော"

"အတူတူပဲ"

"အလေးသွားတယ်ဆိုတာရော"

"အတူတူပဲ"





"ဒါဖြင့် မစင်၊ ပုဆိုးဆိုတဲ့ ပညတ်ဟာ တစ်ခုထဲမမြဲဘဲ ဘာလို့ အမျိုးမျိုးကွဲနေ ခေါ်နေရတာလဲ"

"နေရာဌာနအလိုက် ခေါ်ရတာကိုးဗျ"

"ဒါဆို မဖြစ်ဘူး ပုံသေမရှိဘူးဆိုတာ လက်ခံသလား"

"ခံပါတယ်ဗျ"

"နံမည်ကလည်း ပညတ်ပါပဲကွာ။ မမြဲပါဘူး သက်ရှိအားလုံး ပညတ်နဲ့ ရှင်သန်နေပေမယ့် မမြဲကြဘူး။ အားလုံးခြုံရင် လူ၊ တိရစ္ဆာန်၊ သစ်ပင် ဒါပဲရှိတယ်။ အားလုံးမမြဲဘူး။ အနိစ္စသဘောရချည်းပဲ။ မမြဲတဲ့ အနိစ္စသဘောရပညတ်တွေကို အဟုတ်မှတ်မနေနဲ့။ ဒါကြောင့် ငါ့နံမည်ကို တိုလူကန့်လန့်တွေခေါ်သလို ပုံပျက်ပန်းပျက်ရသေ့ကြီးလို့ပဲ ခေါ်ကြပေါ့"

"ပရမတ်က ဘာလဲဗျ"

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ နေ၊ လ၊ မြေကြီး၊ ရေ၊ လေ၊ မီး အဲဒါကမ္ဘာ့တိုင်းမှာ ရှိနေတယ်။ အဖိုနဲ့အမ အဲဒါကမ္ဘာတိုင်းမှာ ရှိနေတယ်။ ဘယ်တော့မှ မပျောက်ဘူး။ အနိစ္စ၊ သံခါရ ဘယ်လိုပဲရှိရှိ အဲဒါတွေက ကမ္ဘာတိုင်း ခေတ်တိုင်းမှာရှိနေမှာပဲ။ အဲဒါ ပရမတ်ပဲ ရှင်းရဲ့လား"

"မဆိုးပါဘူး ဒါနဲ့ရသေ့ကြီးက ဂဗ္ဗိရပညာအဆန်းတွေ အတော် များများတတ်ထားတယ်လို့ ကြားသိရပါတယ်။ အဲဒါ ဟုတ်ပါသလား"

"ပြောနေကြတာပါပဲ"

"ရသေ့ပဲဗျာ ဝန်ခံရဲရဲ့လား"

"သင့်သလောက် နားလည်ပါတယ်"

"ကျွန်တော်တို့ ရာဇဝင်စာအုပ်ထဲမှာ ဖတ်ခဲ့ရဖူးပါတယ်။ ဦးအောင်ခေါ် ဘိုးဘိုးအောင်က သူ့ပညာနဲ့ 'ဝ'တစ်လုံး ဖျက်လိုက်တိုင်း တာ ဘိုးတော်ဦးဝိုင်းရဲ့ ရွှေနန်းတော်တစ်ခုလုံး 'ဝ' လုံးတွေ ထပ်သွားတာ ပဲတဲ့။ အဲဒါ ရသေ့ကြီးယုံလား"

"ယုံတယ်"

www.burmeseclassic.com



''ဘာကြောင့်ယုံရတာလဲဗျ''

''ငါတို့မြန်မာမှာ လောကီပညာဆိုတာ ရှေးကတည်းက ... တယ်။ ဓလောကီပညာသည်ကို မြန်မာမှာတင်မဟုတ်ဘူး။ အိန္ဒိ... တိဘက်၊ အာရှ၊ ဥရောပစသည့် နိုင်ငံများမှာလည်း သူ့နည်းသူ့... သူ့ပညာနဲ့ ရှိနေတာပဲ။ ဆန်းပြားလွန်းလို့ ဂမ္ဘီရလို့ခေါ်ကြတာ။ လော... ဂမ္ဘီရလို့ခေါ်တယ်။ သူ့ထက်ပိုပြီး ဆန်းကြယ်တာက လောကုတ္တရာ... ဗုဒ္ဓဘုရားရှင်တို့ရဲ့ ဓမ္မသိဒ္ဓိ ဘုန်းတန်ခိုးနဲ့ တရားတော်များရဲ့ အနုဘော... အား။ နက်နဲဆန်းကြယ်အံ့သြဖွယ်ရာကို ပြောတာ။ ထားတော့ လော... ဂမ္ဘီရကို ပြောကြမယ်။ လောကီဂမ္ဘီရမှာ အောက်လမ်း။ အလယ်... အထက်လမ်းလို့ခေါ်တဲ့ အဆင့်နိမ့်ပညာလမ်းက ဆန်းပြီးကြမ်းတာ... မိစ္ဆာဒိဋ္ဌိအယူဝါဒနဲ့ ထုံမွှန်းနေတယ်။ အဲဒီဝါဒကို ယူခဲ့သုံးခဲ့ရင် အပါ... ငရဲကိုသွားရရော။ အလယ်အလတ်လမ်းဆိုတာက သမထလိုင်းနဲ့ သွား... ဂန္ဓာရီခရီးကို ရှေးရှုကြတာ။ သာသနာပြုစခန်းစဉ် ဖြစ်သော်လည်း... အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လုံးဝမပယ်နိုင်သေးလို့ နိဗ္ဗာန်ကို မျက်မှောက်... ရာမှာ အားနည်းနေတယ်။ အထက်လမ်းဆိုတာက ဗုဒ္ဓဘုရားရှင်... အလိုကျ ဓမ္မစစ် ဓမ္မမှန်၊ တရားစစ်၊ တရားမှန်ကျင့်စဉ်နဲ့ နေထိုင်... အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လုံးဝပယ်လို့ သံသရာကိုဖြတ်လို့ ဝိပဿနာ... ကို ရှေးရှုကျင့်ကြပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရှေးရှုရာလမ်းပဲ။ အမြင့်မြတ်ဆုံး... အဘဘိုးဘိုးအောင်ဟာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် သူက အလယ်လမ်း... အထက်လမ်းကို မျက်မှောက်ပြုသွားတဲ့ မဟာသိဒ္ဓိရှင်ပဲ။ စမအင်းအတတ်... ကို နိုင်လို့ 'ဝ' တစ်လုံးပျက်ရင် 'ဝ' နှစ်လုံးဆင်တဲ့ သိဒ္ဓိကို ရသွားတာ...

''စမ ဆိုတာဘာကိုဆိုလိုတာလဲ ရသေ့ကြီး''

''စမ ဆိုတာက ဗျည်းအက္ခရာနဲ့ သိဒ္ဓိရပြီး လိုသလို မြင်နိုင်... သည့် အက္ခရာ 'အင်း' ပဲ သူက အက္ခရာလေးလုံးကို အခြေခံရ... (စ ဓ မ ဝ) ကြားဖူးမှာပေါ့''

''ကြားဖူးပါတယ်''





''စ-ဓ-မ-ဝရဲ့ အဓိပ္ပာယ်က မီးဓါတ်ကိုအရင်တည်၊ လေဓါတ်ကို ...နောက်၊ ရေဓါတ်ကို ပိတ်၊ မြေဓါတ်ကို အဆုံးထား။ လုပ်တိုင်းပြီး၏တဲ့။ ...အသေးစိတ်ချဲ့ရင် ကျမ်းတစ်ဆူဖြစ်တယ်ကွ။ ဓါတ်ကြီးလေးပါးကို နားလည် ...ဓ စမကို စီရင်လို့ရတာ။ တို့မြန်မာလောကီဓါတ်ပညာမှာ ဗျည်း (၃၃) ...လုံး အက္ခရာစမများကို စတင်ရှာဖွေတွေ့ရှိပြီး ထွက်ရပ်ပေါက်သွားတဲ့ ...ဒိဋ္ဌာဓိုရ် ကြီးတွေ ရှိခဲ့ဖူးတယ်။ အဲဒီပုဂ္ဂိုလ်များက

သိန်းဃိုဆရာတော်။ မုတ္တမဆရာတော်၊ မိုးထိဆရာတော်၊ မိုးညှင်းဆရာတော်၊ ဗားမဲ့ဆရာတော်၊ ဗေဒင်ဆရာတော်၊ ပေါက္ကံဆရာတော်၊ ...ခိုင်ဆရာတော်၊ ဒါးလက်ဆရာတော်၊ မင်းကွန်းဆရာတော်၊ ကျုတ်ပတန ...ရှင်ရသေ့၊ သထုံဆရာတော်၊ အဲသချော်ယျှဆရာ၊ သောင်ထွင်ဆရာတော်၊ ...ဗျာကရာသီရှင်ရသေ့၊ ပဌမံဆရာတော်၊ ပခန်းဆရာတော်၊ သီဟိုဠ်ဆရာတော်၊ ဘုရားလေးဆူ တံဆိပ်ကြီးသီဟောဆရာတော်၊ ရှင်ဥတ္တမသီရိဆရာတော်၊ ခင်ကြီးဖျော်ဆရာတော်၊ စည်ကြပ်တောင်ခင်ကြီး စသည့် ပုဂ္ဂိုလ်များလည်း စမကိုနိုင်ပြီး အကျင့်သီလနဲ့ ရှည်ရှယ်ရင်း စေတနာမွန်မြတ်ရင် ...လိုသလို ဆောင်ရွက်လို့ရတာပဲ ပဌမံ ဘိုးဘိုးအောင်ဟာ အဲဒီလို ပုဂ္ဂိုလ် ...ထူးပဲလေ''

''ဒါဆို ရသေ့ကြီးရော အဲဒီပညာမျိုးရလား''

''ငါတို့ ဆရာသခင်များကို လိုက်လို့မမီနိုင်ပါဘူး''

''နည်းနည်းပါးပါး မရဘူးလား''

''မှုလတန်း၊ သူငယ်တန်း၊ အဆင့်လောက်တော့ ရပါတယ်''

''မယုံပါဘူးဗျာ''

''ယုံပါလို့လည်း ဘယ်သူ့မှမတိုက်တွန်းပါဘူး။ ကိုယ်ကျင့်မှ ကိုယ် ...တာဥစ္စာ''

''ရသေ့ကြီးရဲ့ သူငယ်တန်းအောင်ဂမ္ဘီရကို ကျွန်တော် စမ်းကြည့် ...ချင်တယ်''

''ဒါက မောင်ရင့်သဘောပါ''

www.burmeseclassic.com



"ရသေ့ကြီး ဘာလုပ်ပြနိုင်သလဲ"

"အင်း. . . ခက်တာပဲ။ မောင်ရင်တို့ သီပွဲသမားတွေက မြန် ဂမ္ဘီရလောကရဲ့ အကျင့်ကောင်း အကျင့်မြတ်ကို မမေးဘဲ ထူးဆန်းတာ မျက်လှည့်ကြည့်သလို ကြည့်ချင်လိုကြတာကိုး။ အေးလေ လူသို လက်တွေ့မြင်ရမှလည်း ယုံကြသကိုး ကိုင်း. . . မောင်ရင်က သ ကထိကနော်"

"ဟုတ်ပါတယ်"

"ကိုင်း. . . ဟောဟိုစာရွက်အဖြူပေါ်မှာ ဂဏန်းနှစ်လုံး ရေး လိုက်စမ်းကွာ"

"ဘာဂဏန်းနဲ့ ပေါင်းရမှာလဲဗျ"

"(၁)နဲ့(၂)ကို ပေါင်းပြီး အဖြေထုတ်စမ်းကွာ"

"ဒါလေးများ ရသေ့ကြီးရာ ပထမတန်းကျောင်းသားတွေတော ပေါင်းရင် အဖြေရတဲ့ဥစ္စာ"

"ဟုတ်ပါပြီ သင်္ချာကထိကကြီးကိုယ်တိုင် ရေးပြီးပေါင်းပါ"

သို့နှင့် သင်္ချာကထိက ကိုကြည်အေးက စာရွက်အဖြူပေါ် ဘောလ်ပင်နှင့် ဤသို့ချ၍ရေးလိုက်၏။

၁ + ၂ = ၃

"သုံးပါခင်ဗျ"

"ကျိန်းသေရဲ့လား သေသေချာချာပေါင်းနော်"

သင်္ချာကထိက ပြုံးလိုက်၏။ ဒီမှာရသေ့ကြီးက ကျနော်လူများသ သို့လှည့်၍ မေးလိုက်၏။

"တစ်နဲ့နှစ်ပေါင်းတာ သုံးရသတဲ့ ဟုတ်ရဲ့လားကွ"

"ဟုတ်တာပေါ့ဗျ"

"လွယ်လွယ်လေးနဲ့ ချုံ့မနေစမ်းပါနဲ့ ရသေ့ကြီးရ"

"ဟုတ်ပါပြီဗျာ အားလုံးကို အဲဒီစာရွက်လိုက်ပြလိုက်ပါ။ မောင် ရေးပြီးအဖြေထုတ်တာ (၃) ဟုတ်ရဲ့လားလို့"





သင်္ချာဆရာကိုကြည်အေးက အားလုံးကို ပြလိုက်၏။ အားလုံးက ဖြေ (၃) ဟုတ်ရဲ့လားလို့။

သင်္ချာဆရာကိုကြည်အေးက အားလုံးကိုပြလိုက်၏။ အားလုံးက ဖြေ (၃) မှန်စွာရေးထားကြောင်း ထောက်ခံ၏။

"နောက်တစ်ရွက်ရေးဦးကွာ"

"ပြောဗျာ ပြော ခက်ခဲတဲ့ ဂဏန်းကိုပေါင်းခိုင်း၊ မြှောက်ခိုင်း၊ ားခိုင်းစမ်းပါဗျ"

"ဒီမှာသင်္ချာဆရာ ငါမင်းကို နှစ်ထပ်ကိန်းရင်း၊ သုံးထပ်ကိန်းရင်း ခိုင်းရင် မင်း သင်္ချာဌာနကနေ ထွက်ပြေးသွားရလိမ့်မယ် သိလား"

"ဒါဆိုလည်း လွယ်လွယ်လေးပဲလုပ်ဗျာ ကြာတယ်"

"လေးနဲ့ငါးပေါင်းပြီး အဖြေချရေးကွာ"

သင်္ချာကထိကကြီးက ကျွန်ုပ်တို့အများရှေ့တွင် စာရွက်အဖြူပေါ် ပင် ဤသို့ချရေးလိုက်၏။

၄ + ၅ = ၉

"အဖြေဘယ်လောက် ရလဲကွ"

"ကိုး(၉)ပေါ့ဗျ"

"ကျိန်းသေတယ်နော်၊ သင်္ချာဆရာ"

"ခင်ဗျားကြီးဗျာ"

"စိတ်မတိုပါနဲ့ ငါ့လူရာ မှန်ရင်လည်း မောင့်လူများကို အဖြေ (၉) ရေးထားကြောင်း ပြလိုက်ပါဦးကွာ"

သင်္ချာကထိက စိတ်တိုတိုနှင့် စာရွက်ကို လူစုံအောင် လိုက်ပြလိုက် ၏။ အားလုံးက အဖြေ (၉) ရေးထားကြောင်း ထောက်ခံကြ၏။

"ကိုင်း. . . မင်းအလှည့်ပြီးတော့၊ ငါ့အလှည့်ပေါ့ကွာ။ ပေးအဲဒီ စာရွက်နှစ်ရွက်"

သင်္ချာဆရာက ရသေ့ကြီးလက်ထဲသို့ အဖြေစာရွက်နှစ်ရွက်ကို ပ်လိုက်သောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးက စာရွက်နှစ်ရွက်ပေါ်မှ

www.burmeseclassic.com



ဂဏန်းများကိုကြည့်ပြီး ပြုံးလေ၏။

''ဘာပြုံးတာလဲဗျ''

''အဲဟင်း ဟင်း ဟင်း မင်းညွှတာကိုကြည့်ပြီး ပြုံးတာပါ''

''တောက်''

''ကိုင်း အားလုံးကြည့်ကြ''

ရသေ့ကြီးသည် သို့ကလို လူတစ်ဖက်သား မခံချင်အောင် ရိသဲ့သဲ့ စကားများပြောပြီးနောက် စာရွက်နှစ်ရွက်ကို ခေါက်လိုက်၏။ ပြီး ၎င်းစာရွက်နှစ်ရွက်ကို တစ်လုံးတည်းကောင်းသည့် မျက်စိနှင့်စိုက်ကြည့်ပြီး ပါးစပ်မှ ရေရွတ်နေ၏။ ၎င်းနောက် စာရွက်ပေါ်မှာ သူ့လက်ညှိုးနှင့် ဂဏန်းနှစ်လုံးကို ရေးသလိုလုပ်လိုက်ပြီး စာရွက်များကို စားပွဲပေါ်မှာ ချထားလိုက်လေ၏။

ကျွန်ုပ်တို့အားလုံး သူဘာကလိန်ကကျစ်လုပ်မှာလဲ။ ဘယ်လို ပဥ္စလက်နည်းဖြင့် အလှည့်အပြောင်းလုပ်မှာလဲကို ဖမ်းလို၍ သေသေချာချာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြ၏။

ရသေ့ကြီးသည် စာရွက်နှစ်ရွက်ပေါ်မှ လက်ဝါးကြီးကို အုပ်ထား၏။ သူ့မျက်စိကလည်း စာရွက်ပေါ်ကို အာရုံစူးစိုက်ထား၏။

အချိန်အတန်ကြာသွားပြီ။

တစ်ခန်းလုံး အပ်ကျသံကြားအောင် တိတ်ဆိတ်နေ၏။

(၁၀)မိနစ်ခန့်ကြာပြီးသောအခါ

''ကိုင်း သင်္ချာကထိကကြီးခင်ဗျာ လူကြီးမင်းပေါင်းပြီး အဖြေထုတ်ထားသည့် ဂဏန်းများ မှန်မမှန် တစ်ရွက်ခြင်းပြန်လှန်ကြည့်လိုက်ပါ ခင်ဗျာ၊ အဟင်း ဟင်း ဟင်း''

ပုံပျက်ပန်းပျက်ရသေ့ကြီး စကားဆုံးသည်နှင့် သင်္ချာဆရာ ကိုကြည်အေးက စာရွက်တစ်ရွက်ကို ကောက်ယူ၍ လှန်ကြည့်လိုက်၏။

''ဟင်''

''ဟား ဟား ဟား ဟား နောက်တစ်ရွက် လှန်ဖတ်ကြည့်လိုက်ပါ





သင်္ချာကထိကကြီးရ လုပ်ပါကွ ငါ့လူရ''

သင်္ချာကထိက ကိုကြည်အေးသည် စာရွက်ပေါ်မှ ဂဏန်းကို ကြည့်ပြီးကြောင်နေ၏။ ၎င်းနောက် ပြန်ကြည့်ပြန်၏။ သူ့မျက်နှာပေါ်မှာ အံ့သြရိပ်များ ယှက်သန်းနေ၏။

သည့်နောက် ဒုတိယမြောက်စာရွက်ကို ကောက်ယူပြီး အလျင်အမြန်ဖတ်ကြည့်လိုက်၏။

''ဟာ''

''ဟား ဟား ဟား ဟား ဟား''

''ဟီး ဟီး ဟီး ဟီး အဟတ် အဟတ် ဘယ့်နှယ့်မောင်ရင် သင်္ချာကထိကဆို။ လွယ်လွယ်လေးပါဆို၊ ကိုင်း ကိုယ့်လူပေါင်းထားတဲ့ ဂဏန်း မှန်ရဲ့လား၊ မှန်ရဲ့လား။ ရဲရဲပြောလေကွာ ပြောစမ်းပါ သင်္ချာဆရာကြီးရ ဟား ဟား ဟား''

ပုံပျက်ပန်းပျက်ရသေ့ကြီးသည် စာရွက်နှစ်ရွက်ကိုင်ပြီး လက်တုန်နေသည့် သင်္ချာဆရာရဲ့ မျက်နှာကိုကြည့်ပြီး လက်ညှိုးထိုး၍ အားရပါးရ အော်ဟစ် ရယ်မောနေတော့၏။

''ကိုင်း ကိုင်း ကိုယ့်ဆရာ မောင်ရင့်ရဲ့ လူများကို သက်သေအနေနဲ့ ထောက်ခံရအောင် စာရွက်ကို ပြလိုက်ပါဦးကွာ လုပ်ပါ''

ဦးစွာ ကိုကြည်အေးက သူ့အနီးရှိ ကိုရွှေပဗေဒကို စာရွက်နှစ်ရွက် ပြလိုက်၏။ ကိုရွှေပဗေဒ စာရွက်ပေါ်မှ အဖြေများကိုကြည့်ပြီး အံ့သြနေ၏။ သည့်နောက် ပန်းချီဆရာနှင့် ပါမောက္ခကြီးတို့က ယူကြည့်ပြန်၏။ သူတို့ မျက်နှာများလည်း လွန်စွာအံ့သြနေ၏။

နောက်ဆုံး ကျွန်ုပ်ထံသို့ အဖြေစာရွက်နှစ်ရွက် ရောက်လာ၍ ကျွန်ုပ်သေသေချာချာ ဖတ်ရှုလိုက်သောအခါ

''အလိုလေး မြတ်စွာဘုရား''

စောစောတုန်းက ကျွန်ုပ်တို့အားလုံး သေသေချာချာစစ်ဆေး၍ ကြည့်လိုက်စဉ်က–

www.burmeseclassic.com



၁ + ၂ = ၃

၄ + ၅ = ၉ ဖြစ်၍ လုံးဝကို မမှားခဲ့။

ယခုကျွန်ုပ်တို့ အားလုံးမြင်လိုက်ရသည့် စာရွက်နှစ်ရွက်ပေါ်မှ သင်္ချာအပေါင်းအဖြေများကား

၁ + ၂ = ၄

၄ = ၅ = ၅ ဖြစ်နေလေသတည်း။

အံ့ဩစရာကောင်းသည်ကား ၁ + ၂ = ၃ ဂဏန်းသည် လက်ဝဲဘက်လှည့် (၃) ဂဏန်းဖြစ်မနေဘဲ လက်ယာဘက်လှည့် (၄) ဂဏန်းဖြစ်သွားသကဲ့သို့၊

၄ + ၅ = ၉ ဂဏန်းမှာလည်း အဖြေ (၉)ဂဏန်းသည် လက်ယာဘက်သို့ မျက်နှာမူရမည့်အစား လက်ဝဲဘက်သို့ နောက်ပြန်လှည့်၍ ထူးဆန်းစွာ (၅) ဂဏန်းဖြစ်နေသည်ကို မြင်လိုက်ရသောအခါ

"ဟား ဖား ဟား ဟား"

"ဟီး ဟီး ဟီး ဟီး"

"အဟစ် ဟစ် ဟစ် အဟက် အဟက် ဟော့ကောင်တွေ ငါတတ်တာ သူငယ်တန်းအဆင့် ဂမ္ဘီရပါကွ။ မင်းတို့ ငါ့ဆရာပဋ္ဌမံဘိုးဘိုးအောင် အပါအဝင် အခြားဆရာသခင်များနဲ့တွေ့ရင် မင်းတို့အားလုံး ဖင်ဘူးတောင်းထောင်ပြီး ဦးကုန်းချရမှာ အကြိမ်တစ်သိန်းပဲကွ"

မောင်ညိုမှိုင်း (သန်လျင်)

ဂမ္ဘီရလောကမဂ္ဂဇင်း၊ ၂၀၀၈ အောက်တိုဘာလ

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

# (၁)

တစ်နေ့သောအခါ ကျွန်ုပ်တို့တောမြို့ ဈေးကလေးအတွင်းသို့ စိမ်း ဝေဒနာသည်ကြီးတစ်ယောက် ရောက်လာခဲ့၏။ ဈေးဝယ်၊ ဈေးသည်များ စည်ကားနေသည့် နံနက်ပိုင်းအချိန် ဖြစ်လေသည်။ သူဝင်ရောက်လာ ကလည်း အဆိုကလေးနှင့် ဖြစ်လေ၏။

"ရွှေဖူးညီနောင် xxx ဖောင်တော်စီးပါလို့ xxx ရေလှိုင်းတွေ တဖွေးဖွေး xxx နတ်နန်းရယ်သာလှတယ် xxx ရွှေနန်းရယ်သာလှတယ် xxx ဆီးကြိုပါ နှမတော်များရယ် xxx ဆီးကြိုပါ ညီမတော်များရယ် xxx ယီးလေးလေး xxx ယီးလေးလေး xxx ယီးလေးယီးလေး x ယို xxx "

သူသည် ဖော်ပြပါ နတ်ချင်းကို အသံဝါကြီးနှင့်ဟစ်၍ အော်ပြီး ဈေးအရှေ့ဘက်အပေါက်မှ ဈေးအတွင်းသို့ ကခုန်၍ ဝင်လာလေ၏။





လူကြီး၏ပုံသဏ္ဌာန်ကား မျက်နှာလေးထောင့်ကြီးဖြစ်၏။ ဆံပင်ဖြူးစေ့နှင့်တူ၏။ သူ့ဦးခေါင်းပေါ်မှ ဆံပင်များသည် ဖွာလန်ကြဲ၍ ကုပ်ထောက်နေ၏။ နှုတ်ခမ်းမွေးဖြူဖြူကြီးသည် ကွမ်းတံတွေးများနှင့် ညစ်ပေနေ၏။

ကြေး(ကိုး)လက်လေးသစ် တက်နေပြီး လွန်စွာ နံဟောင်လှသည့် အညာဖျင်ကြမ်းတိုက်ပုံကြီးကို ရင်ဘတ်ဟပြနှင့် ဝတ်ထားရကား သူ့ရင်ဘတ်ပေါ်မှ အင်းစမကွက်ကြီးများကို လူတိုင်းက အထင်းသား မြင်နေရလေ၏။

ပုဆိုးကား အရောင်နှင့်အကွက် မပေါ်တော့ဘဲ အောက်နားများ ကွဲကာ အပေါက်ပေါက်ရှုနှင့် ဖြစ်၏။ ၎င်းပုဆိုးကို ဒူးပေါ်ပေါင်ပေါ်ဝတ်၍ လွယ်အိတ်ညိုကြီးကိုလွယ်ပြီး ဖော်ပြပါသီချင်းကို ထပ်ကာထပ်ကာ ကျူး၍ ကနေလေ၏။

ထို အဆိုကျော်လူကြီး ဝင်လာ၍ နဂိုရှာခံ စိတ်မနှံ့သူများ ဖြစ်ကြသော မသောင်း၊ ကတုံးပြောင် မင်းကြည်လှိုင်၊ အင်္ဂလိပ်လိုပြောပြောပြီး စီးကရက်တဖွာဖွာနှင့် ပြောချင်ရာ လျှောက်ပြောနေသော ကိုမွေးရင့် တို့သည်။ လန့်၍ဈေးထဲမှ ပြေးကြလေ၏

ဒေါ်သောင်းက လေဘာတီမမြရင်သီချင်းများ ဆို၍ က၏။ ကတုံးပြောင် မင်းကြည်လှိုင်က ကျောက်စရစ်ခဲများကို လက်ဝါးနှင့်ဆုပ်ပြီး တတ်လုံးဟုပြောကာ လူတွေ လျှောက်ဝေ၏။ ပြီးလျှင် 'တစ်ကျပ်' ဟု လက်ဝါးဖြန့်တောင်း၏။ မွေးရင့်ကတော့ တစ်မူထူး၏။ အမြဲတမ်း ခါကီရောင် ဘောင်းဘီတိုကြီး ဝတ်၏။ ကင်းဘတ်ဖိနပ်အစုတ်ကို စီးထား၏။ နက်ကတိုင်ဆွဲထား၏။ အင်္ကျီကားမပါ။ ရင်ဘတ်မွေး ညည်းမည်းများက ဝက်မွေးကဲ့သို့ ထူပိန်းနေ၏။

ခေါင်းပေါ်မှာ အင်္ဂလိပ်အရေးပိုင်များ ဆောင်းသည့် ဖော့ဦးထုပ်ဆောင်းထား၏။ ပြီး... စီးကရက်ကိုခဲ၍ တွေ့သမျှလူကို အင်္ဂလိပ်လို

www.burmeseclassic.com



မှတ်လေ၏။ မှတ်သမျှ ပါးစပ်မှ အမြှုပ်ထွက်အောင် မှတ်ရကား အမြှုပ်များသည် အမြဲတမ်း ပါးစပ်မှာပေကျံနေ၏။

ထိုသူသုံးဦးတို့သည် ဈေးလယ်ကောင်မှာ သီချင်းဆို၍ ကခုန်နေသည့် ဖျင်ကြမ်းတိုက်ပုံနှင့်လူကြီးကို မြင်သော် လွန်စွာ အံ့ဩကြကုန်၏။ ပွေးရင့်က ဘိုလိုမှတ်၍ သွားရောက်နှုတ်ဆက်၏။

ထိုအခါ ဖျင်ကြမ်းတိုက်ပုံဝတ်လူကြီးက ကုလားလို ပြန်မှတ်လိုက်သောအခါ မျက်နှာကိုတံတွေးများစင်၍ ပွေးရင့်ပြေးလေ၏။

ဒီနောက် အင်္ဂရိတ်ရှူး ကတုံးမင်းကြည်လှိုင်က အဘိုးကြီးအနီးသို့ တိုးကပ်သွားပြီး. . .

"တပည့်ကြီး"

"ဘာတုံးဗျား ဆရာကြီးရ"

ဟန်ကျလှပေ၏။ သူတို့အချင်းချင်း တပည့်ခေါ်လိုက်၊ ဆရာကြီးခေါ်လိုက်နှင့် ဈေးလယ်မှာ လွန်စွာ သင့်မြတ်နေကြ၏။

"လက်ဝါးဖြန့်လိုက်စမ်းကွယ့်"

ဖျင်ကြမ်းတိုက်ပုံနှင့် လူကြီးကလက်ဝါးဖြန့်၏။ ထိုအခါ မင်းကြည်လှိုင်က ကျောက်ခဲတစ်လုံးကို လူကြီးလက်ဝါးထဲသို့ ထည့်ပေးလိုက်၏။

"ဒါ ဘာတုံး ဆရာကြီးကိုကတုံးရ"

"ဒါ သိဒ္ဓိဝင်ဓာတ်လုံးပဲကွ တပည့်ကြီးရ။ ဒီလို ဓာတ်လုံးမျိုးကို ငါနဲ့ ရှင်အဇ္ဇဂေါဏ နှစ်ဦးပဲပိုင်ကြတာ။ အခု ပဋ္ဌာန်းဆက်ကြုံလို့ တပည့်ကြီးကို ဆရာချီးမြှင့်တာ။ ရော့. . . သိမ်းထား၊ ပေး. . . ငွေတစ်ကျပ်"

ထိုအခါ ဖျင်ကြမ်းတိုက်ပုံနှင့်လူကြီးက လက်ဝါးထဲမှ ကွမ်းသီးတစ်လုံးခန့် ကျောက်စရစ်ကို သေချာကြည့်နေ၏။

"ဒါ ဓာတ်လုံး ဟုတ်လား"

"အိမ်း ပေး. . . ငွေတစ်ကျပ်"

"သိဒ္ဓိမြောက်တယ် ဟုတ်လား"

"အိမ်းကွယ့် ပေး. . . ငွေတစ်ကျပ်"





"ဘာလို့တောင်းတာလဲဟင်"

"ဆောင်ထားရင်လေး၊ သွေးသောက်ရင်ပါး၊ ရေစိမ်သောက်ရင် တစ်နေ့လုံး ရှုံးရှုံးပေါက်သကွယ့်။ ပေး. . . ငွေတစ်ကျပ်"

ဒီမှာ ဖျင်ကြမ်းတိုက်ပုံနှင့် လူကြီးက ဓာတ်လုံးဆိုသော ကျောက်ခဲကို ပါးစပ်ထဲထည့်ပြီး ကြိတ်ဝါးလိုက်ရာ တဂွပ်ဂွပ်မြည်သံများကြားရပြီးနောက် ပါးစပ်မှထွေးယူပြီး ကတုံးမင်းကြည်လှိုင်လက်ထဲ ပြန်ထည့်ပေးလိုက်သောအခါ ကျွန်ုပ်တို့ဈေးဝယ်များ၊ ဈေးသည်များပင် အံ့ဩသွားကြလေ၏။

"အဲဒါ မင်းလိုချင်တဲ့ တစ်ကျပ်ပဲ၊ ယူသွား"

ကတုံးမင်းကြည်လှိုင်က ကြေမွသွားသည့် သူ့ဓာတ်လုံး ကျောက်စရစ်ခဲအကြေများကို ကြည့်ပြီး တစ်ချိုးတည်း ပြေးလေ၏။

မကြာခင် ဒေါ်သောင်းနှင့် ဖျင်ကြမ်းဝတ်လူကြီးတို့ မျက်နှာချင်းဆိုင်မိကြလေ၏။

ဒေါ်သောင်းသည် မြရာရွက်များကိုသီ၍ လည်ပင်းမှာပဝါလိုလုပ်တင်ရင်း အငြိမ့်မင်းသမီး လေဘာထိမမြရင်၏ သီချင်းကို ဟစ်လေ၏။

"အီဂျစ်နဲ့ အင်္ဂလန် xxx နိုင်ငံခြားကို xxx မောင်သွားထားပါလား xxx သူတစ်ပါး xxx မကြည့်စေချင် xxx စာရေးတဲ့ဆရာတောင် အိမ်မလာရအောင် xxx သူပြောထားသလား xxx ပျိုတစ်ပါး မသိအောင် xxx ဝါသနာကို မတားနဲ့တော့ရှင် xxx ဒီလိုနေတာ xxx အများကပင် xxx သနားကြတယ် xxx မမြင်ရင် xxx ကျွန်မကချင် xxx သည်းခံတော့ ဘိုကေလင် xxx"

အဲဒီအချိန်မှာပဲ လူစွာကြီး ဖျင်ကြမ်းတိုက်ပုံဝတ်လူကြီးသည် ဟန်ပန်နှင့် သီချင်းဆိုကနေသည့် ဒေါ်သောင်းအနီးသို့ ဖြုန်းခနဲ ပြေးဝင်လာပြီး–

"ချစ်လေမျှကို xxx ဟို. . .ဟို. . .မြင့်မိုရ်ရွှေတောင်လုံးသာပ xxx ဟာ. . .ဟာ. . .လေးဆူဒီပါ xxx သီတာရေမြေ xxx ဟေဟေ x

www.burmeseclassic.com



xx ဆုံးပါစေတော xxx ဟော့. . .ဟော့။ မြကလေးကို ကိုကိုကျော် ။
xx မမုန်း ဟုန်း .xxx ဟုန်း''

အာဂလူကြီးပေတည်း။ ဒေါ်သောင်း၏ လက်ကိုဆွဲ၍ 'ချစ်သမျှကို' ပတ်ပျိုးကို ဟစ်ပြီး စုံတွဲကရန် လုပ်လေသော် ဒေါ်သောင်းသည် အထင် ရဲလွန်းလှသည့် ဖြူတ်စဗျင်းတောင်းလက်ကို မြင်ပြီး သူ့လက်ကိုရု ရုန်း၍. . .

''အမလေး. . . လုပ်ကြပါဦး။ ကျွန်မကို ဗလက္ကာယ လုပ်နေလို့''

သို့ကလို အော်ပြီး လူထုကြားတို့၍ ပြေးလေ၏။ ထိုအခါ ဖျင်ကြမ်း ဝတ်လူကြီး အားရပါးရဟစ်၍ ရယ်လေ၏။

❀ ❀ ❀ ❀ ❀

# (၂)

ဦးတိုက်ပုံသည် ငါးစိမ်းတန်းသို့ ဝင်၍ကာ၏။ ၎င်းနောက် သစ်သီး တန်းသို့ဝင်၍ ဆို့ကာ၏။ ပြီးသော် ကုလားကုန်စုံဆိုင်များရှေ့မှာ ဆိုပြီး ကာ.လေ၏။

ဒီနောက်. . .

မုန့်ဟင်းခါး၊ အသုပ်ရောင်းသည့် ဆိုင်များရှေ့မှာ ကပြန်၏။

''ဟော့. . . မုန့်ဟင်းခါးသည်''

''ဟော့. . . မုန့်ဟင်းခါးသည်''

''ဘာတုံး၊ ဘာတုံး''

မုန့်ဟင်းခါးသည် မကြိုးထုံးက ဈေးရောင်းရင်း လှမ်းအော် လိုက်၏။

''ငါ့ကို ဗယာကြော်နှစ်ခုနဲ့ နှစ်ပန်းကန်ထည့်''

''ပိုက်ဆံပါလို့လား''

---

www.burmeseclassic.com



''နောင်နှစ်လာပေးမှာပေါ့''

''ဟား...ဟား...ဟား...မကြီးထုံး၊ ရောင်းလိုက် ရောင်းလို အတိုးပါရမယ်ဗျ''

အနီးဆိုင်မှ လူအချို့က လူကြီးအပြောကို သဘောကျ၍ ေ ပြောကြ၏။

''ဟဲ့...ဒါ အကြွေးရောင်းတဲ့ဆိုင် မဟုတ်ဘူး၊ သွားသွား''

''အကြွေးမရောင်းရင် လက်ငင်းလှူပါလား''

''ဟဲ့... အရင်းတောင်မရသေးဘူး အစုတ်ပလုပ်ရဲ့၊ သွားသွ ဘယ်ကလဲ မသိပါဘူးတော်၊ သင်းရောက်လာတာနဲ့ တစ်ဈေးလုံးကိုပြော ဆန်သွားတာပဲ။ သွား...''

ဒေါ်ကြီးထုံးက အော်ငေါက်လွှတ်လိုက်၍ ဖျင်ကြမ်းဝတ်လူကြီ နောက်တစ်ဆိုင်သို့ ပြောင်းလေ၏။

ငင်းဆိုင်ကား အုန်းနို့ခေါက်ဆွဲရောင်းသည့် ဒေါ်မဲတူးတို့ဆိုင်ဖြစ် လူကြီးသည် မီးသွေးရောင်၊ သပိတ်သားရောင်ပေါက်နေသည့် ဆိုင် ဒေါ်မဲတူးကို ကြည့်ပြီး...

''ဟဲ့... နင်က ဘာရောင်းတာလဲ''

''တော် ဘာလုပ်မလို့လဲ''

''မီးသွေးဝယ်ချင်လို့ပါဟ''

''ဘာ... တော်က ကျုပ်ကို...ကဲဟာ''

ဒေါ်မဲတူးက သူ့ကိုကြည့်ပြီး 'မီးသွေးသည်' ဟု ပြောလိုက် လွန်စွာစိတ်ဆိုးသွားပြီး ပန်းကန်ဆေးရေများနှင့် ပက်လိုက်ရာ လူကြီး ကိုယ်လုံး အညစ်အကြေးရေများ ရွှဲရွှဲစိုသွားလေ၏။

''အိမ်း... သာဓု သာဓု သာဓု၊ ခုမှပဲ အဆိုက်ပြေသွားသ မမီးသွေးရဲ့၊ ကျေးဇူးပါပဲဟာ၊ ငါ့ကို အုန်းနို့ခေါက်ဆွဲ ကြက်သားဖ များများနဲ့ တစ်ပန်းကန် ထည့်ကျွေးစမ်းဟာ။ ဆာလွန်းလို့''

''ပိုက်ဆံနဲ့ ဝယ်စားမှာလား''





''ဘယ်လောက်မို့လို့တုံးဟ''

''တစ်ပွဲကို ငါးမူး''

''ဆယ်ပြားပဲ ရှိတယ်ဟ''

''သွား... ခုထွက်သွား၊ မသွားရင် မီးသွေးမီးကျီးခဲနဲ့ ပစ်ထည့် တ်မယ်။ ဒီမှာတွေ့လား''

ဒေါ်မဲတူးသည် ဆိုင်ရှေ့လာ၍ ကကျိုးကကျော် လုပ်နေသည့် ကြမ်းဝတ်လူကြီးကို ဒေါသဖြစ်လာပြီး မီးဖိုမှမီးသွေးများကို ညှပ်နှင့် မ်းညှပ်ယူလာ၍ ထောင်ပြလိုက်သည်။

လူကြီးသည် မီးကျီးခဲကိုမြင်သော် လန့်သွား၏။ ဒီနောက် အုန်းနို့ ေါက်ဆွဲထိုင်စားနေသည့် မိန်းမတစ်ဦးအနီးသို့ တိုးကပ်သွားလေ၏။

''ဟေ့... နှမကြီး''

''အေ့...''

ဖျင်ကြမ်းဝတ်လူကြီး၏ ကိုယ်နံ့ကန့်လွန်း၍ စားနေသူမိန်းမ အော့ န်လေ၏။

''ငါ့ကို နှစ်ဖွန်း၊ သုံးဖွန်းကျွေးပါဟ''

''အေ့... ဝေါ့ ... ဝေါ့ ... အမယ်လေးနံလိုက်တာ၊ ဝေါ့... ားဟ''

ထိုမိန်းမသည် နံဟောင်လွန်းလှသည့် လူကြီး၏ကိုယ်နံ့ကို မခံနိုင် သည့်အဆုံး စားလက်စ ပန်းကန်ကို ဒေါသထွက်ထွက်နှင့် မြေပြင်မှာ ပစ်လိုက်ပြီး မုန့်ဖိုးပိုက်ဆံပေးကာ နှာခေါင်းပိတ်၍ ထွက်သွားလေ၏။

သို့ဖြစ်၍ ဒေါ်မဲတူးတို့မိသားစုက သို့ကလို လိုက်လံ နှောင့်ယှက် လုပ်နေသည့် ဖျင်ကြမ်းဝတ်လူကြီးကို အော်ငေါက်လွှတ်လိုက်ကြ၏။ သည့်အဆုံး ဈေးခေါင်းကို သွားတိုင်ကြ၏။

လူကြီးသည် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်၍တောင်း၏။ သည့် ဈေးသည်ကမျှ မကျွေးကြ၊ မပေးကြ။

မရသော် စားနေသူများကို ထွက်တောင်း၏။

www.burmeseclassic.com



နောက်ဆုံး ဈေးခေါင်းနှင့်အဖွဲ့က ဈေးအတွင်း ရှုတ်ရှုတ်သဲသဲ ဖြစ်အောင် လိုက်လုပ်နေသည့် မည်သည့်အရပ်သားမှန်း မသိရသော စုတ်ပြတ်နံ့ဟောင် လူကြီးကိုဆွဲ၍ ဈေးအတွင်းမှ မောင်းနှင် ထုတ်ပ ရလေသည်။

ဈေးအပြင်သို့ ရောက်သောအခါ ဖျင်ကြမ်းဝတ်လူကြီးက လက်ဖ နှစ်ခုကိုအုပ်၍ အော်လန်လိုလုပ်ပြီး ဟစ်ပြန်၏။

``ဟေ့. . . သားတို့ သမီးတို့ အမျိုးကောင်းသားတို့ရဲ့။ ယက် ကြား ငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမမယ် ဆိုရိုးစကားရှိသကွယ့်။ ရတနာသုံးပါး မြဲမြဲကြ။ အနန္တောအနန္တငါး မမေ့ကြနဲ့။ ဒါန၊ သီလ၊ ဘာဝနာ ခါးဝတ်ပုဆိုးလို မြဲကြဟဲ့။ လူသတ္တ များအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားကြလေကွယ့်၊ ငါ့သားမျ ငါ့သမီးများအားလုံး ကျန်းမာ ချမ်းသာကြပါစေဗျာ။ ဒါကြောင့်လေ. .

``စံပယ်တဲ့လေးရဲ့ x x x မမလေး မပန်ထိုက်တယ် x x x ပြတ်နိုက်ကြ x x x အပွင့်ရယ်ကုန် x x x တစ်ငုံကျန်ပါသေးတယ် x ပန်ချင်သူအရွယ်ကောင်းတို့ရယ် အချိန်မီ အရွယ်ကောင်းတို့ရယ် x x ခေါင်းဖြီးခဲ့လေ။ ဒီမှာဟေ့ စိတ်ရောကိုယ်ပါ ခဝါချသန့်စင် ခေါင်းဖြီးခဲ့လေး x x x ဟေး. . . ဟေး. . . လေး''

ဖျင်ကြမ်းဝတ်လူကြီးက ပါးစပ်မှ စကားဆန်းများကို ပြောလို သီချင်းများကို ဆိုလိုက်နှင့် ပြန်ခဲ့ရင်း လမ်းထိပ်သို့ ရောက်လာခဲ့လေ

ဓ ဓ ဓ ဓ ဓ

# (၃)

ထိုအချိန်၌ ကျွန်ုပ်၏မဲဘားအိမ်မှ မုန့်လက်ဆောင်းသည့် ဒေါ်ချစ်မြ အည် သူမွေးထားသည့် ဝက်ကလေးကို အစာကျွေးရန် ဟင်းကျန် ထမင်းကျန်များကို ဝက်စာခွက်ထဲသို့ ထည့်ရန်ပြင်နေ၏။

``ဟေ့ဟေ့. . . သမီး. . . သမီး''

ခြံဝဆီမှ ကျယ်လောင်စွာ အော်လိုက်သည့်အသံကြောင့် ဝက်စာ ကျွေးရန် ပြင်နေသူ ဒေါ်ချစ်မြ တန့်သွားပြီး လှမ်းကြည့်လိုက်သောအခါ စိတ်မနှံ့သူလိုလို ပုံမကျပန်းမကျ ဖြူတ်စဖျင်းတောင်း အဘိုးကြီး တစ်ဦးကို မြင်လိုက်ရ၏။

လူကြီးမှာ ရင်ဘတ်ဟပြဲကြီးနှင့် ဖြစ်၏။ ရင်ဘတ်ပေါ်မှာ အင်းစ များကို မြင်ရ၏။

``ဟေ့. . . သမီး နေဦး''

``ဘာတုံး ဘကြီး''

``ညည်း. . . ဝက်စာကျွေးမလို့လားဟေ့''

``ဟုတ်တဲ့ရှင့်''

www.burmeseclassic.com



"အတော်ပဲဟာ၊ ငါလည်း ဆာနေတာနဲ့။ ဒီမှာသမီးရဲ့ အဲဒီ ဝက်စာထဲက တစ်ဝက်ကို အဘကျွေးစမ်းလဟာ။ ဆာလွန်းလို့ပါ"

"ရှင်. . . "

လူကြီးက ဝက်စာကျွေးရန် ထည့်ထားသည့် ဇလုံထဲမှ ထမင်းကျန် ဟင်းကျန်များကို ကြည့်ပြီး သွားရည်များကျနေ၏။

"လုပ်ပါဟ သမီးရ"

ထိုလူကြီးက ဇလုံကို လှမ်းယူရန် လုပ်နေ၏။

"အဘ၊ ဒါဝက်စာတွေ။ ထမင်းကျန်၊ ဟင်းကျန်တွေ"

"ဝက်တောင် စားလို့ရသေးဥစ္စာ၊ ငါလည်း စားရင်ရပါတယ်ဟာ တစ်ဝက်သာ ကျွေးစမ်းပါ သမီးရ"

ကျွန်ုပ် ကြားနေ၊ မြင်နေရသည့် မြင်ကွင်းကိုကြည့်ပြီး လွန်စွာ အံ့ဩရ၏။ နောင် ကျွန်ုပ် အစအဆုံး သိရသမျှကို အစီအစဉ်အတိုင်း ရေးပြရသော်. . . ။

ဒေါ်ချစ်မြသည် ထိုလူကြီးကို ကြည့်ပြီး သနားသွား၏။

လူကြီးရဲ့ အသွင်သဏ္ဌာန်က အလွန်ဆာနေလောင်နေသည့်ပုံ။

"အဘ"

"ဟေ"

"အဘ သိပ်ဆာနေလို့လား"

"အိမ်း. . . ဗိုက်ထဲမှာ အူတွေစစ်ဖြစ်နေကြပြီဟ သမီးရ"

"နေဦးအဘ၊ အဘ ဒီမှာခဏထိုင်ပါ။ ဒါက ဝက်စာ အဘစားလို့ မကောင်းဘူး။ သမီးယောက်ျားဖို့ ချန်ထားတဲ့ထမင်း ရှိနေတယ်။ အဲဒါ အဘ တစ်ဝက်စားသွား"

ဒေါ်ချစ်မြသည် ဝက်စာများအား ဝက်စားခွက်ထဲသို့ အကုန်သွန် ထည့်လိုက်ပြီး အိမ်ပေါ်သို့ အမြန်ပြေးတက်သွား၏။ ၎င်းနောက် ဘဲ့ ချဉ်ရည်ဟင်းနှင့် ထမင်းတစ်ပန်းကန် ယူလာ၏။

"အဘ ဒါကိုစားပါရှင်"





ဖျင်ကြမ်းဝတ်လူကြီးက ဒေါ်ချစ်မြလက်မှ ထမင်းပန်းကန်ကို ဆတ်ခနဲ လှမ်းယူလိုက်ပြီး အငမ်းမရ စားလေ၏။ ပြီးနောက် ဒေါ်ချစ်မြ ထိုက်သည့် ရေကိုသောက်လေ၏။ ငါးမိနစ်ခန့်အတွင်း တစ်ပန်းကန်ပြောင် သွား၏။

"ဝရဲ့လားအဘ"

"ရှိသေးလို့လား သမီးရဲ့"

"ရှိသေးတယ် အဘ၊ ပန်းကန်ပေး"

"တော်ပါပြီ သမီးရယ်၊ ညည်းယောက်ျား ပြန်လာရင်စားဖို့ ချန်ထားလိုက်ပါ။ သမီးကို အဘကျေးဇူးတင်တယ်။ အင်း. . . လောကမှာ သမီးလို လူမျိုးလည်း အများကြီးရှိမှာပါလေ။ ဒါနဲ့ ငါ့သမီး နံမည် ဘယ်သူ. . .

"မချစ်မြလို့ ခေါ်ပါတယ် အဘ"

"အလုပ်ကကောကွယ့်"

"နေ့လယ်နေ့ခင်းကျရင် ရွာထဲရပ်ထဲမှာ မုန့်လက်ဆောင်း လိုက် ရောင်းပါတယ်ရှင်"

"အိမ်း. . . အဘပြန်မယ်"

"အဘ"

"ဟေ"

"အဘကကော နံမည် ဘယ်လိုခေါ်သတုံး"

"အင်း. . . ဘတိုက်ပုံပေါ့ကွာ။ အဟမ်း. . . အဟမ်း"

"နေတော့ကောဟင်"

"ရောက်ရာအရပ်က ငါ့အရပ်ပေါ့ သမီးရယ်"

"နောင်ကြုံလို့များ ဆာရင် သမီးအိမ်မှာ ဝင်စားပါအဘ။ သမီး ယောက်ျားကလည်း စိတ်ကောင်း စေတနာကောင်း ရှိပါတယ်ရှင်"

"အိမ်းအိမ်း. . . သာဓု သာဓု သာဓု၊ သမီး လက်ဝါးဖြန့်စမ်းဟဲ့"

ဘာမှန်းမသိ၍ လက်ဝါးဖြန့်ပေးလိုက်၏။ ဒီမှာ လက်ဝါးပေါ်သို့

www.burmeseclassic.com



လက်စွပ်တစ်ကွင်း ရောက်လာ၏။ ကြည့်လိုက်တော့ သံပြောင် လက်
တစ်ကွင်း၊ အပေါ်မှာ 'အရဟံ' ဟု ရေးထိုးထား၏။

"သမီး ဒါ ရွှေလက်စွပ်ကွယ့်"

"ရှင်. . . "

သံပြောင်လက်စွပ်ကြီးအား ရွှေလက်စွပ်ဟု ပြောနေ၏။ ပြော
စေလေ၊ သူမ မဟုတ်ဘူးဟု ပြန်မပြောလိုတော့။ စိတ်မနှံ့ပုံရသ
သနားစရာလူကြီးက ကိုယ့်အဘိုး၊ အဖေအရွယ်ပဲဉစ္စာ။ သူ စိတ်
သာရင် ပြီးရောပေါ့။

" အကြောင်းရှိလို့ လိုအပ်ရင် ထုမွဲရောင်းချစား။ လှူလ
လှူဟဲ့။ ဒီမှာ သမီးရဲ့ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်
ကျန်တဲ့ငါးမှ ဘုရားမ, မတဲ့ကွ။ ရတနာသုံးပါး ဆည်းကပ် ပူဇော်ကျ
အနုဿောအနုဿငါးပါး မမေ့နဲ့ဟ။ ဖရုသဝါစာဆိုတဲ့ ရှန့်ရင်းကြမ်း
သော စကားများ ဘယ်တော့မှ မပြောနဲ့။ ပိယဝါစာ ချစ်ဖွယ်
စကားကို မိုးလင်းရင်ပြော။ မေတ္တာပို့၊ ဒါန, သီလ, ဘာဝနာ အ
တိုင်း ကြံ့တိုင်းလုပ်ဟဲ့။ သိကြားနတ်များ ငါ့သမီးကို စောင့်ရှောက်
မကွယ်။ သွားပပေ့"

ဖျင်ကြမ်းဝတ်လူကြီးသည် သူ၏ ဗဟုဒ္ဓိပုံသွင်နှင့် မလိုက် တ
ရှိပြီး လေးနက်လှသော စကားများကို အားရပါးရ ပြောဆို ဆုံးမပြီးနေ
လွယ်အိတ်ကြီးကို ကောက်လွယ်ကာ 'ဆင်းရဲခြင်း လွတ်ကင်းအေ
လမ်းပြဆောင်ပါမည်' ဟူသော နဂါးနီသီချင်းကို အသံဝါကြီးနှင့် အေ
ကာ ထွက်သွားခဲ့လေသည်။

❀ ❀ ❀ ❀ ❀



(၄)

"ချစ်မြရေ"

"ဘာတုံး ကိုဘမောင်"

"ဝါဆိုလထဲ ရောက်လာပြီဟ"

"အဲဒါ ဘာဖြစ်တုံးတော့"

"ညည်းမှာ စုထားတာ ပိုက်ဆံဘယ်လောက်ရှိသလဲဟ"

"အဲဒါ ဘာဖြစ်တုံးတော့"

"ညည်းမှာ စုထားတာ ပိုက်ဆံ ဘယ်လောက်ရှိသလဲဟ"

"ငွေတစ်ရာကျပ်လောက်တော့ ရှိတယ်၊ ရှင်ဘာလုပ်မလို့လဲ"

"ငါ့မှာလည်း ငါးဆယ်လောက် ရှိတယ်။ ဝါဆိုသင်္ကန်းကပ်မလား
လို့ကွ"

"ကောင်းတာပေါ့ ကိုဘမောင်ရယ်၊ ဒါပေမယ့် ငွေ (၁၅၀) ကျပ်နဲ့
သင်္ကန်းဝယ်ရမှာရယ်၊ ဘုန်းကြီးဆွမ်းကပ်ရမှာရယ်ဆို လောက်
ပါ့မလားတော်"

"ဝက်ကလေးကို ရောင်းလိုက်ရင်ကော"

www.burmeseclassic.com



"နေဦးတော်၊ ကျွန်မရဲ့ အဝတ်အစားအချို့ပေါ်ပါရင် ရမလား မသိဘူး"

ဒီနောက်တွင် ဒေါ်ချစ်မြက သူမ၏ အဝတ်အစားထည့်သည့် သံသေတ္တာလေးကို သွားဖွင့်ကြည့်လိုက်သောအခါ. . .

"ဟင်"

သူမအဝတ်ပုံပေါ်မှ လက်စွပ်လေးကို ကောက်၍ ကြည့်လိုက်၏

အလို. . . ဟိုအဘကြီးပေးသွားသည့် သံပြောင်လက်စွပ်လေး အခု ဝင်းအိနေပါကလား။

"ချစ်မြ ဘာဖြစ်နေတာလဲ"

"ကိုဘမောင်ရေ ဒီမှာကြည့်စမ်း၊ ဟို. . . ဟိုစိတ်မနှံ့သော အဘကြီး ပေးသွားတဲ့ သံပြောင်လက်စွပ်ကို ရှင်. . . ရှင် ပြန်ကြည့်စမ်း ပါတော်။ ဘုရား ဘုရား"

"ပြစမ်း"

ဦးဘမောင်က သူ့ဇနီးလက်ထဲက လက်စွပ်လေးကို ယူကြည့် လိုက်၏။ အလေးချိန်အိနေ၏။ လက်ဝါးမှာ ပွတ်၍ ရှုကြည့်၏။ ကြေး သံစော်မနံ့။

"ချစ်. . . ချစ်မြ၊ ဒါ. . . ဒါ ရွှေဟ"

"ဟုတ်ရဲ့လား ကိုဘမောင်ရယ်၊ ဟိုအဘကြီးပေးသွားတာ သံပြောင် လက်စွပ်ဥစ္စာ။ ရှင့်ကိုတောင် ကျွန်မ အဲဒီညနေက ပြသေးတယ် မဟုတ် လား"

"ရွှေကွ မိန်းမရ၊ ရွှေအစစ်ကွ"

"မဖြစ်နိုင်ပါဘူး ကိုဘမောင်"

"အေး. . . ဒါဆို ခေါင်းရင်းအိမ်က ကိုရွှေခင်ကြီးကို သွား ကြည့်မယ်၊ လာ"

သို့နှင့် လင်မယားနှစ်ယောက် ကျွန်ုပ်အိမ်သို့ ရောက်ချလာ

ထိုအချိန်က ကျွန်ုပ်သည် ရွှေပန်းထိမ်လုပ်ငန်း လုပ်ကိုင်နေ





ဖြစ်၏။

သူတို့က လက်စွပ်လေးကို ရွှေဟုတ်၊ မဟုတ် စစ်ပေးပါဟု မေတ္တာ ရပ်ခံ၍ ကျွန်ုပ် သေချာမှတ်ကျောက်တင်၊ ငရဲမီးစာ၍ စစ်ဆေးပေး လိုက်သောအခါ. . .

"ကိုဘမောင်"

"ဗျာ. . . ဒါရွှေ"

"ဒါ ရွှေအစစ်ဗျ"

"ဗျာ"

"ဟင်"

"ရွှေမှ (၁၅) ပဲရည် အကောင်းစားဗျ"

"ဘုရားရေ. . . "

"ဟယ်. . . "

"ဘာတွေများ ခင်ဗျားတို့လင်မယားက အံ့ဩနေကြတာလဲ၊ ပြောပါဦး။ ဒီလက်စွပ်က ကောက်ရလို့လား"

ဒီမှာပဲ ဦးဘမောင်တို့ လင်မယားက စိတ်မနှံ့သူလို ဘတိုက်ပုံ ကြီးနှင့် သူ့မိန်းမဆိုခဲ့ရာမှ ထမင်းတစ်နပ်ကျွေးလိုက်သည့် အကြောင်း၊ ဒီမှာ ထိုလူကြီးက သံပြောင်လက်စွပ်ကိုပေးပြီး ရွှေလက်စွပ်ဟု ပြောသွား ခဲ့ရာမှ ယခု အမှန်တကယ် ရွှေလက်စွပ်အစစ်ဖြစ်နေသည်ကို မြင်ရ သိရ၍ အံ့ဩရသည့်အကြောင်းကို ပြောပြသောအခါ. . . ။

ကျွန်ုပ်တို့ ဈေးထဲမှာ ကြုံခဲ့ရသည့် တိုက်ပုံရင်ကွဲနှင့် စိတ်မနှံ့သူ လိုလူကြီး။

ကတုံး မင်းကြည်လှိုင်ပေးသည့် ကျောက်စရစ်ခဲကို ညက်အောင် ဝါးချေပြသည့် လူကြီး။

မုန့်ဟင်းခါးသည်များ၊ ခေါက်ဆွဲသည်များ၊ အခြားမုန့်သည်များ ဈေးထဲမှာ အော်ငေါက်လွှတ်လိုက်သည့် စိတ်မနှံ့သူလို လူကြီး။

ဈေးခေါင်းနှင့် အဖွဲ့က ဈေးအပြင်သို့ မောင်းနှင်ထုတ်ခဲ့ရသည့်

www.burmeseclassic.com



ဖျင်ကြမ်းတိုက်ပုံဝတ်၊ ရင်ဘတ်မှာ အင်းစမကွက်နှင့်လူကြီး။

ထိုလူကြီးသည် ယခု ဒေါ်ချစ်မြတို့လင်မယားအား သံမြော
လက်စွပ်မှ ရွှေလက်စွပ်ဖြစ်အောင် မ,စသွားသည်ကို ကြားသိရသော
အခါ. . . ။

ငှင်းဘတိုက်ပုံဆိုသူ လူကြီးသည် စိတ်မနှံ့သူအစစ်မှ ဟုတ်ပါ
လား။

ဒါမှမဟုတ်. . .

သူတစ်နေရာရာမှ ကောက်ရလာသည် 'ရွှေလက်စွပ်' ကို
အစစ်မှန်းမသိဘဲ ဒေါ်ချစ်မြတို့ကို ကျေးဇူးပြု စွန့်ကြဲပေးသွားလေရော့
သလား။

ဒီလိုမဟုတ်. . .

သိသိကြီးနှင့်များ ပေးသွားလေရော့သလား။

သိသိကြီးနှင့်ပေးသွားရိုးသာ မှန်ခဲ့လျှင် ဤစိတ်မနှံ့သူလို လူမျ
လူဆန်းကြီးသည် စိတ်ဝေဒနာသည် အစစ်မဖြစ်နိုင်။

သူဘာလဲ။

ကျွန်ုပ်သည် အချိန်ရှိသမျှ စဉ်းစားနေဆဲ၊ နေ့စဉ် ကျွန်ုပ် စဉ်းစား
အဖြေရှာမရဆဲ ဖြစ်နစဉ်မှာပင် ဒေါ်ချစ်မြတို့ဖနီးမောင်နှံသည် ဓါး
သက်နဲးကို အကျွေးအမွေးနှင့် ကပ်လှူပြီး ရှင်မြူးအားဖြစ်နေသည်
မြင်လိုက်ရသောအခါ။

မောင်ညိုမှိုင်း (သန်လျင်)

သုဓမ္မဓမ္မဝင်း၊ ၂၀၀၈ ဇက်တင်ဘာ

❧ ❧ ❧ ❧ ❧

စိတ်ကူးသစ်စာပေ



www.burmeseclassic.com



အားကျလောက်ပါ၏။ ဂုဏ်ယူလောက်ပါပေ၏။ သေတစ်ပန်သက်တစ်ဆုံး တောင်ဝှေးတစ်ချောင်း၊ ဓားကောင်းတစ်လက်နှယ် အားကိုးသွားရန်လည်း နောင်လာမည့် သားအစဉ်မြေးအဆက်ကို ပြောပြချင်၏။

မယုံမရှိပါနှင့်။ သူတို့ သက်ရှိထင်ရှား ရှိနေသေး၏။ ဘယ်တော့မျှလည်း သေမည့်သူများမဟုတ်။ အာဂလူများပေတည်း။

ဓ ဓ ဓ ဓ ဓ

# (၁)

တစ်နေ့သောအခါ (--)လမ်း မန်းလက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ်လွန်စွာလေးစားခဲ့ရသည့် စာရေးဆရာကြီးအချို့နှင့် ကံကြီး၊ ကံထွား ကံဖွံ့လှစွာ ကြုံကြိုက်ခဲ့ရသည်။

ထိုကြုံကြိုက်ဆုံတွေ့ကြားသိမြင်ခဲ့ရသည့် ဖြစ်အင်များအား ကျွန်ုပ်ကွယ်လွန်ပြီးနောက် အဂ္ဂိဗြိုလ်မှာဖြစ်စေ၊ သောကြာဂြိုလ်မှာဖြစ်စေ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်ဖြစ်ခဲ့သည့်တိုင် မေ့လိမ့်မည်မဟုတ်။ တသသ သတိရနေမည်သာဖြစ်၏။

သို့မဟုတ်ဘဲ ရောက်လေရာအရပ်မှာ အိမ်ထောင် မကြာခဏ ကျခဲ့သည့်တိုင် အိမ်ထောင်ကျပြီး နှစ်မြှာပူး လေးငါးခြောက်မြှာပူး သားသမီးများ မွေးပြီး အိုဇာတာစန်းလဂ် ကောင်းခြင်းမက ကောင်းနေသည်။ အချစ်ရေစီးကြောင်းအထက်မှာလည်း အနီဆရာသမားများကို ပန်းပန် နေဆဲ ဗေဒါပင်များအဖြစ် ထင်ထင်ရှားရှား မြင်ယောင်နေမြဲဖြစ်မည်သာ ကေန်တည်း။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

# (၂)

ကျွန်ုပ်သည် စိတ်ကူးသစ်စာပေ၏ ထုတ်ဝေသူလည်းဖြစ်၊ လက်ကမြင်းကြောထပြီး ပေါက်ကရရှစ်ဆယ်များရေးသားရန် နေ့မနား ညမနား၊ သန်းခေါင်မနား၊ မွန်းတည့်မနား လူတကာ သောက်မြင်ကတ်အောင် ကြိုးစားနေသည့် စာရေးဆရာကောင်း မောင်တင်ထွန်း (ခေါ်) နတ်လူဦးနှင့် စပ်လျဉ်း၍ အနီးအာဂလူများနှင့် ကြုံခဲ့ရခြင်းဖြစ်၏။

နတ်လူဦးကား ကလောင်အမည်ဖြစ်၏။ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းမှ တရုတ်ပေါက်ဖော် ထုတ်ဝေသူကိုမြင့်ထွန်းက တရုတ်သံဝဲဝဲနှင့်နတ်လူဦးကို (နတ်လုအူး) ဟုခေါ်၏။

ရုပ်ပြများ ရေးဆွဲထုတ်ဝေကြသည့် ပန်းဆိုးရန်မျိုးအောင်တို့ ဟီးရှီးညီအစ်ကိုက ကုလားသံမပီမသနှင့် (နတ်လယ်ဉ) ဟု ခေါ်ကြ၏။

မည်သို့ အသံမပီ၍ (နတ်လုအူး)ပဲခေါ်ခေါ် (နတ်လယ်ဉ)ပဲခေါ်ခေါ် ကျွန်ုပ်ကတော့ (နတ်လူဦး)ဟုသာ လေးစားသဖြင့် ရေးသားခေါ်ဆိုသွားမည် ဖြစ်ပါသည်။





မန်းလက်ဖက်ရည်ဆိုင်၌ စာရေးဆရာနတ်လုအူး အဲ အဲ နတ်လူဦး မိတ်ဆက်ပေး၍ အနီးပုဂ္ဂိုလ်များဖြင့် ကျွန်ုပ် ရင်းနှီးကျွမ်းခဲ့ရ၏။

ဦးခေါင်းတစ်ဝက်မှာ ဆံပင်လုံးဝမရှိဘဲ နှာခေါင်းကြီးများက အွတ်ကျည်ပွေ့လို ထိပ်ကားနေသော ပုဂ္ဂိုလ်ကြီးကား ဂမ္ဘီရစာရေးဆရာကြီး မောင်ညိုမှိုင်း (သန်လျင်) ဟူ၏။

(မှတ်ချက်။ ။ ဟာသစာအုပ်များရေးနေသည့် မောင်ညိုမှိုင်း (သန်လျင်)နှင့် မရောထွေးပါရန် အထူးမေတ္တာရပ်ခံပါသည်။ အကြောင်းမူ ဟာသစာပေများ ရေးသားနေသည့် မောင်ညိုမှိုင်း(သန်လျင်) သည်ဂမ္ဘီရ ရေးနေသည့်မောင်ညိုမှိုင်း (သန်လျင်)ကဲ့သို့ တစ္ဆေသရဲ ပြိတ္တာဘီလူးရုပ်လုံးဝ မဟုတ်ပါ။ ဟာသရေးသည့် မောင်ညိုမှိုင်း(သန်လျင်)ကား အသားဖြူ၏။ လူက ဇာတ်မင်းသားလို နုညက်၏။ ဆံပင်အုံဝင်ကောင်းလွန်း၍ ဆံပင်ဝယ်သူများ စျေးကောင်းပေးကာ သူ့နောက်မှ တကောက်ကောက်လိုက်နေကြ၏။ ရုပ်ရည်အနေအထားမှာ ဘေးတိုက်ကြည့်လျှင် ရုပ်ရှင်မင်းသား နေတိုးနှင့်တူပြီး ရှေ့မှကြည့်လျှင် မင်းသားလေး မိုးအောင်ရင်နှင့် ဆင်ဆင်တူ၏။ နောက်မှကြည့်မိလျှင် လွင်မိုးနှင့်မှားခေါ်လေ့ရှိကြ၏။ သို့ကလို ရေးရခြင်းကား ကြွားချင်၍ မဟုတ်ပါ။ ကွဲကွဲပြားပြားသိစေချင်၍ အားနာပါးနာ ရေးရခြင်းဖြစ်၏။) ခင်ဗျာ။

အသက်လား။ ဟုတ်ကဲ့။ ဂမ္ဘီရရေးသည့် ဆြာကျိုးမောင်ညိုမှိုင်းက အသက် ၉၈ နှစ်ခန့်ရှိပြီး ဟာသရေးသည့် မောင်ညိုမှိုင်းက အသက် ၂၄ နှစ်ပဲ ရှိသေးကြောင်းပါခင်ဗျာ။ သာဓု သာဓု သာဓု။ ဆြာကျိုးမှိုင်းကိုမြင့်သော် လွန်စွာအားရဝမ်းသာဖြစ်သွား၏။

ဆြာကျိုးဟု ရေးသွားပါမည်။ အကြောင်းကား ဆြာကျိုးမှိုင်းသည် ရေချိုးလေ့ချိုးထ မရှိသဖြင့် ကျိုးလက်လေးသစ်နှင့်နံဟောင်နေသောကြောင့်ဖြစ်လေ၏။

ဆြာကျိုးမှိုင်း၏ ကြွက်ဝင်စားမခင်မြွေဝတ္ထု၊ ပြိတ္တာရွာသူ မကျည်ပွေ့၊ ကျောက်ကြီးငြိကား ဆြာကျိုးမှိုင်း၏ နာမည်ကြီး ဇာတ်ကောင်း

www.burmeseclassic.com



သားစိမ်းငါးစိမ်းမြွေအစိမ်းစားသည့် တစ္ဆေသရဲတည်း။

ဒုတိယမြောက်ပုဂ္ဂိုလ်ကား ဆရာနေစိုးသော်ဟူသတည်း။ ကျွန်ုပ်တို့ အသည်းစွဲ စာရေးဆရာပေတည်း။ ရွှေနေ့မလေးမေစံရှားကို ဖန်တီးသူဖြစ်၏။

ဒို့အပြင် သူသည် ရွှေနေမလေး မေစံရှား၏ ချစ်သူလည်းဖြစ်၏။ စာအုပ်ထဲမှာ ဆရာသည် ကရာတေးပညာနှင့်စပ်လျဉ်း၍ ခါးပတ်နက် ခါးပတ်ဖြူ၊ ခါးပတ်ကြားရသည်ဟု ကျွန်ုပ်တို့ လေ့လာသိရှိရ၏။

ခုမှပဲ နိုင်ငံကျော်ရွှေနေမလေး မေစံရှား၏ ချစ်သူအရင်း ခေါက်ခေါက်ရေမရော ငပြာရည်မခတ်ရသေးသူကြီးကို သက်ရှိထင်ရှား ရင်းနှီးခဲ့ရ၏။

ဆရာနေစိုးသော်ကား သေရွာပြန်တို့ ကြွေးရှင်းပွဲ၊ သတ်ကွင်းထဲမှာ ကိုးနာရီ၊ ဟောင်ကောင်ဂျက်မ မြနှင်းဆီ၊ သမာဓိမောင်ရှင်စသည့် ဝတ္ထုများထဲက ရွှေနေမလေး မေစံရှား၏ချစ်သူ သူရဲကောင်း ကိုနေသော်နှင့် မတူချေ။

ကျွန်ုပ်မျက်မြင်မှာမူ ခမျာ အရပ်ပုရှာ၏။ စစ်ထဲကို ဝင်ချင်သော်လည်း ပေမမီ၍ ငိုပြီးပြန်ခဲ့ရသည်ဟု ကြားဖူး၏။ ယခုလည်း ညာဘက်လက်ကောက်ဝတ်မှာ ပတ်တီးစည်းထားရ၏။ လူက ကြမ်းမည့်ပုံဖြစ်၏။

(နောက် စုံစမ်းကြည့်သောအခါ ယင်းသို့ ညာဘက်လက်မှာ ပတ်တီးစီးထားရခြင်းကား ရွှေနေမလေးမေစံရှားအသက်ကို ရန်သူများ လက်မှဝင်ကယ်ရင်း ဖိုက်၍ရခဲ့သည့် ဒဏ်ရာမဟုတ်။ နှာခေါင်းမှန်တိုင်းတိုက်သောနေ့က သူ့အိမ်ခေါင်မိုးသွပ်များလန်သွား၍ တူတစ်ချောင်းနှင့် အပေါ်တက်၊ ကျန်နေသည့် သံချက်များ တက်ရိုက်ရာမှ ခေါင်မိုးပေါ်မှ လျှောကျပြီး လက်သပွတ်တိုင် ခေါ်မည်လား လက်ကောက်ဝတ်ခေါ်မည်လား ပြောင်းပြန်လည်သွား၍ တရုတ်ဆေးပတ်တီး စည်းထားရသည်ဟု သိရ၏။ ဒါလည်း စာရေးဆရာ နတ်လူအူးပြော၍ သိရခြင်းဖြစ်ပေ၏။)

တတိယမြောက်ပုဂ္ဂိုလ်ကား မုဆိုးစာရေးဆရာကြီး လေးမောင်





သတည်း။ မုဆိုးစာရေးဆရာဆို၍ ကျားကျားလျှားလျှား ယောင်ယောင်မောင်းမောင်းဟု မထင်ကြပါနှင့်။ လူလုံးလူဖန်ကား နုံမြည်စုပ်သာသာရှိ၏။ နံရိုးအပြိုင်းပြိုင်းကို အထင်းသားမြင်နေရ၏။ သို့သော် သူသည် အမင့်ညောင်ညမဟုတ်။ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ အလယ်ရိုးမ၊ အနောက်များမှာ ကျား၊ ဆင်၊ သစ်နက်၊ စိုင်၊ ပြောင်များကို နှစ်လုံးပြူးသေနတ်၊ အမဲကြီးပစ်မဂ္ဂနမ်သေနတ်များဖြင့် တစ်ဝေါလုံး သိမ့်သိမ့်တုန်အောင် ပစ်ခဲ့ တီးခဲ့သူဖြစ်၏။

(နောင်အခါ သူ့သေနတ်ဒင်ကို ကိုက်သွားသည့်ကြွက်အားယ်လို့မျှ ဖမ်းမရ၍ သူ့မိန်းမက ကြွက်သတ်ဆေးဝယ်ပေးခဲ့သည်ဟုဆို၏။ သေနတ်ပစ် ကျွမ်းကျင်ပါသော်လည်း လောက်လေးခွ ပစ်ကြည့်ရာ မှန်ရကြိုးပြတ်ပြီးလောက်စာလုံး နောက်ပြန်မှန်၍ နဖူးကွဲကာ ရွှေဂုံတိုင်ဆေးခန်းမှာ သုံးချက်ချုပ်ခဲ့ရ၏။ မသိသူများက ဆရာနဖူးက ချုပ်ရိုးက ဖြစ်လဲလို့လဲမေးလျှင် ရခိုင်ရိုးမမှာ ကျားနဲ့နပမ်းလုံးရင်း အကုတ်ခံရတာလေ။ ကျားလည်း ပွဲချင်းပီးပဲဟု ပြောလေ့ရှိ၏။ နောင် စာဖတ်သူများနှင့်ကြုံကြိုက်လျှင် နဖူးက ချုပ်ရိုးအကြောင်းကို မသိချင်ယောင်ဆောင်ပေးကြည့်ပါလေ။ ကျွန်ုပ်ပြောသည့်အတိုင်း မဟုတ်ခဲ့ပါမူ ရောက်လေရာအရပ် ကျွန်ုပ် အိမ်ထောင်ကျရပါစေသတည်း)

ပြောရလျှင် မုဆိုးကြီးလေးမောင်၏ မုဆိုးဝတ္ထုတိုများကို နာမည်ကျော်မဂ္ဂဇင်းကြီးများမှာ လစဉ်ဖတ်ရ၏။ မုဆိုးစာရေးဆရာကြီးများ ဖြစ်ကြသော ဗိုလ်တာရာတို့၊ မြဝဇီတို့၊ ကုသဲတို့၊ မြောင်းမြမောင်ကိုတို့၊ မသုံးနှင့်ဝင်းတို့ပြီးလျှင် ယနေ့ခေတ်မှာ မုဆိုးစာရေးဆရာကြီးလေးမောင်သည် တောစုံ တောင်စုံသားကောင်စုံပစ်ပြီး ကိုယ်တွေ့များကို သည်းထိတ်ရင်ဖိုရေးနိုင်သူ သူရဲကောင်း(အမှန်က အကုသိုလ်အကြီးစား)ဖြစ်ပေ၏။ ကျွန်ုပ် ဝမ်းသာသည်။

အကျော်ဒေးယျမှုများဖြင့် လက်ဖက်ရည်တစ်ဝိုင်းတည်း သောက်နေအခြေအနေပေးလျှင် ကျားရိုးကျားစွယ်တောင်းရမည်။

www.burmeseclassic.com



နောက်ဆုံးတစ်ယောက်ကား ဝေလွှင်မြင့်မောင်ဟူသတည်း။ သူ ကား သုံးမျိုးစပ် ငါးပိလည်းဖြစ်ချေ၏။ မဂ္ဂဇင်းတစ်ခုမှာ အယ်ဒီတာ လည်းလုပ်၏။ မော်ဒန်အချစ်ဝတ္ထုများလည်းရေး၏။ မင်းဘုန်းသိမ်း ဟူသော ကလောင်အမည်ဖြင့်လည်း ဂမ္ဘီရ တစ္ဆေသရဲဝတ္ထုများကို လည်း တည့်စမ်းနေ၏။

လူကား အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းဖြစ် ညာလက်မောင်းမှာ လက်ဖွဲ့ကြိုးအနီကို ချည်ထား၏။ အင်္ကျီ အိတ်ကြ လည်း ဖောင်းကားနေ၏။ သူသည် စာပြင်ဆရာလည်းလုပ်၏။ သူ့စာပြ မှ ပိုများနေသည်ဟု ထုတ်ဝေသူမောင်တင်ထွန်းခေါ် နတ်လုအုန်းကပြော

ဘယ်လိုပြောပြော ဒါ ဝဏ္ဏဗောဓနေသတ်ပုံကျမ်းနှင့်ညှိပြီး ပြင် ထားတာဟု အကျောက်အကန်ငြင်းလေ့ရှိသည်တဲ့။

ကျွန်ုပ်ကား နာမည်ကြီးစာရေးဆရာများရဲ့ လက်ငင်းဘဝ ထူး ဆန်းကြယ်ဖြစ်ရပ်များကို စာတစ်အုပ်ရေးသားရန် ကြိုးပမ်းနေသူဖြ ကား ဒိတ်ဒိတ်ကျဲ (အမှန်က ထိတ်ထိတ်ပဲဟုဆိုလျှင် ပိုကောင်း ထင်၏။) ပုဂ္ဂိုလ်များဖြင့် ပက်ပင်းဆုံရသောအခါ သူတို့လှုပ်ရှားပြော ဆွေးနွေးနေသည်များကို လေးစားစွာ အာရုံစိုက်၍ မှတ်သားနာယူ တော့၏။

ဓ ဓ ဓ ဓ ဓ

# (၃)

ဦးစွာ ဂမ္ဘီရစာရေးဆရာကြီး (အချို့က မြန်မာနိုင်ငံလုံးဆိုင်ရာ တစ္ဆေသရဲ ဥက္ကဋ္ဌကြီးဟုလည်း အမည်ပေးထားခြင်းခံရသူ) မောင်ညိုမှိုင်း က သူ နောက်ရေးမည့် ဂမ္ဘီရလုံးချင်းအကြောင်းကို အာပေါင်အာရင်းနှင့် ရှိုးနေ၏။

"အခု ဘာဇာတ်ကိုင်နေလဲ ဆရာ"

ဝေလွှင်မြင့်မောင်ခေါ် မင်းဘုန်းသိမ်းသူခေါ် လက်ဖွဲ့ကြိုးအနီ စည်း စာရေးဆရာက ဆြာကျိုးမှိုင်းကို မေးလိုက်၏။ ထိုအခါ ဆြာကျိုးမှိုင်း သည် ရမ်ပုလင်းဖင်နီးပါးထူလှသည့် မျက်မှန်ကြီးကို ညာလက်နှင့် ပင့်ရင်းမှ . . .

"နောက်ရေးမည့်ဝတ္ထုက သိပ်ဆန်းတယ် မောင်ဝေလွှင်ရဲ့ အဟမ်း"

"အမိန့်ရှိပါဦး ဆရာကျိုးခင်ဗျာ"

စုံထောက်စာရေးဆရာ ရွှေနေမလေး မေစံရှားရဲ့ချစ်သူ ဆရာ နေစိုးသော် (မှတ်ချက်။ ။ ဆရာနေစိုးသော်ဖြစ်ပါသည်။ ဆရာရေရိုးသော်

www.burmeseclassic.com



ဟု စာမစီမိစေရန် အနူးအညွတ်မေတ္တာရပ်ခံပါသည်။) က ဖေါ်ကျကို မော့ရင်း ပင့်ပေးသော်

"အိမ်း ဒီလိုကွယ့် မောင်နေမိုးသော်ရဲ့။ တစ်နေ့တော့ ဆရာလည်း သချိုင်းကုန်းဟောင်းတစ်ခုမှာ တစ္ဆေအပျိုပေါက် ၁၀ ယောက်နဲ့ အတူ နေဖြစ်ရောကွယ့်"

"ဘယ်အရွယ်လဲဆရာ"

နတ်လုအူးက ဝင်ထောက်၏။ ဆရာကြီးက သင်းကို မျက်စောင်း ထိုးကြည့်ပြီး . . .

"ဂေါရီအရွယ်ကွယ့်"

"ဂေါရီအရွယ်ဆိုတာ အသက်ကိုးဆယ်ကို ပြောတာလား ဆရာ ကျီး"

"ဖွီး"

ဝေလွင်မြင့်မောင်ဖခါ် မင်းဘုန်းသိခ်သူရဲ့အမေးကို ဆရာကျီးသည် ဖွီးဟု ရေရွတ်လိုက်ပြီး ရေနွေးကြမ်းနှစ်ခွက်ဆင့်၍ သောက်ပြီးသကာလ . . .

"ဖွီး ဒါနဲ့များ မင်း ဂမ္ဘီရရေးဖို့ ကြိုးစားနေရသေးလား ဝေလွင်။ ဂေါရီဆိုတာ အသက်ကိုးဆယ်အရွယ်ကို ပြောတာမဟုတ်ဘူးကွ။ မသေ မချင်းမှတ်ထား။ အသက် ၁၂၅ နှစ်အရွယ်ကိုပြောတာ"

"ဩော်"

"ဟုတ်လား"

"အံ့ရော ဆရာကျီးရယ်"

"မှတ်သားလောက်ပါရဲ့ ဆရာကျီးခင်ဗျာ။ ဒါနဲ့"

"ဒီ ဒီဂေါရီအရွယ် တစ္ဆေဆယ်ယောက်နဲ့ ငါတစ္ဆေရွာမှာ သုံးလ အတူနေပြီး တစ္ဆေမလေးများရဲ့ လင်လိုချင်လွန်းလို့ မရိုးမရွဖြစ်နေတဲ့ အကြောင်းကို ဂမ္ဘီရဝိဇ္ဇာ ဆေးပညာနဲ့ အချစ်ယှဉ်ပြီး လင်လုတဲ့ အကြောင်းကို သည်းထိတ်ရင်ဖို ရေးမှာကွ"





"ဟဲဗီးပဲနော် ဆရာကြီး"

"ဒါပေါ့"

"အာနိုးပါ ဖတ်မိရင် လန့်သွားမှာပဲ ဆရာကျီးရဲ့"

"ပါ ဒီဇာတ်ကိုရေးရင် လူဝတ်နဲ့မရေးဘူး။ စည်းချပြီး ရသေ့ဝတ် နဲ့ရေးရမှာ"

"ဘာလို့လဲဟင် ဆရာကျီး"

"ဒီဇာတ်မှာ ငါက ဇာတ်လိုက်ကိုကွ။ သူနဲ့ညားပေးပါ။ ကျွန်မ နဲ့ညားပေးပါ ဝင်ပြီး နားပူနားဆာလုပ်ရင် ငါ ဒုက္ခရောက်မယ်လေကွာ။ ဒါကြောင့်ပါ"

ဒီမှာအလွန်လာဘ်မြင်သည့် ထုတ်ဝေသူ မောင်တင်ထွန်းခေါ် နတ်လုအူးက

"ဆရာကျီး ကျွန်တော် အဲဒီဝတ္ထုကို အုပ်ရေတစ်သောင်းရိုက် မယ်နော်"

"တစ်သိန်းရိုက်လည်း ကုန်ပါတယ် လူဥ အဲ လူဦးရာ"

"ဝတ္ထုနာမည်ကရောဆရာ"

"ဆာဒူးမှိုင်းနဲ့ ပွဲချင်းပြီးညတဲ့"

"မိုက်လှချည်လား ဆရာကျီးရာ"

"ဘဲထီးဝွတ်ကွာ"

"ဘဲမရော ဘဲဂန်ဒူးရော ဝင်ဂွတ်ပဲ ဆရာကြီးရဲ့"

"အဟဲ ဟဲ ဟဲ အဟီးဟီး"

"ဒီဝတ္ထုလည်း ရုပ်ရှင်သမားတွေသိရင် ဝယ်ဦးမှာ ဆရာကျီးရ"

"မြေကြီးလက်ခတ်မလွဲပေါ့ မောင်နေစိုးသော်ရာ"

"ရိုက်ဖြစ်ရင် မင်းသား ဘယ်သူလုပ်ရင် ကောင်းမလဲဆရာကြီး"

"ငါ့အမြင်ပြောရရင် ထောင်မှူးကြီးသိန်းဝင်းဟာ ရုပ်ရေလေး သနားကမားကွယ့်။ အရပ်အမောင်းလည်းကောင်းတယ်။ သူ့မှာ ဆေး ကောင်းဝါးကောင်းလည်းရှိတယ်။ ငါတော့ သိန်းဝင်းကိုပဲ ပွဲချင်းပြီး

www.burmeseclassic.com



ညဇာတ်ကားမှာ ခေါင်းဆောင်မင်းသား လုပ်စေဖြစ်စေချင်တာပဲ"

"ဝိုင်းဝန်းတိုက်တွန်းရမှာပေါ့ ဆရာကြီးရာ။ ထောင်မှူးကြီး သိန်းဝင်းကလည်း ဒီလိုမျိုးရိုက်ရရင် ပိုက်ဆံရရ မရရ ရိုက်မှာပါဆရာ။ သူက အဲဒီလိုကားမျိုးမှာ သရုပ်ဆောင်ချင်တာကြာပြီလို့ ကျွန်တော့်ကို မကြာခဏ ပြောပါတယ်ခင်ဗျ"

ထုတ်ဝေသူ မောင်တင်ထွန်းက ဝင်၍ အာမခံလေ၏။

"အိမ်း အိမ်း သာဓု သာဓု သာဓု. ခေါင်းပျဉ်တော့ ကြိုဝယ်ထားပေးရမပေါ့တွယ်။ အိမ်း အဟိမ်း အိမ်း"

ဒီမှာ ထုတ်ဝေသူက ဆရာနေစိုးသော်ဘက်သို့လှည့်ရင်း. . .

"ဆရာနေ၊ ဆရာလည်း ကျွန်တော့်ကို အသစ်လုပ်ပေးဦးလေ။ စာပေစိစစ်ရေးကို ကြိုတင်ထားရမှာ"

"လုပ်နေပါတယ် ကိုတင်ထွန်းရ"

"ဘာကို ဘယ်လိုလုပ်နေတာတုံး"

"ဇာတ်အသစ်ကိုင်နေတယ်"

"ဝတ္ထုနာမည်က ဘာလဲဆရာနေ"

"ဟောင်ကောင်ဂျက်မ မြနှင်းဆီရဲ့အဆက် တာဝတိံသာမပုတ်"

"ဟိုက်ရှားပါး။ ကောင်းလှချည်လား ဆရာနေရာ။ ဘာတဲ့ တာဝတိံသာ ဟုတ်လား"

"ရက်စ်"

"ဇာတ်လမ်းအကျဉ်း လုပ်ပါဦး ဆရာနေ"

"ဖိုက်တင်ဇာတ်ဗျ။ ဒီကောင်လူဆိုးက လေဘေးအကျီအဟောင်း ရောင်းတဲ့ဗလွန်ကျော်ဦးကိုသတ်ပြီး နတ်ပြည်မြောက်ထပ်ကိုပြေးတာ။ သင်းက နတ်ပြည်မှာ မပုဆိုတဲ့ နတ်သမီးနဲ့ပေါင်းပြီး မေတ္တာရှင်မောင်ရဲ့ ခေါင်ကိုပါ သတ်မလို့ စီစဉ်နေတာ။ တန်ခူးလ သိကြားမင်း လူ့ပြည်ဆင်းလာတော့ ကျုပ်က သံလွန်စရလိုက်လို့ ဒစ္စကား ဗာရီလွန်းပျံယာဉ်နဲ့ အဲ လူဆိုး ပုသိမ်မောင်သောင်းယာဉ်နောက်ကိုလိုက်ပြီး အာကာသထဲမှာ





င်းဘိုင်ဝမ်းဖိုက်မှာ အခု အဲဒီဇာတ်အတွက် ကရာတေးအဆင့်တက်နေတယ်"

"ဘယ်မှာတက်နေတာလဲ ဆရာ"

"ဂျပန်မှာလား ကိုရီးယားမှာလားဟင်"

"လပွတ္တာမှာဗျ"

"ဟာ လုပ်ချလိုက်ပါကလား ဆရာနေ"

"လပွတ္တာမှာ ရေအောက်အစီစီသုံးကြိမ်ပြန် ဆရာကြီး ဦးမွေးဆင့်နဲ့ နှစ်လတက်ပြီးရင် ငပုတော လိပ်ကျွန်းမှာ ထိကွဲခုတ်ရှ ပြန်မထဆိုတဲ့ လုံသိုင်းဆရာကြီး ဆရာကြီး ဦးအိစလံပွားနဲ့ လုံ့ရေးပြမယ်"

"ဘုရား ဘုရား ကြောက်စရာကြီးပါလား ဆရာ"

"ဆရာနေ၊ လုံ့ရေးပြနေတုန်း မုန်တိုင်းပြန်ဝင်လာရင် ဘယ်လို လုပ်မတုန်းဟင်"

"ကိစ္စမရှိပါဘူး။ အဲဒီကိုသွားရင် ဆြာကျီးညိုမှိုင်းက လေ ကာအင်း ကျည်ကာအင်း၊ မိုးကြိုးကာအင်း အားလုံးယူသွားမှာပါ"

"မြန်မြန်ရေးပါ ဆရာ"

"စိတ်ချပါ မောင်တင်ထွန်း"

"စရံငွေ ကြိုယူထားမလား ဆရာ"

"စရံမယူပါဘူး။ ညနေပြန်ရင်သာ ဝီစကီငါးလုံး ဝယ်ပေးလိုက်ပါ"

"ဂိန္နီ"

သို့ကလိုလူများပေတည်း။ သူတို့အကြောင်းကို နားလည်သိရှိရန်မှာ တော်ရုံပညာပါရမီနှင့် သိရန်မလွယ်။ ကျွန်ုပ်ပင်လျှင် ရှေးပဋ္ဌာန်းဆက်ကြောင့် ကံကောင်းလှစွာ တစ်စားပွဲတည်း ဆုံရခြင်းဖြစ်ပေ၏။

"မုဆိုးကြီးရော ဘာတွေရေးနေလဲ"

ဘောစ့်(ခေါ်) ထုတ်ဝေသူ မောင်တင်ထွန်း (ခေါ်) နတ်လုအား

www.burmeseclassic.com



သည် ဘောချက်အလိုငှာ စာရေးဆရာများကို မြှောက်ပင့်ပေးနေ

''ကျူပ်လား''

''ဟုတ်ပါ့ဆရာရယ်''

မုဆိုးစာရေးဆရာကြီးလေးမောင်သည် လူကောင်ပင်သေး လည်း ပေါင်နှစ်ဖက်မှာ ထိုးကွင်းအပြည့်ရှိလေ၏။

သူက ထိုးကွင်းများမြင်အောင် ပုဆိုးကိုမ,ရင်းမှ. . .

''အခု နှစ်လုံးပြူးသေနတ်ကို ပြောင်းဆက်နေတယ်''

''ဘယ်လိုကြောင့် ပြောင်းကိုဆက်ရတာပါလဲခင်ဗျား''

''ပြောင်းတိုရင် ကျည်ပြန့်တယ်ဗျ။ ပြောင်းရှည်ရင် ကျည် တည့်တည့်ပြေးတယ်။ ပြေးအားလည်း ကောင်းတယ်။ ထိအားလ ရှူးတယ်''

''ပြောင်းကို ဘယ်လိုဆက်မလဲဆရာ၊ ကျူလီရစ်နဲ့ဆက်မှာလ ဟင်''

''မဟုတ်ဘူး။ ကြက်တန်းက ကုလားဆိုင်မှာ ဂ္ဂိုင်းဆော်ဆက်မှာ''

အာဂမုဆိုးကြီးလေးမောင်ပါပေတည်း။ နှစ်လုံးပြူးသေနတ်ပြောင်း ကို ပုဇွန်တောင်ကြက်တန်းက ကုလားဆိုင်မှာ ဂ္ဂိုင်းဆော်၍ ဆက်မည် သောကြောင့် ကျွန်ုပ် လွန်စွာအံ့သြသွား၏။

''ကြွက်ကိုက်သွားတဲ့ သေနတ်ဒင်ရော ပြင်ပြီးပလားဆရာ''

''ပြင်ပြီးပြီ''

''ဘယ်မှာပြင်လဲဆရာ။ ပျဉ်းကတိုးနဲ့လား။ ကျွန်းသား၊ ပိတောက် သားနဲ့လား။ ခိုင်မှဖြစ်မှာနော်''

''သန့်လျင်က ဆရာမောင်ညိုမှိုင်းယောက်ဖ ခုံဖိနပ်ခုတ်တဲ့ဆိုင် မှာပဲ, ပြင်လိုက်တယ်''

''အသားရော ကောင်းရဲ့လား ဆရာလေးမောင်ရယ်''

''လောလောဆယ်တော့ ခုံဖိနပ်ခုတ်တဲ့ သစ်တိုသားပဲ အစားထိုး





ထားတယ်''

အဲဒါသာကြည့်ပါ စာဖတ်ပရိသတ်များခင်ဗျာ။ နှစ်လုံးပြူး သေနတ်ဒင်ကို ခုံဖိနပ်လုပ်သည့် သစ်တိုသားနှင့်အစားထိုးသည့်တဲ့။ မူလ နှစ်လုံးပြူးသေနတ်ထုတ်လုပ်သည့် ကုမ္ပဏီသာကြားလျှင် ခေါင်းနပန်း ထားရွက်ပါ ကြီးသွားနိုင်၏။

''ဆရာ အခု ဘာရေးမှာလဲတင်''

''ရေးဖို့ခရီးထွက်ရမယ်ဗျ''

''ဘယ်ကိုလဲဆရာ။ ရခိုင်ရိုးမကိုလား''

''ဟင့်အင်း လှည်းကူးတိုက်ကြီးကို''

''အဝေးကြီးပဲနော်။ သားကောင်တွေ့လို့ပေါ့ ဘုတ်လား''

''ဒါပေါ့ ကျော်မင်းညွန့် (လှည်းကူး)တို့ အခုကြောင်းကြားလို့လေ။ ရိုးမအဝင်မှာ ဂေါ်ဇီလာလိုလို ဟူးဟူးသတ္တဝါလိုလို ကြီးမားသောဆိုလို သတ္တဝါတစ်ကောင် တောင်ယာတွေထဲ ဝင်မွှေနေလို့ ဆရာလာသုတ် သင်ပေးပါတဲ့။ အဲဒီအကောင်ကြီးကို သုတ်သင်ပြီးရင် အဲဒီအကြောင်း ရေးပေးမှာ။

''ကျည်ဆန်ရော အလုံအလောက်ရှိရဲ့လား ဆရာရယ်။ ဂေါ်ဇီလာ ဆိုတာ နည်းတဲ့အကောင် မဟုတ်ဘူးနော်''

''ကျည်ဆန်ကတော့ ပန်းပဲဖိုမှာ နှီးမှုန့်ဘူးအဖုံး သံပတ်ပြားတွေ နဲ့ ယမ်းမီးခြစ်ပါ ဝယ်ပေးပြီး လုပ်ခိုင်းထားတယ်''

''ပွဲချင်းပီးမှာလား ဆရာ''

''ပွဲချင်းပီးပဲပေါ့''

ကျွန်ုပ်သည် အူကြောင်ကြောင် မုဆိုးစာရေးဆရာကြီး လေးမောင် ၏ စကားကိုကြားရသော် ရင်ရော၊ တင်ပါးရော သိမ့်သိမ့်တုန်သွားလေ၏။ မုဆိုးကျိုးမောင်းပျက်နှစ်လုံးပြူးနှင့် ဂေါ်ဇီလာကိုပစ်ပြီး ဝတ္ထုရေးမည်တဲ့။ ပွဲချင်းပီးကား ဂေါ်ဇီလာတော့ မဖြစ်နိုင်။ သူပဲဖြစ်လိမ့်မည်။

www.burmeseclassic.com



"ကိုင်းလုပ်ပါဦးဗျ။ ဒီဘက်က ဂမ္ဘီရလက်သစ်ဆရာလေး မင်းတုံး ပြင်နေသူရ"

ဘော့စ်မောင်တင်ထွန်းကား တစ်ဦးပြီးတစ်ဦးကို လှည့်ခွေနေ

"မင်းဘုန်းသိန်သူပါ ကိုတင်ထွန်းရား ကျုပ်ကို နာမည် ပေး ပါနဲ့ဗျ"

"လုပ်ပါဦး။ ကိုရင်ကရော ဂမ္ဘီရအစွမ်းလေးဘာလေး ရှိပါဦးရဲ့"

ဒီမှာပဲ မင်းဘုန်းသိန်သူ (ခေါ်) ဝေလွှင်မြင့်မောင်က သူ့အိတ် အိတ်ထဲက ပစ္စည်းနှစ်ခုကို ထုတ်လိုက်၏။ ပစ္စည်းကား အဖြူရောင်နှစ် ဖြစ်၏။ တစ်ခုက လုံးလုံး။ တစ်ခုက ပြားပြား။

"ဟိုပြားပြားဟာ ဘာလဲ။ ပါရာစီတမောမဟုတ်လား ကိုမင်းတုံး"

"ဟုတ်တယ်၊ ဒီဖြူဖြူအလုံးအကြောင်း ပြောချင်လို့။ ဒါ ဘာလဲ သိလား"

ဆရာကျီးညိုမှိုင်းက. . .

"သံပုရာသီးအမတော"ဟု ရှီး၏။

ဆရာနေစိုးသော်က. . .

"နာဋကီရိုဆင်ရဲ့ရွှေဥ"ဟု ရှီး၏။

မှဆိုးကြီးလေးမောင်က. . .

"လေသေနတ်ကျည်ဆန်"ဟု ရမ်းပြီး၏။

"ခင်ဗျားတို့အားလုံး မှားတယ်။ ဒါ ထုံးမန်းဗျ ထုံးမန်း"

"ထုံးမန်းဟုတ်လား"

"အစစ်ပေါ့ဗျာ"

"ဘာလုပ်ရင်ရလဲဟင်။ ကွမ်းထဲထည့်စားရမှာလား ဟုတ်လား"

"ညှံ့ပါဗျာ ဒါ ကျုပ်ဘကြီး အဂ္ဂိရတ်ဆရာဖိုးသူတော်ကြီး စီရင်ပေး လိုက်တဲ့ တစ်ပွဲတိုးထုံးမန်းဗျ။ ဒီထုံးမန်းကို မျိုထားရင် ၂၄ နာရီ ကာယသိဒ္ဓိ ပီးနေရော။ တုတ်ဓားလက်နက် ဘာမျှမှုစရာမလိုဘူး"





"နှစ်လုံးပြူးနဲ့ပစ်ရင် ရမလား ဆရာမင်းတုံး"

"အင် ဟင် အင်"

မှဆိုးကြီးလေးမောင်၏ ကြားဖြတ်မေးခွန်းကြောင့်ဆရာမင်းဘုန်း သိန်သူ (ခေါ်) ဝေလွှင်မြင့်မောင် အသားများတုန်၍ သူ့ပစ္စည်းနှစ်ခုကို ယူကာယာ အင်္ကျီအိတ်ထဲသို့ ကောက်ထည့် လိုက်လေ၏။

❧ ❧ ❧ ❧ ❧

www.burmeseclassic.com

# (၄)

ဒီအချိန်မှာပဲ ဆိုင်ထဲမှာ ပြဿနာ ရှေ့ဖြစ်လာ၏။

ကျွန်ုပ်တို့လက်ယာဘက်စားပွဲမှာ မိန်းမနှစ်ယောက်နှင့် ယော
ကြီးတစ်ယောက်တို့ထ၍ စကားများကြ၏။ စားပွဲကိုထု၍ ငြင်းကြ
ကြ၏။

"ဂုန်း"

"ဂွမ် ဂလွမ်"

"ခွမ်း"

"ချွင် ဂလွမ်"

ဒီမှာအလွန်ဒေါင်ကောင်းလှသည့် အမျိုးသမီးကြီးက စားပွဲခုံ
လှန်ချလိုက်ရာ ခုံပေါ်ရှိ သက်ဖက်ရည်ပန်းကန်များ၊ အချိုရည်ပုလင်းမျာ
မုန့်ပန်းကန်များ၊ ဆေးလိပ်ခွက်များ၊ အကုန်ကျကွဲပြီး တစ်စစီဖြစ်ကုန်
ဆိုင်ရှင်မာမူကြီးက ဝင်ခွဲ၍ ခွဲလို့ဖျင်လို့မရ။ ဂုန်းဒိုင်းကြဲနေ
သည်မှာပဲ လေကာအင်း၊ ကျည်ကာအင်းများကို ဖန်တီးနိုင်ရှ





ဂ္ဂိုရစာရေးဆရာကြီး ဦးညိုမှိုင်းသည် 'သူ့ထီးကို ကောက်ယူ၍
နောက်စားပွဲလွတ်ရာသို့ ပြေးလေ၏။ ပြေးရင်း ပါးစပ်မှ ဘာတွေရွတ်
နီးမသိရွတ်နေ၏။

ဂေါ်ဇီလာသွားမစ်မည်ဟု ကြိမ်းဝါးခဲ့သော အာဂမုဆိုး စာရေး
ကြီးလေးမောင်ကား လေဇါလျှင်မြန်ခြင်း (နတ်ဘုရင်နောင်ဇါရဝ
သားအရ ဖွဲ့ရလျှင် 'တိမ်စွန်လေအလျှင်'နည်း)ဖြင့် လွယ်အိတ်ကလေး
ကက်ပွေ့ပြီး အိမ်သာထဲသို့ ပြေးပုန်းနေ၏။

ဂုန်းဒုန်းအော်ဟစ်သံများကား ညံနေ၏။

ဒေါသကြီးလှသော မိန်းမကြီးက ပုလင်းများကို ရိုက်ခွဲ၍
ကျားကြီးကို ထိုးရန်လုပ်၏။ နံဘေးက မိန်းမက ဝင်ဆွဲ၏။ ၎င်း
ကက် ခက်ရှင်းခွကို ကိုင်၍ ပြေးထိုးမည်လုပ်၏။

စုံထောက်စာရေးဆရာကြီး ဆရာနေစိုးသော်ကား ကျွန်ုပ်တို့
လုံးကို ကာကွယ်ရန် ကရာတေးအကွက်များမေ့ပြီး အသားများ
နေရှာ၏။

"ရှောင်ကြစို့ဟေ့"

နတ်လူဦးက အော်ရင်းထလိုက်၏။

"အသာထိုင်နေကြစမ်းပါ"

ဒီမှာ မင်းဘုန်းသိမ်သူခေါ် ဆရာဝေလွှင်မြင့်မောင်က အားလုံး
မကြောက်ရန် လက်ပြလိုက်ပြီး ထလိုက်၏။

"ကိုဝေလွှင်၊ ပွဲက ကြမ်းနေပြီ၊ ကျုပ်တို့ကို လာထိမယ် ပြေးစို့"

"အချဉ်ပါဗျာ"

ကိုဝေလွှင်မြင့်မောင်က သို့ကလိုပြောပြီး အင်္ကျီအိတ်ထဲမှ ဖြူဖြူ
ည်းတစ်ခုကို ပါးစပ်ထဲပစ်သွင်းလိုက်ကာ ရေနွေးနှင့်မျှောချလိုက်၏။

"ဒါ ဒါ ဘာလဲဟင်"

"တစ်ပွဲတိုး ဖိုးသူတော်ထုံးမန်းကို မြိုလိုက်တာ၊ ကျုပ်တစ်ယောက်
ရှိတယ်။ မကြောက်နဲ့"

www.burmeseclassic.com



သူသည် သူ့ဘကြီး ဖိုးသူတော်စီရင်ပေးသည့် ၂၄ နာရီ ကာ သိဒ္ဓိပြီးမြောက်သည့် တစ်ပွဲတိုးထုံးမန်းဆိုသောအရာကို ရေနွေးနှင့် ချပြီးနောက် ရင်ကော့၍ ရှေ့မှ မားမားရပ်ပြီး ရိုက်နှက်ပစ်ခတ်နေသ ရန်ပွဲကို ရင်ဆိုင်လိုက်၏။

ထိုစဉ် မိန်းမဗလကောင်းကောင်းကြီးပစ်လိုက်သည့် လက် ရည်အချိုပန်းကန်တစ်လုံးသည် သူမနှင့် စကားများဖက် လူ မထိမှန်ဘဲ မတ်တတ်ရပ်ပြီး ရဲစိတ်ရဲမာန်များ တက်ကြွနေသည့် ဝေလွှင်မြင့်မောင်(ခေါ်) ဆရာမင်းဘုန်းသိခ်သူ၏ နဖူးကို ပြင်း ထိမှန်လေ၏။

"ဖောင်း"

အသံကား စဉ့်အိုးကို သံဂေါ်လီဒိုးမှန်သကဲ့သို့တည်း။ (ဝီ သံစဉ်နှင့်) ပြောရလျှင် ဂ သံချိုဖြစ်၏။

"အားမလေး အမေရဲ့"

"ဟာ"

"ဟင့်"

"အလိုလေး သေပဟ"

"ဟာ သွေး သွေး သွေး သွေးတွေ"

ပြဒါးရောင်တောက်နေသော သွေးများသည် ကိုဝေလွှင်မြင့်မော နဖူးမှ ဖြာခနဲကျလာ၏။ သူသည် ပါးစပ်မှ "အမေ အမေ"ဟု အော်ရ စားပွဲပေါ်မှောက်ကျသွားရာ ကိုတင်ထွန်း၊ ကျွန်ုပ်နှင့် ဆရာနေစိုးသော ပွေ့ချီပြီး ဆိုင်အပြင်သို့ မထုတ်သွားရ၏။

"အမေ အမေ ကယ်ပါ အား ကျွတ် ကျွတ်"

"ကိုဝေလွှင် ကိုဝေလွှင် ဘယ်လိုနေလဲဟင် ဟင်"

"ဘာမျှ မ မမြင်ရတော့ဘူး။ ကျွန်တော့်မိန်းမရော ဟင် ဟင်"

အရေးထဲ ရောဂါဟောင်းက ထနေသေး၏။

"တယ်လီဖုန်းဆက်ပြီး အကြောင်းကြားထားပါတယ် ကိုဝေလွှ





တ်ကို တင်းထားပါဗျာ"

"သူ သူ ဘာပြောလဲ"

"ဟော့ရှော့ရုပ်ရှင်သွားကြည့်နေတယ်တဲ့ ကိုဝေလွှင်"

"အမယ်လေးဗျ"

အဲဒါသာကြည့်။ ပထမ အမေ့ကို တ၏။ ၎င်းနောက် မိန်းမကို ၏။ ရုပ်ရှင်သွားကြည့်နေတယ်ဟု ပြောလိုက်သောအခါ အမလေးဗျ အော်ရင်း သတိလစ်သွားလေ၏။

သို့နှင့် နီးရာဆေးခန်းကို ပို့ရ၏။

ဆရာဝန်က သူ့နဖူးမှ ဒဏ်ရာကို သန့်စင်ပြီး ချုပ်ပေး၏။ သူပြန် သတိရလာ၏။ ၎င်းနောက် ဆရာဝန်က သောက်ရန်ဆေးဝါးများ ပေး၏။

"ရပ်နိုင်လား ကိုဝေလွှင်"

"ဟင့်အင်း မရပ်နိုင်ဘူး။ ကုန်းပိုး (ဂုံးပိုး)ထားပေးပါဗျာ။ အား ကျွတ် ကျွတ်"

သို့နှင့်ထုတ်ဝေသူ ကိုတင်ထွန်းက သူ့ကိုယ်လုံးကြီးကို မနိုင်မနင်း ကုန်းပိုးထားရ၏။ အတန်ကြာလမ်းလျှောက်ပိုးထားပြီး မနိုင်သောအခါ လမ်းဘေးပလက်ဖောင်းမှာ ပစ်ချပြီး နားကြ၏။

ဒီမှာ ဂမ္ဘီရဆရာကြီး ဦးညိုမှိုင်းက လူနာ၏ဦးခေါင်းကို လက်ဝါး နှင့်အုပ်၍ သွေးတိတ်မန်းဂါထာကို ရွတ်၏။

"ဥုံ များများထွက်၊ အတောင့်လိုက် အခဲလိုက်ထွက် ဥုံ"

"ဥုံ ချုပ်ရိုးပြေ၊ အသားတစ်ပေါ်၊ ညှော်နံ့ အနာရင်း မြန်မြန်သေ ဥုံ ဥုံ ဥုံ"

ကောင်းလေစွ။

မှတ်သားလောက်ပေစွ။ တကယ့်အာဂလူများပါပေ။

ဆရာကြီးမှိုင်း၏မန္တန်ကြောင့်လား ဆေးခန်းက ဆေးအစွမ်း ကြောင့်လားမသိ ဆရာဝေလွှင်မြင့်မောင် မတ်တတ်ရပ်နိုင်ပြီး ဒိုင်းနမိုက် န်ထားသည့် ဂေါ်ဇီလာလို တောင်ကြည့်မြောက်ကြည့် ကြည့်နေ၏။

www.burmeseclassic.com



"ကိုဝေလွင်"

"ဗျို့ ဆရာမင်းဘုန်းသိမ်သူ"

"ဆရာလွင်"

"ဗျာ ဂျာ အာ"

"သတိရပြီနော်"

"အင်း ဟင်"

"မသိလို့မေးပါရစေ ဆရာလွင်"

"ဘာ ဘာလဲဟင် ဟင်"

"ဆ ဆရာမျိုချလိုက်တာ ဆ ဆရာဘကြီး ဖိုးသူတော်ရဲ့ တစ်ပွဲ ထိုး ထုံးမန်းနော်"

"ဟုတ် ဟုတ်ပါတယ်"

"ဘာလို့ မပီးတာလဲဟင်"

"ခဏလေးဗျာ"

ဒီမှာ ဝေလွင်မြင့်မောင်ခေါ် ဆရာမင်းဘုန်းသိမ်သူ သူ့အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး ပစ္စည်းတစ်ခုကို ထုတ်၍ ကတုန်ကယင်နှင့် ဖြန့်ကြည့်လိုက်၏။

"တောက်"

ပြီး ရင်နင့်စွာ တောက်တစ်ချက်ခတ်လိုက်၏။

"ဘာဖြစ်လို့လဲ ဆရာ"

နတ်လူဦးက သူ့ဆရာကို ရှိုရှိုသေသေ မေးရှာ၏။

"ရင်နာလွန်းလို့ပါ ကိုတင်ထွန်းရယ်"

"နဖူးကိုမှန်တာပါ ဆရာ။ နာချင်းနာရင် နဖူးပဲနာရမှာပါ။ ဘာကြောင့် ဆရာ ရင်နာပါသလဲခင်ဗျာ"

"ကျွန်တော်သောက်လိုက်တာ ထုံးမန်းမဟုတ်ဘူး"

"ဒါ ဒါဖြင့် ဘာလဲဟင် ဆြော"

"ပါရာစီတမော"

---

စိတ်ကူးသစ်စာပေ



"ဟာ သေလိုက်ပါရော့ဗျာ"

"ပွဲချင်းပြီးသေဖို့ ကောင်းတယ်ဆရာဘုန်းရယ်"

"သေရင်တောင် မျက်ရည်မကျသင့်ပါဘူးဗျာ"

"သူ့မိန်းမအတွက်နှောင်ရေး ရင်လေးလှသဗျာ"

"အင့် အဟင့် ဟီး"

အားလုံးသော စာရေးဆရာကိုးများ၏ ကရုဏာသက်ဖွယ် စကား[illegible]ကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသောအခါ အယ်ဒီတာမော်ဒန်[illegible]ရေးဆရာ၊ ဂမ္ဘီရစာရေးဆရာ မင်းဘုန်းသိမ်သူ (ခေါ်) ဆရာ မဟာ[illegible]လွင်မြင့်မောင်သည် သူ့ဘကြီး၏ ထုံးမန်းအစစ်ကို ဖြည်ကြည့်ရင်း[illegible]ဆက်ဖောင်းမှာ ချုံးမည်းချ ငိုလိုက်လေသတည်း။

[illegible]စ်လှစွာသော မိတ်ဆွေရင်းစာရေးဆရာများ ကျန်းမာချမ်းသာ ပျော်[illegible]င်ချမ်းမြေ့ပါစေ)

မောင်ညိုမှိုင်း (သန်လျင်)

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊

အတွဲ (၄)၊ အမှတ် (၉)၊ အောက်တိုဘာ ၂၀၀၀

ဓ ဓ ဓ ဓ ဓ